www.burmeseclassic.com


# ပေါင်းရုဂ

(မြန်မာပြန်)

# ကျားတကော့ကျား

BURMESE CLASSIC .com

## JACK HIGGINS




www.burmeseclassic.com

www.burmeseclassic.com

## ကျားတကာ့ကျား

### ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၇၁၄/၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၁၈၇/၂၀၀၄ (၂) |
| ထုတ်ဝေကာလ | - | ၂၀၀၄ ခုနှစ် - ဇူလိုင်လ |
| အုပ်ရေ | - | ၅၀၀ (ဒုတိယအကြိမ်) |
| တန်ဖိုး | - | ၆၀၀ ကျပ် |
| ကွန်ပျူတာစာစီ | - | စာဝန်းချို (ကွန်ပျူတာစာစီနှင့်ဒီဇိုင်း) ၁၁၈၊ အနော်ရထာလမ်း၊ဖုန်း ၂၈၁၉၀၉ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးကျော်စိန် (၈၂၉၀၉) ကျောက်စိမ်းအော့(ဖ်)ဆက် ၁၇၁၊ ၃၃ လမ်း ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | | |
| ထုတ်ဝေသူ | - | ဦးမိုးမြင့် (၀၁၄၄၃) ပန်းတိုင်စာပေ အမှတ် (၁၆၀) ဗညားဒလလမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | ပညာရဲရင့်စာပေ အမှတ်(၇၅)၊ ၄လွှာ၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |


# နေမင်းရာဇာ (မြန်မာပြန်)

# ကျားတကာ့ကျား

အသက်စက်စက်ဘာသာပြန် အက်ရှင်ဝတ္ထု၈/ဆုံး

**THE IRON TIGER**
**by**
**JACK HIGGINS**

ဖြန့်ချိရေး

**ပညာရဲရင့်စာပေ**
အမှတ်(၇၅)၊ ၄လွှာ၊
ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဧနေမင်းရာဇာ (မြန်မာပြန်) ၏

စာရေးသားထုတ်ဝေပြီးသော (ဘာသာပြန်အက်ရှင်ဝတ္ထုများ)

၁။ လျှို့ဝှက်စစ်ဆင်ရေး (ပ-ဒု ကြိမ်)
၂။ ကြမ်းကြမ်းရမ်းရမ်း လှုပ်လှုပ်ရှားရှား (ပ-ဒု ကြိမ်)
၃။ ဂျီဂျီစစ်ဆင်ရေး (ပ-ဒု ကြိမ်)
၄။ အမှောင်လမ်း
၅။ သွေးလမ်း (ပ-ဒု ကြိမ်)
၆။ သေမင်းရန်စွယ်
၇။ အရိုင်းများအလယ်
၈။ မဟာပွဲစား (ပ-ဒု ကြိမ်)
၉။ ကျားတကောင့်ကျား (ပ-ဒု ကြိမ်)
၁၀။ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား
၁၁။ ရဲရင့်သူတို့၏အောင်ပွဲ
၁၂။ မာဖီးယားကဲ့တရား
၁၃။ မီးကုန်ယမ်းကုန်
၁၄။ စစ်နှင့်မုန်တိုင်းခရီး
၁၅။ တယူသန်တစောက်ကန်း
၁၆။ နာဇီစပိုင်
၁၇။ သွေးစွန်းသောလုံယမင်း
၁၈။ ဟင်းမလားဓါလင်းယုန် (ပ-ဒု ကြိမ်)



## ဝတ္ထုအခန်းစဉ်များ


| အခန်းစဉ် | | | စာမျက်နှာ |
|---|---|---|---|
| အခန်း | (၁) | သက်မဲ့လွင်ပြင် | ၆ |
| အခန်း | (၂) | ဖိမ် | ၂၄ |
| အခန်း | (၃) | ညလူများ | ၄၈ |
| အခန်း | (၄) | အန္တိမဒေသ | ၆၉ |
| အခန်း | (၅) | နန်းခွင် | ၈၃ |
| အခန်း | (၆) | ညတိုက်ပွဲ | ၉၀ |
| အခန်း | (၇) | ဓားသွား | ၁၀၉ |
| အခန်း | (၈) | အပြေးအလွှား | ၁၂၉ |
| အခန်း | (၉) | စစ်ကောင်စီ | ၁၄၅ |
| အခန်း | (၁၀) | ညကင်း | ၁၆၁ |
| အခန်း | (၁၁) | ဆိုကင်တံတား | ၁၈၁ |
| အခန်း | (၁၂) | ရှည်လျားသောည | ၁၉၉ |
| အခန်း | (၁၃) | နတ်ဘုရားတောင် | ၂၁၁ |
| အခန်း | (၁၄) | နောက်ဆုံးတိုက်ပွဲ | ၂၁၈ |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## သက်မဲ့လွင်ပြင်

တောင်တန်းများ၏ တစ်ဘက် ကောင်းကင်ပြင်သည် နီလာနှင့်ပတ္တမြားရောင် ရောယှက်တောက်ပနေ၏။ နှင်းဖုံးသော တောင်ထွတ်များအထက်သို့ နေထွက်ပြူလာသည်နှင့်အမျှ ရွှေရောင်လွှမ်းလာလေသည်။

အောက်မှလှို့မြောင်တောင်ကြားများမှာမူ မှောင်မည်းတိတ်ဆိတ်နေပေသည်။ ဤဒေသ၏တိတ်ဆိတ်မှုကို လေယာဉ်စက်သံကသာလျှင်ဖြိုခွဲနေကြောင်း ဂျက်ဒရမ်မွန်သဘောပေါက်မိလေသည်။

ဂျက်ဒရမ်မွန်သည် ချောင်ကို လှည့်ကြည့်ပြီး ပြုံးပြလိုက်သည်။

'ခင်ဗျား ထိုင်ခုံအောက်မှာ ဓာတ်ဘူး တစ်လုံးရှိတယ်၊ ကော်ဖီ ထည့်ထားတယ်'

ချောင်မှာ တရုတ်လူမျိုးဖြစ်လေသည်။ သို့သော် ဥရောပ သွေးပါမှန်း ထင်ရှားလေသည်။ ဝင်းဝါသော အသားအရေနှင့်



လိုက်ဖက်အောင်ပင် မျက်လုံးများက ပြာလဲ့နေလေသည်။

ချောင်သည် ထူထဲလှသော သိုးရည်ခွဲ ကုတ်အင်္ကျီကို ဝတ်ဆင်ထားပြီး လည်ကုပ်ကာ နားရွက်ကာပါသော သိုးသားရေသိုးမွှေးဦးထုပ်ကို ဆောင်းထားလေသည်။ သူသည် ဓာတ်ဘူးကို ယူပြီး ပလတ်စတစ်ခွက်ထဲသို့ ကော်ဖီလောင်းထည့် လိုက်သည်။ အသီဥတုမှာ အတော်ပင် ချမ်း၍ လက်များတုန်နေလေသည်။

'အမြဲတမ်း ဒီလိုအေးသလား'

ဒရမ်မွန်က ခေါင်းညိတ်ပြသည်။

'အေးတယ်၊ လေကလဲ ပြင်းတယ်လေ၊ တစ်ခါတစ်ရံ လေယာဉ်ပျံ ကိုယ်ထည်အပိုင်းအစတောင် ပြုတ်ပျက်ပါသွားတတ်တယ်'

ချောင်သည် ကျောက်ဆောင် ထူထပ်လှသော တောင်များကို လှမ်းကြည့်လိုက်သည်။

'စက်ရပ်သွားရင် ဘာဖြစ်မလဲ'

' မေးနေစရာ လိုသေးလားဗျာ'

ဒရမ်မွန်က ခြောက်သွေ့စွာ ရယ်မောရင်း ပြောလိုက်သည်။

'လွန်ခဲ့တဲ့ ခြောက်လတာကာလလုံးလုံး ခင်ဗျား ဘယ်လိုနေခဲ့ပြီး ငွေရှာခဲ့တယ်ဆိုတာ အခုမှ ပီပြင်ထင်ရှားလာတယ်'

'ဒီလိုပဲပေါ့ဗျာ၊ ဒါပေမယ့် နောက်နှစ်ခေါက်လောက်ဆိုရင်တော့ပြီ၊ ကျုပ် ဒီခရီးပျံသန်းတဲ့ အကြိမ်ပေါင်းများနေပြီ၊ ကံကောင်းပြီ ဒါထက်ပိုမယုံရဲချင်တော့ဘူး'

ချောင်က မျက်မှောင်ကုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူး ထင်တယ် ဒရမ်မွန်၊ ခင်ဗျားမရှိရင် ဘယ်သူ ပုံသန်းပေးမလဲ ၊ ကျုပ်တို့ ဘာလုပ်ရမလဲ'

'ကောင်းသေ ငွေပေါ်မြဲပါဗျာ၊ ကာလကတ္တားမြို့ရဲ့ ဘားဆိုင် တစ်ခုမဟုတ် တစ်ခုမှာ နောက်တစ်ယောက်မဟုတ် တစ်ယောက် တွေ့မှာပါ၊ တရားဝင် ပုံသန်းခွင့်လက်မှတ် မရှိတော့တဲ့ လေတပ် လေယာဉ်မှူးဟောင်းတွေ အများကြီးရှိပါတယ်၊ ငွေသာထိုက်တန် ရင် ဘယ်အစီစီသွားရ သွားရ သွားမယ့်သူတွေ ရှိပါတယ်'

သူတို့သည် လမျက်နှာပြင်နှင့် တူအောင်ပင် အကျည်းတန် ဆိတ်သုဉ်းနေသော မြေမျက်နှာပြင်အပေါ် ဖြတ်ကျော် ပုံသန်းခဲ့လေသည်။ တစ်ဘက်တစ်ချက်တွင်မူ အာကာပြင်ထဲသို့ ထိုးဖောက်ဝင်ရောက်လုမတတ် မိုးမိုးမတ်မတ် ထောင်နေသော နှင်းဖုံးတောင်ထွတ်ကြီးများ ရံနေလေသည်။

တစ်ကြိမ်တွင်မူ လေယာဉ်ပျံသည် လေဟာနယ်ထဲကျရောက်ပြီး ထိတ်လန့်စရာကောင်းအောင် ထိုးစိုက်သွား၏။ နောက်တစ်ကြိမ်တွင်မူ လျှိုတစ်ခုကြားမှနေ၍ တောင်ပံနှစ်ဖက်လွတ်ရုံမျှ ပွတ်ကာသီကာ ပျံထွက်ခဲ့လေသည်။ နောက်ဆုံးတွင် နှင်းဖုံးနေသော တောင်ကုန်းမြင့်တစ်ခုကို ကျော်လွှားပြီးနောက် အာကာသထဲ ထိုးကျသွားသကဲ့သို့ ထိုးဆင်းသွားလေသည်။

သူတို့၏ အောက်တွင် ကြီးမားလှသော လျှိုကြီးတစ်ခု ရှိနေလေသည်။ ပေတစ်သောင်းမျှနိမ့်သော ချိုင့်ဝှမ်းကြီးဖြစ်သည်။ လျှိုထဲတွင် မည်းမှောင်နေသော်လည်း တောင်ထိပ်လေးများအပေါ် ဖောက်ထွက်နေသော တိမ်တိုက်များမှာ ရွှေရောင်ခရမ်းရောင်



တောက်ပနေလေသည်။

လေယာဉ်စက်သံသည် ပမာဏကြီးမားလှသော လျှိုထဲတွင် ပဲ့တင်ထပ်မနေဘဲ အသံခပ်အုပ်အုပ်သာ ပေါ်နေလေသည်။

'ကျုပ်မြင်ဖူးသမျှထဲမှာတော့ အလှဆုံး ရှုခင်းပဲ'

ချောင်က သက်ပြင်းရှိုက်၍ ပြောလိုက်လေသည်။

'ဒီနေရာကို အမြုလွှင်ပြင်လို့ခေါ်ကြတယ်၊ လှည်းခေတ်တုန်းကဆိုရင် တစ်ဘက်ကနေ တစ်ဘက်အထိ ခရီးပေါက်ဖို့ နှစ်ရက်ကြာခဲ့တယ်'

လေယာဉ်ပျံသည် တခြားသော ကမ္ဘာ့ဥမင်လှိုဏ်ခေါင်းကြီးတစ်ခုတွင် လွင့်မျောနေသကဲ့သို့ လွင့်မျောပြီး ရှုတ်တရက် ရွှေရောင်ဝင်းနေသော အာကာသထဲသို့ ထိုးဖောက်ထွက်လာပြန်သည်။

ဒရမ်မွန်သည် လေယာဉ်ထိန်းမောင်းကို နောက်သို့ဆွဲချလိုက်လေသည်။ လေယာဉ်သည် အထက်သို့ ထိုးတက်သွားလေသည်။ လျှိုကြားမှ လွတ်မြောက်သည်နှင့်အမျှ လေယာဉ်စက်သံ ကျယ်လောင်လာလေသည်။

'ဆန်ဂွန်တောင်ကြား'

ဒရမ်မွန်က စက်သံလွှမ်းအောင် အော်လိုက်သည်။

လေယာဉ်ပျံလေးသည် ဆန်ဂွန်တောင်ကြားထဲသို့ ထိုးဝင်သွားလေသည်။ အနက်ရောင်နံရံကြီးများ နောက်ခံ၍ တောက်ပသော အနီနှင့်ရွှေအိုရောင်အလင်းပွင့်များ ကစားနေလေသည်။ အေးခဲနေသော မြေမျက်နှာပြင်နှင့် တဖြည်းဖြည်း နီးကပ်လာသဖြင့် ဒရမ်မွန်သည် လေယာဉ်ပျံကို စက်ကုန်အရှိန်မြှင့်လိုက်ပြီး လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



မောင်းတံအား ဝမ်းဗိုက်နှင့်ကပ်နေအောင် ဆွဲချလိုက် လေသည်။

ချောင်သည် သက်မတစ်ချက်ရှိုက်လိုက်သည်။ လေယာဉ်ပျံသည် ကျောက်ဆောင်များ ထူထပ်လှသော မြေမျက်နှာပြင်ပေါ်မှ ဆယ်ပေမျှသာ ကပ်လွဲသွားပြီး တောင်ကမူတစ်ခုပေါ်သို့လွှားကျော်သွားလေသည်။ ကြီးမားအေးစက်နေသော နှင်းရေခဲပြင်ကြီးတစ်ခုပေါ်သို့ လျှပ်တစ်ပြက်အတွင်း ရောက်ရှိသွားလေသည်။

မနက်ခင်း ရွှေနေရောင်အောက်တွင် တောက်ပနေသော လွင်ပြင်သည် မိုးကုပ်စက်ဝိုင်းစွန်းအထိတိုင် တည်ရှိနေလေသည်။ ဒရမ်မွန်က သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကဲ ကျုပ်ဘာဖြစ်လို့တစ်ခေါက်ကို ဒေါ်လာနှစ်ထောင် တောင်းရတယ်ဆိုတာ သိပြီမဟုတ်လား၊ အလုပ်က အသက်အန္တရာယ်နဲ့နီးတယ်'

ချောင်သည် သူ့နဖူးပြင်မှ ချွေးသီးချွေးပေါက်များ သုတ်လိုက်ပြီး ဖျော့တော့စွာ ပြုံးလိုက်သည်။

'အေးဗျာ ကျုပ်နားလည်စပြုလာပါပြီ၊ ဘယ်လောက်ဝေးသေးလဲ'

'ဆယ်မိုင် ၁၂မိုင်လောက်ပဲ ကွာတော့တယ်၊ အသင့်ပြင်ထား'

ချောင်သည် သူ၏ထိုင်ခုံနောက်ကို လက်လှမ်း၍ စက်သေနတ်တစ်လက် ယူလိုက်သည်။ သေနတ်ကို မောင်းတင်၍ ပေါင်ပေါ်တင်လိုက်လေသည်။

လေယာဉ်ပျံ ဆင်းသက်လာသည်နှင့်တစ်ပြိုင်နက် တောင်များအကြား ကွေ့ပတ်စီးဆင်းနေသော မြစ်လေးကိုတွေ့မြင်ရလေသည်။ ထိုမြစ်သည် ရေကန်ကြီးတစ်ခုအတွင်းသို့ စီးဝင်နေသည်။ ဆယ်တက်ကိုက်တစ်ရာလောက် အကွာတွင်မှ တောင်ကမ်းပါးယံတစ်ခုကို ကျောပေးထားသည့် ဘုန်းကြီးကျောင်းပျက်တစ်ခုကို တွေ့ရလေသည်။ ထိုဘုန်းကြီးကျောင်းထက် အနိမ့်ပိုင်းကျသော နေရာတွင်မူ အိမ်အနည်းငယ်ရှိလေသည်။



ဒရမ်မွန်သည် ကန်ရေပြင်၏အဆုံး သဲသောင်ပြင်ကို လက်ညှိုးထိုးပြလိုက်သည်။

'အောက်က အချက်လှမ်းပြရင် အဲဒီနေရာမှာဆင်းသက်မယ်'

'အချက်မပြရင်ရော'

'ဒီကနေ တစ်ချိုးတည်းလစ်တော့'

ဒရမ်မွန်သည် ရေကန်ကိုဖြတ်၍ ပျံသန်းလိုက်လေသည်။ ချောင်က စိတ်လှုပ်ရှားစွာ လက်ညှိုးထိုးပြလေသည်။

'ရေကန်အစပ်မှာ လူတွေရပ်နေပါလား'

'မိန်းမတွေ အဝတ်လျှော်နေကြတာ'

ဒရမ်မွန်သည် လေယာဉ်ကို ရွာပေါ်မှာ တစ်ပတ်ဝဲပျံလိုက်လေသည်၊ သို့သော် အချက်ပြမီးကို မတွေ့ရချေ။ နောက်တစ်ကြိမ်ဝဲပျံသော အခါကျမှ ချောင်က သူ၏လက်မောင်းကို မလျှင်စလို လှမ်းတို့လိုက်လေသည်။

'အဲဒါ အချက်ပြမီးတွေလား'

တြိဂံပုံစံ ထောင့်သုံးထောင့်မှ မီးကျည်သုံးခုတောက်ပလောင်ကျွမ်းနေသည်ကို တွေ့ရလေသည်။ ဒရမ်မွန်က ခေါင်းညိတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရမ်မွန်သည် တစ်ပတ်ဝဲလိုက်ပြန်သည်။ လေယာဉ်ပျံကို လေဆန်မျက်နှာပြုလိုက်ပြီး ရေကန်စပ် သဲသောင်ပေါ်သို့ ကျွမ်းကျင်သပ်ရပ်စွာ ဆင်းသက်လိုက်သည်။ သောင်အစွန်းအထိ ဘီး လိမ့်သွားလေသည်။

ကိုက်အနည်းငယ်အကွာ ရေတိမ်ပိုင်းတွင် အဝတ်လျှော်နေခဲ့သော မိန်းမများသည် ကမ်းပေါ်တွင် စုဝေးရပ်၍ လေယာဉ်ပျံကို လှမ်းကြည့်နေခဲ့ကြ၏။

ချောင်က တံခါးလက်ကိုင်ကို လက်လှမ်းလိုက်သည်။ ဒရမ်မွန်က ခေါင်းခါလိုက်သည်။

'နေဦး။ သေချာအောင် စောင့်ကြည့်ဦး'

ထိုအချိန်မှာပင် မြင်းစီးသမားတစ်ယောက်သည် တောင်ကုန်းထိပ်တွင် ပေါ်လာပြီး သူတို့ထံသို့ ဒုန်းစိုင်းပြေးချလာလေသည်။ ဒရမ်မွန်သည် လေယာဉ်စက်ကို ရပ်လိုက်ပြီး ပြုံးလိုက်သည်။

'အဲဒါ ကျုပ်တို့လူပဲ'

ဒရမ်မွန်က တံခါးဖွင့်၍ ခုန်ဆင်းလိုက်ချိန်မှာပင် မြင်းစီးသမားသည် သူတို့အနားသို့ရောက်လာသည်၊ ထို့နောက် မြင်းပေါ်မှ ခုန်ဆင်းပြီး သူတို့ထံလျှောက်လာ၏။

မြင်းစီးသမားမှာ အရပ်အမောင်း ကြီးထွားသည်။ နေလောင်ထားသောအသားအရေရှိပြီး မေးရိုးများကားသည်။ သူသည် လက်မောင်းကျယ် ဝတ်ရုံအင်္ကျီတစ်ထည် ဝတ်ဆင်ထားပြီး သိုးမွေးဦးထုပ်တစ်လုံးဆောင်းထား၏။ ဒူးခေါင်းအထိရှည်လျားသော သားရေဘွတ်ဖိနပ်အရှည်ကို စီးထား၏။

'သူ့ကို တလေးတစားဆက်ဆံ၊ သူကမြင့်မြတ်တဲ့ ပုဂ္ဂိုလ်



တစ်ယောက်ပဲ၊ အဲဒီလိုကိစ္စနဲ့ပတ်သက်ပြီး သိပ်ဖီဇာကြောင်ကြတယ်'

ဒရမ်မွန်က ချောင်ကို သတိပေးလိုက်၏။

မြင်းစီးသမားကြီးသည် ပြုံး၍ လက်ကမ်းပေးလိုက်သည်၊ သူ၏နောက်မှ နောက်ထပ်မြင်းသည် တစ်ဒါဇင်မျှပြေးဆင်းလာလေသည်။

'တွေ့ရတာဝမ်းသာပါတယ် သူငယ်ချင်း။ ကျုပ်တို့အတွက် လက်နက်တွေပါသေးသလား'

ဒရမ်မွန်က လက်ဆွဲနှုတ်ဆက်ရင်း ခေါင်းညိတ်လိုက်လေသည်။

ခင်ဗျားရဲ့လူတွေကို အမြန်ဆုံးသယ်ချခိုင်းလို့ ရပါတယ်၊ ကျုပ်လဲ ဒီနေရာမှာ လိုတာထက်ပိုပြီး အချိန်ဆွဲမနေချင်ပါဘူး'

မြင်းစီးသမားကြီးသည် သူ့လူများကို အော်ဟစ်အမိန့်ပေးလိုက်သည်။ ဒရမ်မွန်နှင့် ချောင်က နေရာဖယ်ပေးလိုက်သည်။

'မိုရို ဒီပုဂ္ဂိုလ်နာမည်ကတော့ မစ္စတာချောင်တဲ့၊ လွန်ခဲ့တဲ့ ခြောက်လတာကာလလုံး ခင်ဗျားတို့ကို လက်နက်ထောက်ပံ့နေခဲ့တဲ့ အဖွဲ့အစည်းရဲ့ ကိုယ်စားလှယ်ပဲ'

မိုရိုသည် ချောင်၏လက်ကို လှိုက်လှဲစွာ ဆွဲယူနှုတ်ဆက်လိုက်သည်။

'ဒီနေရာမှာ ဗုဒ္ဓရဲ့တရား မထွန်းကားခင်တုန်းကတော့ ကျုပ်တို့တွေဟာ စစ်သည်တွေပဲ၊ လက်နက်ကိုစွန့် တရားကိုကျင့်ခဲ့တယ်။ အခု ကွန်မြူနစ်တွေရောက်လာတော့ ကျုပ်တို့စစ်သည်တွေ လုပ်နေရပြန်ပြီပေါ့၊ ခင်ဗျားတို့မပြန်ခင် ကျုပ်ရဲ့လက်ဘက်

www.burmeseclassic.com



ရည်သုံးဆောင်မယ်မဟုတ်လား'

ချောင်က ဒရမ်မွန်ကို လှည့်မေးလိုက်သည်။

'ကျုပ်တို့ အချိန်ရှိသလား'

'အလောသုံးဆယ်ဖြစ်နေဖို့ မလိုဘူးထင်ပါတယ်။ ဒီတစ်ပိုက်မှာ ကွန်မြူနစ်တွေတွေ့မိလား'

ဒရမ်မွန်သည် မိုရိုကို စီးကရက်တစ်လိပ် ကမ်းပေးရင်း ပြောလိုက်သည်။

'၁၅ရက် အဖွဲ့တစ်ဖွဲ့တွေ့ခဲ့တယ်၊ လွန်ခဲ့တဲ့ရက်သတ္တပတ်တစ်ပတ်လောက်ကပဲ'

မိုရိုကတုံ့ပြန်ဖြေလိုက်သည်။

'ဘာဖြစ်သွားလဲ'

မိုရိုက သဘောကျစွာ ပြုံးလိုက်သည်။

'ကျုပ်တို့ရွာကိုရောက်ရင် ခင်ဗျားတွေ့လိမ့်မယ်'

သူတို့သည် ရေကန်ဘောင်ကိုကျော်၍ အိမ်များဆီသို့ လျှောက်ခဲ့လေသည်။

'ဒီကအခြေအနေတွေနဲ့ ပတ်သက်ပြီးအထက်ကို အစီရင်ခံစရာရှိလို့ မစ္စတာချောင်ကိုယ်တိုင် လိုက်လာတာ'

ဒရမ်မွန်က ချောင်ကို ရှင်းပြလိုက်လေသည်။

'ဒီဒေသမှာ ကွန်မြူနစ်အင်အား ဘယ်လောက်ရှိသလဲ'

ချောင်ကမေးလိုက်လေသည်။

'ဒီနားမှာ အင်အားဟုတ်တိပတ်တိမရှိပါဘူး။ ဒီကနေမိုင်တစ်ရာလောက် အကွာအဝေးမှာ ဂျာဖာမြို့ရှိတယ်၊ အဲဒီမှာ အင်အား ၄၀၀ လောက်ရှိတယ်။ ဒီကနေ မိုင် ၃၀ လောက်ကွာတဲ့



ဟူရေ့ရွာမှာတော့ အင်အားအနည်းအပါးရှိတယ်၊ အဲဒီရွာတွေနဲ့ ဒီကြားမှာတော့ ဘာမှမရှိဘူး'

မိုရိုက ဖြေလိုက်သည်။

သူတို့သည် ရွာပြင်ဘက်နားသို့ရောက်လာကြသည်။ရွာမှာ တကယ့်ရွာသေးသေးမျှသာဖြစ်သည်။ ရွှံ့နှင့်ကောက်ရိုးတို့ဖြင့် မံပြီး တည်ဆောက်ထားသော တစ်ထပ်အိမ်လေးများသာ ဖြစ်ကြသည်။

ရွာထဲမှ ကလေးတစ်ချို့ ပြေးထွက်လာကြသည်။ သူတို့နောက်သို့ ဝိုင်းလိုက်လာလေသည်။ မကြာမီ သူတို့သည် ရွာလယ်ခေါင် အိမ်တစ်အိမ်သို့ ရောက်လာသည်။ ထိုရွာလယ်အိမ်ကြီးမှာ တခြားအိမ်များထက် ကြီးမားလေသည်။ မိုရိုသည် လေးလံလှသော သစ်သားတံခါးကို တွန်းဖွင့်၍ အိမ်ထဲသို့ဦးဆောင်ဝင်သွားလေသည်။

အိမ်မှာ တံခါးပေါက်လုံးဝမရှိချေ။ ကြမ်းပြင်ပေါ်တွင် သိုးရည်ခွံများခင်းထားမှန်း မှောင်တစ်ဝက်အလင်းရောင်တွင် တွေ့ရလေသည်။ အခန်းအလယ်ခေါင်တွင် ကျောက်မီးဖိုတစ်ခုတည်ထားလေသည်။ မီးဖိုထဲတွင် မီးတောက်များ ရဲရဲတောက်နေလေသည်။ အဘွားကြီးမှာမူ မီးဖိုပေါ်တည်ထားသော ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်များ ချေထည့်နေလေသည်။ အဘွားကြီးသည် ဆားပတ်နှင့်ဆားနည်းနည်းပါ လောင်းထည့်လိုက်လေသည်။

လက်ဖက်ရည်တည်ခင်းသည်အထိ တိတ်ဆိတ်စွာ ထိုင်စောင့်နေခဲ့ကြသည်။ အဘွားကြီးသည် သတ္တုခွက်သုံးခွက်ကို လက်ဖက်ရည်ဖြည့်လိုက်ပြီး တစ်ခွက်စီကမ်းပေးလိုက်သည်။ မိုရိုသည် လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး ကျေနပ်စွာခေါင်းညိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း လက်ဖက်ရည်သောက်လိုက်ရ၍ အတော်ဝင်လန်းဆန်းကြည်လင်သွားလေသည်။ ဒရမ်မွန်သည် နောက်တစ်ခွက်အတွက် ခွက်ကမ်းပေးလိုက်သည်။

'အခြေအနေ ဘယ်လိုရှိသလဲ'

မိုရှိက ပခုံးတွန့်လိုက်လေသည်။

'ကွန်မြူနစ်တွေကို အပြတ်တိုက်ခိုက်ချေမှုန်းဖို့တော့ လွယ်မှာမဟုတ်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်လေ အဟန့်အတားလေးတော့ နည်းနည်းလုပ်ထားနိုင်ပါတယ်'

'လက်နက်ရော လိုသေးသလား'

ချောင်က မေးလိုက်သည်။

'အမြဲတမ်းလိုတယ်၊ သူတို့ကို တူမီးသေနတ်နှင့် ဓားသုံးပြီး တိုက်ခိုက်လို့မရဘူး'

'စောစောက ကျုပ်တို့ကို ကွန်မြူနစ်တိုက်ကင်းအကြောင်း ပြောမလို့ဆို'

ဒရမ်မွန်က သတိပေးလိုက်သည်။

မိုရှိက ခေါင်းညိတ်ပြီး ထလိုက်လေသည်။

'ကျုပ် မေ့သွားတော့မလို့ဗျာ၊ ခင်ဗျားတို့ လက်ဖက်ရည်သောက်ပြီးရင်လဲ သွားကြည့်တာပေါ့'

သူတို့သည် လမ်းပေါ်သို့ ပြန်ထွက်လာခဲ့လေသည်။ အိမ်ထဲတွင် မှောင်နေခဲ့သလောက် အပြင်ဖက်တွင် အလင်းရောင်က စူးရှနေလေသည်။ မိုရှိသည် ယိုယွင်းယိုင်နဲ့နေသော အိမ်များကြားမှ ဖြတ်သန်းလာခဲ့လေသည်။ သူတို့နောက် ကလေးတစ်အုပ်က တစိုက်မတ်မတ် လိုက်လာခဲ့လေသည်။



သူတို့သည် ဘုန်းကြီးကျောင်းပျက်ကြီး၏ ခြံဝင်းထဲ ဝင်လာခဲ့လေသည်။ ဘုန်းကြီးကျောင်းပျက်၏ တံခါးများမှ ပတ္တာများမှာ ပြုတ်ထွက်နေပြီး လေထဲတွင် တဖြတ်ဖြတ်ရိုက်ခတ်နေလေသည်။

သူတို့သည် ကြီးမားကျယ်ပြန့်သော ကျောက်လှေကားထစ်များမှတက်သွားရသည်။ ခေါင်မိုးမှာ ပေါက်ပြဲနေသောကြောင့် အထဲတွင် အလင်းရောင်တန်းများတိုးဝင်နေ၏။

'တစ်ချိန်တုန်းက ဒီကျောင်းတော်ကြီးမှာ စာကြည့်တိုက်ကြီးတစ်ခုရှိခဲ့တယ်၊ စာအုပ်ပေါင်း သောင်းငါးထောင်နဲ့ နှစ်ပေါင်းတစ်ထောင်ကျော် ရေးကျတဲ့ပေစာပေရွက်တွေရှိခဲ့တယ်၊ အဲဒါတွေကို ကွန်မြူနစ်တွေက မီးတင်ရှို့သွားခဲ့တယ်'

ကျောင်းခန်းတွင်း မှောင်ရိပ်တစ်ခုမှ တစ်စုံတစ်ခု လှုပ်ရှားသွားလေသည်။ စွန်တစ်ကောင်သည် လေထုထဲသို့ ဖြည်းလေးစွာ တက်သွားလေသည်။ ကြီးမားကြမ်းတမ်းလှသော တောင်ပံကြီးများက ထုတ်တန်းများကို ပွတ်သပ်သွားလေသည်။ ချောင် ထံမှ အသိတ်တလန့် လေမှုတ်လိုက်သံ ပေါ်လာလေသည်။

အမှောင်ကို ဖောက်ထွင်းနေသော ရွှေမြားတံများနှင့် ယှဉ်သော အလင်းရောင်ကြားတွင် တစ်စုံတစ်ခု လှုပ်ရှားနေလေသည်။ ဒရမ်မွန်သည် အနီးသို့ချဉ်းကပ်ကြည့်လိုက်လေသည်။

မီးသင့်ထားသော ထုတ်တန်းပေါ်မှ တွဲလောင်းကျနေသော အလောင်းတစ်လောင်းကို တွေ့ရလေသည်။ အလောင်း၏ မျက်နှာမှာ ညည်းနက်ပုပ်ပွနေလေသည်။ မျက်လုံးများနေရာတွင် ဟောင်းလောင်းနှစ်ခုသာ ရှိလေသည်။ နားရွက်တစ်ဖက် မရှိတော့ချေ။

အမှောင်တစ်ဝက် အလင်းရောင်ကို မျက်လုံးကျင့်သား

www.burmeseclassic.com



ရလာသည်နှင့်အမျှ ကျန်အလောင်းများကို မြင်လိုက်ရလေသည်။

'သူတို့ရောက်လာတုန်းက ကျုပ်တို့မရှိဘူး၊ ကျုပ်တို့ရောက်လာတော့ ခွေးမသားတွေက မိန်းမတွေကို ကောင်းကောင်းမှုဒိမ်းကျင့်နေခဲ့ကြတယ်၊ အစောင့်ချထားဖို့တောင် သတိမရဘူး'

ကလေးယေပ်တစ်ဦးသည် ရှေ့သို့ ပြေးတက်သွားလေသည်။ ဟားတိုက်ရယ်မောရင်း အလောင်းတစ်လောင်း၏ ခြေထောက်ကိုဆွဲ၍လှဲလိုက်သည်။ ကျန်ကလေးများလည်း သူနောက်မှ ပြေးလိုက်သွားကြ၏။ မိရာအလောင်းခြေထောက်ကိုဆွဲခိုကြသည်။ အလောင်းခြေထောက်များကြား ရှောင်တိမ်းရင်း ဟားတိုက်ရယ်မောနေခဲ့ ကြသည်။

ဒရမ်မွန်သည် နေရောင်ထဲ ပြန်ထွက်လာခဲ့လေသည်။ သူ၏အာခေါင်များခြောက်သွေ့နေလေသည်။

'ကျုပ်တို့ သွားသင့်ပြီထင်တယ်'

မစ္စတာချောင်သည် စကားတစ်ခွန်းမျှမဟဲ။ သူ၏မျက်နှာမှာသွေးဆုတ်ဖြူလွှနေပြီး မျက်လုံးထဲတွင် ထိတ်လန့်အံ့အားသင့်နေလေသည်။ မိုရှိသည် သူ့မြင်းကို လေချွန်ခေါ်လိုက်လေသည်။ မြင်းပါးချပ်ကြိုးကို လှမ်းကိုင်လိုက်ပြီး ရေကန်ဘက်ဆီသို့ ဦးဆောင်လျှောက်လာခဲ့ပြန်သည်။

'ဒီတစ်ခါ ဘာယူခဲ့သလဲ'

မိုရှိက ဒရမ်မွန်ကိုမေးလိုက်သည်။

'အော်တိုမက်တစ် ရိုင်ဖယ်တွေ စစ်သေနတ်တွေ နောက်ပြီးကျည်ဆန်တစ်သောင်း'

မိုရှိက ခေါင်းညိတ်ပြလိုက်လေသည်။

'ကောင်းတယ်၊ နောက်တစ်ခေါက်တော့ ဖောက်ခွဲရေးပစ္စည်းတွေပါရင် ကောင်းမယ်'



ဒရမ်မွန်က ချောင်ကိုလှည့်ကြည့်လိုက်သည်။

'ဖြစ်နိုင်မလား'

ချောင်က ခေါင်းညိတ်လိုက်လေသည်။

'ဖြစ်နိုင်မယ်ထင်တာပဲ၊ နောက်ရက်သတ္တပတ် နှစ်ပတ်ဆိုရင် မြန်လွန်းမလား'

'ကျုပ်အတွက်တော့ မမြန်ပါဘူး။ နောက်နှစ်ခေါက်ဆိုရင်ကျုပ်ကပြီးပြီ၊ မြန်မြန်ပြီးလေ ကျုပ်ကကြိုက်လေပဲ'

ဒရမ်မွန်က ပြောလိုက်သည်။

'ဒါဆိုနောက်ရက်သတ္တပတ်နှစ်ပတ်ကြာရင် မျှော်နေမယ်'

မိုရှိက ပြောလိုက်လေသည်။

သူတို့သည် ရေကန်ဘောင်ကိုကျော်၍ ရေစပ်သို့ဆင်းလာခဲ့လေသည်။ မိုရှိ၏လူများသည် လေယာဉ်ပျံပေါ်မှ လက်နက်များကိုချပြီးဖြစ်နေသည်။ အချို့ ဝန်တင်မြင်းများမှာ ရွာဘက်သို့ဦးတည်ရွေ့လျားနေလေပြီ။ ဒရမ်မွန်သည် မိုရှိအား နောက်ဆုံးနှုတ်ဆက်စကားတစ်လိပ် ကမ်းပေးလိုက်ပြီး လေယာဉ်ပျံပေါ် တက်လိုက်လေသည်။ ထိုင်ခုံခါးပတ်ကို ပတ်လိုက်လေသည်။

ချောင်သည် လေယာဉ်ပျံစက်နှိုးစအချိန်တွင် မိုရှိကို လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးလိုက်သည်။

'ကျုပ်တို့ တူညီသော တိုက်ပွဲကို ဆင်နွှဲနေကြပါတယ်'

ချောင်သည် ပြောပြောဆိုဆိုပင် လေယာဉ်ပျံပေါ် တက်လိုက်လေသည်၊ ဒရမ်မွန်၏ ဘေးခုံတွင်ဝင်ထိုင်၍ ထိုင်ခုံခါးပတ်ကို ပတ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံလေးသည် သဲသောင်ပြင်အတိုင်း တဟုန်ထိုး ပြေးတက်သွားလေသည်။ ပန်ကာအရှိန်ကြောင့် သဲပွင့်များ တဖွားဖွားလွင့်ပြီး လေယာဉ်ပျံ ပြတင်းပေါက်များကို ထိမှန်ကြသည်။ တခဏအတွင်းမှာပင် သောင်ခြေအဆုံးသို့ ရောက်သွားလေသည်။ လေယာဉ်ပျံသည်လည်း လေထုထဲသို့ ကြွတက်သွားလေသည်။

ဒရမ်မွန်သည် ရွာပေါ်တွင် တစ်ပတ်မျှဝဲပျံလိုက်သည်။ မြင်းထက်သို့ရောက်နေသောမိုရိုသည် လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်လေသည်။ ထို့နောက် ရွာဘက်သို့ ဒုန်းစိုင်းမြင်းစီးသွားလေသည်။

ဒရမ်မွန်သည် လေယာဉ်ဒိုင်ခွက်များကို စစ်ဆေးကြည့်ရှုလိုက်သည်။ လေယာဉ်ပျံကို အထက်သို့ ဦးတည်လိုက်သည်။

'ကဲ ဘယ်လိုသဘောရလဲ'

'ဘာပြောရမှန်းတောင် မသိဘူး'

'ထင်ပါတယ်'

ချောင်သည် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီး သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

'ခင်ဗျားအတွက်တော့ ဒီကိစ္စဟာ ဘာမှမဟုတ်ဘူး ဒရမ်မွန်၊ အန္တရယ်များတယ်၊ မနှစ်မြို့စရာကောင်းတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာ ခင်ဗျားပါဝင်ပတ်သက်နေတဲ့အကြောင်းတစ်ခုပဲ ရှိတယ်၊ ငွေ'

'ခင်ဗျားကတော့ ဒါကိုဘာသာရေးစစ်ပွဲကြီးလို့ မြင်နေတယ်။ ကျွပ်သိပါတယ်၊ ခင်ဗျားရဲ့ ဘာသာရေးစစ်ပွဲမှာ ကျွပ်ပါဝင်ပါရစေနဲ့တော့။ ကျွပ် ကိုရီးယားမှာ ဒါမျိုးအများကြီး ကြုံခဲ့ပြီးပြီ၊ တစ်သက်စာ ဖူလုံသွားပြီ'

'ကောင်းပြီ နောက်တစ်ခေါက်ပို့ရမယ့်ဖောက်ခွဲရေးပစ္စည်း



တွေကိစ္စရော၊ လာမယ့် ရက်သတ္တပတ်အကုန်မှာ ဂျူမာဘူတာရုံကို အရောက်ပို့နိုင်ရင် ခင်ဗျားဆက်လက် တာဝန်ယူနိုင်မလား'

'မနက်ဖြန် ကျွပ်နဲ့ ဗိုလ်မှူးဟာမစ် အဲဒီကိုသွားမယ်၊ ဟာမစ်တစ်ပတ်ခွင့်ရတယ်လေ၊ သုံးယောက်ပေါင်းကဲရအောင် ခင်ဗျားပါလိုက်ခဲ့ပါလား'

ဒရမ်မွန်က မေးလိုက်လေသည်။

ချောင်က ခေါင်းခါလိုက်သည်။

'လိုက်ချင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွပ်စာရင်းဇယားတွေ မှုစုစရာရှိသေးတယ်၊ နောက်ပြီး လာမယ့်စနေနေ့ညမှာ ခန်ကြီးနဲ့ ညစာစားဖို့ချိန်းထားတယ်'

'ခင်ဗျားသဘောပဲလေ'

ဒရမ်မွန်ကပြောလိုက်သည်။

နောက်ထပ်ရမည့် ငွေနှစ်ထောင်နှင့်ဆိုလျှင် ဂျီနီဗာဘဏ်တွင် သူစုဆောင်းထားနိုင်သော ငွေပမာဏမှာ ပေါင် ၂၃၀၀၀ ရှိချေပြီ။

နောက်ထက်နှစ်ခေါက်ပျံသန်းလျှင် ရမည့်ငွေနှင့်ဖာဂူဆန်ထံမှ ရရှိမည့်ငွေကို စုပေါင်းလိုက်လျှင် ပေါင် ၃ သောင်းရှိပေမည်။ ပေါင်သုံးသောင်းမျှစုမိပြီဖြစ်၍ ဒီအလုပ်ကိုရပ်သင့်ချေပြီ။ နားချိန်တန်ချေပြီ။ ဒရမ်မွန်သည် အေးဆေးစွာ စဉ်းစားရင်း နောက်မှီထိုင်လိုက်လေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



မိုရီသည် ဝန်တင်မြင်းများအားမှနေ၍ မြင်းကို ဒုန်းစိုင်းစီးခဲ့လေသည်။ ပိန်လှီသော မြင်းတင်ပါးများကို သူ၏ကြာပွတ်ဖြင့် ဖြတ်ရိုက်လိုက်လေသည်။ သူသည် ရွာထဲသို့ ရှေ့မှဦးဆောင်ဝင်ရောက်သွားခဲ့သည်။ မြင်းခွာထိခတ်လိုက်သော ကျောက်ခဲစများ အရပ်ရပ်အဘက်ဘက်သို့လွင့်သွားလေသည်။ သူ၏ အိမ်ရှေ့သို့ ဆိုက်ရောက်သောအခါတွင် မြင်းကိုရပ်၍ဆင်းသက်လိုက်လေသည်။

စောစောက သူတို့နောက်မှ ပြေးလွှားလိုက်ပါခဲ့သော ကလေးအုပ်မရှိတော့ချေ။ လမ်းပေါ်တွင် လူသူကင်းမဲ့နေလေသည်။ သူသည် တဖြည်းဖြည်းဝေးကွာနေသော လေယာဉ်ပျံအသံကို နားစွင့်ရင်း ဒရမ်မွန်တိုက်သွားခဲ့သော စီးကရက်ကို နှစ်မြိုက်စွာ ရှိုက်လိုက်လေသည်။

ရွာလယ်မီးတစ်ဖက်တစ်ချက်တွင်တည်ရှိသော အိမ်တံခါးများ ပွင့်သွားလေသည်။ ခေါင်းစည်းအနီများပတ်ထားသော စစ်သည်များ အလျှိုလျှိုထွက်လာလေသည်။ မိုရီက သူ့အိမ်ဘက်သို့ လှည့်လိုက်ချိန်မှာပင် အိမ်တံခါးပွင့်သွားပြီး စစ်သည်တစ်ဦး ထွက်လာပြန်လေသည်။ ယင်းစစ်သည်မှာ အရာရှိတစ်ဦးဖြစ်မှန်း သိသာလှလေသည်။

'ဘယ်လိုနေလဲ'

မိုရီက မေးလိုက်သည်။

ကွန်မြူနစ်အရာရှိလေးသည် မိုရီ၏ပါးစပ်မှ အနောက်တိုင်းစီးကရက်ကို ယူလိုက်ပြီး ရှိုက်ဖွာလိုက်လေသည်။ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ပွင့် ရှန်းလဲ့သွား၏။

'သရုပ်ဆောင်မှု သိပ်ကောင်းဗျာ.....၊ ရဲရဲရေလည်လည်



ကောင်းတယ်'

မိုရီက ခေါင်းဆတ်လိုက်လေသည်။ သူ့မျက်နှာပေါ်တွင်လည်း အားရကျေနပ်သော အပြုံးတစ်ပွင့် ဝင်းလက်နေသည်။ သူတို့သည် တဖြည်းဖြည်းဝေးသည်ထက်ဝေးကွာနေသော လေယာဉ်ပျံအသံကို အာရုံ စိုက်နားစွင့်ရင်း ကျေနပ်စွာ ခေတ္တငြိမ်သက်နေလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)
## ဇိမ်

ဒရမ်မွန်သည် ရေနွေးငွေ့အခန်းထဲမှ ထွက်လာခဲ့လေသည်။ မျက်နှာသုတ်ပုဝါကို ကြွေပြားများကပ်ထားသော ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး ရေကူးကန်ထဲ ခုန်ချလိုက်လေသည်။ ရေကန်အောက်ခြေအထိ ငုပ်ဆင်းသွားလေသည်။

ရေမျက်နှာပြင်အထက်သို့ ပြန်ပေါ်လာသောအခါတွင် ရေကန်စပ်တွင် မုန်ဆိုးထိုင်ထိုင်နေသော မိန်းမပျိုလေးကိုတွေ့ရလေသည်။ သူမ၏လက်ထဲတွင် ကော်ဖီကရားတစ်ခုနှင့် ဖန်ခွက်လေးများ တင်ထားသောလင်ဗန်းတစ်ချပ် ကိုင်ထားလေသည်။ ဒရမ်မွန်သည် သူမထံသို့ ကူးခတ်သွားလိုက်လေသည်။ သူမက ကော်ဖီတစ်ခွက် ကမ်းပေးလိုက်လေသည်။



သူမ၏အသွင်အပြင်သည် ဤနေရာမှ အခြားမိန်းကလေးများနှင့်ထူးမခြားနားပင်။ ခန္ဓာကိုယ် ပြည့်တင်းစွင့်ကားသည်။ မျက်နှာမှာ သိသိသာသာလှပသည်။ မျက်လုံးများကို ကွင်းထားသော ကာချယ်များက မျက်လုံး၏အရောင်ကိုပို၍ ရှန်းလဲ့တောက်ပစေလေသည်။

ဒရမ်မွန်သည် ကော်ဖီသောက်နေခိုက်တွင် သီချင်းဆိုရင်းရယ်မောလိုက်သော အသံညြကြီးကို ကြားရလေသည်။ ဗိုလ်မှူးကြီး ဟာမစ်၏အသံပင်ဖြစ်လေသည်။

ဟာမစ်သည် နံရံလေးဘက် ပဲ့တင်ထပ်စေသော ရယ်မော သံကြီးဖြင့် ရေးနွေးငွေ့ကြားမှ ထွက်လာလေသည်။ သူ၏ ခါးတွင် တဘက်တစ်ထည်ကို ရစ်ပတ်ထားလေသည်။ ဟာမစ်သည် ဟာဇရာလူမျိုးနွယ် ပထန်တစ်ဦးဖြစ်လေသည်။ အသားမည်း၏။ မုတ်ဆိတ်ထား၏။ အရပ်မှာ ၆–၄ပေ သုံးလက်မရှိပြီး ရင်အုပ်ကားပြီး ပခုံးကျယ်လေသည်။

သူသည် လှိုက်လှဲစွာပြုံး၍ လှမ်းပေးလိုက်သည်။

'ဘယ်နှယ့် ဒရမ်မွန် ခေါင်းကိုက်ပျောက်သွားပြီလား'

'ပျောက်ရုံမကဘူး အားလုံးအတွက်အသင့်ဖြစ်နေတယ်'

ဒရမ်မွန်က ဖြေလိုက်သည်။

'ကျုပ်လဲ အဲဒီလိုပဲ'

ဟာမစ်သည် ရေကန်စပ်တွင် ထိုင်နေသောမိန်းမပျိုလေး၏ ဆံပင်ကို ပွတ်သပ်လိုက်လေသည်။ ထို့နောက် ဆွဲယူလိုက်လေသည်။

ရေစိုနေသော ဆာ့ရီ ဟ,သွားသောကြောင့် ရင်သား

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် ပြုံးသွားလေသည်။

'နောက်မှ တွေ့တာပေါ့'

ဒရမ်မွန်သည် ရေကန်တစ်ဖက်သို့ ကူးခတ်သွားလေသည်။ ပြီးနောက် ပြန်ကူးခတ်လာခဲ့ပြန်သည်။ ရေကန်ကို လေးခေါက်မျှ အသွားအပြန် ကူးခတ်ပြီးနောက်တွင် ရေကန်ထဲမှတက်လာခဲ့လေသည်။ ခါးလယ်တွင် တဘက်တစ်ထည် ကောက်ပတ်လိုက်ပြီးနောက် တစ်ခန်းသို့ ကူးလာခဲ့သည်။

နောက်တစ်ခန်းမှာ အနှိပ်ခန်းပင်ဖြစ်လေသည်။ ခန်းဆီးများ ကာရံထားသော အခန်းငယ်လေးများ ဖွဲ့ထားလေသည်။ ဟာမစ်၏ တိုးတိုးတိတ်တိတ် ရယ်မောသံသည် အခန်းတစ်ခုမှ လွင့်ပျံ့လာလေသည်။

ဒရမ်မွန်သည် အစွန်ဆုံးရှိ အခန်းလေးသို့ လျှောက်သွားပြီး လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်လေသည်။ ထို့နောက် ကျောက်ပြားထက်သို့တက်၍ လှဲနေလိုက်သည်။

ခဏအကြာတွင် ခန်းဆီးပွင့်သွားပြီး ပိုင်ရှင်ရန်ဆင်း ဝင်လာလေသည်။ ရေနွေး၊ ရေအေးပုံးများ ဆွဲလာသူများ သူ့နောက်မှ ကပ်ပါလာ၏။

ရန်ဆင်းက ပြုံးလိုက်လေသည်။

'အားလုံး အဆင်ပြေတယ် မဟုတ်လား မစ္စတာဒရမ်မွန်'

'ခင်ဗျားဟို့ ပြုစုလိုက်တာနဲ့ ကျုပ်တော့ လူသစ်စိတ်သစ်ကိုဖြစ်သွားတာပဲ၊ ဆာဒါမြို့မှာ ခင်ဗျားလို လူစားမျိုးလိုတယ်'

ရန်ဆင်းသည် အလွန်တရာ ထိတ်လန့်သွားဟန်ဖြင့် မျက်လုံးလှန်ပြလိုက်သည်။



'တကယ့် ကမ္ဘာ့အစွန်းဗျ၊ အန္တိမအဆုံးအစွန်ဒေသကြီး၊ မစ္စတာဒရမ်မွန် ကျွန်တော်ရေခါးဆိုတဲ့ ကောင်မလေးကိုပို့လိုက်မယ်'

''ကောင်းတာယ်ဗျာ''

ရန်ဆင်းပြန်ထွက်သွားလေသည်။ ဒရမ်မွန်သည် မျက်နှာကျက်ကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ကမ္ဘာ့အဆုံးအစွန်းဒေသကြီး ဆာဒါမြို့ကို ထိုသို့ထောပနာပြုခြင်းက မလွန်ချေ။ ဘော်ပါစော်ဘွားနိုင်ငံလေး၏ မြို့တော်ဆာဒါမြို့မှာ လူဦးရေသုံးထောင်မျှသာရှိလေသည်။ ယင်းအချက်ပေါ်မူတည်၍ ဘော်ပါနိုင်ငံ၏ အကျယ်အဝန်း လူဦးရေပမာဏကို ခန့်မှန်းနိုင်လေသည်။ ဘော်ပါသည် အကျည်းတန်ကြမ်းတမ်း ရိုင်းစိုင်းသော နယ်မြေကြီးတစ်ခုသာဖြစ်လေသည်။ ဘုရားသခင်ဖန်ဆင်းထားသော နောက်ဆုံးနေရာဟု ဆိုကြလေသည်။

ခန်းဆီးလိုက်ကာ အသံမြည်သွားလေသည်။ သူခေါင်းလှည့်ကြည့်လိုက်လေသည်။ ရေခါးဝင်လာလေသည်။ ရေခါးသည် အတော်ပင်လှပသော မိန်းမပျိုဖြစ်လေသည်။ သူမ၏ နှာခေါင်းတစ်ဘက်တွင် ပတ္တမြားတစ်လုံးဆင်ထားပြီး ခေါင်းလောင်းလေးများတပ်ဆင်ထားသော ငွေနားဆွဲကြီးများ ဝတ်ဆင်ထားလေသည်။ သူမ၏ ခေါင်းလှုပ်လိုက်တိုင်း ခွဲလွဲသံလေးများ မြည်နေလေသည်။

သူမဝတ်ဆင်ထားသော အပြာရောင် ပိုးဆာရီကို ရွှေချည်ထိုးထားလေသည်။ သူမ၏ အချိုးအစားကျနသော ကိုယ်လုံးကိုယ်ပေါက်မှာ အတိုင်းသားပေါ်လွင်နေလေသည်။ ဒရမ်မွန်က ခေါင်းဆတ်ပြလိုက်သည်နှင့်တစ်ပြိုင်နက် လုပ်ငန်းစလေတော့သည်။

ပထမခန္ဓာကိုယ်ပေါ်သို့ ရေနွေးလောင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရည်ခွံကျက်မတတ် ပူလောင်လှလေသည်။ ထို့နောက် တစ်ကိုယ်လုံးကို လက်နှစ်ဖက်ဖြင့် ကျွမ်းကျင်စွာ ရိုက်ခတ်နှိပ်နယ်ပေးလေသည်။ ခဏအတွင်းမှာပင် အကြောအချဉ်များပြေလျော့သွားပြီး လေထဲတွင် လွင့်မျောနေသကဲ့သို့ ခံစားရလေသည်။

ရေခါးသည် ရေနွေးတစ်ပုံး လောင်းချလိုက်ပြန်လေသည်။ ရေနွေးငွေ့ပင် မပြယ်သေးခိုက်တွင် ရေခဲတမျှအေးစက်သော ရေအေးလောင်းချလိုက်ပြန်လေသည်။ ရေမှာ အေးစက်လွန်းလှသောကြောင့် အသက်ရှူမှားမတတ် ဖြစ်သွားလေသည်။

ဒရမ်မွန်သည် သူ့ကိုယ်ပေါ်ကိုင်ညွှတ်လာသော သူမ၏ ရင်အစုံကို လှမ်းကိုင်လိုက်လေသည်။ သူမတန့်ခနဲ ဖြစ်သွားလေသည်။ ထိုအချိန်မှာပင် အခန်းတံခါးဝမှ ချောင်းဟန့်သံတစ်ချက်ပေါ်ထွက်လာလေသည်။ ရန်ဆင်းသည် အခန်းထဲသို့ ခေါင်းပြူကြည့်လိုက်လေသည်။

'အနှောင့်အယှက်ပြုရတာ ဝမ်းနည်းပါတယ်မစ္စတာဒရမ်မွန် ဒါပေမယ့် မစ္စတာဒရမ်မွန်ကိုတွေ့ချင်တဲ့လူတစ်ယောက်ရောက်နေတယ်'

ဒရမ်မွန်က မျက်မှောင်ကုတ်လိုက်သည်။

'ကျုပ်ကိုတွေ့ချင်တဲ့လူ'

'ဟုတ်ပါတယ်၊ မစ္စဂျက်နက်၊ အမေရိကန်လူမျိုး မိန်းမလှတစ်ယောက်'

'ဒီနေရာမှာ လာတွေ့တယ်၊ တယ်ဆန်းပါလား'

ဟာမစ်သည် ရန်ဆင်း၏နောက်မှ ရောက်လာလေသည်။ ပါးစပ်တွင် စီးကရက်တစ်လိပ် ခဲထား၏။

'အံ့ဩစရာနေ့တစ်နေ့ပဲ ဒရမ်မွန်၊ သူမ ဘယ်သူလဲသိလား'



'သိနိုင်တဲ့နည်းတော့ တစ်နည်းရှိတယ်'

ဒရမ်မွန်သည် တဘက်ကို ခပ်တင်းတင်းစီးလိုက်ပြီး အခန်းလေးထဲမှ ထွက်လိုက်သွားလေသည်။ နောက်တစ်ခန်းမှာ အနှိပ်ခံပြီးသူများ အနားယူအပန်းဖြေသည့် အခန်းဖြစ်လေသည်။

သူတို့သည် ခုတင်နိမ့်လေးများပေါ်တွင် အိပ်စက်အနားယူရင်း စီးကရက်သောက်၊ လက်ဘက်ရည်သောက်နေကြ၏။ ထိုသူများကြားဖြတ်ကျော်၍ ခုတင်တစ်လုံးပေါ်တွင် ဒူးထောက်လိုက်သည်။ သံပန်း သံဇကာကြားမှနေ၍ ရန်ဆင်း၏ရုံးခန်းထဲသို့ ချောင်းကြည့်လိုက်လေသည်။

ဂျက်နက်သည် ရန်ဆင်း၏စားပွဲနားတွင် မတ်တပ်ရပ်၍ ကချေသည် အရုပ်လေးတစ်ရုပ်ကို ကိုင်ကြည့်နေလေသည်။ သူမသည် ကချေသည်အရုပ်လေးကို ပြန်ချပြီး အခန်းပတ်မတ်လည်ကို စိတ်ဝင်စားစွာ မျက်စိကစားလိုက်လေသည်။

ဒရမ်မွန်၏နောက်မှ ကပ်ကြည့်နေသော စမစ်က သက်ပြင်း လေးတစ်ချက် ရှိုက်လိုက်သည်။

'နတ်သမီးလေး တစ်ပါးပါလား'

ဒရမ်မွန် မတ်တပ်ရပ်လိုက်လေသည်။ မျက်မှောင်ကုတ်ထားမိလေသည်။

'အပေါ်ဝတ်ရုံတစ်ထည် ယူခဲ့စမ်းပါ'

ရန်ဆင်းသည် ချက်ချင်းပင် အခန်းထဲမှထွက်သွားပြီး အဝတ်ဝတ်ရုံတစ်ထည်ယူလာလေသည်။ ဒရမ်မွန်အား ကူညီဝတ်ဆင်ပေးရင်း မေးလိုက်သည်။

'ခင်ဗျား အဝတ်အစား မဝတ်တော့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'သိချင်တဲ့စိတ် သိပ်ပြင်းထန်နေလို့ အဝတ်အစားဝတ်ဖို့ အချိန်မပေးနိုင်တော့ဘူး'

သူတံခါးဖွင့်ပြီး ဝင်သွားသောအချိန်တွင် ဂျက်နက်သည် နံရံကပ် ပန်းထိုးပန်းချီကားတစ်ချပ်ကို ကြည့်နေလေသည်။ သူမသည် လျင်မြန်စွာ လှည့်ကြည့်ပြီး ငြိမ်သက်သွားလေသည်။

သူမကို မျက်နှာချင်းဆိုင်နေသူမှာ အသက် ၄၀ ခန့်ရှိပေမည်။ နက်မှောင်ကြမ်းတမ်းသောဆံပင်သည် နားသယ်စတွင် ဖြူရောင်ပြနေလေသည်။ သူသည် အရပ်မြင့်ပေရှိပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းလေသည်။ တုတ်ခိုင်သောလက်များရှိကြောင်း အင်္ကျီ ခါးပတ်ပတ်နေသော လက်များကိုကြည့်၍ သတိထားမိလေသည်။

သို့သော် သူမစိတ်အဝင်စားမိဆုံးအရာကား မျက်နှာပင် ဖြစ်လေသည်။ မိမိကိုယ်ကို အပါအဝင် တစ်လောကလုံးကို လှောင်ရဲသော သူ၏မျက်နှာပေါက်ကဲ့သို့ နှုတ်ခမ်းစပ်များက ကွေးညွတ်နေလေသည်။ ရုပ်ချောခြင်းမရှိချေ။ ရုပ်မချောစေအောင်လည်း ညာဘက်မျက်လုံးမှသည် ပါးစပ်စွန်းသို့ရောက်သော အနာရွတ်တစ်ခုက တာဝန်ယူထား၏။ မျက်လုံးများမှာမူ ဆောင်းတွင်းကာလ တောင်ကြားတွင် ဝေသောမြူနှင်းကဲ့သို့ပင် ဖြစ်လေသည်။ အဓိပ္ပါယ် ဖော်ရခက်အောင် လျှို့ဝှက်နက်နဲလှပေသည်။

'မစ္စတာဒရမ်မွန်လားရှင့်၊ ကျွန်မနာမည် ဂျက်နက်ပါ'

သူမသည် လက်ကမ်းမပေးဘဲ မိတ်ဆက်လိုက်လေသည်။ လက်ကမ်းပေး၍ သူ့အသားနှင့်ထိရမည်ကို ကြောက်လန့်နေသယောင် အထိအတွေ့ကို သူမထိန်းချုပ်နိုင်ခြင်းမရှိမည်ကို စိုးရိမ်သယောင် ဖြစ်နေပုံရသည်။



ထိုအချိန်မှာပင် ဒရမ်မွန်ပြုံးလိုက်လေသည်။ ဒရမ်မွန်၏ အပြုံးကား စွဲမက်စရာကောင်းလှသောကြောင့် သူမအသည်းနှလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသကဲ့သို့ ခံစားမိလေသည်။ သူသည် ခေါင်းကိုဖြည်းလေးစွာ ခါယမ်းလိုက်လေသည်။

'ခင်ဗျား ဒီကိုမလာသင့်ဘူး မစ္စဂျက်နက်၊ ဒီနေရာဟာ မိန်းမတွေနဲ့ မသင့်တော်တဲ့နေရာပဲ'

'ဟိုတယ်ကလူလဲ အဲဒီလိုပဲ ပြောလိုက်တယ်၊ ဒါပေမယ့် ဒီမှာမိန်းကလေးတွေရှိသားပဲ။ ကျွန်မဝင်လာတုန်းကတောင် နှစ်ယောက်တွေ့သေးတယ်'

သူမကပြောလိုက်လေသည်။ ပြောရင်းမှပင်အဖြစ်မှန်ကို သဘောပေါက်သွားသကဲ့သို့ မျက်လုံးများပြူးကျယ်ဝိုင်းစက် သွားလေသည်။

ဒရမ်မွန်သည် စားပွဲပေါ်တွင်ရှိသော စီးကရက်ဘူးမှ စီးကရက်တစ်လိပ် နှိုက်ယူလိုက်သည်။

'ကျုပ်ကို ဘာကိစ္စတွေ့ချင်တာလဲ'

'ကျွန်မ ဆာဒါမြို့ကိုသွားဖို့ ကြိုးစားနေပါတယ်၊ ရှင်ကူညီနိုင်မယ်လို့ ယူဆမိလို့လာတာပါ'

ဒရမ်မွန်သည် တအံ့တသြ မျက်မှောင်ကုတ်လိုက်သည်။

'ခင်ဗျားကဘယ်နှယ့်ကြောင့် ဆာဒါမြို့ကိုသွားချင်ရတာလဲ'

'ကျွန်မက သူနာပြုဆရာမတစ်ယောက်ပါ၊ ဘော်ပါဒေါ် ဘွားရဲ့သားကို ချီကာဂိုမြို့ ဆေးရုံပို့ပေးဖို့ မိတ်သဟာအဖွဲ့အစည်းက တာဝန်ပေးလိုက်လို့ ရောက်လာတာပါ၊ သူ့ကို ချီကာဂိုမြို့ ခေါ်သွားပြီး မျက်စိခွဲစိတ်ကုသပေးရမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမပြောမှ ဒရမ်မွန် အမှတ်ရမိလေသည်။ ဒရမ်မွန်တို့ ဆာဒါမြို့မှ မထွက်ခွာလာခင်တွင် ဘုန်းတော်ကြီး ကာရီဂန်က ပြောခဲ့လေသည်။

'ဒါ အိန္ဒိယပြည်ကို ပထမဆုံးအခေါက် ရောက်တာလား'

သူမက ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မဗီယက်နမ်မှာ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီး အိမ်ကို ခွင့်နဲ့အပြန်မှာ စော်ဘွားသားကို ဝင်ခေါ်ပေးဖို့မိတ်သဟာ အဖွဲ့ အစည်းကနေ တာဝန်ပေးလိုက်တာ၊ ရှင်ကျွန်မကို ပို့ပေးနိုင်တယ် မဟုတ်လား'

ဒရမ်မွန်က ခေါင်းညိတ်လိုက်လေသည်။

'ရပါတယ် မခဲယဉ်းပါဘူး၊ ကျုပ်လေယာဉ်ပျံမှာ နေရာ အများကြီးရှိပါတယ်၊ တခြားခရီးသည် တစ်ယောက်လဲပဲ ပါမှာပါ။ သူက ဗိုလ်မှူးဟာမစ်၊ အိန္ဒိယတပ်မတော်က ဘော်လ်ပါစော်ဘွား ရဲ့ စစ်ရေးအကြံပေးပုဂ္ဂိုလ်၊ တကယ့်တကယ်ကျတော့လဲ အကြံပေး စရာ တပ်မတော်လဲမရှိပါဘူး၊ ကျုပ်တို့လေးနာရီခွဲလောက်ထွက်မယ်၊ ဂျူဖာမှာ ညဝင်အိပ်မယ်၊ ဆာဒါကို မနက်မှာ ဆက်ထွက်မယ်၊ အဲဒီလိုသွားတာ ဘေးကင်းတယ်'

ဒရမ်မွန်သည် သူ၏စီးကရက်တိုကို ပြာခွက်ထဲ ထည့်ချေ လိုက်သည်။

'ကဲ ..... စောင့်လက်စနဲ့ ခဏစောင့်နေလိုက်ဦး၊ ကျုပ် အဝတ်အစား သွားလဲလိုက်ဦးမယ်'

ဒရမ်မွန်သည် တံခါးဝသို့ ခြေလှမ်းချချိန်မှာပင် သူမက အလောသုံးဆယ် ပြောလိုက်သည်။



'အို ..... ကျွန်မမေ့သွားလို့ မစ္စတာ ဖာဂူဆန်ဆိုတဲ့လူ တစ်ယောက်က ရှင့်ကိုအမှာပါလိုက်တယ်'

ဒရမ်မွန် ပြန်လှည့်ကြည့်လိုက်လေသည်။ သူ၏မျက်နှာ ပေါ်မှာ နူးညံ့ဖော်ရွေမှုများ ရုတ်ချည်းပျောက်ကွယ်သွားခဲ့ပြီးဖြစ် သည်။ မျက်နှာမှာ တင်းရင်းမာကြောနေပြီး မျက်လုံးများမှာ အေးစက်နက်မှောင်နေလေသည်။

'ဖာဂူဆန် ..... ခင်ဗျား ဖာဂူဆန်နဲ့ ဘယ်မှာဆုံခဲ့သလဲ'

'ကာလကတ္တားက လာတဲ့ရထားပေါ်မှာ ကျွန်မပေါ်မှာ တကယ့်ကို ကြင်ကြင်နာနာရှိတာပဲ၊ ရှင်ဒီကမထွက်ခင် ထုံးစံနေရာ များသူကိုလာတွေ့ပါတဲ့၊ တကယ် ကျွန်မတော့ တစ်ခုမှနားမလည် ဘူး၊ လျှို့ဝှက်ဆန်းကြယ် ဝတ္ထုဖတ်နေရတဲ့အတိုင်းပဲ'

သူမ ရွှန်းပစွာပြုံး၍ ပြောလိုက်သည်။

ဒရမ်မွန်သည် မမြင်ရသောလက်တစ်ဖက်က သူ့မျက်နှာ သားကို ချေဖျက်လိုက်သတဲ့သို့ ရုတ်ချင်း ပြန်ပြုံးလာလေသည်။

'အဲဒီ ဖာဂူဆန်ကြီးကတော့ အသေအရှုံး အနောက် အပြောင်လေးမလုပ်ရရင် အိပ်မပျော်ဘူး၊ ကဲ ..... ကျုပ် အဝတ်အစား သွားလဲလိုက်မယ်၊ သိပ်မကြာပါဘူး'

သူသည် သူ၏အဝတ်အစားများထားခဲ့သော အခန်းလေး သို့ ခပ်သုတ်သုတ်လျှောက်သွားပြီး လျင်မြန်စွာ အဝတ်အစားလဲ လိုက်သည်။

သူ့ရုံးခန်းသို့ ပြန်ရောက်သောအခါ စားပွဲစွန်းတွင် ထိုင် နေသောဟာမစ်နှင့် ကုလားထိုင်တစ်လုံးတွင်ထိုင်နေသော ဂျက်နုက် တို့ တွေ့ရလေသည်။ ဂျက်နုက်သည် ဟာမစ်၏မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်၍ပြုံးနေလေသည်။

ဒရမ်မွန်သည် အဓိပ္ပါယ်ကင်းမဲ့သော မနာလိုစိတ်ကို ခံစားလိုက်ရလေသည်။

'ထုံးစံအတိုင်း ဟာမစ်ကတော့ လက်မြန်ခြေမြန် ကိုယ့်ကို ကိုယ် မိတ်ဆက်ပေးပြီးသားပါလား'

'ကျုပ်ကို ရိုးရာထုံးတမ်းအစဉ်အလာအရ မိတ်ဆက်ပေး ချင်သပဆိုရင် လုပ်လိုက်လေ ကြာသလားလို့'

ဟာမစ်သည် ပြောပြောဆိုဆိုပင် ဂျက်နက်ကို ငုံ့ကြည့် ပြီး ပြုံး၍ ဆက်ပြောလိုက်လေသည်။

'ဒရမ်မွန်က တစ်ချိန်တုန်းက ရေတပ်မှာ တပ်စုမှူးလေ အဲဒီကရတဲ့အကျင့် လုံးဝမပျောက်ဘူး။ အရာရာကို ထုံးတမ်းစဉ်လာ ပုံစံနဲ့ လုပ်ရမှကျေနပ်တယ် သိလား'

သူသည် ဖျတ်ခနဲမတ်တပ်ရပ်၍ ဒရမ်မွန်မိတ်ဆက်ပေး ရန် စောင့်ဆိုင်းနေလိုက်သည်။ သူက နှုတ်ခမ်းထောင့်တွင် လှောင် ပြုံးလေးသဲ့သဲ့စွန်းနေခဲ့သည်။

'ထုံးစံအတိုင်း ချောင်ပိတ်မိပြန်ပြီ မစ္စဂျက်နက်၊ ဒီပုဂ္ဂိုလ် ကတော့ ဗိုလ်မှူးအာလီမိုဟာမက် ဟာမစ်ပါပဲ၊ ဗြိတိသျှတွေ ချီးမြှောက် သွားခဲ့တဲ့ ဒီအက်ဖ်အိုဘွဲ့ရထားတဲ့သူပဲ၊ ဗြိတိန်နိုင်ငံ ဝင်ချက်စတာ ကိုယ်ပိုင်ကျောင်းမှာ ကျောင်းတက်ခဲ့တယ်၊ ဆန်းဟတ်ဒ် စစ် တက္ကသိုလ်ကျောင်းဆင်းပဲ'

ဟာမစ်သည် ဂျက်နက်၏ဘယ်လက်ကို လှမ်းယူ၍ နှုတ် ဆက်လိုက်လေသည်။

'တွေ့လား၊ ဗြိတိသျှယဉ်ကျေးမှု ဘယ်လောက် လွှမ်း



ကျွန်ခဲ့လဲ၊ သူလုပ်ပုံကိုသာကြည့်'

ဟာမစ်က ခပ်လှောင်လှောင်ပြောလိုက်လေသည်။

'ကျူပ်ကိုမကြည့်နဲ့ ကျုပ်ကစကော့လူမျိုးပဲ'

ဒရမ်မွန်က ပြောလိုက်လေသည်။

'မထူးပါဘူး။ ဗြိတိန်နိုင်ငံကိုအုပ်ချုပ်တာ စကော့လူမျိုးမှန်း လူတိုင်းသိတယ်'

ဟာမစ်က အရေးမထားဟန် ပြောလိုက်လေသည်။

ဒရမ်မွန်သည် ဂျက်နက်ကို လက်ကမ်းပေးလိုက်လေ သည်။ ပူပြင်းတောက်ပနေသော နေရောင်ထဲတွင် လက်ချင်းချိတ် ၍ ထွက်ခဲ့လေသည်။

ကွင်းပြင်၏တစ်ဘက်တွင် အုတ်တံတိုင်းနိမ့်လေးတစ်ခု ရှိလေသည်။ အုတ်တံတိုင်း၏တဘက်တွင် မြစ်ရှိလေသည်။ ပုံမှန် အားဖြင့် ဤနေရာတွင် နှစ်မိုင်မျှ ကျယ်ဝန်းသော်လည်း ဆောင်း ရွင်းကာလသို့ ရောက်သောအခါတွင် မိုင်ဝက် သို့မဟုတ် မိုင်ဝက် ဆက်ပင်ပို၍ ကျဉ်းမြောင်းသွားတတ်ပေသည်။ တဘက်တချက်တွင် ရှုန်းသောသောင်များကြား ကွေ့ပတ်ရစ်ခွေစီးဆင်းလေသည်။

'ဒါ ဂင်္ဂါမြစ်လား' ဂျက်နက်ကမေးလိုက်သည်။

'ဟုတ်ပါတယ်၊ အမှောင်ခွင်းတဲ့ အလင်းတန်းလို့ခေါ်ကြတဲ့ ဂင်္ဂါမြစ်ပါပဲ၊ အထီးကျန်သူတို့ရဲ့ မိတ်ဆွေလို့လဲခေါ်ကြတယ်၊ တ ချို့ကတော့ ဂင်္ဂါမြစ်ကိုတင်စားတဲ့ နာမည်ပေါင်းတစ်ထောင်လောက် ရှိမယ်ထင်တယ်၊ ဂင်္ဂါမြစ်မှာ ရေချိုးလိုက်ရင် အပြစ်ဟူသမျှ ကင်းစင်သွားတယ်လို့ ဟိန္ဒူလူမျိုးတွေက ယုံကြည်ကြတယ်'

ဂျက်နက်သည် ကမ်းနဖူးမှ အုတ်တံတိုင်းပုလေးကိုမှီ၍

www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ကိုလှမ်းကြည့်လိုက်လေသည်။ ရေပြင်မှာ ရွှံ့ရေနှစ်များဖြင့် ညိုမှောင်နေလေသည်။

'ကျန်းမာရေး ကိုက်ညီမယ့်ပုံစံ မရှိပါလား'

ဒရမ်မွန်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး သူမဘေးတွင် မှီလိုက်လေသည်။

'အထင်နဲ့အမြင်လွဲလောက်တယ်လို့ ဆိုရအောင် ဒီမြစ်က ထူးဆန်းတယ်၊ သူတို့ဘာသာရေးပွဲတွေ ကျင်းပရင် ဘုရားဖူးတွေက ဒီရေကိုသောက်တယ်၊ တစ်ခါတစ်ခါ မြို့ထဲက မြောင်းပုပ်ရေတွေ စီးဝင်တဲ့နေရာက ရေတွေဖြစ်ရင်လဲ ဖြစ်နေရော။ ဒါပေမယ့် တစ်ကြိမ်တစ်ခါမှ ဖျားတယ်၊ နာတယ် မကြားဖူးဘူး၊ ဒီရေကို ပုလင်းထဲထည့်ထားရင် တစ်နှစ်လောက်ခံတယ်၊ ရှေးသင်္ဘောခေတ်က ဒီရေကိုပဲ သင်္ဘောပေါ်တင်လေ့ရှိခဲ့ကြတယ်၊ တခြားရေတွေထက် ကြာရှည်ခံတယ်လို့ ပြောတယ်'

မြစ်ကမ်းပါးအနီး၌ အခမ်းအနားတစ်ခု ကျင်းပနေပုံရလေသည်။ သူမက ဟာမစ်ကို မော့ကြည့်လိုက်သည်။

'ကျွန်မတို့ အောက်ဆင်းကြည့်လို့ ရမလား'

'ရတာပေါ့၊ လိုတာသာပြော ဖြစ်ရစေမယ်'

'ကျုပ်တော့ မလိုက်ဘူး၊ ကျုပ်မသွားခင် ဖာဂူဆန်နဲ့တွေ့ရဦးမယ်၊ အခုနှစ်နာရီထိုးပြီ၊ လေးနာရီကျရင် ဟိုတယ်မှာပြန်ဆုံမယ်'

ဒရမ်မွန်က ပြောလိုက်လေသည်။

ဒရမ်မွန်သည် ကွင်းပြင်ကို သွက်လက်စွာ ဖြတ်လျှောက်သွားလေသည်။ ဂျက်နက်သည် ဒရမ်မွန်၏ကျောပြင်ကို ကြည့်ရင်း



မှုန်မှောင်ကုတ်လိုက်မိသည်။

'မစ္စတာ ဖာဂူဆန်ကပြောတော့ လက်ဖက်လုပ်ငန်းလုပ်နေတယ်ဆို'

'ဟုတ်တယ်၊ ဂျက်က သူ့လက်ဖက်ခြောက်တွေ သယ်ပေးဖို့ စာချုပ်ချုပ်ထားတယ်၊ ဖာဂူဆန်က တစ်လတစ်ခေါက်လောက်သူ့ကိုလာတွေ့တယ်၊ ဖာဂူဆန်ကမြစ်ညာဘက်မှာ လှူနေသင်္ဘော တစ်စင်းရှိတယ်'

'ရှင်ပြောတော့ မစ္စတာဒရမ်မွန်က ရေတပ်တပ်စုမှူးဆို'

'ရေတပ်ရဲ့ လေကြောင်းတပ်ဖွဲ့က.....'

'ဒါဆို အရာရှိတစ်ယောက်ပဲ၊ ဒုတိယကမ္ဘာစစ်ကာလက တပ်စုမှူးတစ်ဦးဖြစ်ဖို့ဆို သိပ်ငယ်နေဦးမှာပေါ့'

'မှန်ပါ့'

ဟာမစ်၏မျက်နှာပေါ်တွင် အပြုံးရိပ်ရှိနေဆဲဖြစ်သော်လည်းအသံမှာ မာဆတ်ဆတ် ဖြစ်လေသည်။ စပ်စုမှုကိုမလိုလားကြောင်း မျက်လုံးများတွင် ထင်ရှားနေလေသည်။

'ကဲ..... အောက်ဆင်းကြည့်ရအောင်'

ဟာမစ်က စေ့ဆော်လိုက်လေသည်။

သူတို့သည် လူအုပ်ကြီး၏ဘေးနားတွင် ရပ်တန့်၍ကြည့်မိကြသည်။ ဒူးခေါင်းအထိနက်သော ရေထဲသို့ဆင်းသက်နေသော လူအများအပြား ရှိလေသည်။ ယောက်ျားများမှာ အပေါ်ပိုင်းဗလာဖြင့်နေပြီး ရွှံ့စေးများလိမ်းထားကြလေသည်။

ယောက်ျားတစ်ယောက်သည် ဝါဘလပတ်အိတ်သေးတစ်လုံးမှပြာများကို စဉ့်အိုးကြီးတစ်စင်းထဲသို့ လောင်းထည့် လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တစ်ဦးက စက္ကူလှေကို မီးညှိလိုက်လေသည်။ ထို့နောက် ကမ်းစပ်နှင့်ဝေးရာသို့ တွန်းလွှတ်လိုက်သည်။ လှေလေးသည် ရေစီးကြောင်းထဲမျောပါသွားလေသည်။ ရုတ်တရက်လှေတစ်စင်းလုံး မီးဟုန်းဟုန်းတောက်လောင်သွားပြီး တဒင်္ဂအကြာမှာပင် ရေအောက်နစ်မြုပ်သွားလေသည်။

'သူတို့ ဘာလုပ်နေကြတာလဲ'

ဂျက်နက်က မေးလိုက်သည်။

'စောစောကပြာတွေက ကလေးတစ်ယောက်ရဲ့အလောင်းပြာတွေ၊ ယောကျ်ားလေးတစ်ယောက်ရဲ့ အလောင်းပြာရေမျောတဲ့ အခမ်းအနားမျိုးလုပ်ရတာ အကုန်အကျသိပ်များလို့ မိန်းကလေးတွေအတွက်လုပ်လေ့မရှိဘူး၊ မတန်ဘူးပေါ့'

'ဒီပွဲမျိုး အမြဲရှိတတ်လား'

ဟာမစ် ခေါင်းညိတ်လိုက်လေသည်။

'ဟိန္ဒူတစ်ယောက်ရဲ့ အကြီးမြတ်ဆုံး အိပ်မက်ဟာ အဲဒီအိပ်မက်ပဲ၊ သူ့ရဲ့အရိုးပြာတွေကိုဂင်္ဂါမြစ်ထဲ ရေထဲကြဲဖြန့်ဖို့ပဲ၊ ဒီနားမှာရှန်ဆန်လို့ခေါ်တဲ့ မီးသင်္ဂြိုဟ်တဲ့နေရာရှိတယ်၊ ကြည့်မလား'

'ကျွန်မ မကြည့်ရဲဘူး'

ဟာမစ်က သူမကို ပြုံးကြည့်လိုက်သည်။

'ဗီယက်နမ်မှာ နှစ်နှစ်ကြာခဲ့တယ်ဆို၊ ဗီယက်နမ်ကိုခံနိုင်ရည်ရှိမှတော့ ဘာမဆိုခံနိုင်ရှိရမှာပေါ့'

'ကျွန်မတော့ သိပ်မထင်ဘူး၊ အိန္ဒိယက တမူကွဲပြားတယ်၊ ကမ္ဘာပေါ်မှာ ဘယ်နေရာဒေသနဲ့မှ မတူဘူး၊ ဖာဂူဆန်က အဲဒီအတိုင်းပြောခဲ့တယ်၊ သူ့စကားမှန်တယ်'



သူတို့ မြစ်ကမ်းစပ်အတိုင်း လျှောက်နေခိုက်တွင် ထင်းမီးအနံ့များရရှိလေသည်။ ရှေ့နားတွင် နွားလှည်းတစ်စီးတွေ့ရပြီး နွားလှည်းဘေးတွင် လူသုံးလေးဦး ရပ်တန့်နေလေသည်။

အနီးသို့ချဉ်းကပ်မိသည့်သူမသည် အလန့်တကြားအာမေဋိတ်ပြုလိုက်ပြီး ဟာမစ်နားကပ်မိသွားလေသည်။ ဆူးမွေ့ရာတစ်ခုပေါ်တွင် အဝတ်ဗလာကျင်းနေသောလူတစ်ယောက် လဲလျောင်းနေလေသည်။ သူ၏မျက်လုံးများပိတ်ထား၏။ လျှာထွက်နေပြီး ထိုလျှာဖျားတွင် သံစူးတစ်ချောင်းထိုးထား၏။ သူ၏ဆံပင်နှင့် မုတ်ဆိတ်များမှာ ညစ်ပေထူထဲနေလေသည်။ သူ၏ခန္ဓာကိုယ်ကို နွားချေးနှင့်ပြာရောစပ်မံထားလေသည်။

'ဆာဒူးလို့ခေါ်တဲ့ သူတော်စင်တစ်ပါးပေါ့၊ သူကာနာရေးသမားတွေဆီကအလှူခံပြီးသေဆုံးသူရဲ့ ဝိညာဉ်အတွက်ဆုတောင်းပေးတယ်'

ဟာမစ်သည် ဆာဒူးကြီး၏ဦးခေါင်းအနီးတွင်ရှိသော ကြေးအိုးထဲသို့ ပိုက်ဆံပစ်ထည့်ရင်း ပြောလိုက်သည်။

ဤမြစ်ကမ်းစပ်ကို အခြားမြစ်ကမ်းစပ်များနှင့် တမူကွဲပြားခြားသော အကြောင်းရပ်များမရှိချေ။ မည်သည့်ဝတ်ကျောင်း မည်သည့်အထိမ်းအမှတ် အဆောက်အအုံမျှမရှိချေ။ မီးသင်္ဂြိုဟ်ရာတွင် အသုံးပြုခဲ့သော နေရာဟောင်း၊ ပြာပုံဟောင်းများ၊ အရိုးစများနှင့် ဦးခေါင်းခွံတစ်လုံးသာ တွေ့ရလေသည်။

တဟုန်းဟုန်းတောက်နေသော အသုဘမီးပုံတစ်ခု အနားတွင် ရယ်မောအသောအရွှမ်းပြောနေသော လူများကိုပင် တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခွဲခွာကြပါစို့ရှင်၊ ဒီနေရာကသွားကြပါစို့'

ရှက်နက်သည် သွေးဆုတ်စပြုနေသော မျက်နှာဖြင့် ဟာ့မစ် နားပူကပ်မိလေသည်။ ဟာ့မစ်သည် သူမကို စိုးရိမ်ပူပန်စွာ ကြည့်လိုက်ပြီး လက်မောင်းကိုတွဲခေါ်လိုက်လေသည်။

'ဒီအိန္ဒိယကို ဒီလောက်မြင်ရတာ တော်ပြီလေ... နောက်အိန္ဒိယကို ကြည့်ရအောင်'

သူတို့သည် ရုတ်တရက် အုန်းပင်ကြားသို့ရောက်လာလေ သည်။ အုန်းပင်များအကြား ကျဉ်းမြောင်းသောလမ်းအတိုင်း လျှောက်ရင်း မြစ်အထက်ပိုင်းတွင် တည်ရှိသော ကျောက်မှန်ဦးကြီ တစ်ခုဆီသို့ ရောက်ရှိလာခဲ့လေသည်။ မြစ်ကမ်းပါးထက်တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကာလကတည်းက နေရာယူထာ သော အမြောက်ကြီးနှစ်လက်ကို တွေ့ရလေသည်။ အခြာ တစ်ဖက်တွင်မူ အုတ်တံတိုင်းကြီးတစ်ခု ရှိလေသည်။

ဟာ့မစ်သည် သူမကို ညင်သာစွာ တွန်းလိုက်လေသည်

'ကဲ... အခြားတစ်ပါးသော အိန္ဒိယကိုရှုလော့'

သူမသည် မြစ်ကမ်းပါး အုတ်စံတိုင်းကို လက်ထောက်၍ စိတ်လှုပ်ရှားစွာ အာမေဋိတ်ပြုရိုက်လေသည်။ မြစ်ကမ်းစပ် သဲသောင်တစ်ခွင်တွင် ကြိုးကြာနီရာပေါင်းများစွာ လှုပ်ရှားသွားလာ နေကြသေသည်။ ယင်းတို့၏ အမွေးအတောင်အရောင်တို့ဖြင့် မြစ်ပြင်တစ်လွှားကို အလှခြယ်ထားလေသည်။

ဟာ့မစ်သည် ကျောက်တုံးတစ်လုံး ကောက်၍ပစ်လိုက် လေသည်။ ချက်ချင်းပင် ကောင်းကင်တစ်ပြင်လုံး ကြိုးကြာနီ များဖြင့် လွှမ်းမိုးသွားလေသည်။ အနီရောင်အဖြူရောင် ရောထွေ



သော တိမ်တိုက်ကြီးတစ်ခုကဲ့သို့ ပြာလွင်သောကောင်းကင်ထဲသို့ ထိုးတက်သွားကြလေသည်။

ဟာ့မစ်သည် သူမကို ငုံ့ကြည့်ပြီး အလေးအနက် ပြောလိုက်လေတော့သည်။

'ဟိုနောက်မှာ သေခြင်းတရား၊ ဒီမှာ ဘဝရဲ့အလှအပဆုံး အခြေအနေ၊ ဒါကိုတစ်ပြားတည်းရဲ့ဖင်နဲ့ ခေါင်းပဲ ဂျက်နက်၊ ဒါကို နားလည်ဖို့လိုတယ်'

သူမသည် ဖြည်းလေးစွာ ခေါင်းညိတ်လိုက်လေသည်။ သူ၏လက်မောင်းကို ချိတ်လိုက်လေသည်။ ထို့နောက် စကား တစ်ခွန်းမျှမဆိုဘဲ အတွေးကိုယ်စီဖြင့် အုန်းပင်တန်းများကြားမှ ဖြတ်လျှောက်လာခဲ့လေသည်။

မြို့၏ရှေးအကျဆုံး အစိတ်အပိုင်းနောက်တွင် အစိုးရ အရာရှိကြီးများ ကုန်သည်သူကြွယ်ကြီးများ၏ကြီးမား ခန့်ညား သော နောက်ဆုံးပေါ်အဆောက်အအုံများ တည်ရှိလေသည်။ အရှမ်မှန်သည် ပျူကာလစ်ပင်များရှိနေသော လမ်းကျဉ်းလေးအတိုင်း မြစ်ကမ်းစပ်သို့ လျှောက်လာခဲ့လေသည်။

ကိုက် ၄၀ လောက်အကွာတွင် ရှေးဟောင်းဆိုင်စံတာ တစ်ခုရှိလေသည်။ ထိုဆိပ်ခံတံတားနှင့် မလှမ်းမကမ်းတွင် အနီ

www.burmeseclassic.com

www.burmeseclassic.com



ရောင်သေးသုတ်ထားသော သဘော်အိမ်တစ်လုံး ရှိလေသည်။

ဖာဂူဆန်၏ ဆစ်အလုပ်သမားသည် သဘော်ခေါင်မိုးပေါ်တွင် တင်ပျဉ်ခွေထိုင်နေခဲ့သည်။ ဒရမ်မွန်ကိုလှမ်းတွေ့လိုက်သည်နှင့် ကုန်းပတ်ပေါ်သို့ခုန်ဆင်းလိုက်ပြီး သဘော်ဝမ်းထဲသို့ ဝင်သွားလေသည်။

ဒရမ်မွန်သည် ပျဉ်ထိုးတံတားကိုကူး၍ ကုန်းပတ်ပေါ်တက်လိုက်လေသည်။ ကုန်းပတ်မှာ ပြောင်လက်တောက်ပနေလေသည်။ သဘော်ပဲ့ပိုင်းတွင် ရွက်ဖျင်မိုးတစ်ခုထိုးထားပြီး ကြိမ်ကုလားထိုင် အချို့နှင့် စားပွဲတစ်လုံးခင်းကျင်းထားလေသည်။ ဒရမ်မွန်သည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။

ဖာဂူဆန်၏ ဆစ်လူယုံတော် ပြန်ရောက်လာပြီး ဂျင်၊ ရေခဲရေနှင့် ဖန်ခွက်များပါသော လင်ဗန်းတစ်ချပ် ချလာလေသည်။ ထို့နောက် စကားတစ်ခွန်းမျှမဆိုဘဲ ပြန်ထွက်သွားလေသည်။

ဒရမ်မွန်သည် အရက်တခွက်ကို ငှဲ့ထည့်လိုက်ပြီး ပဲ့ပိုင်းလက်တန်းသို့ လျှောက်သွားလေသည်။ လက်တန်းကို မှီရင်းမြစ်ပြင်ကို ငေးကြည့်မိလေသည်။ လှေတစ်စင်း ရွက်လွှင့်သွားသည်ကို တွေ့ရသည်။ သို့သော် သူ့အတွေးများက မြင်ကွင်းတွင်ရှိမနေချေ။ ဂျက်နက်ထံ ရောက်နေခဲ့သည်။

သူ့နောက်ကျောဘက်တွင် ဖန်ခွက်နှင့် ပုလင်းထိသံကြားရလေသည်။ သူလှည့်ကြည့်လိုက်သောအခါတွင် စားပွဲတွင်ထိုင်လျက် အရက်ငှဲ့နေသော ဖာဂူဆန်ကို တွေ့ရလေသည်။

'မင်းကြည့်ရတာ အတော်ဒေါင်ဒေါင်မြည်နေတဲ့ပုံပဲ အေးပေါ့ကွာ တစ်ညတာ အလုပ်ကြမ်းကြမ်းလုပ်ပြီးရင် ရေနွေး



ချိုးရတာလောက် အကြောပြေသွားစေတာ မရှိဘူး'

'ဘယ်လိုလဲ ဖာဂူ၊ ဘရုတ်သုတ်ခကြီး ခင်ဗျားပို့လိုက်တဲ့ သတင်းကို ကျုပ်ရပါတယ်၊ ရန်ဆင်းရဲ့ ဗီမ်အိမ်တော်ကြီးမှာ အဝါရောင်အကျီဝတ်ဆင်ထားတဲ့ မိန်းမချောလေးတစ်ယောက်ကို ကိုယ်တိုင်ကိုယ်ကျပို့ခဲ့ပါတယ်ဗျာ'

'အို ဘုရားသခင် ..... အဲဒီကောင်မလေးကို တကယ်ပို့ခဲ့သလား'

ဖာဂူဆန်က တအံ့တသြ ရေရွတ်လိုက်လေသည်။

'လာပို့ပါ့ဗျာ၊ အိန္ဒိယနိုင်ငံကို ပထမဦးဆုံးအကြိမ်ရောက်ဖူးတာလေ၊ အတွေ့အကြုံမရှိသေးဘူး၊ သိသင့်သိထိုက်တာတွေ အများကြီးဖြစ်နေတယ်'

ဒရမ်မွန်သည် ဖာဂူဆန်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ရင်းသားရေအိတ်ဟောင်းလေးတစ်လုံးမှ ဆေးလိပ်တစ်လိပ် ထုတ်ယူလိုက်လေသည်။

'သူနဲ့ ကာလကတ္တား ခရီးစဉ်မှာတွေ့ခဲ့တာ၊ ဒုတိယတန်းစီးလာတာလေ၊ ဒါနဲ့ ဘော်ပါစော်ဘွားကြီးခန်းရဲ့သား မျက်စိကျသွားလို့ လိုတယ်ဆိုတဲ့ကိစ္စက ဘယ်လိုလဲ'

ဖာဂူဆန်က မေးလိုက်လေသည်။

'လွန်ခဲ့တဲ့လတုန်းက ပြဿနာစတာ၊ ချာတိတ် မြင်းပေါ်ကကျပြီး ခေါင်းထိသွားတယ်၊ ညာဘက်မျက်လုံးကွယ်သွားတယ်၊ အဲဒါကြောင့် ခန်ကြီးကကာလကတ္တားက မျက်လုံးဆရာဝန်တစ်ယောက်ကို ခေါ်တွေ့ခဲ့တယ်၊ ကျုပ်ကိုယ်တိုင်ပဲ လေယာဉ်ပျံနဲ့ခေါ်ဆောင်ပေးခဲ့ရတယ်၊ ချာတိတ် မျက်လုံးအိမ်ထိခိုက်နေတယ်'

'အဲဒါပြန်ကောင်းဖို့ အတော်လက်ဝင်အောင်ကုရမယ့်ပုံပဲ'

'အဲဒီ ပါရဂူကြီးက ချိကာဂိုမြို့ ဆေးရုံကြီးတစ်ရုံက ပါရဂူနဲ့ဆွေးနွေးပါတယ်၊ ဖာသာကာရိုဂန်နဲ့သူတို့ အဆက်အသွယ်မိပြီး ချာတိတ်ကိုအဲဒီမှာ ကုသဖို့ သဘောတူလိုက်ကြတယ်၊ ချာတိတ်ကို ချိကာဂို ခေါ်သွားဖို့ ဆရာဝန်တစ်ယောက် အကြိုလွှတ်လိုက်မယ်လို့ ပြောတယ်'

'ဆရာဝန်တစ်ယောက်မပို့ပဲ ဂျက်နက်ကို ပို့လိုက်တယ်ပေါ့'

'ဂျက်နက်က ဗီယက်နမ်ကနေ အိမ်အပြန် မဟုတ်လား၊ ခရီးစရိတ်သက်သာနည်းလားဆိုပြီး လမ်းကြုံဝင်ခိုင်းလိုက်တာပေါ့၊ အလကားရတဲ့နွား သွားဖြဲမကြည့်ဘူးလေ ဖာဂူ'

ဒရမ်မွန်က သဘောကျစွာရယ်မောရင်း ပြောလိုက်သည်။

ဖာဂူဆန်သည် မသိမသာမျက်မှောင်ကုတ်လိုက် မိသည်။

'ကောင်မလေးက လူကောင်းသူကောင်းလေးပါ၊ ဒရမ်မွန် သူ့ကိုတခုခုမဖြစ်သွားစေချင်ဘူး'

'အဲဒီတော့ ......'

ဒရမ်မွန်က အေးဆေးစွာမေးလိုက်သည်။

ဖာဂူဆန်သက်ပြင်းချလိုက်လေသည်။

'အေးလေ ...... အဲဒါထားလိုက်ပါတော့၊ မင်းဒီတစ်ခေါက် ဘာတွေရခဲ့သလဲ'

ဒရမ်မွန်သည် သူ့အကျီအိတ်ထဲမှ ဖလင်လိပ်အချို့ ကို ဆွဲထုတ်လိုက်ပြီး ဖာဂူဆန်ဘက်သို့ တွန်းပို့လိုက်လေသည်။

'အဲဒါအကုန်ပဲ၊ ဘော်ပါနဲ့ တိဗက်နယ်စပ်ဒေသတစ်ခု လုံးရဲ့ ပုံတွေပြည့်စုံသွားပြီ'



'အားလုံးပြီးစီးပြီလား'

ဒရမ်မွန်က ခေါင်းညိတ်လိုက်လေသည်။

'ပြီးခဲ့တဲ့အခေါက်မတိုင်ခင် တစ်ခေါက်ကပဲ တော်သေး သယ်လို့ဆိုရမယ်၊ ပြီးခဲ့တဲ့အခေါက်က ချောင်ကိုယ်တိုင်လိုက်လာခဲ့ တယ်၊ အဲဒီတော့ ကင်မရာဆင်ချင်တောင်မှဆင်လို့မဖြစ်နိုင်ဘူး'

ဖာဂူဆန်က ပြုံး၍ ခေါင်းခါယမ်းလိုက်လေသည်။

'ဒီတော့ ကွန်မြူနစ်ဆန့်ကျင်ရေး ပုဂ္ဂိုလ်တွေကတော့ အလံမလှဲဘဲ၊ ဒီကိစ္စကို ဝါရှင်တန်ကသာသိရင် ဘယ်လိုနေမလဲ သိဘူး'

'ကျုပ်ကတော့ အရေးမထားဘူး၊ နောက်နှစ်ခေါက် ခောင်းပြီးရင် လက်စသပ်လိုက်တော့မယ်၊ ချောင်ကိုပြောပြီးပြီ'

ဖာဂူဆန်သည် သူ၏ခေါင်းတံကို မီးညှိလိုက်လေသည်။ သည့်ချောင်းထဲသို့ မီးခိုးများဆောင့်ဝင်သွားသောကြောင့် သီးသွား သသည်။

'နောက်ဆုံးတစ်ခေါက် ဘယ်လိုနေလဲ၊ ကွန်မြူနစ်တွေ လှုပ်ရှားမှုရှိလား'

'ကြိုးတွဲလောင်းနဲ့လှုပ်ရှားနေတာတွေ့ခဲ့တယ်၊ မိုရီရဲ့ သူ့အုပ်စုလက်ချက်မိသွားတဲ့ ကွန်မြူနစ်တစ်စုကို တွေ့ခဲ့တယ်၊ အဲဒါပဲ'

'တခြားဘာမှမရှိဘူးပေါ့၊ သေချာရဲ့လား'

ဒရမ်မွန်ကခေါင်းညိတ်လိုက်သည်။

'လာဒတ်ခိဒေသမှာ လှုပ်ရှားမှုလေးတွေရှိပေမဲ့ ဘော်ပါ နယ်မြေထဲမှာတော့ ဟုတ်တိပတ်တိလှုပ်ရှားမှုမရှိဘူးလို့ မိုရီက

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်'

'တော်တော်ထူးဆန်းတာပဲ'

ဖာဂူဆန်ကမှတ်ချက်ချလိုက်လေသည်။

'ထူးတူးဆန်းဆန်း–ကျုပ်ကတော့ စိတ်မဝင်စားတော့ဘူး နောက်တစ်လဆိုရင် ဒီနေရာကခွာတော့မယ်'

ဖာဂူဆန်သည် သူ၏ဆေးတံအိုးကို မီးခြစ်ဆံတစ်ချောင်းဖြင့် ထိုးဆွရင်း အမှတ်တမဲ့ဟန် မေးလိုက်လေသည်။

'ဘာလုပ်မယ် စိတ်ကူးထားလဲ'

'ခင်ဗျားနဲ့ပတ်သက်တဲ့ ကိစ္စတစ်ခုမှ စိတ်မဝင်စားတော့ဘူးလို့ စိတ်ကူးထားတယ်၊ ခင်ဗျားအတွက် အလုပ်လုပ်ပေးနေခဲ့တာ လေးနှစ်ငါးနှစ်ရှိပြီ၊ ဆာရာဝက်ခ်ဒေသကနေ ကက်ရှိမီးရားဒေသအထိ ခင်ဗျားအကြိုက် ကင်းထောက်လုပ်ငန်းတွေ လုပ်ပေးခဲ့ရပြီ၊ ကျုပ်တစ်သက်လုံး ဒီပုံစံသွားနေလို့မဖြစ်ဘူး၊ ဘယ်သူမှ ဒါမျိုး တစ်သက်လုံးလုပ်နေလို့ မရဘူး'

'မင်း ပီပီပြင်ပြင် ဆောင်ရွက်ခဲ့ပါတယ်၊ ငါဝန်ခံပါတယ် ဒရမ်မွန်၊ ဒါပေမဲ့ အဲဒီအလုပ်နဲ့ ထိုက်သင့်အောင် ကောင်းကောင်း မွန်မွန် ပေးကမ်းခဲ့တာပဲမဟုတ်လား'

'ပြီးခဲ့တဲ့နှစ်က ဘော်နီယိုမှာ အင်ဒိုနီးရှားတပ်တွေ ကျုပ်ကို ပစ်ချခဲ့တုန်းက ဘယ်လိုလဲ၊ ရက်သတ္တပတ်သုံးပတ်လုံးလုံး ကျုပ် တောထဲမှာခွေးပြေးဝက်ပြေး‚ပြေးခဲ့ရတယ်၊ နောက်ဆုံး နယ်ခြားကို ဖြတ်ကူးပြေးနိုင်ခဲ့လို့သာလွတ်တယ်'

ဒရမ်မွန်သည် သူ၏ဘယ်ဘက်မျက်လုံးမှသည် ပါးစပ်စွန်းအထိရောက်သော အနာရွတ်ကိုပွတ်သပ်ရင်း ပြောလိုက်လေသည်။



'ကျုပ်ဆေးရုံတစ်လတက်ခဲ့ရတယ်၊ အဲဒီတော့ဘာဖြစ်သလဲ၊ ခင်ဗျားကကျုပ်ကိုထုံးစံအတိုင်းပဲအခပေးခဲ့တယ်၊ အပိုအလိုမရှိ'

ဖာဂူဆန်သည် သက်ပြင်းတစ်ချက်ရှိုက်ထုတ်လိုက်ပြီး အိတ်ထဲမှ စာအိတ်တစ်အိတ်ထုတ်ယူလိုက်သည်။ ဒရမ်မွန်ထံသို့ တွန်းပေးလိုက်သည်။

'ငွေသုံးသောင်း ထုံးစံအတိုင်း မင်းရဲ့ဂျီနီဗာဘဏ်မှာ သွင်းပြီးပြီ၊ မင်းစိတ်ပြောင်းသွားရင် ငါ့ကိုဆက်သွယ်ပေါ့၊ ဘယ်မှာ ဆက်သွယ်ရမှန်း မင်းသိပါတယ်'

ကမ္ဘာပျက်တဲ့ နေ့မှဖြစ်လိမ့်မယ်'

ဒရမ်မွန်သည် စာအိတ်ထဲမှ ငွေသွင်းဖြတ်ပိုင်းကို စစ်ဆေးကြည့်ရှုလိုက်ပြီး ပိုက်ဆံအိတ်ထဲ ထည့်လိုက်လေသည်။

'ခင်ဗျားအတွက် အလုပ်လုပ်ပေးခဲ့တာပျော်စရာတော့ ကောင်းပါတယ် ဖာဂူ'

ဒရမ်မွန်သည် ကုန်းပတ်ပေါ်မှနေ၍ တံတားထိုးထားသော ပျဉ်ချပ်ပေါ်ကူးလိုက်လေသည်။

'တစ်ခုကျန်သေးတယ် ဒရမ်မွန်၊ မင်းကိစ္စဝိစ္စပြီးသွားရင် လေယာဉ်ပျံပိုင်ရှင်ကို မမေ့နဲ့ဦး၊ အဲဒါ အစိုးရပစ္စည်း သိတယ် မဟုတ်လား'

'အစိုးရပစ္စည်းမှန်း ခင်ဗျားဘယ်လို အထောက်အထား ပြမလဲ ခင်ဗျာ'

ဒရမ်မွန်သည် ပြန်လည်အော်ဟစ်ပြောကြားရင်း သဲသောင်ပြင်ဘက်သို့ ရယ်မော၍ ထွက်သွားလေသည်။

www.burmeseclassic.com



## အခန်း (၃)
## ညလူများ

ဂျက်နက်သည် လသာဆောင်၏ မှောင်ရိပ်ထဲတွင် ရပ်တန့်၍ မြို့ရှုခင်းကို ငေးကြည့်နေမိခဲ့သည်။

လမင်းကြီးကိုကွယ်ထားသော တိမ်တစ်သိုက် လွင့်မျော သွားသောကြောင့် ဂျူမာမြို့ကို ပီပြင်စွာမြင်ရလေသည်။ အမိုးပြား များပေါ်တွင် လရောင်ရွှန်းပနေလေသည်။ ခပ်လှမ်းလှမ်းတွင်မူ ငွေမှုင်တန်းကဲ့သို့ ကွေးကောက်စီးဆင်းနေသောမြစ်ပြင်ကို လှမ်းမြင်ရ လေသည်။

ညကောင်းကင်တွင် ကြယ်တာရာများ စုံညီနေလေသည်။ ခပ်လှမ်းလှမ်းတွင်မူ အာကာပြင် ထိုးတက်၍ ကြယ်တာရာများကို ကြိုဆိုရန် ကြိုးစားနေပုံရသော တောင်တန်းကြီးများကို လှမ်းမြင် ရလေသည်။



တိတ်ဆိတ်ငြိမ်းချမ်းသော အာကာသ ညတစ်ညပင် ဖြစ်လေသည်။ ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံခပ်သဲ့သဲ့ ပေါ် လာလေသည်။ အောက်ဘက်လမ်းများပေါ်မှ မီးတုတ်ရောင် များ လှမ်းမြင်ရလေသည်။ ဗုံတိုတစ်လုံးတီးခတ်သံ အဆက်မပြတ် ပေါ်လာလေသည်။ ထို့နောက် ကြိုးတပ်တူရိယာတစ်ခု၏ အသံပါ ခေါင်းစပ်ပေါ်ထွက်လာလေသည်။ နွေးထွေးသော ညလေတွင် နယ်မောသံများပါ လွင့်ပျံလာလေသည်။ တံခါးခေါက်သံသဲ့သဲ့ ပေါ်လာလေသည်။ သူမ လျင်မြန်စွာ လှည့်မေးလိုက်လိုက်သည်။

'ဘယ်သူလဲ'

'ဟာမစ်ပါ'

သူမသည် တံခါးဆီသို့ လျှောက်သွားပြီး တံခါးဖွင့် လိုက်လေသည်။ စစ်ဝတ်စုံပြည့် ဝတ်ဆင်ထားသော ဟာမစ် ဝင်လာလေသည်။

'ဘယ်လိုနေလဲ'

'ကောင်းပါတယ်၊ ကျွန်မတစ်နာရီလောက်အိပ်ပြီး အိပ်ရာ နိုးတော့ ရေမိုးချိုးလိုက်တယ်'

'ကောင်းတယ်'

ဟာမစ်သည်စကားဆက်ရမည်ကို တုံ့ဆိုင်းသွားလေသည်။

'ဒီညနေ ခင်ဗျားကိုလိုက်ပို့ဖို့ မအားဘူးဖြစ်နေတယ်၊ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေတယ်'

ဟာမစ်သည် လက်မှနာရီကိုကြည့်ရင်း ပြောလိုက်သည်။

'အမျိုးသမီးလား'

'မဟုတ်ပါစေနဲ့လို့ ကျုပ်ကမျှော်လင့်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟာမစ်ကအတည်ပြောလိုက်လေသည်။

ဂျက်နက်က သဘောကျစွာရယ်မောလိုက်လေသည်

'ရှင့်ပုံစံနဲ့ ရှင့်စကားက ယုံရခက်ခက်ပဲ၊ အင်း အမျိုးသမီးက သိပ်ကြာကြာစောင့်ရလို့ စိတ်မရှည်ဖြစ်နေဦးမ

'ဒရမ်မွန်တော့ လေယာဉ်ကွင်းကိုသွားတယ်၊ မနက် သယ်သွားမယ့်ပစ္စည်းတွေ စစ်ဆေးနေတယ်၊ မော်တာအပိုပစ္စ တွေ ထင်တာပဲ၊ နာရီဝက်ထက်တော့ ပိုကြာမယ်မထင်ပါဘူး

သူမသည် ဟာမစ်၏ခြေသံတဖြည်းဖြည်း ဝေးသွားသ ကို နားစွင့်ပြီး တံခါးပိတ်လိုက်လေသည်။ သူမသည် မျက် ကုတ်၍ တံခါးကိုကျောမှီရပ်နေမိခဲ့သည်။ ထို့နောက် လသာဆေ ဘက်သို့ ပြန်လျှောက်ခဲ့လေသည်။

ဗုံတီးသံပို၍ ညံနေလေသည်။ တစ်စုံတစ်ဦး၏ သီချ သံပါ လွင့်ပျံလာလေသည်။ အသံမှာတသတ်မတ်တည်း ဖြ သည်တိုင်အောင် စိတ်လှုပ်ရှားဖွယ်ရာကောင်း နေလေသည်

သူမသည် ခုတင်ဆီသို့ သွက်လက်စွာလျှောက်သွား အဝတ်အစားသေတ္တာကို ဖွင့်လိုက်လေသည်။ အင်္ကျီတစ် ကောက်လဲလိုက်သည်။

မကြာမီမှာပင် ဟိုတယ်အောက်သို့ ရောက်လာပြီး ဟို စာရေးအား ရထားလုံးတစ်စင်း ငှားခိုင်းလိုက်လေ၏။ မကြာ မှာပင် မြင်းတစ်ကောင်ဆွဲသော ရထားလုံးဖြင့် လေယာဉ်ကွင် ဦးတည် ထွက်ခွာလာလေသည်။

❖ ❖ ❖ ❖ ❖



ဂျူမာလေယာဉ်ကွင်းသို့ ဂျူမာမြို့ပြင်ဘက် မိုင်ဝက် အကွာမြစ်ကမ်းနဘေးတွင်တည်ရှိလေသည်။ ယင်းလေယာဉ် ကွင်းတွင် လေကြောင်းကုမ္ပဏီများ လေယာဉ်ပျံများ ဆင်းသက် လေ့မရှိချေ။ တကယ်တမ်းတွင် လေယာဉ်ကွင်းသည် ဒုတိယကမ္ဘာ စစ်ကာလအတွင်း ဗြိတိသျှလေတပ်မတော်မှ အရေးပေါ်ပြုပြင် ထားသော လေယာဉ်ကွင်းမျှသာ ဖြစ်လေသည်။

ပျောက်ကြားအရောင်သုတ်ထားဆဲ လေယာဉ်ဂိုဒေါင် တစ်လုံးရှိပြီး လေယာဉ်ပျံကို ဂိုဒေါင်ထဲတွင် သွင်းထားလေသည်။

ဒရမ်မွန်သည် ချောင်၏ကိုယ်စားလှယ်ဖြစ်သူ ဆာမီလ်နဲ့ အတူ စားပွဲတစ်လုံးနားတွင် ရပ်တန့်နေလေသည်။ အလုပ်သမား နှစ်ဦးသည် ရှည်မျောမျော သေတ္တာလေးများကို လေယာဉ်ပေါ်သို့ တင်နေပေသည်။

'ဒီသေတ္တာထဲ ဘာပါလဲ'

ဒရမ်မွန်သည် 'စက်ကိရိယာ အပိုပစ္စည်း၊ အက်ဖ်ချောင်၊ ဆာဒါဆစ်ကင်း' ဟု စာတမ်းရေးထားသော သေတ္တာတစ်လုံးကို ထောက်၍ မေးလိုက်သည်။

ဆာမီလ်သည် သော့တွဲတစ်တွဲထုတ်ယူလိုက်ပြီး သေတ္တာ သော့ကို ဖွင့်လိုက်လေသည်။ အဖုံးကို မ,လိုက်သော အခါတွင် ဝါဂွမ်းတစ်ထပ် တွေ့ရလေသည်။ ထိုဝါဂွမ်းကို ဖယ်ရှားလိုက်သော အခါတွင် အော်တိုမက်တစ်ရိုင်ဖယ်များကို တွေ့ရလေသည်။ တော်ရုံမှလာသည့်အတိုင်း အမဲဆီ ဝင်းပြောင်နေလေသည်။

ဒရမ်မွန်သည် သေနတ်တစ်လက်ကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂါရန်အမျိုးအစား အော်တိုမက်တစ် ရိုင်ဖယ်ပင်ဖြစ်သည်။ အတော် လှပသောလက်နက်ပင်ဖြစ်သည်။ သူသည် သေနတ်ကိုအသေးစိတ် စစ်ဆေးကြည့်ရှုနေရာမှ မျက်မှောင်ကုတ်လိုက်လေသည်။

'ဒါက ဘယ်လိုလဲ'

သူသည် သေနတ်ဒင်မှစာတမ်းကို ထောက်ပြလိုက်သည်။ 'အမေရိကန်ပြည်ထောင်စု တပ်မတော်' ဟူသော စာတမ်းကို တွေ့ရလေသည်။

'ဒီစာတမ်းကြီးကို မဖျက်တာ မမိုက်မဲလွန်းဘူးလား။ ကျုပ်တို့အမေရိကန် မိတ်ဆွေတွေက ဒါကို သဘောကျမှာ မဟုတ်ဘူး'

ဆာမီလ်က ပခုံးတွန့်လိုက်သည်။

'ကျုပ်ဆီကို ပို့လိုက်တဲ့အတိုင်း ကျုပ်က တင်ပေးရတာပဲ။ စစ်တပ်ပိုလျှံပစ္စည်းကပိုပြီး ဈေးသက်သာတယ် မဟုတ်လား ခင်ဗျား သိပါတယ်'

'ဒီကိစ္စကို ချောင်သိပ်သဘောကျမယ် မထင်ဘူး'

ဒရမ်မွန်သည် ပြောပြောဆိုဆိုပင် စိတ်ကူးပစ်မှတ် တစ်ခုကို သေနတ်ဖြင့်ချိန်ကြည့်လိုက်လေသည်။ ရုတ်တရပ် ပစ်ကွင်းထဲ လျှောက်ဝင်လာသော ဂျက်နက်ကြောင့် မတ်ခနဲ ဖြစ်သွားလေသည်။

'ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ'

'ကျွန်မ အချိန်အခါမဟုတ်မှာ ရောက်လာသလား။ ဟာမစ် အပြင်သွားတယ်၊ အပြင်မသွားခင် ရှင်ဒီမှာရှိလိမ့်မယ်လို့ ပြောသွားတယ်၊ အဲဒါရှင်နဲ့အတူ ညစာစားပြီး လျှောက်လည်မလားလို့ လာခဲ့တာ'



သူမက အလေးအနက် ပြောခဲ့သည်။

'အေး ..... ကျုပ်လည်း ညစာစားပြီး လျှောက်လည် ရင်ကောင်းမလားလို့ စဉ်းစားနေတာ'

အလုပ်သမားနှစ်ဦးသည် သေတ္တာများ သယ်ပိုးနေခြင်းကို ရပ်တန့်၍ ဆာမီလ်ကို လှမ်းအကဲခတ်နေခဲ့ကြသည်။ ဒရမ်မွန်၏ လက်ထဲတွင်မူ သေနတ်ကိုင်ထားဆဲပင်၊ ဂျက်နက်က အလေး အနက် ပြောလိုက်လေသည်။

'ရှင် စက်ပစ္စည်းတွေ တင်နေတယ်လို့ ဟာမစ်က ပြောတယ်'

ဒရမ်မွန်သည် ရိုင်ဖယ်သေနတ်ကို ပြန်သိမ်းလိုက်သည်။ ဖါလွှမ်းစပေါ်တွင် လက်သုတ်လိုက်ပြီး ဆာမီလ်ကို ခေါင်းဆတ်ပြ လိုက်သည်။

'ဒီမှာ ပြီးပြတ်အောင်လုပ်လိုက်၊ ဘာမှ ပူစရာမရှိဘူး။ ဒီကိစ္စ ငါရှင်းလိုက်မယ်'

ဒရမ်မွန်သည် ဂျက်နက်ဘက်သို့ ပြန်လှည့်လိုက်သည်။

'ခင်ဗျား ဘာနဲ့လာသလဲ'

'ဟိုတယ်က ရထားလုံးတစ်စင်းနဲ့လာတာ၊ ရထားသမား ကို စောင့်ခိုင်းထားတယ်'

'ဒါဖြင့် တို့သွားကြစို့'

ဒရမ်မွန်သည် သူမ၏လက်ကို လှမ်းဆွဲခေါ်လိုက်လေ သည်။ သူမသည် သူ့အပေါ် စိတ်ပျက်သွားကြောင်း သဘောပေါက် မိလေသည်။ ရထားလုံးပေါ်သို့ ရောက်သောအခါတွင် သူနှင့်ဝေးနိုင် သမျှ အကွာအဝေးတွင် ထိုင်လိုက်သည်။ ဒရမ်မွန်သည်

www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာ ရယ်မောလိုက်မိသည်။

'လက်နက်မှောင်ခိုကူးတဲ့ လူဆိုးကြီးဆိုတဲ့ ပုံစံကို ဖြစ်ရတာတော့ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ဆစ်ကင်းကိုပို့တဲ့ စက်အိုပစ္စည်းသေတ္တာတွေဟာ လက်နက်သေတ္တာတွေမှန်း ဟာမစ်သိပါတယ်'

သူမသည် ရထားလုံးထောင့် မှောင်ရိပ်ထဲတွင် ထိုင်နေရာမှ ချာကနဲ လှည့်ကြည့်လိုက်လေသည်။

'ဟာမစ်တင်မကဘူး ဘော်ပါစော်ဘွားကြီးက အစ အားလုံးသိကြတယ်၊ ခင်ဗျားကို ဒီအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြနေတာ တခြားကြောင့် မဟုတ်ဘူး၊ ဒီလက်နက်ကုန်ကူးတဲ့ ကိစ္စလည်း ပြီးခါနီးပြီ၊ နောက်ပြီး ဒီကိစ္စနဲ့ ညစာစားမပျက်ချင်ဘူး၊ သဘောပေါက်တယ် မဟုတ်လား'

'ဆိုပါဦး'

သူမက ငေါ့သလို ပြောလိုက်၏။

'ဆာဒါမြို့မှာ ချောင်ဆိုတဲ့ တရုတ်တစ်ယောက်ရှိတယ်။ သူက အထွေထွေကုန်သည်လို့အမည်ခံထားပေမဲ့ ကွန်မြူနစ် ဆန့်ကျင်ရေးအဖွဲ့ရဲ့ ကိုယ်စားလှယ်တစ်ယောက်ပဲ၊ သူက လက်နက် တွေကို ရှာဖွေဝယ်ယူတယ်၊ ကျုပ်က ဆန့်ကျင်ရေးသမားတွေဆီ ပို့ပေးတယ်၊ ဒါပဲ'

'ကွန်မြူနစ်တွေကို တိုက်ခိုက်ဖို့ပေါ့နော်'

'အတိအကျပဲ'

သူမသည် ဒရမ်မွန်၏လက်ကို လှမ်းကိုင်လိုက်လေသည်။

'ဝမ်းသာလိုက်တာရှင်'



ဒရမ်မွန်ကသဘောကျစွာ ထပ်မံရယ်မောလိုက်လေသည်။

'အဲဒါကြောင့် ကျုပ်ကို အထင်မကြီးနဲ့ ကျုပ်က ငွေရရင် ရာဆိုပြီး ဒီဖာတ်ကနေတာ၊ နိုင်ငံရေးခံယူချက် မရှိဘူး၊ ဒါပေမဲ့ ပါဗျာ၊ ဒါတွေက ဆွေးနွေးလေရှုပ်ထွေးလေ ကိစ္စမျိုးပဲ၊ တ်တလော ကျုပ်တို့ညနေစာ ဘယ်မှာစားမလဲ၊ ဘာစားမလဲ၊ ယ်ကိုသွားမလဲလို့ပဲ ပျော်ရွှင်မှုကိုပဲ အဓိကထားရအောင်'

'အိန္ဒိယ၊ ဝိပြင်တဲ့ အိန္ဒိယကို ကြည့်ချင်တယ်၊ အဲဒီ ရှင်ပဲ သင့်တော်ရာကို စဉ်းစားပေါ့'

'ကောင်းပြီလေ ..... ကျုပ်တာဝန်သာထား'

သူတို့သည် ဂျူမာမြို့လယ်ခေါင်ကို ဖြတ်သန်းနေခဲ့ သည်။ ဒရမ်မွန်သည် ရထားလုံးဆရာကို အသံပြုလိုက်သည်။

'ကျုပ်တို့ အဲဒီနေရာကနေ လမ်းလျှောက်မယ်၊ ခင်ဗျားက ယ့်အိန္ဒိယကိုမြင်ချင်တယ်မဟုတ်လား၊ ကျုပ် ပြပေးမယ်'

ဒရမ်မွန်သည် ရထားလုံးခကို ရှင်းလိုက်ပြီး သူမကို ချင်းချိတ်လိုက်လေသည်။ လမ်းမကြီးအတိုင်း လျှောက် ကြသည်။

မြို့လယ်ခေါင်နှင့် နီးကပ်လာလေ လူရှုပ်ထွေးလေဖြစ် ည်။ လမ်းဘေးဝဲယာတွင် ဈေးဆိုင်တန်းများ၊ အစား က်ဆိုင်များ ပြည့်နေပေသည်၊ ဟင်းမွှေးနံ့ အနံ့အသက်များ င်း နေလေသည်။ လမ်းဘေးခွေးခြေပုလေးများဖြင့် ထိုင်၍ တ်နေသူများ များပြားလှသောကြောင့် လမ်းပိတ်မတတ် ကြာ ဖြစ်နေလေသည်။

မြို့တော်၏ ဗဟိုသို့ ရောက်လာသောအခါတွင်မူ ပို၍

www.burmeseclassic.com



ကြပ်ပိတ်နေသည်ကို တွေ့ရလေသည်။ နေ့ဈေးထက် ညဈေးမှာ စည်ကားသိုက်မြိုက်နေလေသည်။ လမ်းဘေးဈေး ဆိုင်တန်းများတွင် စက္ကူပန်းများမှသည် ဟောင်ကောင်မှ တင်သွင်းလာသော အပေါ်စား ပလပ်စတစ်ဖိနပ်များအထိ အမျိုးမျိုးရှိလေသည်။

ကြေးနီ ကြေးဝါ အသုံးအဆောင်များ၊ ငွေထည် အသုံးအဆောင်များနှင့် အမျိုးသမီးအဝတ်အထည်ချုပ်လုပ်သော ဆိုင်လေးများသည်လည်း ရှေးအစဉ်အလာထိန်းသိမ်းသည့် ပုံစံမျိုးဖြင့် ရှေးကကဲ့သို့ပင် မျက်ဝါးထင်ထင် မျက်စိရှေ့မှာပင် ချုပ်လုပ်ယုနက် ပုံဖော်ပေးနေကြ၏။

ဘိုဟာယာဒေသမှလာသော ကော်ဇောဆိုင်တန်း များ၏ တစ်ဖက်တွင်မူ ကိုယ့်အခန်းလေးများကိုယ်စီဖြင့် အသင့်စောင့်ဆိုင်းနေသော ပြည့်တန်ဆာမများကို တွေ့ရလေသည်။

ဒရမ်မွန်နှင့် ဂျက်နက်တို့သည် အနားမှကပ်လိုက် လာကြသော သူတောင်းစားအုပ်စုကို တွန်းဖယ်၍ မြစ်ကမ်းခြေသို့ ဦးတည်သော လမ်းကျဉ်းလေးကို ချိုးဝင်လိုက်လေသည်။

ညလေတွင် လွင့်ပျံလာသော ဂီတသံသဲ့သဲ့ကို ကြားရလေသည်။ ကျဉ်းမြောင်းလှသော မုခ်ဦးတံခါးပေါက် တစ်ပေါက်ကို ရောက်သည်နှင့်အမျှ ဂီတသံက ပို၍ ကျယ်လောင်လာလေသည်။

'ခင်ဗျားက အိန္ဒိယအစစ်ကို မြင်ချင်တယ်ဆို အခု တွေ့ပါလိမ့်မယ်'

ဒရမ်မွန်က ပြောလိုက်လေသည်။

သူတို့သည် ကျဉ်းမြောင်းသောလမ်းအတိုင်း ဆက်လက်လျှောက်ခဲ့ရာ ခန်းမကြီးတစ်ခုအထက်သို့ ရောက်သွားလေ



သည်။ ခန်းမကြီးထဲတွင် ယောကျ်ားအရေအတွက်က များပြားနေလေသည်။ အများစုမှာ ရိုးရာအစဉ်အလာအဝတ်အစားကို ဝတ်ဆင်ထားပြီး အားရပါးရစားသောက်ရင်း ကျယ်လောင်စွာ စကားပြောဆိုနေကြလေသည်။

ခန်းမလယ် စင်မြင့်ထက်၌မူ ကချေသည်တစ်ဦးက ဖျော်ဖြေနေလေသည်။ ယောကျ်ားဖြစ်သော်လည်း မိန်းမဆန်သောဟန်ပန်ဖြင့် ဗုံကိုတီးခတ်နေသောသူသည် လူအုပ်စုကြီးအား ရှုတ်ချသောအကြည့်ဖြင့် ကြည့်နေပုံရသည်။

သူ၏အဖော်မှာ အဖြူရောင်ဘောင်းဘီပွကြီး ဝတ်ဆင်ထားသော အဘိုးကြီးဖြစ်ပြီး ဆီတာတူရိယာကို တီးခတ်နေလေသည်။

ခရမ်းရောင်ခေါင်းပေါင်း ပေါင်းထားသောလူ တစ်ယောက်က ဒရမ်မွန်တို့ကို ကြိုဆိုလေသည်။

'ညစာစားမလို့လားမစ္စတာဒရမ်မွန်၊ စားပွဲတစ်လုံးယူမလား'

'သီးသန့်ခန်းဆို ပိုကောင်းမယ်'

သူတို့သည် စားပွဲများကြားမှ ဖြတ်လျှောက်လာခဲ့ကြသည်။ ဂျက်နက်အား တမေ့တမော လိုက်လံငေးကြည့်သော မျက်လုံးပေါင်းများစွာကို ရင်ဆိုင်ရလေသည်။ သဘောကျလွန်း၍ လက်ခုပ်ဩဘာပေးသံများပင် ပေါ်လာလေသည်။

သူတို့သည် ကြေးစားပွဲတစ်လုံးတွင် ထိုင်လိုက်ကြလေသည်။ ပုတီးလိုက်ကာလေးတစ်ခုက ပြင်ပလူများနှင့် မပီမပြင် ပိုင်းခြားကွယ်ထားလေသည်။ ဒရမ်မွန်က အစားအသောက်များ မှာလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်မှာ ရိုးရိုးလေးမျှသာဖြစ်သည်။ သို့သော်လည်း အချက်အပြုတ်လက်ရာမှာ ထိပ်တန်းပင်ဖြစ်သည်။ ကြက်သားဟင်းမှာ စပ်လွန်းလှသောကြောင့် ဂျက်နက် အသက်ရှူမှားသွားလေသည်။

ရေတစ်ခွက်ပြီးတစ်ခွက် သောက်နေရလေသည်။ အချိုပွဲအနေဖြင့် အချိုရည်စိမ်ထားသော သရက်သီးစိမ်းကို စားသုံးကြပြန်သည်။ သရက်သီးစားသောက်ပြီးသောအခါတွင် ကမ္ဘာပေါ်တွင် အကောင်းဆုံးသောကော်ဖီဖြစ်သည့် ရီမာနီကော်ဖီကို သေးငယ်သော ကြွေခွက်လေးများဖြင့် သောက်သုံးခဲ့ကြပြန်သည်။

'ကျေနပ်ပြီလား'

ဒရမ်မွန်သည် ဆေးလိပ်တစ်လိပ်မီးညှိရင်း မေးလိုက်သည်။

သူမသည် ကျေနပ်အားရစွာ ခေါင်းညိတ်လိုက်သည်။ သူမ၏မျက်လုံးများ အရောင်တောက်နေသည်။

'သိပ်ကောင်း၊ အပြစ်ပြောစရာမရှိဘူး'

'သူတို့ ဖောက်သည်တွေအတွက် ဖျော်ဖြေပွဲလေး တစ်ခုရှိတယ်၊ ကြည့်မလား၊ ကိုပိုကာဗာနာဟန်မျိုးတော့မဟုတ်ဘူး၊ အဲဒါတော့ သေချာပေးလိုက်မယ်'

ဒရမ်မွန်၏အသံတွင် စိန်ခေါ်သံပါနေခဲ့လေသည်။ ဂျက်နက်က ချက်ချင်းပင် တုံ့ပြန်လိုက်လေသည်။

'ကျွန်မလမ်းလျှောက်တတ်စကတည်းက ဘယ်စိန်ခေါ်ချက်ကိုမှ မငြင်းဖူးဘူး'

'ခင်ဗျားသဘောပဲ'



ရှတ်တရပ် ဗုံတိုကို လှိမ့်တီးလိုက်သောအသံပေါ်လာသည်။ ထို့နောက် မီးမှိန်သွားသည်။ တစ်ခန်းလုံး တိတ်ဆိတ်သွားလေသည်။

စင်မြင့်နောက်ဘက်ခန်းဆီးကြားမှ အမျိုးသမီးတစ်ဦး ထွက်လာလေသည်။ သူမသည် မီးရောင်နောက်ခံ၍ ခဏ ရပ်တန့်နေလိုက်သည်။

'ဇေဒါ ..... ဇေဒါ'

လူအုပ်ကြားတွင် ထိုနာမည်တီးတိုးပွဲတင်ထပ်သွား၏။

'အတော်ဆုံး ကချေသည်မတစ်ဦးပဲ၊ အသက်က ၅၀ ကျော် ရှိပြီ၊ ဒါပေမဲ့ သူ့ပုံစံကြည့်လို့ကတော့ ဒီလောက် အသက်ကြီးမယ် လုံးဝထင်မှာ မဟုတ်ဘူး။'

ဒရမ်မွန်က ဂျက်နက်နားကပ်၍ ပြောလိုက်လေသည်။

ဇေဒါသည် ညာလက်ကို ဖြေးလေးစွာဆန့်ထုတ်လိုက်သည်။ စည်းသံသဲ့သဲ့ပေါ်လာလေသည်။ ချက်ချင်း ဗုံတိုသမားနှင့် ဂီတတီးဝိုင်းသမားများထံမှ ဂီတသံများထွက်ပေါ်လာလေသည်။ ဇေဒါသည်ဘယ်ညာယိမ်းနွဲ့ရင်း အခန်းလယ်သို့ ထွက်လာလေသည်။

သူမ၏မျက်နှာကို မိတ်ကပ်ထူထပ်စွာ လိမ်းထားသည်။ ညှို့သည့်အခါမှ မပြောင်းသော မျက်နှာထားတစ်ခုကိုဆေးခြယ်ထားသည်။ သို့သော် ပိုးလွှာအောက်တွင် တွန့်လိမ်လူပ်ရှားနေသော ခန္ဓာကိုယ်ကား နုပျိုနေဆဲ ခန္ဓာကိုယ်ပင်ဖြစ်သည်။

တဖြည်းဖြည်းနှင့် သီချင်း၏ စည်းနရီသွက်လာလေ သူမသည်လည်း စည်းနရီကျကျ သွက်လက်စွာ လှုပ်ရှားကခုန်

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ တစ်ဘက်မှတစ်ဘက်သို့ ယိမ်းယိုင်လှုပ်ရှားသည်ထက် လှုပ်ရှားလာခဲ့လေသည်။

သူမ၏ကကွက်ပို၍သွက်လာလေသည်။ အခန်းပတ်ချာလည်တွင် ချာချာလည်အောင် ကွေ့ပတ်လှည့်ပတ် က,နေခဲ့လေသည်။ နောက်ဆုံး ရှေ့ဆုံးတန်းတွင် ထိုင်နေသော ကုန်သည်ကြီးတစ်ဦး၏ရှေ့တွင် ဒူးထောက်ချလိုက်လေသည်။

ကုန်သည်ကြီးက သူမကို လက်လှမ်းလိုက်သောအခါတွင် ညင်သာစွာတိမ်းရှောင်၍ အတွင်းခန်းထဲသို့ပြေးဝင်သွားလေသည်။

ပရိတ်သတ်ထံမှ သက်မချသံ၊ ရယ်မောသံ၊ ဟားတိုက်သံနှင့်ဩဘာပေးသံများ သောသောညံသွားချေသည်။

ဂီတသမားနှစ်ဦးသည် စောစောကတီးခတ်ခဲ့သောတေးသွားထက် ညင်သာသောတီးကွက်တစ်ကွက်ကို စတင်လိုက်ကြပြန်သည်။

ပရိတ်သတ်များလည်း ဖေဒါကို ထောပနာပြုစကားဆိုရင်း ဆက်လက်စား ကြလေသည်။

'ဘယ်လိုလဲ၊ တော်ပြီလား'

ဒရမ်မွန်က ဂျက်နက်ကိုမေးလိုက်သည်။

ဂျက်နက်က ခေါင်းညိတ်လိုက်လေသည်။

ဒရမ်မွန်သည် စားပွဲထိုးတစ်ဦးကို ခေါ်ယူပြီး ကျသင့်ငွေရှင်းပေးလိုက်လေသည်။

ဤအဆောအတွင်း၌ အခန်းထဲတွင် စီးကရက်၊ ဆေးတံမီးခိုးများ ပြည့်နေလေသည်။ အရက်မူးမူးနှင့် ရယ်မောဟားတိုက်သံများ နေရာတကာမှ ပျံလွင့်လာလေသည်။ ဒရမ်မွန်တို့စားပွဲမှ



ကြားမှ ဖြတ်လျှောက်လာချိန်တွင် အရက်သမား အချင်းချင်း နောက်စပစ်လှမ်း၍ရိထေ့သည်ကိုခံလိုက်ရလေသည်။

အခန်းစွန်းမှ လူတစ်ယောက်က မတ်တပ်ရပ်လိုက်ပြီး ဖွယ်မရာသော အပြုအမူကို လုပ်ပြလေသည်။ ဟားတိုက်ရယ်မောလိုက်သံများ ပေါ်လာလေသည်။ ဂျက်နက်က ဒေါသတကြီးနှင့်ချာကနဲ လှည့်လိုက်ချိန်မှာပင် သူမ၏ ညာဘက်ပေါင်ကို လှမ်းကိုင်ခံလိုက်ရလေသည်။

သူမသည် အထိတ်တလန့်အော်ဟစ်ပြီး လှည့်ကြည့်လိုက်လေသည်။ စားပွဲပုလေးတစ်လုံးတွင် ထိုင်နေသော လူလေးဦးကို တွေ့ရလေသည်။ သုံးဦးမှာ လူငယ်များဖြစ်ပြီး သူမကိုလှမ်းကိုင်လိုက်သူမှာ အနည်းငယ်အသက်ကြီးပုံရလေသည်။ အရက်အလွန်အကြူးမူးနေမှန်း သိသာပေသည်။ သူ၏ အပေါ်ရုံအင်္ကျီနက်တွင် ရွှေချည်များထိုးထားပြီး လက်ချောင်းများအပေါ်တွင် ရတနာလက်စွပ်များ ဝတ်ဆင်ထားလေသည်။

ထိုသူသည် ခေါင်းလှန်၍ဟားတိုက်နေချိန်မှာပင် သူမက မျက်နှာကိုဖြတ်ရိုက်ပစ်လိုက်လေသည်။ ထိုသူသည် တစ်ဘက်သို့ လည်သွားလေသည်။ တစ်ခန်းလုံးလည်း တိတ်ဆိတ်သွားလေသည်။

ထိုသူသည် တဖြည်းဖြည်းပြန်လှည့်လာသည်။ အကြီးအကျယ်ဒေါသထွက်နေမှန်း သိသာလေသည်။ ထိုသူက ဂျက်နက်ကို လှမ်းဆွဲလိုက်ချိန်မှာပင် ဒရမ်မွန်သည် ဂျက်နက်ကို တစ်ဘက်သို့ တွန်းဖယ်လိုက်ပြီး ထိုသူ၏ဆီးစပ်ကို ပိတ်ကန်လိုက်သည်။

ထိုသူသည် နာကျင်စွာအော်ဟစ်ရင်း ဒူးညွှတ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒရမ်မွန်သည် သူ့ရှေ့သို့ညွတ်ကျလာသော မျက်နှာအား နူးညံ့တိုက်ထည့်လိုက်သည်။ လက်ရဲဖက်ရဲပုဂ္ဂိုလ်သည် သူစား သောက်နေခဲ့သောစားပွဲပေါ်သို့ပင် နောက်ပြန်လန်ကျသွားလေ သည်။

ဂျက်နက်သည် တိတ်ဆိတ်မှုကို နားမလည်နိုင်အောင် ဖြစ်သွားလေသည်။ ဒရမ်မွန်က သူမ၏လက်ကိုဖမ်းကိုင်ပြီး အပြင် သို့ ထွက်လာသောအခါတွင် မည်သူကမျှ သူတို့ကို တားရန်မကြိုး စားတော့ချေ။

အပြင်ဘက်သို့ ရောက်သောအခါတွင် လမ်းကြိုလမ်းကြား အတိုင်း ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။

'ဘာလို့ အလောသုံးဆယ် ဖြစ်နေရတာလဲ၊ သူတို့လိုက် လာမယ် ထင်လား'

ဂျက်နက်က မေးလိုက်သည်။

'အဲဒီလို ယူဆရတာပဲ၊ စောစောက ကျုပ်တွယ်လိုက်တဲ့ သတ္တဝါဟာ ဒီမြို့ဝန်ရဲ့သားပဲ'

ဒရမ်မွန်က ဆေးလိပ်တစ်လိပ် မီးညှိရင်း ပြောလိုက်လေ သည်။

'ပြဿနာ ဖြစ်နိုင်သလား'

'တရားဝင်ပြဿနာမျိုးတော့ မဖြစ်ပါဘူး၊ သူ့ကို အဆေး အရာထားလောက်အောင် မြတ်နိုးတဲ့သူမရှိပါဘူး၊ တရားမဝင်နည်း နဲ့ လက်တုံ့ပြန်ရင်သာ ပြန်မယ်၊ ဒါပေမဲ့ အဲဒါလောက်ကိုတော့ ကျုပ်ဖြေရှင်းနိုင်ပါတယ်'

သူတို့သည် မြစ်ဆိပ်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။



လရောင်အောက်တွင် အတွေးကိုယ်စီဖြင့် လျှောက်နေခဲ့မိသည်။ သောင်ပြင်ပေါ်တွင် နွားချေးခြောက်မီးစာဖြင့် ဟင်းချက်နေသော တံငါသည် အဘိုးကြီးတစ်ဦးကို တွေ့ရလေသည်။ ဒရမ်မွန်က အရှေ့ဒေသဘာသာဖြင့် နှုတ်ဆက်လိုက်လေသည်။

'ရှင် မစ္စတာချောင်အတွက် လက်နက်သယ်ယူပို့ဆောင် ပေးတဲ့အပြင် တခြား ဘာအလုပ်လုပ်ကိုင်သလဲ'

အတန်ကြာမှ ဂျက်နက်က မေးမြန်းလိုက်သည်။

'အိန္ဒိယအစိုးရအတွက်နယ်မြေတိုင်းတာတာတွေ၊ ကုန်စည် ဒါမှမဟုတ် ခရီးသည်ကြုံရာ လိုက်ပို့ပေးတာမျိုးတွေ လုပ်ရတာပဲ'

'ဒါဆို ရှင့်အသက်မွေးဝမ်းကြောင်း လုပ်ငန်းက ရေရာမှု မရှိပါလား'

'မရေရာပါဘူး၊ ဒါပေမဲ့ အခုခရီးစဉ်တွေအတွက် ချောင်က အကုန်အကျ ခံတယ်လေ၊ ကျုပ်ကလဲ မကြာခင် ဒီနေရာကနေ ခွာတော့မှာပဲ'

'ဘော်ပါဒေသက ဘယ်လိုအခြေအနေမျိုး ရှိသလဲ'

ဒရမ်မွန်က ပခုံးတစ်ချက်တွန့်လိုက်လေသည်။

'တောင်ထူထပ် ကြမ်းတမ်းနေတဲ့ နေရာတစ်နေရာပဲ၊ မြို့တော်မှာ လူဦးရေသုံးထောင်ရှိတယ်၊ အဲဒီပမာဏလောက် ဆိုတော့ ရွာကြီးတစ်ရွာရဲ့ ပမာဏလောက်ပဲရှိတယ်၊ ဘော်ပါ ဘုရင်မတော်ကတော့ စစ်သည် ၇၅–ဦးတိတိရှိတယ်၊ ဆောင်းတွင်း ကာလ ရောက်လာရင် တကယ့်ရေခဲပြည်ပဲ၊ နောက်တစ်ပတ်ဆို ဆောင်းတွင်းရောက်တော့မယ်၊ ပုံမှန် အချိန်မှာတော့ ကုန်းမြင့်ပေါ်မှာ ယဉ်အဆိုးဆုံးဒေသပဲ၊ ဆောင်းတွင်းကာလမှာတော့ ပြောဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး၊ လမ်းပျောက်အောင် နှင်းပိတ်နေတတ်တယ်'

'ခန်ကြီးရဲ့ ပုံစံရော'

'ယမမင်းလောက် ဘဝဖြိမြင့်နေတဲ့ အဘိုးကြီးပဲ၊ သူခေတ်သူ့ကာလမှာတုန်းကတော့ တကယ့် စစ်သည်ကြီးပေါ့၊ သူ့လူမျိုးကတော့ သူ့ကို အလေးနက် တမြတ်တနိုးထားဆဲပဲ၊ ဘုရင်တစ်ပါးတောင်မကဘူး ဘုန်းကြီးတစ်ပါးလိုပါ သတ်မှတ်ပူဇော်ကြတယ်၊ သူ့သား ကာအင်ကိုတော့ ခင်ဗျားသဘောကျမှာပါ၊ သူ့ထိုက်မှု ဖြစ်သွားတာ တော်တော်ဆိုးတယ်၊ ချီကာဂိုက ခင်ဗျားတို့အုပ်စု ကူသနိုင်ပါစေလို့ပဲ ဆုတောင်းမိတယ်'

'သူ ရှစ်နှစ်ရှိပြီ မဟုတ်လား'

'နောက် သုံးလဆိုရင် ကိုးနှစ်ပြည့်တော့မယ်'

'အဲဒီကိုရောက်ရင် ဖာသာကာရီဂန်နဲ့ ဆက်သွယ်ပါလို့ ကျွန်မအထက်အရာရှိတွေက ညွှန်ကြားလိုက်တယ်၊ အစီအစဉ်တွေ အားလုံးကို ကာရီဂန် တာဝန်ယူထားတယ်လို့ ဆိုတယ်'

'ခင်ဗျား ကာရီဂန်ကို သဘောကျပါလိမ့်မယ်၊ အဘိုးကြီး က အသက်၆၀လောက်ရှိပြီ၊ ဘဝကို အရှုံမပေးတဲ့ အိုင်းရစ်လူမျိုး တစ်ယောက်ပဲ၊ ဆစ်ကင်းဒေသကိုရောက်နေတာ ၁၂ နှစ်လောက် ရှိပြီ၊ အဲဒီ ၁၂နှစ်အတွင်းမှာ တစ်ဦးတစ်ယောက်ကိုမှ သာသနာ မပြုနိုင်ခဲ့သေးဘူး၊ လူတွေက သူ့ကိုတကယ်ချစ်မြတ်နိုးကြတယ်၊ အံ့ဩစရာကောင်းလောက်အောင်ပဲ လေးစားကြတယ်'

'သူ သာသနာပြုထားတဲ့လူတွေ မရှိဘူးဆိုတော့ အဲဒီမှာ ဘာလုပ်နေလဲ'

'သူက လက်မှတ်ရ ဆရာဝန်တစ်ယောက်လေ၊ ဆာဒါ



မြို့ပြင် တစ်မိုင်လောက်မှာ သာသနာပြုဆေးရုံတစ်ရုံ ဖွင့်ထားတယ်၊ ဘယ်သူ့ အကူအညီမှမယူဘဲ သူတစ်ယောက်တည်း တည်ထောင်ထားတာ၊ ဆာဒါမှာ ဥရောပသား တစ်ယောက်ရှိသေးတယ်၊ နာမည်က ဘရက်ကောင်ဟတ်စ်တဲ့၊ ဗြိတိသျှကုမ္ပဏီတစ်ခုက ဘူမိဗေဒပညာရှင်လို့ ဆိုတာပဲ၊ သူ့ကို ဗြိတိသျှကောင်စစ်ဝန်အဖြစ် ခန့်ထားတဲ့ခန့်ထားတယ်၊ ဒါပေမယ့် အထင်ကြီးစရာမရှိပါဘူး'

'ရှင်သူ့ကို သဘောမကျဘူးထင်တယ်'

'သိပ်သဘောမတွေ့ဘူး'

ဒရမ်မွန်သည် ဆေးလိပ်တစ်လိပ် မီးညှိလိုက်ပြန်သည်။

'ရှင်ဘာလို့ ရေတပ်ထဲက ထွက်ခဲ့တာလဲ'

'ခင်ဗျား တကယ်သိချင်လို့လား'

သူမက တုံ့ပြန်မပြောမိချေ။ ဒရမ်မွန်သည် ပခုံးတစ်ဖက် တွန့်လိုက်ပြီး မီးခြစ်ဆံကို အမှောင်ထဲသို့ လွှင့်ပစ်လိုက်လေသည်။

'သူတို့ ကန်ထုတ်လိုက်တာ၊ ဒါမှမဟုတ် ထွက်သွားဖို့ အကြံပြုလိုက်တယ်ဆိုရင် သိပ်တော့ကွာမယ်မထင်ပါဘူးနော်'

သူမသည် သူ့လေသံ၏ခါးသီးမှုကို အရိပ်ကဲဖမ်းမိသွားသည်။

'ဘာဖြစ်သွားလို့လဲ'

'ကိုရီးယားစစ်ပွဲ ကာလတုန်းက ကျုပ်ဟာရေတပ်လေယာဉ်တပ်စုကပဲ၊ ၁၉၅၂-ခုနှစ် ဇူလိုင်လမှာ ကျုပ်တပ်စုကို ပစ်မှတ်မှားပြီး ခေါ်သွားမိခဲ့တယ်၊ ကျုပ်တို့ မှားယွင်းတိုက်ခိုက်ပြီး အချိန်မှာ ပစ်မှတ်တစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင် ပျက်စီးကျန်ခဲ့တာပေါ့၊ ကျုပ်တို့ ပီပီပြင်ပြင်ဖျက်ဆီးနိုင်ခဲ့တယ်၊ အမေရိကန်

www.burmeseclassic.com



မရင်းတပ်သား ၂၃ဦးနဲ့ သူတို့နဲ့ပူးတွဲတာဝန်ထမ်းဆောင်နေတဲ့ တော်ဝင်မရင်း ကွန်မင်ဒိုဆယ်ဦး ကျသွားခဲ့တယ်'

သူမသည် အံ့သြဟန်ဖြင့် မေးခွန်းထုတ်လိုက်လေသည်။

'ဘယ်လိုလုပ်ပြီး ဖြစ်သွားတာလဲ'

'တစ်ဖက်ကလူတွေ သတင်းပေးမှားတာလေ'

'ဒါဖြင့် ရှင့်အပြစ်မဟုတ်ဘူးပေါ့'

'အဲဒါကတော့ ရှုထောင့်ပေါ်မူတည်တယ်၊ တကယ်လို့ သူတို့ပေးတဲ့အချက်အလက်ကို သေချာစိစစ်မိခဲ့ရင် မှားယွင်းကြောင်း ချက်ချင်းသိမှာပဲ၊ ဒါပေမယ့် ကျုပ်က သိပ်ပင်ပန်းနေခဲ့တယ်၊ စစ်ဆင်ရေး တစ်ခုပြီးတစ်ခုဝင်နေခဲ့ရလို့ အိပ်တောင်အိပ်ခွင့်မရခဲ့ဘူး။ ဒီတော့ နိုးကြားမှုမရှိခဲ့ဘူး'

'ရှင့်ကို စစ်ခုံရုံး မတင်နိုင်ခဲ့ဘူးပေါ့'

'စစ်ခုံရုံးမတင်နိုင်ခဲ့ပေမယ့် အင်္ကျီလက်ဖျားကနေ လက်ဆစ်လောက်အထိ ရွှေနားတွေ ရစ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ နှစ်ကိုယ်ကြား ဆွေးနွေးခွင့်ရခဲ့တယ်လေ၊ သူ့ရဲ့ ဆိုလိုချက်ကို သဘောပေါက်ပြီး ကျုပ်လဲ အလိုက်တသိ နုတ်ထွက်ပေးခဲ့တယ်'

'စိတ်မကောင်းပါဘူး ဒရမ်မွန်၊ ကျွန်မ ထုတ်ဖော်ပြောနိုင်တာထက် ပို၍တောင်စိတ်မကောင်းဖြစ်မိပါတယ်'

သူတို့သည် မြစ်ဆိပ်မှတက်သော လှေကားထစ်တစ်ခု၏ ထိပ်သို့ရောက်နေခဲ့ကြလေသည်။ ဒရမ်မွန်သည် ခဏရပ်တန့်၍ သူမကို ကြည့်လိုက်မိသည်။

သူမ အော်ဟစ်သတိပေးရန် ပါးစပ်ဟ လိုက်ချိန်မှာပင် ဒရမ်မွန် ငုံ့ရှောင်လိုက်လေသည်။ မှောင်ရိပ်ထဲမှ ထိုးလိုက်သော



ဓက်သီးသည် သူ၏ပါးကို ရှပ်ထိသွားလေသည်။ သူ၏ဟန်ချက် ပျက်သွားပြီး လိမ့်ဆင်းသွားလေသည်။ သူ့ကို လှမ်းခတ်လိုက်သော ခြေများများကို ရှောင်ရင်းတိမ်းရင်းပင် အုတ်တံတိုင်းကို နောက်ခံထား၍ ရန်သူများကို ရင်ဆိုင်လိုက်ရသည်။

ရန်သူမှာ သုံးဦးဖြစ်လေသည်။ စုတ်ပြတ်သတ်နေသော အဝတ်အစားများနှင့် ပုဂ္ဂိုလ်များဖြစ်လေသည်။ ရှုပီးငွေအနည်းငယ်ဖြင့် ငှားရမ်းထားသော လူမိုက်များမှန်း သိသာလေသည်။

လှေကားထိပ် မီးရောင်အောင်တွင်မှ မိတ်ဆွေနှစ်ဦး တွဲထားရသော မြို့ဝန်၏သားကို တွေ့ရလေသည်။ သူ၏မျက်နှာပေါ်တွင် သွေးပေလူးနေဆဲပင် ဖြစ်သည်။

လရောင်အောက်တွင် ဓါးမြှောင်တစ်လက် လက်သွားလေသည်။ ဂျက်နက်သည် ဒရမ်မွန်၏ဘေးသို့ ပြေးဝင်လာလေသည်။

'ဝက်မသားကို သတ်လိုက်၊ ဝက်မသားကို သတ်လိုက်'

မြို့ဝန်သားက လှမ်းအော်လိုက်လေသည်။

ဒရမ်မွန်မှာ ပင်ပန်းနွမ်းလျနေလေသည်။ ညတာက ရှည်သွားခဲ့သည်။ အလုပ်က ပန်းခဲ့ပြီ။

သူသည် ဘယ်ဘက်အိတ်ထဲသို့ လက်နှိုက်လိုက်သည်။ သုံးလက်မပြောင်းကို တပ်ဆင်ထားသော ဒဿမ ၃၈ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။

သူသည် သေနတ်ကို လေထဲထောင်ပစ်လိုက်သည်။ နိုင်းခနဲ အသံနှင့်အတူအားလုံး တိတ်ဆိတ်သွားသည်။

'သွားစမ်း ..... သွားကြစမ်း'

သူသည် ဒေါသတကြီးအော်ဟစ်လိုက်ပြီး လှေကားထိပ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရပ်တန့်နေသူများဘက်သို့တစ်ချက်လှမ်းပစ်လိုက်သည်။ ကျည် ဆံနှင့်သည် လေယာဉ်တစ်ကိုထိမှန်ပြီး လေထုထဲခုန်ထွက်သွားဗေ

ရိုလူမိုက်များသည် သောင်ပြင်အတိုင်း ပြေးလွှားရင်း အော်ဟစ်ဆဲရေးသွားကြသည်။ မြို့ဝန်သားနှင့် သူ၏မိတ်ဆွေနှ ဦးသည် အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်

ဒရမ်မွန်သည် ခြောက်လုံးပြူးကို အိတ်ထဲသို့ ပြန်ထိုးထည် လိုက်သည်။ ထိုနောက်သူမကို အေးဆေးစွာလှမ်းကြည့်လိုက်သည်

'ကျုပ်တို့ ဟိုတယ်ကိုပြန်ချိန်တန်ပြီ ထင်တယ်'

သူမသည် ထိန်းမနိုင်သိမ်းမနိုင် တစ်ကိုယ်လုံး တုန်ယင်နေ သောကြောင့် ဒရမ်မွန်သည် သူမကို ဆွဲဖက်ထားလိုက်သည်။

'မစိုးရိမ်ပါနဲ့ အားလုံးကောင်းသွားပါပြီ'

သူသည် သူမ၏ဆံပင်ကို လက်တစ်ဘက်ဖြင့် ပွတ်သပ် ရင်း သူမ၏နဖူးကို ဖွဖွလေးနမ်းလိုက်သည်။

သူမသည် တိတ်ဆိတ်သောညဥ့်ယံတွင် သူမ၏ရင်ခုန် သံကိုပင် ပြန်ကြားမိလေသည်။

သူမ၏ မေးစေ့ကို အသာဆွဲလှန်ပြီး ဖိကပ်နမ်းလိုက်သော အခါတွင်မှု တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံဖူးသော ခံစားချက် ခံစားမိလိုက်သည်။

ဒရမ်မွန်သည် စကားတစ်ခွန်းမျှမဆိုတဲ သူမ၏လက်မောင်း ကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် မြစ်ကမ်းစပ်မှဆက်တက်လာ ခဲ့ကြလေတော့သည်။



## အခန်း (၄)
## အန္တိမဒေသ

တောင်ကြားထဲမှ ပျံထွက်လိုက်သောအခါတွင် တစ်နာရီ သာ မိုင်နှုန်း တိုက်ခတ်နေသောလေကို ရင်ဆိုင်တိုးမိသည်။

ဒရမ်မွန်သည် အိန္ဒိယနှင့် ဘော်လ်ပါနယ်ကြားတွင် တည် ရှိသော တောင်တန်းများကိုကျော်ရန် ပေ ၉၀၀၀ အမြင့်သို့ တက်လိုက်လေသည်။

ဂျက်နက်သည် ဒရမ်မွန်၏ဘေးရှိ ခရီးသည်ထိုင်ခုံ တွင် ထိုင်နေပြီး သူမ၏နောက်ဘက်တွင် ဟာမစ်ထိုင်နေသည်။ သူသည် ဒရမ်မွန် ရှာပေးလိုက်သော သိုးရည်ခွကုတ်အင်္ကျီတစ် ထည်ကို အပေါ်မှ ထပ်ဝတ်ထားသည်။

ဘော်ပါဘက်သို့ ရောက်သောအခါတွင် လေယာဉ်ကို တစ်ထောင်အမြင့်အထိ ဆင်းသက်လိုက်ပြန်သည်။ မကြာခင် တွင် မြစ်ကွေ့နားတွင်တည်ရှိသော ဆာဒါမြို့ကို လှမ်းတွေ့ရ သည်။ ကျယ်ပြန့်သော လွင်ပြင်တကြောတွင် အမိုးပြားအိမ်

www.burmeseclassic.com



လေးများ ပြန့်ကျဲနေသည်။ ဘောလ်ပါစော်ဘွားကြီးခန်း၏ နန်းတော်မှာမူ ရဲတိုက်ကြီးတစ်ခုကဲ့သို့ အုတ်တံတိုင်းခတ်ထားသော ဥယျာဉ်ကြီးထဲတွင် တည်ရှိလေသည်။

လေယာဉ်ပျံသည် ဗလီမျှော်စင်တစ်ခုပေါ်မှ ဖြတ်သန်း၍ မြို့၏တောင်ဘက်တွင် တည်ရှိသော လေယာဉ်ကွင်းသို့ဦးတည် ပျံသန်းသွားသည်။ လေယာဉ်ပြေးလမ်းမှာ ကျဉ်းကျဉ်းလေးပင် ဖြစ်လေသည်။ ဒရမ်မွန်သည် လေယာဉ်ကွင်းပေါ်တွင် တစ်ပတ်မျှ ဝဲလိုက်ပြီးနောက် ဆီတိုင်ကီလွတ်များဖြင့် တန်းစီပြထားသော လေယာဉ်ပြေးလမ်းပေါ်သို့ ထိုးဆင်းလိုက်လေသည်။

လေယာဉ်ပြေးလမ်းဘေးတွင်မူ သံချေးတက်နေသော လေယာဉ်ဂိုဒေါင်လေးတစ်ခုကို တွေ့ရလေသည်။ လေယာဉ်ဂိုဒေါင်လေးမှာ သေးငယ်လွန်းသောကြောင့် ဒရမ်မွန်၏ လေယာဉ်ပျံလေး ဆန့်ရုံသာရှိမည်ဟု ယူဆရလေသည်။ ဒရမ်မွန်သည် ဂိုဒေါင်ဘက်ဆီသို့ ဘီးလိမ့်သွားပြီး စက်သပ်လိုက်သည်။

သူသည် ထိုင်ခုံခါးပတ်ဖြုတ်လိုက်သည်။ မြေပြင်ပေါ် ခုန်ဆင်းလိုက်သည်။ ဂျက်နက်ကို လက်လှမ်းလိုက်သည်။

ထိုအချိန်မှာပင် မြို့စွန်အိမ်များကြားမှနေ၍ လင့်ရိုဗာကားတစ်စင်းထွက်လာသည်။

ဂျက်နက်သည် ချမ်းလွန်း၍ တစ်ချက်တုန်ယင်သွားလေသည်။ သူမဝတ်သင်ထားသော သိုးရေညှပ်ကုတ်အင်္ကျီကို တင်းတင်းဆွဲ၍ ဂရင်စေ့လိုက်သည်။

'ကျွန်မထင်တာထက်တောင် အေးသေးတယ်'

'ဆောင်းရာသီရောက်တော့မယ်၊ ဒီနှစ် ဆောင်းရာသီ စောမယ်ထင်တယ်'



ဒရမ်မွန်ကပြောလိုက်သည်။

လေယာဉ်ဂိုဒေါင်ထဲတွင် စစ်သုံး ဂျစ်ကားဟောင်းတစ်စင်း ရပ်ထားလေသည်။ ဒရမ်မွန်နှင့် ဟာမစ်သည် လေယာဉ်ပေါ်မှ အထုပ်အပိုးများကို ဂျစ်ကားပေါ်သို့ တင်လိုက်သည်။ ထိုအချိန်မှာပင် လင့်ရိုဗာကားရောက်လာသည်။

ခရီးသည်ထိုင်ခုံဘက်တွင်ထိုင်နေခဲ့သော မစ္စတာချောင်ဆင်းလိုက်သည်။ ကားမောင်းလာသူမှာ ဘရက်ကောင်ဟတ်စ်ဖြစ်သည်။ သူ၏ခါးတွင် ခြောက်လုံးပြူးတစ်လက်ချိတ်ဆွဲထားလေသည်။

ဘရက်ကောင်ဟတ်စ်သည် ဂျက်နက်အား ရူးရူးစိုက်စိုက်ကြည့်ရင်း အပြုံးဖြင့် ချဉ်းကပ်လာခဲ့လေသည်။

'ဘာလို့ သေနတ်ကြီး ချိတ်ထားတာလဲ ဘရက်ကောင်ဟတ်စ်၊ ပြဿနာတက်စရာ အခြေအနေတွေ့လို့လား'

ဟာမစ်က ဆီးကြိုမေးလိုက်သည်။

'နယ်စပ်မှာရှိတဲ့စခန်းကို တစ်ရက်နှစ်ရက်သွားမလို့ အဲဒီမှာ အခြေအနေ သိပ်ဆိုးတယ်လေ၊ ဖိနပ်တစ်ရံ ရဖို့လောက်နဲ့ လူသတ်သမားဖြစ်ဖို့ ဝန်မလေးတဲ့သူတွေ၊ ကျုပ်ဒရမ်မွန်ကိုမှာလိုက်တဲ့ ဒီဆိုဒီလိုက်ကိုရိယာ ယူလာတယ်မဟုတ်လား'

'လေယာဉ်ထဲမှာ ခင်ဗျားဘာသာ ခင်ဗျားတက်ယူ'

ဒရမ်မွန်က အေးစက်စွာ ပြောလိုက်သည်။

'မစ္စဂျက်နက်ဆိုတာ ခင်ဗျားကိုး၊ ဒီမှာနေတုန်းနေခိုက်မှာ သဘောထိုင်သာရှိအောင် ပြုစုရမှာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ချောင်က သူမ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်လေသည်။

'ကျွန်မလာမယ်မှန်း ဘယ်လိုလုပ်သိလဲ'

ဟာမစ်က ပြုံးလိုက်သည်။

'ဂျူမာစစ်ဌာနချုပ်ကနေပြီး ခန်ဆီကို သတင်းပို့ခိုင်းလိုက်တယ်လေ'

ချောင်က ခေါင်းညိတ်လိုက်လေသည်။

'မနေ့ညက ဗိုလ်မှူးကြီးဒီလ်ဆီကို ရေဒီယိုသတင်းရောက်လာတယ်'

ဘရက်ကောင်ဟတ်စ်သည် သူ့သီအိုဒိုလိုက် ကိရိယာပါသော သေတ္တာကို ထမ်းထုတ်လာသည်။

'ခင်ဗျား အခုတလော စက်ကိရိယာ အပိုပစ္စည်းတွေ သယ်လာချည်လား'

သူသည် ဒရမ်မွန်ပြန်မဖြေနိုင်မှာပင် ဂျက်နက်ဘက်သို့ လှည့်လိုက်သည်။

'ကျွန်တော့်နာမည် တိုနီဘရက်ကောင်ဟတ်စ်ပါ မစ္စ ဂျက်နက် ဘူမိဗေဒတိုင်းတာရေးတွေ လုပ်နေတယ်၊ ဗြိတိသျှကောင် စစ်ဝန်လဲ ကျွန်တော်ပဲ၊ ဒီတော့ အကူအညီလိုရင် အချိန်မရွေး ပြောပါ'

'သူက အမေရိကန်လူမျိုး ဖြစ်နေတယ် ဘရက်ကောင်ဟက်စ်၊ ခင်ဗျားရဲ့ အကူအညီလိုလိမ့်မယ် မထင်ဘူး'

ဒရမ်မွန်က အေးစက်စွာ ပြောလိုက်သည်။

ဘရက်ကောင်ဟက်စ်သည် ဒရမ်မွန်ကို လစ်လျူရှုလိုက်ပြီး ဂျက်နက်လက်ကို လိုသည်ထက်ပို၍ ဆုပ်ကိုင်လိုက်လေသည်။ သူ၏မျက်နှာပေါ်မှ အပြုံးသည် သူ၏အတွင်းစိတ် သဘောထားကို ပွင့်စွာ ဖော်ပြနေခဲ့သည်။



'ကျေးဇူးတင်ပါတယ် မစ္စတာ ဘရက်ကောင်ဟတ်စ်'

'ကျုပ် နောက်နှစ်ရက်ကြာရင် ပြန်ရောက်မှာပါ။ ချာတိတ်ရဲ့ အခြေအနေကို အကဲခတ်ရသလောက်တော့ နောက်နှစ်ရက်ကြာသော ခင်ဗျား ဒီမှာရှိနေဦးမယ်ထင်တယ်'

ဘရက်ကောင်ဟတ်စ်သည် သီအိုဒိုလိုက်သေတ္တာကို လင့်ရှိဗာကားဆီသို့ သယ်ဆောင်သွားရင်း ပြောလိုက်လေသည်။

ချောင်သည်ဒရမ်မွန်ကိုလျှပ်မြန်စွာလှမ်းပြောလိုက်လေသည်။

'ကျုပ် သူနဲ့ပြန်လိုက်သွားမယ်၊ ဂျစ်ကားမှာ ခင်ဗျားတို့ သုံးယောက်ရယ်၊ ပစ္စည်းတွေရယ် ပြည့်နေလိမ့်မယ်၊ ကျုပ်ကို ဒီနေ့ခင်း လာတွေ့လေ ဒရမ်မွန်'

'နေ့လယ်စာစားပြီးလာခဲ့မယ်၊ ဂျက်နက်ကို ဖာသာကာရီဂန်ရဲ့ ဆေးရုံကိုခေါ်သွားလိုက်မယ်၊ ချာတိတ်ရော အဲဒီမှာပဲလား'

ချောင်က ခေါင်းညိတ်လိုက်သည်။

လင့်ရှိဗာကားသည် မြို့ဘက်သို့ ဦးတည်ထွက်ခွာသွားပြန်သည်။ ဒရမ်မွန်သည် လေယာဉ်ကိုဒေါင်ထဲမှဂျစ်ကားကိုမောင်းထုတ်လာခဲ့သည်။ သူနှင့် ဟာမစ်သည် လေယာဉ်ပျံကို ဂိုဒေါင်တွင်းသို့ ထိုးသွင်းပြီး ဂိုဒေါင်တံခါးကြီးကို သော့ခတ်ပိတ်လိုက်သည်။

'ကျုပ် ဂျက်နက်ကို ဖာသာကာရီဂန်ဆီ ခေါ်သွားမယ် ခင်ဗျားရော ဟာမစ်'

ဟာမစ်ကပခုံးတွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျူပ်ကို ဗိုလ်မှူးကြီးဒီလ်ရဲ့ ဌာနချုပ်မှာ ချဲ့ဗျာ၊ ခင်ဗျားတို့နဲ့ ခန်ရဲ့ ညည့်ခံပွဲမှာ တွေ့ကြတာပေါ့'

ဒရမ်မွန်သည် ဆာဒါမြို့၏ကားလမ်းများဟု အမည်ခံထားသော ကျောက်ခင်းလမ်းအတိုင်း ဂျစ်ကားကို မောင်းနှင်လာခဲ့သည်။

ဂျက်နက်သည် ပတ်ဝန်းကျင်ကို စိတ်ဝင်စားစွာ ကြည့်ရှုလိုက်သည်။ ဂျူမာနှင့်အလ်တာမြို့မှာကဲ့သို့ သာယာသည့်ပုံစံမရှိချေ။ လူအများစု၏ မျက်နှာထားမှာလည်း အပြုံးကင်းမဲ့လေသည်။ ယင်းတို့နေထိုင်ရာ ရပ်ဝန်း၏ ကြမ်းတမ်းသော ကျောက်သားကျောက်ပြင်ကဲ့သို့ပင် ယင်းတို့၏ မျက်နှာထားမှာလည်း အပြုံးကင်းမဲ့ ညှိုးနွမ်းလွန်းပေသည်။

မြို့လယ်ခေါင်ဈေးတွင် တွေ့ရှိသော ကလေးများပင်လျှင် အခြားကလေးသူငယ်ချင်းများကဲ့သို့ ပြုံးရယ်ရွှင်ပျနေခြင်းမရှိချေ။

'ဒီကလူတွေက ပြုံးတတ်ပုံမရပါလား၊ ရှင်တို့သတိထားမိရဲ့လား'

'ဒီနိုင်ငံဟာ အင်မတန်ဆင်းရဲတဲ့ နိုင်ငံပါ၊ သူတို့ဟာ ကျောက်ခဲကိုညှစ်ပြီး အသက်ရှင်ရတဲ့လူတွေပဲ၊ ဘဝဆိုတာ မိုးသောက်ကနေ နေဝင်ထိ အပြတ်မလပ် အလုပ်လုပ်နေရခြင်းပဲ၊ အဲဒီတော့ သူတို့မှာ ရယ်စရာ မောစရာအကြောင်းသိပ်မရှိဘူး'

ဈေး၏တစ်ဘက် ကွင်းပြင်တွင်မူ စစ်တန်းလျားကဲ့သို့ အဆောက်အဦးတစ်ခု ရှိလေသည်။ အဆောက်အဦးရှေ့တွင် ဘောလ်ပါမြို့၏အလံ လွှင့်ထူထားသည်။ စစ်တန်းလျားရှေ့တွင် ရပ်တန့်နေသော အစောင့်နှစ်ယောက်သည် ဂျစ်ကားပေါ်မှ ဆင်း



သက်လာသော ဟာမစ်ကို အလေးပြုလိုက်လေသည်။

'ကဲ ..... ဒီညတွေ့မှာပေါ့'

ဟာမစ်သည် သူ၏အိတ်ကိုဆွဲယူရင်း ပြောလိုက်သည်။

ခန်၏နန်းတော်မှာ ရှေ့ကိုက် ၁၀၀ လောက်တွင် တည်ရှိသည်။ ကောင်းကင်မှ လှမ်းကြည့်စဉ်က ရဲတိုက်ကြီးတစ်ခုနှင့်တူသလောက် အနီးကပ်ရှုခင်းမှာမူ သာယာတင့်တယ်လှသော အများသုံးဥယျာဉ်ကြီးနှင့် တူနေလေသည်။ သံတံခါးကြီးမှာ ဟင်းလင်းပွင့်နေပြီး ကျောက်ခင်းလမ်း တစ်ဘက်တစ်ချက်တွင် ဆိုက်ပရပ်စ်ပင်မြင့်ကြီးများ ရံနေသည်။ ယင်းတစ်ဘက်တွင်မူ ရေသာဖွားဖွား လွှင့်ထုတ်နေသော ရေပန်းကြီးတစ်ခုရှိလေသည်။

'ဒီနေရာကတော့ တကယ့်ကို သာတောင့်သာယာရှိတာပဲ'

'ဩော် ..... ဘုရင့်နန်းတော်ကိုး.....'

သူတို့သည် မြို့လယ်ခေါင်မှနေ၍ မြို့ပြင်ဘက်သို့ဆက်သတ် မောင်းနှင်လာသည်။ မြို့ဆင်ခြေဖုံးတွင်မူ ခြံဝင်းကျယ်ကြီးများအလယ်တွင် သီးသီးခြားခြား တည်ရှိသော တစ်ထပ်တိုက်များတွေ့ရသည်။ ဆာဒါမြို့၏ သူကြွယ်ရပ်ကွက်ပင် ဖြစ်လေသည်။

ဒရမ်မွန်သည် မုခ်ဦးတပ်ထားသော သံတံခါးတစ်ခုတွင်းသို့ မောင်းဝင်လိုက်လေသည်။ ဘန်ဂလိုပုံစံ အိမ်လေးတစ်လုံးရှေ့တွင် ထိုးရပ်လိုက်သည်။

'ဒါ ကျူပ်အိမ်ပဲ၊ ကျူပ်ပစ္စည်းတွေထားပြီး ချက်ချင်းပြန်လာခဲ့မယ်'

ထိုအချိန်မှာပင် ကုလားမကြီးတစ်ဦးအိမ်ထဲမှထွက်လာသည်။

'ရှင့် အိမ်ဖော်လား'

www.burmeseclassic.com

www.burmeseclassic.com



ဂျက်နက်က မေးလိုက်သည်။

ဒရမ်မွန်က ခေါင်းညိတ်လိုက်သည်။

'သိပ်မကြာဘူး'

'ကျွန်မလိုက်လာလို့ရမလား။ အိမ်ထဲကပုံစံကိုကြည့်ချင်လို့'

ဒရမ်မွန်သည် သိသိသာသာပင် တုံ့ဆိုင်းဆိုင်းဖြစ်သွားလေသည်။ ထို့နောက် ပခုံးတွန့်လိုက်သည်။

'ကြည့်ချင်ကြည့်လေ၊ ကြည့်စရာတော့ သိပ်မရှိပါဘူး'

သူမသည် သူ့နောက်မှ လိုက်ပါသွားလေသည်။ ဒရမ်မွန်သည် လှေကားထိပ်သို့ ရောက်သောအခါတွင် ကုလားမကြီးကို တစ်စုံတစ်ခုပြောလိုက်သည်။ အဖွားကြီးသည် အိမ်ထဲသို့ပြန်ဝင်သွားလေသည်။

ဒရမ်မွန်သည် တံခါးဘေးတစ်ဘက်သို့ တိမ်းပေးရင်း ဂျက်နက်ကို ပြောလိုက်သည်။

'ဝင်လေ.....'

သူမသည် ကျဉ်းမြောင်းသော အခန်းလေးထဲ ရောက်နေသည်ကို တွေ့ရလေသည်။ အုတ်နံရံမှာ ကြမ်းတမ်းသော်လည်း ကြမ်းခင်းမှာ ပြောင်လက်တောက်ပနေလေသည်။ အခန်းအလယ်ခေါင်တွင် ကျောက်မီးဖိုကြီးတစ်လုံး ရှိလေသည်။ ပရိဘောဂမှာ အရိုးရှင်းဆုံးပင် ဖြစ်လေသည်။ ထမင်းစား စားပွဲတစ်လုံး ပတ်လည်ကုလားထိုင် သုံးလေးလုံးနှင့် စာအုပ်စင်အချို့ပင် ဖြစ်သည်။

'ကျုပ် တစ်မိနစ်လောက် ကြာမယ်'

ဒရမ်မွန်သည် အခြားတံခါးပေါက်တစ်ပေါက်သို့ လျှောက်သွားလေသည်။



သူမသည် အခန်းပတ်ချာလည်လျှောက်ရင်း စာအုပ်စင်ရှေ့တွင် ရပ်တန့်လိုက်လေသည်။ စာအုပ်စင်ပေါ်တွင် ကချေသည်ရုပ်ကလေးတစ်ခု တင်ထားလေသည်။ အလွန်လက်ရာမြောက်သော အရုပ်လေးပင်ဖြစ်သည်။

ထိုစဉ်မှာပင် သူမနောက်ဘက်မှ အသံတစ်သံကြားသောကြောင့် လှည့်ကြည့်လိုက်လေသည်။ တံခါးဝတွင် ရပ်တန့်နေသော မိန်းမပျိုလေးတစ်ယောက်ကို တွေ့ရလေသည်။

မိန်းမပျိုလေးမှာ အိမ်ဖော်အဘွားကြီးကဲ့သို့ပင် ကုလားလူမျိုးသာဖြစ်သည်။ သို့သော် ပြစ်မျိုးမှဲ့မထင်ဟု ဆိုလောက်အောင် လှပချောမောသူပင် ဖြစ်သည်။

ထိုအချိန်မှာပင် ဒရမ်မွန်သည် အိပ်ခန်းထဲမှပြန်ထွက်လာလေသည်။ သူသည် မိန်းမပျိုလေးအား အူရဒူစကားဖြင့် တစ်စုံတစ်ခုပြောလိုက်သည်။ မိန်းမပျိုလေးသည် အခန်းထဲသို့ ပြန်လှည့်ဝင်သွားသည်။

'အဲဒါ ဘယ်သူလဲ'

ဂျက်နက်က မေးလိုက်သည်။

'အဘွားကြီးရဲ့သမီး ဖာမီယာပါ'

ဒရမ်မွန်သည် သူမ၏လက်ထဲမှ ကချေသည်ရုပ်လေးကို ယူလိုက်သည်။

'ဒီအရုပ်လေးကို သဘောကျလား'

'ဟုတ်ကဲ့ တော်တော်ရှေးကျလား'

'ဂရိဗုဒ္ဓခေတ်ကလက်ရာပဲ၊ နှစ်ရာစုလောက်ကလို့ ခန့်မှန်းရတယ်၊ ဘောလ်ပါမှာ ဒီလိုလက်ရာမျိုးအများကြီးတွေ့လိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ .....'

ဒရမ်မွန်သည် သူ၏လက်ပတ်နာရီကိုကြည့်ရင်း စကားဆက်လိုက်သည်။

'ကဲ ..... ကျုပ်တို့သွားသင့်ပြီထင်တယ်၊ ၁၁ နာရီထိုးခါနီးနေပြီ၊ ဖာသာကာရီဂန်က ၁၁ နာရီခွဲလောက်မှ ခွဲစိပ်ကုသခန်းဝင်တယ်၊ ခွဲစိပ်ခန်းမဝင်ခင် အုပ်မိဖို့လိုတယ်'

သူတို့သည် ဂျစ်ကားဆီသို့ ပြန်ထွက်လာခဲ့သည်၊ ဒရမ်မွန်သည် သူမကို ကားပေါ်တင်ပေးပြီးနောက် ဘာမျှမဖြစ်သကဲ့သို့ မောင်းထွက်လာခဲ့သည်။

ဂျက်နက်၏စိတ်ထဲတွင်မူ စနိုးစနောင့် ဖြစ်လာလေသည်။ ဖာမီယာဆိုသော အမျိုးသမီးကိုသာ မြင်ယောင်မိသည်။ ထိုသို့မြင်ယောင်မိ၍လည်း စိတ်ထဲတွင် မကျေမနပ်ဖြစ်မိသည်၊ မည်သည့်အတွက်ကြောင့်နည်းဟု သူမကိုယ်သူမ တွက်စစ်၍မရနိုင်ချေ။

❖ ❖ ❖ ❖ ❖

ဖာသာကာရီဂန်၏ ဆေးရုံသည် မြစ်ကိုစီးမိုးနေသော တောင်ကုန်းအထက်တွင် တည်ရှိလေသည်။ အမိုးပြားရှည်လျားသော အဆောက်အဦတစ်ခုမျှသာ ဖြစ်လေသည်။ တစ်ဘက်စွန်းတွင်မူ ဘုရားရှိခိုးကျောင်းလေးတစ်ဆောင်၏ ခေါင်းလောင်းစင်ကမားမားမတ်မတ် ထိုးထွက်နေသည်။



ခြံဝင်းဝနားတွင် ဆိတ်များ၊ သိုးများနှင့် မြင်းပုလေးများ ကျက်စားနေသည်ကို တွေ့ရလေသည်။ ဆေးရုံနံရံကိုမှီ၍ စိတ်ရှည်သက်ရှည်စောင့်နေသော လူသုံးလေးဆယ်မျှ တွေ့ရလေသည်။

ဂျက်နက်သည် လူနာများကို မျက်စိကစားလိုက်ပြီး ဒရမ်မွန်ကို လှည့်မေးလိုက်သည်။

'လူနာအားလုံး သူတစ်ယောက်တည်း ကြည့်သလား'

ဒရမ်မွန်သည် ဂျစ်ကားအား ဆေးရုံလှေကားအနားတွင် ရပ်လိုက်ပြီး စက်သပ်လိုက်လေသည်။

'ဘယ်လိုလုပ်ကြည့်သလဲတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ တစ်ယောက်ထဲကြည့်တာအသေအချာပဲ၊ သူ့ကို ထမင်းဟင်းချက်ပြုတ်ပေးတဲ့ အဘွားကြီးတစ်ယောက်ပဲ ရှိတယ်'

သူပြောနေခိုက်မှာပင် ထိုအဘွားထွက်လာသည်။ ဒရမ်မွန်သည် ဂျက်နက်၏သေတ္တာနှစ်လုံးကိုဆွဲ၍ လှေကားအတိုင်း တက်သွားလေသည်။ အဘွားကြီးအနားသို့ ရောက်သောအခါတွင် အင်္ဂလိပ်စကားဖြင့်ပင် ဖြည်းဖြည်းလေးလေး မေးမြန်းလိုက်သည်။

ထိုနောက် ဂျစ်ကားထဲတွင် စောင့်ဆိုင်းနေသော ဂျက်နက်ထံသို့ ပြန်ဆင်းသက်လာလေသည်။

'ဘုရားရှိခိုးကျောင်းလေးထဲမှာ ရှိတယ်တဲ့'

သူတို့သည် ဘုရားရှိခိုးကျောင်းဘက်သို့ လျှောက်လာပြီး အထဲသို့ ဝင်လိုက်လေသည်။ အထဲတွင် အတော်မှောင်နေသည်။ ဘုရားစင်ရှေ့တွင် ထွန်းညှိထားသော ဖယောင်းတိုင်နှစ်တိုင်ကို တွေ့ရလေသည်။

ဖာသာကာရီဂန်သည် ဘုရားစင်ရှေ့တွင် ဒူးထောက်ရှိခိုးနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ဖြူလွသောဆံပင်သည် မီးရောင်ထဲတွင် ရွှေရောင်ထနေသည်။ သူသည် ဘုရားရှိခိုးမှုကို လက်စသတ်လိုက်ပြီး မတ်တပ်ရပ်လိုက်သည်။ အတော်ပင်ထွားကျိုင်းသူဖြစ်မှန်း သိသာလေသည်။

သူသည် တံခါးဝဘက်သို့ လှည့်ကြည့်လိုက်သည်။ ဒရမ်မွန်ကို မှတ်မိသွားသောအခါတွင် လိုက်လှဲဖော်ရွှေစွာ ပြုံး၍လျှောက်လာရင်း လက်ကမ်းပေးလိုက်သည်။

'ဒရမ်မွန်ရောက်လာပြီလား၊ ဒါကတော့ မစ္စဂျက်နက်ဖြစ်မယ်ထင်တယ်၊ မင်းကိုတွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ မင်းဒီနေ့ရောက်မယ်လို့ ဗိုလ်မှူးကြီးဒီလ်ကပြောတယ်'

'ကျွန်မကတော့ လာသာလာရတယ်၊ သိပ် စိတ်မချမ်းမြေ့ဘူး ဖာသာ၊ ဖာသာတို့က ဆရာဝန်တစ်ယောက်လောက်ကို မျှော်လင့်နေခဲ့မှာ၊ ကျွန်မက သူနာပြုဆရာမလေး သက်သက်ပဲ'

'အဓိပ္ပါယ်မရှိလိုက်တာ ကလေးရယ်၊ ဗီယက်နမ်မှာ နှစ်နှစ်အတွေ့အကြုံရှိခဲ့တဲ့ သူနာပြုဆရာမဟာ ဆရာဝန်ထက်တောင် အတွေ့အကြုံသာမှာပဲ မဟုတ်လား'

သူတို့သည် ဘုရားရှိခိုးကျောင်းမှထွက်၍ ဆေးရုံဘက်သို့ ကူးလာခဲ့သည်။ ဆေးရုံလေးမှာ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိလေသည်။

'ဘော်ပါမှာ လက်မှတ်ရဆရာဝန် ငါတစ်ယောက်ပဲရှိတော့ အလုပ်ကများသကွဲ့၊ နောက် ၁၅ မိနစ်ကျရင် မင်းတွေ့ပါလိမ့်မယ်'

'ကျွန်မလူနာရော ဘယ်လိုနေလဲ'

'ကာရင်းလား ပွင့်ပွင့်လင်းလင်းပြောရရင် အခြေအနေ သိပ်မကောင်းဘူး၊ သူ့ကို မပြတ်ကြည့်ရှုနိုင်အောင် ဒီမှာထား



ထားတာ၊ ခန့်ကြီးကတော့ ငါ့ကို နှန်းတော်လိုက်နေစေချင်တာ၊ ဒါပေမယ့် မဖြစ်ဘူးလေ၊ တခြားလူနာတွေ ရှိသေးတယ် မဟုတ်လား'

'အခု ကာရင်းရဲ့ အခြေအနေရော'

'ကောင်းပါတယ်၊ အဖျားဝင်လေ့ရှိတယ်၊ ဒါပေမယ့် အခုတော့ ဆိုးဆိုးရွားရွား အခြေအနေလွန်သွားပါပြီ၊ ဘာယ်ရှိမှဲ ဖြစ်ဖြစ်လေ သူ့ကိုစောင့်ရှောက်မှု မခေါ်သွားခင်တော့ နှစ်ရက် သုံးရက် စောင့်သင့်သေးတယ် ထင်တယ်'

'ဒါဖြင့် ဂျက်နက် ဒီမှာနေရမှာပေါ့'

ဒရမ်မွန်က မေးလိုက်သည်။

'ငါ့လို ကိုးဂျက်များတဲ့ အဘိုးကြီးနဲ့ နေနိုင်တယ်ဆိုရင် သဘောပြောစရာရှိတာနဲ့၊ ကဲ ကာရင်းကိုရှောကြည့်မလား'

ဖာသာဘာရီဂန်က ပြုံး၍ ပြောလိုက်သည်။

သူသည် ထုံးဖြူသုတ်ထားသော စင်္ကြံလမ်းအတိုင်း ဦးဆောင်ခေါ်သွားပြီး ဘယ်ဘက်တံခါးတစ်ချပ်ကို ဖွင့်လိုက်လေသည်။

ခေါင်းတစ်ဖက်စောင်း၍ အိပ်နေသော ကလေးငယ်၏ မျက်နှာ တကယ့်နုနုဖက်ဖက်လေးပင် ဖြစ်သည်။ သူ၏ဘယ်ဘက် လက်မောင်းကို ပတ်တီးစုထုစည်းထားလေသည်။ သူတို့ တိတ်ဆိတ်စွာ ပြန်ထွက်လာခဲ့သည်။

ဖာသာဘာရီဂန်သည် ဆန့်ကျင်ဘက် တံခါးတစ်ခုကို ဖွင့်လိုက်လေသည်။ အခန်းတစ်ခန်းတို့ ပြသခြင်းပင်ဖြစ်သည်။ အခန်းထဲတွင် ကျဉ်းမြောင်းသော ခုတင်လေးတစ်လုံးနှင့် ဘီရိုလေးတစ်လုံးရှိလေသည်။ ကြမ်းပြင်ပေါ်တွင်မှ သိုးမွေးကော်ဇော

www.burmeseclassic.com



ကြီးတစ်ခုသာရှိသည်။ ပြတင်းပေါက်မှ လှမ်းကြည့်လျှင်မူ ချုံပုတ် နွယ်ပင်များ ထူထပ်နေသော ဥယျာဉ်တစ်ခုကို တွေ့ရလေသည်။

'ငါဒီလောက်ပဲ တတ်နိုင်လို့ စိတ်မကောင်းပါဘူး'

'ဗီယက်နမ်မှာ နေခဲ့ရတဲ့ပုံနဲ့စာရင် နန်းတော်တမျှပါပဲ ရှင့်'

သူတို့သည် ဆေးခန်းသို့ ပြန်ခဲ့ကြလေသည်။ အပြင်ဘက် တွင် လူနာများ ပိုမိုများပြားနေသည်ကို တွေ့ရလေသည်။

ဖာသာကာရီဂန်သည် သူ၏နာရီကို တစ်ချက်ကြည့်လိုက် လေသည်။

'ငါးမိနစ်တောင် နောက်ကျနေပြီ မဖြစ်ဘူး၊ မဖြစ်ဘူး ကဲ ..... ဒရမ်မွန် ဒီည ခန်ရဲ့နန်းတော်မှာ ဆုံကြမယ်ထင်ပါတယ်'

'ဟုတ်ကဲ့ ..... အဲဒီတော့မှ တွေ့တာပေါ့'

ဒရမ်မွန်က ဂျက်နက်ဘက်သို့ လှည့်လိုက်လေသည်။ ဖာသာကာရီဂန်၏လက်မောင်းကို အသာလှမ်းဆွဲနေသော ဂျက်နက် ကို တွေ့ရလေသည်။

'ကျွန်မ ကူညီလို့ရမလား ဖာသာ'

အဘိုးကြီးသည် သူမကို စူးစမ်းသလို ငုံ့ကြည့်လိုက်လေ သည်။ ထိုနောက် သဘောကျစွာ ပြုံးလိုက်လေသည်။

'မင်းကူညီမယ်ဆိုရင် ဝမ်းသာအားရ လက်ခံမှာပေါ့ ကလေး ရယ်၊ မင်းအတွက် ဝတ်စုံတစ်စုံရှာလိုက်မယ်'

ဂျက်နက်သည် ဒရမ်မွန်အား ခေါင်းဆတ်ပြလိုက်သည်။

'ညကျမှ တွေ့တာပေါ့နော်'



## အခန်း(၅)
## နန်းတွင်း

ဘော်ပါစော်ဘွားကြီးသည် အသက် ၇၀ မျှရှိလေသည်။ သို့သော် ကျားကျားယားယား ဟန်ပန်ရှိပေသေးသည်။ ခေါင်းပေါင်း အောက်မှ မျက်နှာသည် စစ်သည်တစ်ဦး၏ မျက်နှာသွေး မျက်နှာ နှပ်ရှိလေသေးသည်။ တစ်ပါးသူတို့ကို အုပ်စိုးရန် မွေးဖွားကြီးပြင်း လာခဲ့သူဟု မိမိကိုယ်မိမိယုံကြည်သော မာနအပြည့်ရှိလေသည်။

သူသည် စားပွဲထိပ်တွင်ထိုင်နေပြီး သူ၏ဘေးတွင် ဂျက် နက် ထိုင်နေလေသည်။ သူသည် ဂျက်နက်အား ပီသလှသော အင်္ဂလိပ်စကားဖြင့် မေးမြန်းလိုက်လေသည်။

'ဘရန်ဒီ သောက်ဦးမလား မစ္စဂျက်နက်'

'တော်ပါပြီ ကျေးဇူးတင်ပါတယ်ရှင်'

'ဒါဖြင့် ကော်ဖီသောက်မလား'

www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားကြီးက လက်ဖျောက်တစ်ချက်တီးလိုက်ရာ စားပွဲထိုးတစ်ဦး အနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာလေသည်။

ညှော်ခန်းထဲတွင် စားပွဲထိုးငါးဦးအပြင် စော်ဘွားကြီးဂျက်နက်၊ ဂျက်နက်၏ဘယ်ဘက်တွင် ထိုင်နေသော ဒရမ်မွန်၊ ခန်စော်ဘွားကြီး၏ ညာဘက်တွင်ထိုင်နေသော ချောင်၊ ဟာမစ်နှင့် ဗိုလ်မှူးကြီးရာဒီလ်တို့ရှိလေသည်။

'ဖာသာကာရီဂန်ဆီမှာ နေသာထိုင်သာ ရှိပါရဲ့လား မစ္စဂျက်နက်'

စော်ဘွားကြီးက မေးမြန်းလိုက်သည်။

'ဖာသာကာရီဂန်ကို အကောင်းဆုံးပြုစုထားပါတယ်ရှင်'

စော်ဘွားကြီးသည် ခေါင်းညိတ်တစ်ချက် ရှိက်လိုက်သည်။

'ကျုပ်ကခင်ဗျားကို ဒီနန်းတော်မှာ နေစေချင်တာ၊ ဒါပေမဲ့ ဖာသာကာရီဂန်က အင်မတန်ခေါင်းမာတဲ့လူပဲ

ကျုပ်သာ ခေါင်းမာတဲ့လူဆိုရင် ကျုပ်ကလဲ ဒီကသိုင်းအလုပ်မကျွတဲ့ နေရာမှာရှိတဲ့ တခြားခေါင်းမာသူ တစ်ဦးကို ပြချင်တယ်လို့ ပြောချင်တယ် သိလား

'ဂျက်နက် သူကတခြား လူနာတွေကိုပစ်ပယ်ပြီး ဒီမှာနေစေချင်တာ၊ ဘယ်လိုဖြစ်မလဲ မဟုတ်လား'

ဖာသာကာရီဂန်သည် စော်ဘွားကြီးအား ငယ်ပေါင်းရင်းချာကဲ့သို့ ရည်ညွှန်းပြောရင်း အရက်ကိုကရားကို ယူလိုက်သည်။

ဘော်ပါစော်ဘွားကြီးသည် စိတ်ပျက်ဟန်ဖြင့် ပခုံးတွန့်လိုက်သည်။



'ကျုပ်လဲ ဘာတတ်နိုင်မလဲ၊ ကျုပ်ပို့လိုက်တဲ့ အစောင့်တွေကိုတောင် သူလက်မခံဘူး၊ အခု ဘောလ်ပါရဲ့ မျှော်လင့်ချက်ကို ဘယ်သူကကွယ်စောင့်ရှောက်နေလဲ'

'သူ့ကို ဘယ်သူ အန္တရာယ်ပြုမလဲ'

ဖာသာကာရီဂန်က တုံ့ပြန်လိုက်သည်။

ခန်ကြီးက သက်ပြင်းချလိုက်သည်။

'တွေ့လား မစ္စဂျက်နက်၊ ကျုပ်အိမ်မှာတောင် ကျုပ်က သခင်မဟုတ်တော့ဘူး'

'လတ်တလောအချိန် နီရိုဒါကြီးက ခန်လေးကိုစောင့်ရှောက်နေပါတယ်၊ နီရိုဒါကြီးအကြောင်းသိတယ်မဟုတ်လား။ လက်သား အဖြစ်ခံလိုက်မယ်၊ နေရာကတစ်ဖဝါးမှ ခွာမှာမဟုတ်ဘူး'

'ဒီနေ့ ကာရင်းကို တွေ့ပြီးပြီမဟုတ်လား၊ နေကောင်းရဲ့လား'

ခန်ကြီးက ဂျက်နက်ကို မေးလိုက်ပြန်သည်။

ဂျက်နက်က ခေါင်းညိတ်ပြလိုက်သည်။

'ဒါပေမဲ့ နည်းနည်းအားယုတ်နေတယ်၊ ဒီလိုကြုံလိုက်တဲ့ ကလေးတိုင်း လန့်ဖျား ဖျားလေ့ရှိတာပါပဲ'

'နောက်သုံးနှစ်ကြာရင် အရွယ်ရောက်ရမယ့် ကလေးပဲ၊ အဲဒီအခါကျရင် အိမ်ရှေ့စံအဖြစ် သူ့ကို ထုတ်ပြရမယ်၊ ဒါကြောင့် အမေရိကန်ကို အမြန်ဆုံးသွားပြီး ကုစေချင်တယ်'

'ကျုပ်တို့ နောက်သုံးလေးရက်တော့ စောင့်သင့်တယ်၊ မစ္စဂျက်နက်ကလဲ ကျုပ်ရဲ့ယူဆချက်ကို လက်ခံတယ်'

ဖာသာကာရီဂန်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်ကြီးသည် ဂျက်နက်ကို လှမ်းကြည့်လိုက်သည်။

'ဖာသာကာရီဂန် ပြောတာမှန်တယ်၊ အမေရိကန်မှာ ကုသရင်လဲ တစ်လလောက်ပဲ ကြာမှာပါ'

ခန်ကြီးသည် အရှုံးပေးလိုက်သည့်ဟန်ဖြင့် လက်နှစ်ဖက် ကားလိုက်လေသည်။

'ဒါဖြင့်လဲ ခင်ဗျားတို့ သဘောအတိုင်းပဲ၊ ဆေးပညာကို ကျွန်တော်မှ မတတ်တာ၊ ခင်ဗျား စစ်တုရင်ကစားတတ်သလား မစ္စတာဂျက်'

'သိပ်မကျွမ်းပါဘူးရှင်'

'ဖာသာကာရီဂန်ကတော့ သူ့ကိုယ်သူဆရာကြီးတစ်ဆူမှတ် နေတယ်၊ အဲဒီတော့ သူဆရာကြီးတစ်ဆူမဟုတ်မှန်း ကျုပ်က ထောက်ပြနေရတယ်'

ဖာသာကာရီဂန်က သဘောကျစွာ ပြုံးလိုက်သည်။

'ကဲလေ၊ ထုံးစံအတိုင်း ခင်ဗျားရဲ့ အပြောလေးတွေကို ပြန်ရုပ်သိမ်းအောင် ဆုံးမရမှာကလဲ ကျုပ်တာဝန်မဟုတ်လား'

ထိုညက တော်တော် သာတောင့်သာယာရှိခဲ့လေသည်။ ညဉ့်နက်မှအိမ်ပြန်ဖြစ်ခဲ့ကြသည်။ ဒရမ်မွန်သည် ဂျက်နက် နှင့် ဖာသာကာရီဂန်တို့အား ဆေးရုံသို့ပို့လိုက်ပြီးနောက် အိမ်သို့ကား ပြန်မောင်းခဲ့လေသည်။ ထိုနောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား ခဲ့သည်။

မိုးသောက်ခါနီးတွင်မူ သည်းထန်စွာ ရွာသွန်းနေသော မိုးရေထဲ ဒလကြမ်းမောင်းလာသော ကားသံကြောင့် ဒရမ်မွန်လန့်နိုး သွားသည်။ အိမ်ရှေ့သို့ ပြေးလွှားလာသော ခြေသံများကြားရသည်



သူသည် အိပ်ရာမှထ၍ အပေါ်ဝတ်အင်္ကျီတစ်ထည်ကို ကောက် စွပ်လိုက်သည်။ ပြတင်းပေါက်ဆီသို့ လျှောက်သွား၏။ လေသာ ဆောင်သို့ ရောက်သောအချိန်မှာပင် ဘရက်ကောင်ဟတ်စ်သည် လှေကားအတိုင်း ဂမူးရှူးထိုးပြေးတက်လာပြီး ဒရမ်မွန်၏ရှေ့နား တွင် ဒူးထောက်ကျသွားသည်။ သူ၏မျက်နှာမှာ အလွန်တရာ ထိတ်လန့်ချောက်ချားနေပုံ ပြူးကြောင်သွေးဆုတ်နေသည်။

'ဟေ့လူ ဘာဖြစ်လာတာလဲ'

'ကွန်မြူနစ်တွေ ကျုပ်တို့အခြေစိုက်စခန်းကို ဝင်တိုက် တယ်၊ ကျုပ်လူတွေအားလုံး သေကုန်ပြီ'

'ကွန်မြူနစ်တွေ ဟုတ်လား၊ တပ်စိတ်တစ်စိတ်စာလောက် အင်အားများသလား'

ဒရမ်မွန်က မယုံကြည်ဟန်ဖြင့် မေးလိုက်သည်။

'ရာချီနေတယ် ..... ရာချီနေတယ်၊ ခွေးမသားတွေ'

ဘရက်ကောင်ဟတ်စ်က ခေါင်းခါယမ်းလိုက်မိသည်။

'ကျုပ် ဘယ်သူမှပြောဖို့ အချိန်မရသေးဘူး'

'ကောင်းတယ်၊ လူတကာသိသွားရင် အုတ်အော်သောင်း နင်း ဖြစ်သွားမယ်၊ ဒီကနေ ထွက်ပြေးချင်တဲ့လူတွေ တအုံတမ ကြီးဖြစ်နေမယ်၊ ကျုပ်လေယာဉ်ပျံကို ကမ်းကုန်လူ ၁၅ဦးပဲ ဆန့် တယ်၊ ပြဿနာတက်သွားနိုင်တယ်'

'ကျုပ်လဲ စဉ်းစားမိတယ်'

ဘရက်ကောင်ဟတ်စ်က ပြောလိုက်သည်။

'ခင်ဗျား စဉ်းစားမိမှာကို ယုံပါတယ်၊ ကဲ ..... ကျုပ် တို့ ဖာသာကာရီဂန်နဲ့ ဂျက်နက်ကိုသတိပေးရမယ်၊ ကျုပ် ဂျစ်ကား

www.burmeseclassic.com

www.burmeseclassic.com



ကိုပေးထားခဲ့မယ်၊ ခန်ငွေလေးအသင့်ဖြစ်အောင်နဲ့ အဲဒီဂျစ်ကားနဲ့ လိုက်လာရလိုရမယ်'

'အဲဒီနောက် ဘာလုပ်မလဲ'

'ခင်ဗျားရဲ့ လှိုင်ရိုဘ်ကားနဲ့ မြို့ထဲပြန်ရမှာပေါ့' အခန်းထဲသို့ ဖာမီယာ ဝင်လာရလေသည်။

'ရှင် ဘယ်တော့ပြန်ရောက်မလဲ'

ဒရမ်မွန်သည် အံဆွဲထဲမှ ဒဿမ ၃၈ ပစ္စတိုကို ထုတ်ယူလိုက်သည်။ ပစ္စတိုကို စစ်ဆေးကြည့်ရှုပြီး ကျည်ဆံဘူးတစ်ဘူးကိုပါ အိတ်ထဲထည့်လိုက်သည်။

'အရှုံးသိသာခင် ခံထိတယ်၊ ဒါပေမယ့် မပူပါနဲ့၊ မြင်းတို့ ဘာမှ ဖြစ်မှာမဟုတ်ပါဘူး'

ဒရမ်မွန်သည် အပြင်ဘက်သို့ လျင်မြန်စွာထွက်ခဲ့လေသည်။

ဖာမီယာသည် တဖြည်းဖြည်း ဝေးကွာသွားသော ကားစက်သံနှင့်ဗုံကို အတန်ကြာ နားစွင့်နေခဲ့လေသည်။

အိမ်မှတွင်းတံခါးပွင့်သွားပြီး အဘွားကြီးထွက်လာလေသည်။

'နင်ကြားလိုက်တယ် မဟုတ်လား'

အဘွားကြီးက ရှုရှုရှဲ့အသံဖြင့် မေးလိုက်သည်။

ဖာမီယာက ခေါင်းညိတ်လိုက်သည်။

'အချိန်မရှိဘူး မိန်းကလေး၊ ဘာလုပ်ရမယ် သိတယ် မဟုတ်လား'

ဖာမီယာသည် ဒရမ်မွန်၏ဘောင်းဘီဟောင်းနှင့် ရေတပ်ဆွယ်တာတစ်ထည်ကို ကောက်ကိုင်စွပ်လိုက်လေသည်။ ဖိနပ်စီးလိုက်ပြီး သူမ၏ဆံပင်ကို ခေါင်းဆောင်းစွပ်လိုက်သည်။



ခဏအကြာတွင်မူ တိတ်ဆိတ်သော လမ်းလေးအတိုင်း မိုးရေထဲ အားသွန်ပြေးနေသည်ကို တွေ့ရလေသည်။

ငါးမိနစ်အကြာမှာပင် ဒရမ်မွန်၏ ဘန်ဂလိုနှင့်တစ်သွင်တည်းတူသော ဘန်ဂလိုတစ်လုံးသို့ ရောက်လာလေသည်။ သူမသည် လှေကားအတိုင်း ပြေးတက်သွားပြီး တံခါးကို ပြင်းထန်စွာ ခေါက်လိုက်သည်။

'မစ္စတာချောင် ..... မစ္စတာချောင်'

www.burmeseclassic.com



အခန်း (၆)

ညတိုက်ပွဲ

ဘရက်ကောင်ဟတ်စ်၏စခန်းသို့ ပြန်လာချိန်တွင် မိုးသည်းထန်နေလေသည်။ ထို့ကြောင့် အသက်ချမ်းသာရာရသွားလေသည်။

ပုံမှန်အားဖြင့် ငြိမ်သက်လှသော ချောင်းရေသည် မိုးအားကြောင့် ရေတက်ကြမ်းနေခဲ့လေသည်။ ကားဖြင့် ဖြတ်ကူး၍မရနိုင်အောင် ရေကြီးနေခဲ့သည်။

ဘရက်ကောင်ဟတ်စ်သည် ချောင်းတစ်ဖက်တွင် ကားရပ်တန့်ထားခဲ့ပြီး လူချည်းသက်သက် ကူးခဲ့လေသည်။ ချောင်းရေမှာ အတော်ပင် အေးလေသည်။ ရိုးတွင်းခြင်ဆီ ကိုက်မတတ် အေးစိမ့်သွား၏။ သူသည် ရေရှိန်ဖြင့်လဲပြိုမည့်ကဲ့သို့ပင် ဖြစ်သွားလေသည်။



ချောင်းတစ်ဖက်သို့ ရောက်သောအခါတွင် မိုင်ဝက်ဝေးသော စခန်းသို့ လျှောက်ရပြန်သည်။ ခေါင်းမော့မရအောင်ပင် မိုးသည်းထန်နေလေသည်။ မိုးသည်းထန်လွန်းသောကြောင့် လက်နှိပ်ဓါတ်မီး၏ အလင်းရောင်မှာလည်း တိုးပေါက်နိုင်ခဲ့ချေ။ သူသည် ခပ်လှမ်းလှမ်းအမှောင်ထဲမှ အော်ဟစ်သံတစ်ခုကို ကြားလိုက်ရသည်။ ထို့နောက် နောက်အသံတစ်ခု၊ သံလေသံကိုကျော်၍ သေနတ်သံတစ်ချက် ပေါ်လာလေသည်။ ထို့နောက် စစ်သေနတ်တစ်လက်၏ အဆက်မပြတ်မြည်ဟီးသံ သွားလေသည်။

ဘရက်ကောင်ဟတ်စ်သည် တောင်ကမူလေးတစ်ခုထိပ်တွင် မျက်မှောင်ကုပ်လျက် ရပ်တန့်မိလေသည်။ ခပ်လှမ်းလှမ်း ချုံပင်ကြားတွင် စခန်းမီးပုံ အလင်းရောင်ကို ခပ်ပျပျမြင်ရလေသည်။ အရိပ်အများအပြား လှုပ်ရှားနေသည်ကို တွေ့ရသည်။ သံများ ကြားရသည်။ အမိန့်ပေးသံများကြားရသည်။

သူသည် စခန်း၏အထက်ဘက် တောင်ကုန်းပေါ်တွင် ရှိသော သစ်ပင်ဖျားသို့ အသာချဉ်းကပ်သွားလေသည်။ သစ်ပင်အုပ်နှင့် စခန်းသည် ကိုက် ၂၀၊ ၃၀လောက်သာ ကွာဝေးသည်။

တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူ၏အသည်းနှလုံး ခဲသွားလေသည်။ စခန်းထဲတွင် ကွန်မြူနစ်သူပုန်များ ပြည့်နေလေသည်။

သူ၏ အလုပ်သမားနှစ်ယောက်ဖြစ်သော ဂါလာနှင့် အဗ္ဗဒူလ်သည် လက်မြှောက်ရပ်နေကြလေသည်။ စက်သေနတ်သံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ပြည့်သွား၏။ အဗ္ဗဒူလ်သည် မီးပုံပေါ်သို့ နောက်ပြန်ကျ သွားသည်။ ဂါလာသည် ဝိုင်းရံထားသော လူအများကို တိုးဝှေ့၍ သစ်ပင်အုပ်ဆီသို့ ထွက်ပြေးလေသည်။ သစ်ပင်အုပ်သို့ ရောက်လု ရောက်ခင်မှာပင် စက်သေနတ်သံတစ်ချက် မြည်ဟီးသွားပြန်သည်။ ဂါလာသည် ခြေကားယား လက်ကားယား မှောက်လျက်ကျသွား ၏။ ငြိမ်သက်သွား၏။

သူပုန်များသည် တစ်ယောက်ကိုတစ်ယောက် အော်ဟစ် အချက်ပေးရင်း စခန်းအနှံ့ လိုက်လံရှာဖွေကြလေသည်။ ဘရက် ကောင်ဟတ်စ် သဘောပေါက်လိုက်လေသည်။ သူ့ကိုရှာနေကြခြင်း ပင်ဖြစ်သည်။

သူသည် ပုန်းခိုကြည့်နေရာမှ တစ်ချိုးတည်း ထပြေးလေ သည်။ သူ၏ရုတ်တရက် လှုပ်ရှားမှုကြောင့် သူပုန်များ တွေ့သွား လေသည်။ သူ၏ဘယ်ဘက်မှ သေနတ်သံတစ်ချက် ပေါ်လာပြီး သူ့ခေါင်းထက်မှ သစ်ကိုင်းတစ်ကိုင်း ကျိုးပြတ်သွားလေသည်။

သူသည် ခေါင်းစိုက်၍ တရကြမ်းပြေးခဲ့လေသည်။ ခဏ အကြာမှာပင် ချောင်းစပ်တို့ ရောက်ရှိခဲ့သည်။ ချောင်းကိုမည်သို့ ကူးလိုက်မှန်းပင်မသိ၊ ချောင်းတစ်ဖက်သို့ ရောက်ခဲ့လေသည်။ သူသည် လင့်ရိုဗာကားပေါ်သို့ ခုန်တက်လိုက်သည်။

ကားဖော်မှာ ပူနွေးနေဆဲပင်ဖြစ်သည်။ ချက်ချင်းပင် စက် နိုးသွား၏။ သူသည် လင့်ရိုဗာကားကို တစ်ဟုန်ထိုးမောင်းပြေး လာခဲ့လေသည်။

❖ ❖ ❖ ❖ ❖



ဖာသာကာရိဂန်၏ ဆေးရုံရှေ့တွင် ဆိုက်ထားသော ...ထဲတွင် ထိုင်ရင်း ဖြစ်ပျက်သမျှ ပြန်ပြောင်းအမှတ်ရနေမိခဲ့သော ဘရက်ကောင်ဟတ်စ်သည် အလိုလိုနေရင်း တုန်ယင်သွားလေ သည်။ သူသည် ဆေးရုံတံခါးဝတွင် စကားရပ်ပြောနေသော ...မ်မွန်နှင့် ကာရိဂန်ကို လှမ်းကြည့်လိုက်သည်။

ခဏအကြာတွင် ဖာသာကာရိဂန်က အတွင်းသို့ ဝင်သွား သည်ကို တွေ့ရ၏။ ဒရမ်မွန်သည် လှေကားအတိုင်း ပြန်ဆင်းပြေး လာခဲ့ပြီး ဘရက်ကောင်ဟတ်စ်၏ ကားပေါ်သို့ ခုန်တက်လိုက် သည်။

'ကဲ ... သွားကြစို့'

'အဘိုးကြီး ဘာပြောလဲ'

'ဘာပြောနိုင်မလဲ၊ သူ အမြန်ဆုံး အထုပ်အပိုးပြင်ပြီး ...တ်နက်နဲ့ ချာတီတိကိုခေါ်ပြီး ဂျစ်ကားနဲ့လိုက်လာလိမ့်မယ်၊ ဒီမှာ ...ဆက်နေလို့အကျိုးမရှိဘူးလေ၊ ကွန်မြူနစ်တွေအကြောင်း သိတယ် ...မဟုတ်လား'

ခန်ကြီး ဘာလုပ်မယ် ထင်လဲ'

'ထွက်ပြေးရုံကလွဲလို့ ဘာလုပ်နိုင်မလဲ'

သူတို့မြို့ထဲသို့ ပြန်ရောက်လာသောအခါတွင်လည်း ...ပေါ်တွင် လူများကင်းမဲ့နေဆဲပင်ဖြစ်လေသည်။ ဆာဒါမြို့ ...ကောင်းကောင်းပင် နိုးထခြင်းမရှိသေးချေ။

ဖြစ်ပျက်သမျှအခြေအနေကို ကြားသောအခါတွင် ခန်ကြီး ...မျက်နှာသည် အသက် ၂၀ မျှ ပို၍ အိုစာသွားလေသည်။

'ခင်ဗျား ဘယ်လိုယူဆသလဲ'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ဒရမ်မွန်ကို လှမ်းမေးလိုက်သည်။

'ကျုပ်နားမလည်ဘူး၊ အဲဒီဘက်ကို နောက်ဆုံးအခေါက်ရောက်တုန်းက ဘာမှမရှိဘူး၊ ဘာသူပုန်တပ်မှ မတွေ့ရဘူး'

'အဲဒါ လွန်ခဲ့တဲ့ (၁၀)ရက်လောက်က မဟုတ်လား'

'ဟုတ်တယ်၊ အခု ဘာလုပ်မလဲ'

'ကျုပ် ဗိုလ်မှူးကြီးဒီးလ်နှင့် ဗိုလ်မှူးဟာမစ်ကို ခေါ်ထားတယ်၊ သူတို့နဲ့ ဆွေးနွေးရမှာပဲ'

'ခင်ဗျား ဘာတတ်နိုင်မလဲ၊ ခင်ဗျားရဲ့တပ်မတော်အင်အားက ရှဉ်ဦး၊ အဲဒီအင်အားလေးက ဘယ်လောက်ပေါက်လို့ ဘာခရီးရောက်မလဲဗျာ၊ အိန္ဒိယတပ်မတော်ကလဲ ဒီကိစ္စမှာ ဝင်ရှုပ်မယ် မထင်ဘူး'

ဒရမ်မွန်ကပြောလိုက်သည်။

'ခင်ဗျားလေယာဉ်ပျံက လူဘယ်နှစ်ယောက်သယ်နိုင်လဲ'

'၁၅ယောက်ထက် ပိုမသယ်နိုင်ဘူး၊ ဒီသတင်းသာ [illegible] သူ့မြို့သားတွေနားကို ရောက်သွားရင် မလွယ်ဘူး၊ လေယာဉ်ကွင်းကို ဒုန်းစိုင်းပြေးလာကြလိမ့်မယ်၊ ကျုပ် ဖာသာကာရီဂန်ကို[illegible]ပြောပြီးပြီ၊ သူရယ် ဂျက်နက်ရယ် ခင်ဗျားသားရယ် ဂျစ်ကားနဲ့ လိုက်လာလိမ့်မယ်'

ခန့်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်သားကိုကယ်တင်ရမယ်'

'ဒါဖြင့် ခင်ဗျားရယ်၊ ခန့်လေးရယ်၊ ဖာသာကာရီဂန်၊ မစ္စဂျက်နက်၊ ဘရက်ကောင်ဟတ်စ်၊ ဗိုလ်မှူးဟာမစ်၊ ဗိုလ်မှူးကြီးဒီးလ်နဲ့ဆို ခရီးသည်ခုနစ်ဦး ရှိသွားမယ်'



'ချောင်ရော'

ဘရက်ကောင်ဟတ်စ်က မေးလိုက်သည်။

'ကျုပ်မေ့သွားတယ် ချောင်ရဲ့ နိုင်ငံရေး ခံယူချက်ကို ခန့်ကြီးသိတယ်မဟုတ်လား။ သူက သူပုန်တွေကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အုပ်စုကို လက်နက်ထောက်ပံ့နေတယ်၊ အဲဒါ ...... သူသာကွန်မြူနစ်တွေ လက်ထဲ ရောက်သွားရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်'

ဒရမ်မွန်က ခန့်ကြီးကို ပြောလိုက်လေသည်။

ခန့်ကြီးသည် ဒရမ်မွန်၏စကားကို ဥပေက္ခာပြုလိုက်လေသည်။ သူ၏အပါးတော်မြဲ ကမ်းပေးလိုက်သော ဗြိတိသျှတပ်မတော်သုံး ခြောက်လုံးပြူးနှင့် ခါးပတ်ကို ခါးတွင်ပတ်လိုက်သည်။

'ကဲ ..... ကျုပ်တို့ သွားချိန်တန်ပြီထင်တယ် လူကြီးခင်ဗျားတို့ ကျုပ်ကို ဗိုလ်မှူးကြီးဒီးလ်ရဲ့ ဌာနချုပ်မှာ ချပေးထားခဲ့ပါ၊ ခင်ဗျားက လေယာဉ်ကွင်းကို ဆက်သွားပြီး လေယာဉ်ကို အဆင်သင့်ပြင်ထား'

အပြင်ဘက်တွင် အလင်းရောင်အားကောင်းစပြုနေလေပြီ မိုးရေကြောင့် လမ်းမများမှာ ဗွက်ထနေလေသည်။ သူတို့သည် [illegible]ဌာနချုပ်ဖြစ်သော မြို့လယ်ခေါင်ဘားတိုက်အဆောက်အဦးဆီသို့ ကားမောင်းလာခဲ့သည်။

ဌာနချုပ်တွင် လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို တွေ့ရလေသည်။ ဗိုလ်မှူးကြီးဒီးလ်နှင့် ဗိုလ်မှူးဟာမစ်တို့က စခန်းမှူးကြီးကြိုဆိုလိုက်သည်။ ဟာမစ်က ဒရမ်မွန်ကို လှမ်းကြည့်လိုက်သည်။ ဒရမ်မွန်သည် လက်မတစ်ချောင်း အောင်စိုက်ပြလိုက်သည်။ ဘရက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ဟတ်စ်သည် ကားကို လျှင်မြန်စွာမောင်းထွက်လာလေသည်။

မြို့ပြင်အကော်တွင် ရှက်ဖျင်တဲ တစ်လုံးနှစ်လုံးတွေ့ရလေသည်။ သိုးထိန်းအုပ်စု၏ တဲများဖြစ်သည်။ မနက်စာ ချက်ပြုတ်ရန်အတွက် မီးမွှိုနေသော သိုးထိန်းများကို တွေ့ရလေသည်။

သူတို့သည် ကြမ်းတမ်းလှသော လမ်းအတိုင်း ခုန်ပျံလူးလိမ့်နေအောင် တရကြမ်းမောင်းနှင်လာခဲ့လေသည်။ မကြာခင်မှာပင် လေယာဉ်ကွင်းသို့ ရောက်ရှိလေသည်။

လေယာဉ်ကိုဒေါင်သည် မနက်ခင်းနေရောင်တွင် အကျည်းတန်နေလေသည်။ ခါရက်ကောင်ဟတ်စ်သည် လေယာဉ်ကိုဒေါင်အနီးတွင် ကားကိုရပ်တန့်လိုက်ပြီး ဖွက်အိုင်ကြီးဖြစ်နေသော လေယာဉ်ပြေးလမ်းကို မေးငေါ့ပြလိုက်သည်။....

'ပြေးလမ်းအခြေအနေ မကောင်းဘူးဝါဆော။ ကျုပ်လေယာဉ်မျိုးကတော့ အကြမ်းခံရေစိမ်ခံပဲ၊ ဘယ်လိုမျက်နှာပြင်မျိုးဖြစ်ဖြစ် ဆင်းလို့တက်လို့ရတယ်၊ ဒါကြောင့် ဒီလိုဒေသမျိုးမှာ သုံးတာပေါ့'

ဒရမ်မွန်က အိတ်ထဲမှ သော့ကို ထုတ်ယူလိုက်ပြီး သော့ခလောက်ကို ဖွင့်လိုက်လေသည်။ ကိုဒေါင်တံခါးကြီးနှစ်ချပ်ကို တွန်းဖွင့်လိုက်လေသည်။ ရွှေရောင်နှင့်အနီရောင် သုတ်ထားသော လေယာဉ်ပျံကို လှမ်းမြင်လိုက်ချိန်မှာပင် သူ၏နောက်မှ တည်ငြိမ်သော အသံတစ်သံကို ကြားလိုက်ရသည်။

'ဆိုင်ကောင်း သူငယ်ချင်း၊ ကဲ..... အခု ဘေးနည်းနည်းလေး ဖယ်လိုက်စမ်းပါ'



ချောင်သည် ကိုဒေါင်အကွယ်မှ ထွက်လာ၏။ လက်တစ်ဖက်တွင် ပစ္စတိုလ်တစ်လက်ကိုင်ထားပြီး ကျန်လက်တွင် လက်ပစ်ဗုံးတစ်လုံးကိုင်ထား၏။

'တစ်နေရာရာ သွားမလို့လား ဒရမ်မွန်'

'အဲဒီလို ယူဆတယ်'

ဒရမ်မွန်သည် သူ၏ကွတ်အင်္ကျီအိတ်ထဲသို့ မသိမသာ လက်ထိုးထည့်ရင်း ပြောလိုက်သည်။

'ဒါဘာလုပ်တာလဲ'

ထိုအချိန်မှာပင် တံခါးတစ်ချပ်ဘေးနောက်ကွယ်မှ ဖာမီယာထွက်လာသည်။ ရွှဲနစ်နေသော သူမကိုမြင်သည်နှင့် ဒရမ်မွန်သည် တအံ့တသြရေရွတ်လိုက်မိသည်။

'သောက်ကျိုးနဲ့ .....'

ချောင်က ညင်သာစွာ ပြုံးလိုက်သည်။

'ဘယ်သူမှ ဘယ်ကိုမှ မသွားရဘူး၊ ဒရမ်မွန် အစီအစဉ်ထဲမှာ မပါဘူး'

သူသည် လက်ပစ်ဗုံးစနက်တံကို ဆွဲဖြုတ်လိုက်ပြီး လေယာဉ်ကိုဒေါင်ထဲ ပစ်သွင်းလိုက်သည်။ ထိုလျှပ်တပြက် အချိန်လေးမှာပင် ဒရမ်မွန်သည် သူ၏အိတ်ထဲမှ ဒသမ ၃၈ ပစ္စတိုကို ချွတ်ထုတ်၍ ရမ်းသမ်းပစ်ထည့်လိုက်သည်။ ချောင်၏ ခေါင်းထက် သစ်သားစများ ဖွာထွက်သွားလေသည်။ ချောင်သည်လည်း အနောက်အဦးဘေးသို့ ကမန်းကတန်း ခုန်ဝင်လိုက်သည်။

ဒရမ်မွန်သည် ချာခနဲလှည့်ပြေးလိုက်သည်။ ခါရက်ကောင်ဟတ်စ်မှာလည်း ဇလင့်ရှိဗာပေါ်သို့ပင် ရောက်နေလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဘရက်ကောင်ဟတ်စ် ကားစက်နှိုးလိုက်ချိန်မှာပင် လက်ပစ်ဗုံး ပေါက်ကွဲသံ ပေါ်ထွက်လာပြီး လေယာဉ်ဂိုဒေါင်တစ်ခုလုံး ပြိုကျသွားလေသည်။

ထွက်စပြုနေသော ကားပေါ်သို့ ဒရမ်မွန်ခုန်တက်လိုက်ချိန်မှာပင် ချောင်သည် ပုန်းခိုနေရာမှ ထွက်လာပြီး သေနတ်ဖြင့် လှမ်းပစ်ခတ်လေသည်။

ဘရက်ကောင်ဟတ်စ်သည် လင့်ရိုဗာကားအား တောင်ကမူဘေးသို့ မောင်းချလိုက်သည်။ ချောင်၏ မမြင်ကွယ်ရာသို့ ရောက်သွားလေသည်။ ထိုအချိန်မှာပင် လေယာဉ်ဆီတိုင်ကီသည် ပြင်းထန်သော မြည်ဟိန်းသံကြီးနှင့် ပေါက်ကွဲသွားသည်။

'ခွေးမသားကြီး ဗုံးပေါက်တဲ့အထဲ ပါသွားပါစေ'

ဘရက်ကောက်ဟတ်စ်က အားရပါးရ ရေရွတ်ကျိန်ဆဲလိုက်သည်။

သူတို့သည် တောင်ကမူဘေးမှ ဝိုက်၍ ပန်းတက်ခဲ့ကြလေသည်။ တောင်ကုန်းထိပ်သို့ ရောက်သောအခါတွင် အောက်ရှိ လေယာဉ်ကွင်းကို ထင်ထင်ရှားရှား မြင်ရလေသည်။

ချောင်သည် မီးလောင်ကျွမ်းနေသော လေယာဉ်ဂိုဒေါင် နှင့် ခပ်လှမ်းလှမ်းတွင်ရပ်တန့်၍ သူတို့ကို လှမ်းကြည့်နေသည်။ သူနှင့်နှစ်ကိုက် သုံးကိုက်အကွာတွင် ရှုံ့ထဲ မျက်နှာမှောက်ကျနေသော ဖာမီယာကို တွေ့ရသည်။

ဒရမ်မွန်သည် ဒေါသလည်းမဖြစ်မိ၊ စိတ်လည်းမနာမိချေ။ အဘယ်ကြောင့် ဘယ်လိုဖြစ်ပွားသွားသည်ကိုလည်း စစ်ကြောမနေမိတော့ချေ။ ရှေ့လျှောက် အသက်ရှင်လွတ်မြောက်ရေးသာ



လျှင် အရေးကြီးလေသည်။ ထိုကိစ္စမှ [illegible] အကြောင်းရင်းကို ခေါင်းထဲမထည့်နိုင်တော့ချေ။

ဘရက်ကောင်ဟတ်စ်သည် တောင်ကုန်းထိပ်တွင် ကားကိုရပ်တန့်လိုက်သည်။ ကွင်းပြင်ထဲဆင်းရန်အတွက် အသင့်တော်ဆုံးလမ်းကို တွက်ဆကြည့်မိလေသည်။ မိုးသည်းထန်စွာ ရွာနေသည့်တိုင်အောင် လူများ လှုပ်လှုပ်ရွရွ သွားလာနေကြသည်ကို တွေ့ရလေသည်။

'သတင်းဆိုးဆိုတာ ပျံ့လွယ်တယ်'

ဒရမ်မွန်က မှတ်ချက်ချလိုက်သည်။

စစ်ရုံးချုပ်အပြင်ဘက်တွင် အတော်ပင် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ရှေ့တွင် ထရပ်ကားသုံးစီးရပ်တန့်ထားလေသည်။ ကားဒရိုင်ဘာများ အုပ်စုလိုက်စုဝေး၍ ကြားသိနေရသော သတင်းများကို ဆွေးနွေးနေပုံရသည်။

ဒရမ်မွန်သည် မိုးသံကို ခပ်အုပ်အုပ်ထိုးဖောက်လာသော အသံသဲ့သဲ့ကိုသတိထားမိသည်။ ရုတ်တရပ် ဘရက်ကောင်ဟတ်စ်က အော်ဟစ်လိုက်သည်။ ကောင်းကင်ပြင်ကို လက်ညှိုးထိုးလိုက်သည်။

တောင်ကုန်းများအထက်မှ လှမ်းပစ်လိုက်သော ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များ မိုးရေကို တဟုန်ထိုးခွင်း၍ ပြေးဝင်လာသည်။

ပထမဒုံးကျည်သည် စစ်ရုံးချုပ်ရှေ့တွင် ရပ်တန့်ထားသော ကားသုံးစင်းမှ ထိပ်ဆုံးရှိကားပေါ်သို့ တိုက်ရိုက်ကျသည်။ "အုန်း" တူသော အသံကြီးနှင့်အတူ ကားကြီးသည် လေထဲသို့မြောက်

www.burmeseclassic.com



[illegible]လေသည်။

အရှုံးပေးဖြတ်ပြေးသောသူများကို မီးလျှံ မီးဖွားစများ အပျက်အစီးများ လွှင့်ကျထိမှန်သွားစေသည်။

ဒုတိယနှင့် တတိယဒုံးကျည်သည် စစ်ရုံးနောက် မြေကြီးနှင့်သဲအိတ်များကို ထိမှန်သွားသည်။ ထိုအိတ်များသည် ကလေး ကစားစရာလေးများကဲ့သို့လေထဲမြောက်ကြွ အမှုန့်ဖြစ်သွားသည်။ ပေါက်ကွဲထိမှန်မှုမှ ထိခိုက်ဒဏ်ရာရပြီး သွေးရူးသွေးတမ်း ထွက်ပြေး လာသူများကို တွေ့ရ လေသည်။

နောက်ဆုံး ဒုံးကျည်နှစ်ခုမှာမူ စစ်ဌာနချုပ်၏ လက်နက် တိုက်ပေါ်သို့ တိုက်ရိုက်ကျသွားသည်။ မြေကြီးတုန်ခါသွားစေသော ပေါက်ကွဲသံကြီး ပေါ်ထွက်လာပြီး မီးခိုးများ လုံးတက်သွားသည်။ မြို့လေးကိုပင် ဖုံးလွှမ်းမတတ် အုပ်ဆိုင်းသွားသည်။

'မောင်းဗျာ'

ဒရမ်မွန်သည် ဘရက်ကောင်ဟတ်စ်၏ ပခုံးကို လက်နှင့် ပုတ်၍ နှိုးဆော်ပေးလိုက်သည်။

'ဘယ်ကို ..... အဲဒီကို ..... ခင်ဗျားရူးနေသလား'

ဘရက်ကောင်ဟတ်စ်ကအထိတ်တလန့် ပြောလိုက်သည်။

ဒရမ်မွန်သည် သူနှင့်စကားအခြေအတင်ပြောပြီး ငြင်းခုန် မနေတော့ချေ။ ဘရက်ကောင်ဟတ်စ်အား သူ့ဘက်သို့ ဆွဲလိုက် ပြီး ဘရက်ကောင်ဟတ်စ်နေရာတွင် ဝင်ထိုင်လိုက်သည်။

ဒရမ်မွန်သည် သူနှင့်စကားမပြောဘဲ တောင်အောက်သို့ တစ်ဟုန်ထိုး မောင်းနှင်ခဲ့လေသည်။ လက်နက်ဂိုဒေါင်မှ လိုက် တက်လာသော မီးခိုးလုံးကြီးသည် သူတို့ကားကို ဖုံးလွှမ်းသွား



လေသည်။

စစ်ဌာနချုပ်ရှေ့သို့ ထိုးဆိုက်လိုက်ချိန်တွင် မီးခိုးလုံးထဲမှ သူတစ်ယောက် ပြေးထွက်လာလေသည်။ ဓါတ်ဆီရွှဲနေသော သူ၏ ခန္ဓာကိုယ်မှာ မီးဟုန်းဟုန်းတောက်နေသည်။ သူသည် ငယ်သံပါ အောင် အော်ဟစ်ရင်းသက်ရှိမီးတုတ်ကြီးတစ်ခုကဲ့သို့ မြစ်ဘက်သို့ တစ်ဟုန်ထိုးပြေးသွားလေသည်။ မီးတောက်မီးလျှံသံများ လက်နက် ပေါက်ကွဲသံများကို ဖောက်ထွင်းလာသော အော်ဟစ်ညည်းညူ သံများ ကြားရလေသည်။

ဒရမ်မွန်သည် လူရုပ်ပျောက်အောင် မီးသင့်လောင်ထား သော အလောင်းတစ်လောင်းကို မတော်တဆ တက်ကြိတ်မိပြီး ထုံးခနဲရပ်လိုက်လေသည်။ နောက်မကြာမီ အော်ဟစ်သံများ ရပ်တန့် သွားလေသည်။ မီးညွန့်မီးတောက်အသံများသာ ပို၍ပြင်းထန်ပြီး မီးခိုးလုံးများ လွှမ်းမိုးနေလေသည်။ ထို့အပြင် ဒီးလ်၏ စစ်ရုံးပင်မက အနီးတစ်ဝိုက်မှအိမ်များမှာလည်း အုတ်ကျိုးပုံဖြစ်နေလေပြီ။

ဒရမ်မွန်ကားပေါ်မှ ခုန်ဆင်းလိုက်ချိန်မှာပင် ဟာမစ်သည် အဆောက်အဦပျက်ထဲမှ ဒယီးဒယိုင်ထွက်လာပေသည်။ သူ၏ စစ်ဝတ်စုံတချို့နေရာတွင် မီးခိုးအူနေလေသည်။

ဒရမ်မွန်သည် လေ့ကားထက်သို့ ပြေးတက်သွားသည်။ လဲပြိုတော့မတတ်ဖြစ်နေသော ဟာမစ်ကို ဆီးဖမ်းလိုက်သည်။

'သူငယ်ချင်း စိတ်တင်းထား၊ ခန့်ကြီးရော'

ဟာမစ်သည် သူ၏ညာဘက်ပါးပေါ်မှ သွေးများကို အမှတ်တမဲ့ သုတ်လိုက်လေသည်။

'မသိဘူး အဲထဲမှာရှိတာပဲ၊ အဆောက်အဦ တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးနေပြီ'

ဘရက်ကောင်ဟတ်စ် သူတို့အနား ရောက်လာချိန်မှာပင် ဒုတိယဒုံးကျည်တစ်သုတ် မြည်ဟည်းလာသံကို ကြားရလေသည်။

သူတို့သည် ဟာမစ်ကိုနှစ်ယောက်ကြားညှပ်ဆွဲ၍ အထဲသို့ ပြေးဝင်လာမိခဲ့သည်။ ကြမ်းပြင်ပေါ်ထိုးမှောက်လိုက်ချိန်မှာပင် မြေကြီးသိမ့်သိမ့်တုန်သွားပြန်လေသည်။

ပေါက်ကွဲမှုများ ရုတ်တရက်ပြန်လည် တိတ်ဆိတ်သွားလေသည်။

ဒရမ်မွန်သည် အုတ်နံရံတစ်ခုနားတွင် ဝပ်နေရာမှထလိုက်လေသည်။ ဘရက်ကောင်ဟတ်စ်သည် သူတို့အနီးသို့ ရောက်လာပြီးနောက် ဟာမစ်ကို ဆွဲထူပေးလိုက်သည်။

'ကျုပ်တို့ ဒီကထွက်မှဖြစ်မယ်၊ ဒရမ်မွန်အမြန်ဆုံးသွားမှ'

ဘရက်ကောင်ဟတ်စ်က တုန်တုန်ရီရီပြောလိုက်သည်။

ဒရမ်မွန်သည် သူ့ကို ဥပေက္ခာပြုလိုက်သည်။ နံရံကို မှီ၍ ဒဏ်ရာရထားသော နွားသိုးကဲ့သို့ ခေါင်းကို ဘယ်ညာယမ်းနေသော ဟာမစ်ကို မေးလိုက်သည်။

'ဒုံးကျည်တွေကျလာတော့ စော်ဘွားကြီးဘယ်မှာရှိနေလဲ'

ဟာမစ်၏မျက်လုံးတည်ငြိမ်သွားလေသည်။ သူသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

'ဆက်သွယ်ရေးခန်းထဲမှာ အဲဒီကဝင်'

တံခါးသည် ပတ္တာမှပြုတ်၍ တွဲလောင်းကျနေလေသည်။ အတွင်းခန်းမှာ ပြင်းထန်စွာ ပျက်စီးနေလေသည်။ စစ်သားလေးငါးဦး လဲကျနေကြသည်။ အသက်ကင်းမဲ့နေလေပြီလော၊



အသက်ရှိသေးသည်လည်း မသိနိုင်ချေ။ ပြတင်းပေါက် တစ်ပေါက်နားတွင်မှ စော်ဘွားကြီးကို ပွေ့လျက်ဒူးထောက်နေသော ...ယ်ကို တွေ့ရသည်။ အခန်းထောင့်တစ်ထောင့်တွင်မှ နားကြပ်များတပ်ဆင်ထားဆဲ ဆက်သွယ်ရေးသမားသည် ဆက်သွယ်ရေး ...တ်ဖြင့် အလုပ်ရှုပ်နေလေသည်။

ဒီးလ်၏ခန္ဓာကိုယ်တစ်ခုလုံး ဖုန်များပေလူးနေလေသည်။ သို့သော် သူ၏စစ်ဝတ်စုံ မီးသင့်လောင်စုတ်ပြတ်နေသည့်တိုင်အောင် ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာ ရထားပုံမရှိချေ။

ဒရမ်မွန်သည် သူ့အနားတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ခန်ကိုကြည့်လိုက်သည်။ ခန်၏ အင်္ကျီရင်ဘတ်တစ်ခုလုံး သွေးချင်းချင်းနီနေလေသည်။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါတွင် မျက်လုံးထဲတွင် သေခြင်းတရားကို တွေ့ရသည်။

သူသည် ဒရမ်မွန်ကို မမြင်သကဲ့သို့ ခဏကြည့်လိုက်ပြီး မှ အမြင်ကြည့်လင်သွားပုံ ရလေသည်။ သူသည် ဒရမ်မွန်အား သွေးစွန်းနေသောလက်ဖြင့် ဖမ်းဆုပ်ကိုင်လိုက်သည်။ ရေနည်းငါးကဲ့သို့ ပါးစပ်ပွင့်လိုက် ပိတ်လိုက် ဖြစ်သွားသော်လည်း အသံထွက်မလာချေ။ အတန်ကြာမှ အစ်တစ်တစ်အသံ ထွက်လာ၏။

'ကာရင်း ..... ကာရင်းကို အန္တရာယ်မဖြစ်အောင် တာဝန်ယူပါ၊ ကျုပ်ကို ကတိပေးပါ'

'စိတ်ချပါ၊ ကျုပ်ကတိပေးပါတယ်'

သူ့ကို ဆုပ်ကိုင်ထားသော ခန်ကြီး၏လက်မှာ ပို၍တင်းသွားလေသည်။ ခန်ကြီး၏ လည်ချောင်းထဲမှ အာလုတ်ကြီး ပေါ်လာလေသည်။ ခန်ကြီးသည် ရုတ်တရက် သွေးအန်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားလေသည်။

ဒရမ်မွန်သည် တင်းကျပ်စွာဆုပ်ကိုင်ထားသော ခန်ကြီး၏ လက်ကို အသာဖြေလိုက်လေသည်။ ဒီးလ်သည် ခန်၏အလောင်းကို ကြမ်းပြင်ပေါ်သို့ညင်သာစွာ ချလိုက်လေသည်။ ထို့နောက် သူ၏စစ်အင်္ကျီကိုချွတ်၍ အပေါ်မှ ဖုံးအုပ်လိုက်လေသည်။

'ဆေးရုံက အဖွဲ့ရောက်ပြီလား'

ဒရမ်မွန်က ဟာမစ်ကိုလှည့်၍မေးလိုက်သည်။ ထိုအချိန်မှာပင် ဘရက်ကောင်ဟတ်စ်အခန်းထဲသို့ ပြေးဝင်လာသည်။

'လင့်ရှိဗာကားကို မထိတာ တော်သေးတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့သုံးစရာယာဉ်ရှိသေးတယ်၊ ဟိုခွေးမသားချောင်တော့ ရေပြည်မှာ ချိုးကပ်နေလောက်ရောပေါ့'

ဟာမစ်သည် ဒရမ်မွန်ကို လှည့်ကြည့်လိုက်သည်။

'သူဘာတွေပြောနေတာလဲ'

'ကျုပ်တို့မိတ်ဆွေကြီး ချောင်က နစ်ဖက်လွှကြီးဖြစ်နေတယ်၊ သူပုန်တွေ ဒုံးကျည်နဲ့မပစ်ခင်မှာ ကျုပ်တို့လေယာဉ်ကို လက်ပစ်ဗုံးနဲ့ ရှင်းပစ်လိုက်တယ်'

'ဟင် ..... ဒါနဲ့သူဟာ ကွန်မြူနစ်ဆန့်ကျင်ရေးအဖွဲ့ရဲ့ ကိုယ်စားလှယ်ဆို၊ အဲဒီအဖွဲ့အစည်းနဲ့ ဆက်သွယ်တော့လဲ သူတို့လူလို့ထောက်ခံတာပဲ၊ သူတို့ချင်းလဲ မပြတ်တွေ့နေတာပဲ'

'စစ်နဲ့အချစ်မှာ သစ္စာဆိုတာ မရှိဆိုသလို နိုင်ငံရေးနယ်လာရင် ပိုဆိုးတယ်မဟုတ်လား။ ကျုပ်တို့ကို ကောင်းကောင်းအသုံးချပြီး သူပုန်အတွက် လက်နက်တွေသွင်းနေခဲ့တာပဲ၊ အခုတော့ ဘီလူးမှန်း လူမှန်း ပီပြင်သွားပြီ'



ဒရမ်မွန်သည် ပြောပြောဆိုဆိုပင် ဒီးလ်ကို လှမ်းကြည့်လိုက်သည်။

'ကဲ ..... အခုမှ အမှားတွေ အမှန်တွေ နောင်တတွေ သံဝေဂတွေ ရနေလို့ အကျိုးမရှိဘူး၊ ကျုပ်တို့ အိန္ဒိယနယ်စပ်ကို ရောက်အောင် ကုန်းလမ်းကပဲ ပြေးရမှာ၊ အိန္ဒိယတပ်မတော်နဲ့ရော အဆက်အသွယ်ရလား'

'မရဘူး၊ ဒါပေမဲ့ ရေဒီယိုသမားက ကြိုးစားနေတယ်'

ထိုစဉ်မှာပင် သေနတ်သံများ ပေါ်လာပြန်သည်။ သူတို့သည် အပြင်သို့လှမ်းကြည့်လိုက်သည်။ မြို့တစ်ခုလုံးကို အုပ်မိုးနေသောမီးခိုးလုံးများကြားတွင် တောင်မြောက်ပြေးလွှားနေသောလူများကို တွေ့ရသည်။

တစ်စက္ကန့်အကြာတွင် မြို့ကိုစီးနေသော တောင်ကုန်းပေါ်တွင် ပဝါနီပတ်ထားသော သူပုန်တစ်သားများ ပေါ်လာသည်။

သူပုန်များသည် ညာသံပေးအော်ဟစ်ပစ်ခတ်ရင်း တစ်ဟုန်ထိုး ပြေးဆင်းလာကြသည်။ သေနတ်သံများ အဆက်မပြတ်ပေါ်ထွက်လာသံနှင့် မြို့သူမြို့သားများ ယယ်သံပါအောင် အော်ဟစ်ပြေးလွှားသံများပေါင်းစပ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး သောသောညံညံအုတ်အုတ် ကျွက်ကျွက် လှုပ်ခတ်သွားသည်။

ဟာမစ်သည် ဒီးလ်ကို လှမ်းကြည့်လိုက်သည်။

'သူတို့ ဒီမရောက်ခင် ငါးမိနစ်ပဲ အချိန်ရမယ်၊ ခင်ဗျား အိန္ဒိယတပ်မတော် ဌာနချုပ်ကိုရအောင်ဆက်သွယ်ဖို့ လိုတယ်'

အဆောက်အဦ၏ ခေါင်မိုးတစ်စိတ်တပိုင်း မြိုကျသွားသည်။ မီးပွားမီးတောက်များ လွင့်စင်ကုန်သည်။ ဟာမစ်နှင့် ဒရမ်မွန်သည်

www.burmeseclassic.com

www.burmeseclassic.com



မီးမကူးစက်အောင် အပြေးအလွှားငြိမ်းသတ်လိုက်ကြသည်။

ဘရက်ကောင်ဟာတ်စ်သည် အပြင်ဖက်သို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့လေသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် လင့်ရိုဗာကား စက်နှိုးသံကြားရသည်။ ဒရမ်မွန်တံခါးဝသို့ရောက်ချိန်တွင် လင့်ရိုဗာကားသည် မီးခိုးကြားဝင်ရောက်ပျောက်ကွယ်သွားချေပြီ။

ဟာမစ်သည် ပယ်ပယ်နယ်နယ် ဆဲရေးတိုင်းထွာပြီး အတွင်းသို့ ပြန်ဝင်သွားသည်။ ဒရမ်မွန်သည် တဖြည်းဖြည်းဝေးကွာသွားသော လင့်ရိုဗာကားသံကို ဆက်လက်နားစွင့်နေမိခဲ့သည်။ ခဏအကြာတွင်မူ အိန္ဒိယတပ်မတော်နှင့် အဆက်အသွယ်မိ၍ စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်သော ဆက်သွယ်ရေးသမား၏ အသံကို ကြားရသည်။

တံခါးဘောင်ကို ကျည်ဆန်တစ်တောင့် ထိမှန်သွားသည်။ တစ်ချိန်တည်းမှာပင် သူပုန်တစ်စုသည် မီးခိုးများကြားမှ ပြေးထွက်လာသည်။ ဒရမ်မွန်သည် အခန်းထဲသို့ ပြန်ပြေးဝင်ခဲ့သည်။ ဟာမစ်သည် ပြတင်းပေါက်တစ်ပေါက်အနီးတွင် အကာအကွယ်ယူ၍ စတင်းဂန်းတစ်လက်ဖြင့် ကျည်ကပ်တစ်ကပ်လုံးကုန်အောင် မွှေယမ်း ပစ်ခတ်လိုက်သည်။ သူပုန်များသည် ဖရိုဖရဲလှည့်ပြေးသွားကြသည်၊

ဒီးလ်သည် သူတပ်ဆင်ထားသော ဆက်သွယ်ရေးနားကြပ်ကို ဖြုတ်လိုက်သည်။

'ကျုပ်တို့ ဒီနေရာက အမြန်ဆုံးခွာမှ ဖြစ်တော့မယ်။ ကိုယ့်ဘာသာကိုယ် အလွတ်ရုန်းပြီး မြစ်ကိုကူးရလိမ့်မယ်၊ ဒီလမ်းအတိုင်းတောင်ဘက်စူးစူးသွားရင် ဘန်ခေါင်းဆိုတဲ့ ရွာကိုရောက်



မယ်၊ အဲဒီမှာ ပြန်ဆုံကြမယ်'

သူတို့သည် စစ်ရုံးချုပ်၏ နောက်ဘက်တံခါးမှ ထွက်ခဲ့ကြသည်။ နောက်ဘေးဝင်းခြံကို ခြံစည်းရိုးခတ်ထားလေသည်။ နောက်ဘက်တွင် ထူးထူးခြားခြား တိတ်ဆိတ်နေလေသည်။ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် မီးခိုးများ အထက်သို့ လွင့်တက်နိုင်ခြင်းမရှိဘဲ အုံ့ဆိုင်းနေသည်။ မြင်ကွင်းမှာ အတော်မှုန်ဝါးနေသည်။

ဆက်သွယ်ရေးရဲဘော်သည် ခြံစည်းရိုးပေါ် ခြေတစ်ဘက်လှမ်းတင်လိုက်သည်။ ရုတ်တရက် အော်ဟစ်သံ တစချက်ပေါ်လာပြီး ဘယ်ဘက်ကိုက်သုံးဆယ်လောက်အကွာတွင် သူပုန်တစ်စုဘွားကနဲပေါ်လာသည်။။ သူပုန်သုံးလေးဦး တစ်ပြိုင်နက်တည်း ပစ်ခတ်လိုက်သောကြောင့် ဆက်သွယ်ရေးရဲဘော်သည် တစ်ချက်သာအော်ဟစ်နိုင်ပြီး နောက်သို့လန်ကျသွားသည်။

ဗိုလ်မှူးကြီးဒီးလ်သည် ခြံစည်းရိုးပေါက်တစ်ခုမှ တိုးထွက်ပြီး ကုန်းတက်ကလေးကို ပြေးတက်သွားသည်။ ဒရမ်မွန်သည် သူ့နောက်မှ ထပ်ချက်မကွာ လိုက်သွားလေသည်။ သူပုန်များ ပစ်ခတ်နိုင်အောင် မြွေလိမ်မြွေကောက် ပြေးတက်သွားကြခြင်းဖြစ်သည်။ ဒရမ်မွန်သည် သူ့နောက်မှ ဟာမစ်ပါလာသည်ကို သတိပြုမိသည်။ သူ၏ ပါးစပ်ထဲတွင် သွေးအရသာချိုချိုမြမြ ရောက်နေ၏။ သွားသို့မဟုတ် နှုတ်ခမ်းတစ်ခုခု ဒဏ်ရာရသွားသည် ထင်မိ၏။ ထို့နောက် မိုးရေထဲတွင် ချောပြောင်နေသောမြေကိုမည်း ရုပ်ကပ်တက်ခဲ့ကြလေတော့သည်။

သူသည် တောင်ကမူကိုကျော်၍ တစ်ဖက်ခြိမ့်ထဲလျှော၍

www.burmeseclassic.com

www.burmeseclassic.com



ထိုး ဆင်းလိုက်သည်။ ခြေထောက်တစ်ဖက်ကို ခလုတ်တိုက်မိပြီး ကားယားကြီး မှောက်သွားလေသည်။ သူ့နောက်မှ ထပ်ချက်မကွာ လိုက်ပါလာသော ဟာမစ်လည်း မှောက်ရက်လဲသွား၏။

သူ့ကို ခလုတ်တိုက်မိသွားသော ဒီးလ်မှာမူ ကုန်းဆင်း အတိုင်း ဒလိမ့်ကောက်ကွေး ကျသွားလေသည်။ မြစ်ကမ်းစပ်သို့ ရောက်သောအခါတွင် လူးလဲထ၍ မြစ်ထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက် လေသည်။

ဒရမ်မွန် ခေါင်းမော့ကြည့်လိုက်သည်။ သူနှင့် ဟာမစ်ကို ဝိုင်းရံလိုက်သော သူပုန်များကို မျက်နှာချင်းဆိုင်မိသွားလေ၏။ သူတို့ အဖမ်းခံလိုက်ကြရလေပြီ။



## အခန်း (၇)
## ဓါးသွား

ဆာဒါမြို့အပေါ် ဗုံးကျည်တိုက်ခိုက်မှုတွင် အကောင်း ဓကာတိ ကျန်ခဲ့သော အဆောက်အအုံတစ်ခုကား ဆာဒါမြို့၏ အကျဉ်းထောင်ပင်ဖြစ်လေသည်။ ဒရမ်မွန်သည် ဒုတိယအထပ်တွင် ရှိသော အကျဉ်းခန်းပြတင်းပေါက် သံတိုင်များကြားမှ အပြင်သို့ ငေးကြည့်နေမိခဲ့သည်။

မနက် ၁၀ နာရီလောက် ရှိချေပြီ။ ပမာဏတိုက်ပွဲပြီးစီး သည်မှာ ၄ နာရီမျှရှိလေပြီ၊ သို့သော်လည်း သည်းထန်စွာရွာသွန်း နေသော မိုးရေနှင့် မီးခိုးတို့ လုံးထွေးနေဆဲပင်ဖြစ်သည်။

မယုံနိုင်လောက်အောင်ပင် အေးမြနေလေသည်။ ပြတင်း ပေါက်တွင်းသို့ မိုးရေစက်များ ဖြန်းပက်လာလေသည်။ ဒရမ်မွန်သည် အိပ်စင်ပေါ်တွင် လှဲနေသော ဟာမစ်ကိုလှမ်းပြောလိုက်သည်။

'ဒီနှစ်ဆောင်းရာသီ အကျစောမယ်၊ ကျုပ် အရိုးထဲ

www.burmeseclassic.com

www.burmeseclassic.com



အသားထဲကပါ အလွန်အေးအောင် ခံစားမိတယ်'

'ခံစားနိုင်တုန်း ခံစားထားပေါ့ဗျာ၊ သိပ်ကြာကြာတော့ ချမ်းလိမ့်မယ် မထင်ပါဘူး'

'ခင်ဗျား အဲဒီလိုပဲပူဆသလား'

ထိုစဉ် မြစ်ကမ်းဘက်မှ စက်သေနတ်သံ ပေါ်လာပြန်သည်။

'အဲဒါ ခင်ဗျားရဲ့အယူအဆပဲ၊ ကွန်မြူနစ်တွေဟာ သူတို့ကို ဆန့်ကျင်နိုင်မယ်လို့ ယူဆနေသူမှန်သမျှကို ကျူငှတ်မကျန် သုတ်သင်ပစ်လိုက်တတ်တယ်၊ မြို့သိမ်းပြီးကတည်းက ပစ်ခတ်နေတာ ဘယ်မှာ ရပ်သေးလို့လဲ'

'ဒါဖြင့် ကျုပ်တို့ကို ဘာလို့မရှင်းသေးတာလဲ ဘာအတွက် အထူးတလည် လုပ်ထားနေလဲ'

ဟာမစ်သည် ဒရမ်မွန်၏စကားကို တုံ့ပြန်ချိန် မရလိုက်ချေ။ သော့ခလောက်တွင် သော့ထိုးထည့်လိုက်သည့်အသံကို ကြားလိုက်ရသည်။ အချုပ်ခန်းတံခါး ပွင့်သွား၏။ သူပုန်သုံးဦး ဝင်လာလေသည်။

အသက်ခပ်ကြီးကြီးတစ်ယောက်က ဒရမ်မွန်ကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

'ခင်ဗျားလိုက်ခဲ့ ခင်ဗျားနေခဲ့'

ဟာမစ်အနေဖြင့် ဘာမျှပြန်မပြောနိုင်ခင်မှာပင် ဒရမ်မွန်အား အခန်းအပြင်ဘက်သို့ တွန်းထုတ်သွားကြလေသည်။

အသက်ကြီးကြီး သူပုန်တပ်သားက ရှေ့မှဦးဆောင်သွား၏။ စက်သေနတ်များကို ကိုင်ဆောင်ထားသော ကျန်သူပုန်နှစ်ဦး



က ဒရမ်မွန်၏ နောက်မှ ရံလိုက်လာလေသည်။ သူတို့သည် အဆောက်အအုံနောက်ပိုင်းသို့ လျှောက်လာခဲ့ကြပြီး တံခါးပေါက်တစ်ပေါက်သို့ ရောက်သောအခါတွင် ရပ်တန့်လိုက်ကြသည်။

အဖွဲ့ခေါင်းဆောင်က တံခါးခေါက်လိုက်သည်။ ခဏနားစွင့်နေပြီးနောက် တံခါးကို တွန်းဖွင့်ပြီး ဦးဆောင်ဝင်သွားလေသည်။

ဤအခန်းသည် တစ်ချိန်က တောင်ပိုင်ကြီး၏ ရုံးခန်းဖြစ်လေသည်။ နံရံကပ်ကော်ဇောများ၊ သိုးရေခွံကော်ဇောများ ချိတ်ဆွဲခင်းကျင်းထား၏။ ကျောက်မီးဖိုကြီးတစ်ခုရှိပြီး ထင်းမီးများ တလျှံလျှံတောက်နေလေသည်။

ဒူးခေါင်းအထိရောက်သော သားရေဘွတ်ဖိနပ်ကြီးနှင့် သားမွေးတပ်သားသော စစ်အင်္ကျီဝတ်ဆင်ထားသော ပုဂ္ဂိုလ်ကြီးသည် မီးဖိုဘက်သို့ စူးစိုက်ကြည့်နေရာမှ လှည့်လိုက်သည်။

ထိုပုဂ္ဂိုလ်ကြီးသည်ကား ချောင်ဖြစ်လေသည်။

သူသည် ဒရမ်မွန်ကို စူးစူးစိုက်စိုက်ကြည့်ပြီး တည်ငြိမ်စွာ မေးလိုက်သည်။

'ခင်ဗျားပုံစံကြည့်ရတာ စိတ်ပျက်စရာပါလား ဒရမ်မွန်'

'ခင်ဗျားရဲ့ ကျေးဇူးတွေလေ ခွေးမသားကြီး'

'ခင်ဗျားနဲ့ကျုပ် ကိုယ်ရေးကိုယ်တာ ပြဿနာမရှိပါဘူး ဒရမ်မွန်၊ ဆန့်ကျင်ဘက် ရောက်နေကြတာပဲရှိတယ်၊ ဒါတွေက အောင့် ကံတရားပဲပေါ့'

'ခင်ဗျားက ဘာလဲ၊ နှစ်ဖက်လှလား။'

ချောင်သည် စားပွဲဆီသို့လျှောက်သွားလေသည်။ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



စောင်းတွင်ထိုက်လိုက်ပြီး ဒရမ်မွန်အား ခေါင်းတဆက်ဆက်ညိတ်ရင်း ကြည့်လိုက်သည်။

'ဒီအရပ် ဒီဒေသ ဒီမြေ ဒီရေကလူတွေကို ခင်ဗျားမြင်ဖူးပါတယ်၊ သူတို့ရဲ့ဘဝအကြောင်းကို သိပါတယ်၊ လက်တစ်ဆုပ်စာလူတစ်အုပ်က စည်းစိမ်ကျနေတုန်းမှာ ကျောက်ခဲရေညစ်ပြီး စားသောက်ရသလို ရှန်းကန်နေရတယ်၊ ကိုယ့်ကိုကိုယ် ပဒေသရာဇ်လို့ အမည်ခံပြီး ရေအိုင်လေးကို မင်းမူ တပ်သားလေး ၇၅ယောက်နဲ့ တပ်မတော်ဖွဲ့ ကိုယ်မင်းကိုယ်ချင်းနိုင်ငံဆိုပြီး ထူနေတာ ဘယ်သူ့အကျိုးတွက်လဲ၊ ခင်ဗျားတို့ရဲ့ သွားလေသူစော်ဘွားကြီးကို မေးချင်ပါတယ်၊ ဒါတွေဟာ ပြောင်းလွဲချိန်တန်ပြီ'

'ခင်ဗျားကပြောင်းလွဲပေးမယ်ပေါ့၊ ခင်ဗျားက ကယ်တင်ရှင်ကြီးပေါ့'

'ကျုပ်ဟာ စစ်ဦးစီးမှူးတစ်ယောက် အဆင့်ပဲရှိပါတယ်၊ ကျုပ်အထက်မှာ နိုင်ငံရေးမှူး ရှိပါသေးတယ်၊ သူသာလျှင် တကယ့်ခေါင်းဆောင်ပါ'

ဒရမ်မွန်က သရော်တော်တော် ရယ်မောလိုက်သည်။

'ခင်ဗျားက တရုတ်နှင့်ဥရောပသွေးနှောတဲ့လူ၊ ဒီအရပ်ဒေသကလူတွေက အိန္ဒိယသွေးနဲ့ တိဘက်သွေးနှောတဲ့လူမျိုးတွေသွေးမတော် သားမစပ် ဒီလူမျိုးတွေကို ခင်ဗျားက ကယ်ဆယ်မယ်၊ ဒီလို ကွန်မြူနစ်စကားတွေကို ကြားဖူးပေါင်းများနေပါပြီချောင်၊ ကိုယ်ကျိုးစွန့် နိုင်ငံရေးသမားတွေဟာ အာရပ်ပုံပြင်ထဲမှာပဲရှိပါတယ်'

'အေးလေ ခင်ဗျား ဘယ်လိုပြောပြော၊ ဘယ်လိုယူဆဆ



ကျုပ်အတွက် အကြောင်းမဟုတ်ဘူး၊ ခင်ဗျားကိုအခုခေါ်ရတဲ့အကြောင်းက မေးစရာရှိလို့ပဲ၊ အိမ်ရှေ့မင်းသားလေး ကာရင်းဘယ်မှာလဲ'

ချောင်၏အမေးကြောင့် ဒရမ်မွန် မျက်ခုံးမြှင့်သွား၏။

'မှာင် ..... ခင်ဗျား မသိဘူးလား'

'ကျုပ်တို့ ကာရင်းကိုရော၊ ဖာသာကာရီဂန်ကိုရော၊ ချက်နက်ကိုရော ရှာလို့မတွေ့ဘူး၊ ကျုပ်ရဲ့ ရဲဘော်တွေကလဲ ဒီနေရာတစ်ဝိုက် ပိုက်စိပ်တိုက် ရှာပြီးပြီ'

'အဲဒါကို ကျုပ်ကကူညီရမှာလား'

'ဘရက်ကောင်ဟာတ်စ်ဆီက သတင်းကြားတာနဲ့ ခင်ဗျားဆေးရုံကို သွားခဲ့တယ်ဆိုတာ ကျုပ်သိတယ်၊ ဖာမီယာပြောပြခဲ့တယ်'

ဒရမ်မွန်သည် အမှန်တရားကို အကာအကွယ်ယူရန် ဆုံးဖြတ် လိုက်သည်။

'ဟုတ်တယ်၊ အဲဒီမှာ ကျုပ်ဂျစ်ကားကို ထားခဲ့တယ်၊ ဖာသာကာရီဂန်ကို အမြန်ဆုံးထုပ်ပိုးပြီး လေယာဉ်ကွင်းလိုက်ခဲ့ဖို့မှာခဲ့တယ်၊ ခင်ဗျားလူတွေက လှုပ်ရှားတာမြန်လွန်းလို့ သူအချိန်မရလိုက်ဘူး ထင်တယ်'

'ဒါပေမဲ့ ဘရက်ကောက်ဟာတ်စ်ကိုလဲ ရှာလို့မတွေ့ဘူး၊ ခင်ဗျား အစီအစဉ်နှစ်ခုသုံးခု ရှိခဲ့မှာပါ သေချာပါတယ်၊ တစ်ဘက်က အဆင်မပြေ တစ်ဘက်က လှည့်ပြေးဖို့ကြံခဲ့မှာပဲ၊ ခင်ဗျားရဲ့ဉီးနှောက် အလုပ်လုပ်ပုံကို ကျုပ်က နောကြေပြီးသားပါ'

'ကျုပ်သွားလို့ ရပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျုပ်တို့နဲ့ပူးပေါင်းဆောင်ရွက်တာ ကျုပ်တို့ ပိုအကျိုးရှိ နိုင်တယ်၊ ခင်ဗျားအတွက် အခြေအနေကောင်းအောင် လုပ်ပေးနိုင် တယ်'

'နေပါဦး။ ခင်ဗျားက ဘာလို့သူတို့ကို ဒီလောက်တောင် အသည်းအသန် လိုချင်နေတာလဲ'

'သူတို့ကိုမဟုတ်ဘူး။ အိမ်ရှေ့စံ ကာရင်းကိုပဲ လိုချင်တယ်၊ ဒီလူတွေဟာ ရှေးရိုးအစဉ်အလာ အယူသည်းတဲ့လူတွေ ခန်းကြီး နေရာမှာ ခန်လေးကလွဲလို့ ဘယ်သူ့ကိုမှ လက်ခံမှာမဟုတ်ဘူး၊ အဲဒါကြောင့် သူ့ကိုရှာပြီး ဘုရင်နေရာမှာတင်ရမယ်၊ အရုပ်ပေါ့ဗျာ၊ ကျုပ်တို့က နောက်ကနေအုပ်ချုပ်နေမှာပဲ'

ဒရမ်မွန်က သရော်တော်တော်ပြောလိုက်သည်။

'အင်း ..... အဲဒါကလဲ ခင်ဗျားကွန်မြူနစ်တွေ ထိန်းသိမ်း လာခဲ့တဲ့ အစဉ်အလာ မလေ့ထုံးစံကြီးပဲမဟုတ်လား၊ ဒါနဲ့ စကား မစပ် ဖာမီယာ ဘယ်နေရာက ပါခဲ့တာလဲ'

'ခင်ဗျားကို မျက်ခြေမပြတ် ကြည့်နေဖို့ ငွေပေးခိုင်းထား ခဲ့တာ'

'ကောင်းပါတယ်လေ၊ ကောင်းပါတယ်'

ချောင်သည် ဒရမ်မွန်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ မျက်နှာထားမှာ တည်ငြိမ်နေသော်လည်း စိတ်လှုပ်ရှားနေမှုကို မြင်းရိုက်ကြာပွတ်ဖြင့် ပေါင်ကို တဖျတ်ဖျတ်ရိုက်နေသော လက်က သက်သေပြလေသည်။

'ကောင်းပြီ၊ သူ့ကိုခေါ်သွားတော့၊ ဟိုအိန္ဒိယ ဗိုလ်မှူးကို ခေါ်ခဲ့'



သူသည် အစောင့်ရဲဘော်များကို အမိန့်ပေးလိုက်သည်။

ဒရမ်မွန်သည် တံခါးဝတွင် ရပ်တန့် လည်ပြန်ကြည့်ရင်း ခေါင်းခါလိုက်သည်။

'အခုမှ ခင်ဗျား တကယ်အချိန်ဖြုန်းမှာပဲ'

❖ ❖ ❖ ❖ ❖

သူပုန်ခေါင်းဆောင်ကြီး ဟိုဆုန်သည် စော်ဘွားကြီး၏ နန်းတော်တွင် ရုံးဖွင့်ထားလေသည်။ သူသည် လေသာဆောင်တွင် ရပ်တန့်၍ ပန်းခြံကြီးကို စီးမိုးကြည့်လိုက်သည်။ သူသည်အတော်ပင် စိတ်မသက်သာ ဖြစ်နေပုံရလေသည်။ ဂနာမငြိမ်စွာ ခေါက်တုံ့ခေါက် ပြန် လျှောက်နေခဲ့သည်။

သူ၏ နောက်ဘက်မှ ချောင်ဟန့်သံကြား၍ လှည့်ကြည့် လိုက်သည်။ တံခါးဝတွင် ရပ်တန့်နေသော ချောင်ကိုတွေ့ရလေ သည်။

'တွေ့ပြီလား'

ဟိုဇန်က စိတ်အားထက်သန်စွာ မေးလိုက်သည်။

'မတွေ့သေးပါဘူး ခေါင်းဆောင်ကြီး'

ဟိုဇန်သည် လေသာဆောင်လက်တန်းကို လက်သီးဆုပ် ဖြင့် ထုချလိုက်လေသည်။

'ဒီကိစ္စမင်းမှာတာဝန်ရှိတယ်၊ စစ်ဦးစီးမှူး အမည်ခံထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီချာတိတ်လေး မလွတ်အောင်တောင် မထိန်းသိမ်းနိုင်ဘူးလား။ ငါဒီရောက်တဲ့အခါမှာ ချာတိတ်ဖလေး အသင့်ရှိစေလို့ ညွှန်ကြားထားခဲ့တယ် မဟုတ်လား'

'ကျွန်တော့်ရဲဘော်တွေမရောက်ခင်မှာပဲ ချာတိတ်လေးကို ဘုန်းကြီးနဲ့ အမေရိကန်မက ခေါ်ပြေးသွားပုံရတယ်၊ မြစ်ညာပိုင်းက သိုးထိန်းအုပ်စုတစ်စုကို မေးမြန်းပြီးပြီ၊ သူတို့ ဂျစ်ကားကို ဒီကနေ ၁၀မိုင်လောက်ဝေးတဲ့ ကွာလာရွာမှာ စွန့်ထားခဲ့တယ်လို့ ခုနကပဲ သတင်းရောက်တယ်၊ အဲဒီမှာ ကူးတို့ဆိပ်တစ်ခုရှိတယ်၊ ဒါပေမဲ့ ပျက်စီးနေတယ်၊ သူတို့လှေတစ်စင်းနဲ့ ဖြတ်ကူးသွားပုံရတယ်၊ ဘရက်ကောင်ဟတ်စ်ရဲ့ လင့်ရိုဗာကားကိုလဲ အဲဒီနေရာမှာတွေ့တယ်'

'သူတို့နောက်ကို ရဲဘော်တွေ လိုက်သွားပြီလား'

'လိုက်လို့မရဘူး ရွာထဲမှာ လှေတစ်စင်းမှမရှိဘူး၊ လှေမရှိရုံမကဘူး၊ လူတစ်ယောက်မှ မရှိဘူး၊ အားလုံးတစ်ဖက်ကမ်းကို ထွက်ပြေးသွားပုံရတယ်။ အခု ပိုဆိုးတာက မိုးရေကြောင့် မြစ်ရေကြီးနေတယ်'

'မြစ်ကို ကူးနိုင်တဲ့နေရာမရှိဘူးလား'

'ဒီနားမှာတော့ မရှိဘူး'

ချောင်သည် သံပန်းစားပွဲကြီးပေါ်တွင် မြေပုံတစ်ချပ်ဖြန့် ခင်းလိုက်သည်။

'ဒီကနေ မြောက်ဘက်မိုင် ၂၀လောက်အကွာမှာ ကာမာဆိုတဲ့ ရွာရှိတယ်၊ အဲဒီမှာ မြစ်လည်းကျယ်တယ်၊ တိမ်လည်း တိမ်တယ်၊ အိန္ဒိယကိုသွားဖို့ လမ်းတစ်လမ်းပဲရှိတယ်၊ သူတို့မှာ



ဘားလဲမရှိဘူး၊ တခြားသယ်ယူပို့ဆောင်ရေးယာဉ်လည်းမရှိဘူး၊ တစ်ယောက်ကအဘိုးကြီး၊ တစ်ယောက်ကကလေး၊ တစ်ယောက်ကမိန်းမဆိုတော့ တောတောင်ထဲက ဖြတ်လို့မရဘူး၊ ခရီးကြမ်းလွန်းလို့ ခံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် အဲဒီအဝေးပြေးလမ်းကနေပဲ နယ်စပ်အထိ သွားလိမ့်မယ်၊ ကျွန်တော်တို့က နယ်စပ်မရောက်ခင် အုပ်မိအောင်လိုက်ရမယ်'

ခေါင်းဆောင်ကြီးဟိုဆန်သည် ကုလားထိုင်ကို နောက်မှီထိုင်လိုက်သည်။ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းတွင် တပ်လိုက်သည်။ ချောင်က အသင့်မီးတို့ပေးလိုက်သည်။

'ငါတစ်ခု စိတ်ပူမိတယ် ..... သူတို့မှာ တခြားအစီအစဉ်တွေ ရှိခဲ့သလား၊ မြစ်တစ်ဖက်မှာ အသင့်စောင့်နေတဲ့ ကားတွေဘာတွေရှိခဲ့သလား၊ သူတို့ကာမာအထိ မောင်းပြီး ဂျစ်ကားနဲ့ကူးဖို့ကြိုးစားနိုင်တာတောင် မကြိုးစားခဲ့တာ စဉ်းစားစရာပဲ၊ မင်းပြောတဲ့ ဒီဒရမ်မွန်ဆိုတဲ့လူ၊ သူတကယ်ပဲ ဘာမှမသိဘူးလား'

'ဒရမ်မွန်နဲ့ ပတ်သက်လာရင် ဘယ်တော့မှ ကံသေကံမ ပြောလို့မရဘူး၊ အဲဒီ ဟာမစ်ကလည်း ပထန်လူမျိုးပီပီ ခေါင်းမာတယ်'

'သူတို့ကို နည်းမျိုးစုံ စစ်ဆေးပြီးပြီလား'

'အဲဒီလို ခစ်ဆေးဖို့အချိန်လိုတယ် ခေါင်းဆောင်ကြီး၊ နောက်ပြီး ဒရမ်မွန့်ကို အချိန်ယူပြီး အသေးစိတ်စစ်ဆေးဖို့လိုတယ်၊ နောက်ပြီး ကြေးအများဆုံးပေးတဲ့နိုင်ငံကို လက်လွှဲလိုက်လို့ရတယ်'

'ဘာသဘောလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒရမ်မွန်ဟာ ဗြိတိသျှထောက်လှမ်းရေးမှူးတစ်ယောက်ပဲ'

'ဩော် ..... ဒီလိုလား'

ချောင်က တွံ့ဆိုင်းဆိုင်းဖြစ်သွားလေသည်။

'ကျွန်တော်တို့ ကားရင်းနောက် မလိုက်ခင်မှာ သူတို့ကို နောက်ဆုံးနည်းတစ်နည်းနဲ့ စစ်ဆေးကြည့်ချင်တယ်၊ လှည့်ကွက်ကလေးတစ်ခုပါ။ သူတို့သိတာ ရှိလိုရှိငြားပေါ့'

'စိတ်ဝင်စားစရာ ကောင်းမယ့်ပုံပဲ၊ ငါလဲလိုက်ခဲ့မယ်၊ အချိန်ဖြုန်းတာ မဟုတ်ပါစေနဲ့လို့ပဲ မျှော်လင့်ပါတယ်'

ထိုသို့ ခေါင်းဆောင်ကြီး ဟိုဆန်ကပြောလိုက်သည်။

❖ ❖ ❖ ❖ ❖

BURMESE CLASSIC

မြစ်ပြင်ကိုဖြတ်သန်းလာသော လေသည် ဓါးသွားကဲ့သို့ ရှလှ၏။ ဒရမ်မွန်သည် ချမ်းလွန်းစွာ ခိုက်ခိုက်တုန်သွားသည်။ သူသည် အကြောအခြင်များပြေသွားစေရန် လက်များကို ဖြေလိုက်လျှော့လိုက်ကစားမိ၏။ သူ၏လက်ကောက်ဝတ်တွင် ချည်နှောင်ထားသော သံနန်းကြိုးများ အသားထဲနစ်ဝင်သွားသောကြောင့် တွန့်သွားလေသည်။

သူ၏ဘေးတွင် ဟာမစ်ရှိလေသည်။ အခြားတစ်ဖက်တွင်မူ တိတ်ဆိတ်စွာ ရှိုက်ငိုနေသော ဒီးလ်၏ စစ်သည်တစ်ယောက်ရှိလေသည်။ ထိုစစ်သည်လေး၏ စစ်ဝတ်စုံမှာ စုတ်ပြတ်သပ်နေသည်။ မကြာခဏ ချောင်းဆိုးပြီး ချောင်းဆိုးလိုက်တိုင်း ပါးစပ်ထဲမှ သွေးအန်ကျလေသည်။ ခဏအကြာတွင် မှောက်လျက်လဲကျ



သွားသည်။ ပြီးသက်သွားလေသည်။ မလှမ်းမကမ်းတွင် ရပ်နေသော အစောင့်များက ထိုအဖြစ်ကို လုံးဝအရေးမထားကြချေ။

စော်ဘွားကြီး၏ တပ်မတော်သုံး စစ်ကားကြီးရောက်လာသည်။ ကားပေါ်တွင် သူပုန်တပ်သား ၁၂ဦးမျှ ရှိလေသည်။ ထိုကားသည် ကိုက်၄ဝအကွာလောက်တွင် ရပ်တန့်သွားသည်။ ကားပေါ်တွင် ဆုံလည်စက်သေနတ်ကြီး တစ်လက်ပါရှိလေသည်။

ဒရမ်မွန်သည် နောက်ပြန်ထိုင်လိုက်သည်။ ဒူးထောက်နေသော လူတန်းကြီးကိုကြည့်လိုက်သည်။ အားလုံး အယောက် ၃ဝ လောက်ရှိပေမည်။ အများစုမှာ ဒီးလ်၏ ရဲဘော်များပင်ဖြစ်သည်။ လက်နက်ကိုင်ဆောင်ထား၍ ဖမ်းဆီးခံရသော တိုင်းရင်းသားအချို့ ပါဝင်လေသည်။

ဂျစ်ကားတစ်စင်း မောင်းဝင်လာပြီး ထရပ်ကားကြီးများနောက်တွင် ရပ်တန့်လိုက်သည်။ ဟာမစ်က လျင်မြန်စွာလှမ်းပြောလိုက်သည်။

'ညွှိသည်လာတယ် ဒရမ်မွန်'

ချောင်သည် သူတို့ထံသို့ လျှောက်လာသည်။ သူ၏ဘေးတွင် ခေါင်းဆောင်ကြီးဖိုးပါလာသည်။ သူတို့သည် ဒရမ်မွန်တို့နှင့် မလှမ်းမကမ်းတွင် ရပ်တန့်လိုက်သည်။

'ဒီလူတွေလား ချောင်'

ချောင်က ခေါင်းညိတ်လိုက်လေသည်။

'ကဲ ..... အချိန်ဖြုန်းမနေတာ အကောင်းဆုံးဖြစ်မယ်လို့ထင်တယ်၊ လူကြီးမင်းတို့ ရာသီဥတုကလဲ မကောင်းသွားလေ၊ အဲဒီကက်သိုလစ်ဘုန်းကြီးနဲ့ ခန်လေးဘယ်ရောက်နေလဲ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



ပြေပြေလည်လည်ဆက်ဆံရင် အားလုံးအဆင်ပြေသွားမယ်၊ မဟုတ်ရင်တော့'

ခေါင်းဆောင်ကြီးက ပြောလိုက်သည်။

ဒရမ်မွန်နှင့် ဟာမစ်က သူ့ကိုခပ်တည်တည် စူးစိုက်ကြည့်လိုက်သည်။ ချောင်သည် ဒေါသတကြီးနှင့် နှာမှုတ်လိုက်သည်။

'ခင်ဗျားဟာ တကယ့်လူမိုက်ပဲ ဒရမ်မွန်၊ ဒါပေမယ့် မဆန်းပါဘူး၊ ခင်ဗျားဟာ ထာဝရလူမိုက်ပါ၊ ခင်ဗျားရဲ့ ဂျစ်ကားကို ကွာလာရှာနားမှာတွေ့ခဲ့တယ်၊ သူတို့မြစ်ကို ဖြတ်ကူးပြေးသွားပြီဆိုတဲ့သဘောပဲ၊ သူတို့ဝေးဝေးလံလံ မရောက်ပါဘူး၊ စိတ်ချ'

ချောင်နှင့်ဟိုဆန်သည် စစ်ကားများဆီသို့ ပြန်လျှောက်သွားလေသည်။ ဟိုဆန်သည် ဂျစ်ကားပေါ်သို့ ပြန်တက်သွား၏။ ချောင်သည် စက်သေနတ်ကြီးအနီးတွင်ရပ်တန့်နေသော ရဲဘော်ကို လှမ်းကြည့်လိုက်သည်။

'မင်းကိုအမိန့်ပေးထားတာ မှတ်မိတယ်မဟုတ်လား၊ အဲဒီကုလားနဲ့ အင်္ဂလိပ်နားရောက်ရင် ဆက်မပစ်နဲ့တော့၊ သူတို့တစ်ယောက်ယောက် ထိနိုက်သွားရင် မင်းခေါင်းပြတ်ပြီသာမှတ်'

သူသည် ပြောပြောဆိုဆိုပင် ဂျစ်ကားပေါ်သို့ ပြန်တက်သွားသည်။ ဟိုဆန်သည် သူ့ကိုလှမ်းပြုံးပြပြီး စီးကရက်တစ်လိပ်ကမ်းပေးလိုက်သည်။

'မင်းပြောတာမှန်တယ်၊ ဒီကိစ္စဟာ စိတ်ဝင်စားစရာ ဖြစ်နိုင်တယ်'

ဒရမ်မွန်သည် စိုစွတ်နေသော မြေပြင်ကို ငေးကြည့်ရင်း ဖြစ်လတ္တံ့သောကိစ္စကို စောင့်ဆိုင်းမိလေသည်။ သူ၏အတွေးသည်



မြစ်တစ်ဖက်ကမ်းသို့ ရောက်သွားပုံရသော ဟာသာကာမိုဂန်မျက်နှာနှင့် ခန့်လေးထံရောက်သွား၏။ ဟာသာကြီးအဖွဲ့ အများအပေး ဆက်လက်ခရီးနှင်နေပါစေဟုသာ ကျိတ်၍ ဆုတောင်းနေမိလေသည်။ သို့တိုင်အောင် အိန္ဒိယနယ်ခြားကအတော်ပင် လှမ်းသွန်း၏။ မိုင် ၃၀၀ မျှပင် ကွာဝေးလေသည်။

သူပုန်တပ်များထဲမှ ရယ်မောသံ ပေါ်လာသောကြောင့် ဒရမ်မွန်သတိဝင်လာလေသည်။ သူတို့သည် အကျဉ်းသားများ၏ အနီးလျှားဖက်သို့ လျှောက်လာလေသည်၊ ဒရမ်မွန်သည် ခေါင်းငုံ့၍ ငြိမ်သက်နေလိုက်သည်။ ဖြစ်လိုရာ ဖြစ်ပါစေတော့ဟု။

သူသည် ရင်ဘတ်တည့်တည့် အကန်ခံလိုက်ရသည်။ မြေကြီးပေါ် လိမ့်သွားလေသည်၊ အသက်ကို ဖုတ်လိုက်ဖုတ်လိုက်ရှူလေသည်။ သူ၏လက်ကောက်ဝတ်မှ ဝါယာကြိုးကို ဆွဲဖြုတ်ခံလိုက်ရသည်။ နံကြားထဲ တစ်ချက်ကန်ခံလိုက်ရပြန်သည်။ ထို့နောက် ဆွဲထူခံလိုက်ရလေသည်။

သူပုန်တစ်ယောက်သည် သူ့ကို ဖော်ရွေစွာပြုံး၍ ဂေါ်ပြားတစ်ချောင်း ထိုးပေးလိုက်လေသည်။

ဒရမ်မွန်သည် ဟာမစ်ကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။ ထို့နောက် တက်ညီလက်ညီ ကျင်းတူးကြတော့သည်။

မြေကြီးမှာပျော့ပြီး သဲမြေရော၏။ အလွယ်တကူ တူးခွဲ၍ရသည်။ သူတို့ဘေးတွင် အခြားအကျဉ်းသားများ ရှိလေသည်။ သူတို့အားလုံး ကျင်းများတူးနေကြလေသည်။ သိပ်မကြာခင် အချိန်မှာပင် ဤကျင်းထဲသို့ ရောက်တော့မည်မှန်း သဘောပေါက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းထန်လာလေသည်။ သူပုန်များသည် ယင်းတို့ စစ်ယာဉ်များဆီသို့ ပြေးလွှား၍ အရိပ်ခိုကြသည်။ အစောင့်တစ် ယောက်သာ ထားခဲ့ပေသည်။ အစောင့်၏ လက်ထဲတွင်မူ မောင်း တင်ပြီးသော စက်သေနတ်ကအသင့်။

မြောင်းရှည်ကြီးမှာ နစ်ပေမျှ နက်လာလေသည်။ မည်မျှ အနက်အထိ တူးခိုင်းမည်မသိဟု ဒရမ်မွန်က တွေးလိုက်မိသည်။ ပုံမှန်အားဖြင့် မြေပုံတစ်ခုက ၆ပေနက်လေ့ရှိသည်။ ဤသူပုန်များက ထိုအစဉ်အလာကို ထိန်းချုပ်မှုထိန်းမည်ဟု ထင်သည်။ လူသေမြှုပ် နိုင်လောက်အောင်နက်နေလျှင် တော်ပြီဟု သတ်မှတ်မည်ဟု ထင်သည်။

ဒရမ်မွန်သည် သူ့ဂေါ်ပြားပေါ် လက်ထောက်၍ ခဏနား လိုက်သည်။ ဟာမစ်က သူ့အနားကပ်လာလေသည်။

'ကျုပ်တို့ အချိန်သိပ်ရှိပုံမရဘူး'

ဒရမ်မွန်က ပြောလိုက်သည်။

ဟာမစ်သည် မြစ်ဘက်မှလိမ့်တက်လာနေသော နှင်းမြူထု ကို လည်ပြန်ကြည့်လိုက်သည်။

'အချိန်ဆိုတာ ဆွဲဆန့်လို့ရပါတယ်၊ ခင်ဗျားကိုက်တစ်ရာ အပြေးစံချိန် ဘယ်လိုနေလဲ'

ဒရမ်မွန်က နားမလည်စွာ မျက်မှောင်ကုပ်လိုက်သည်။

'ခင်ဗျား ဘာတွေပြောနေလဲ'

'ဒါပဲ.....'

ဟာမစ်သည် မာထန်စွာပြောလိုက်ပြီး ဒရမ်မွန်၏မျက်နှာ ကို ပြင်းထန်စွာ ရိုက်လိုက်သည်။



ဒရမ်မွန်သည် နောက်သို့ယိုင်သွားလေသည်။ တဒင်္ဂမူးဝေ [illegible]သွားပုံရသည်။ အစောင့်သည် အနားသို့ အပြေးအလွှားရောက် [illegible]သည်။ မြောင်းထက်မှနေ၍ ပြူးကြည့်လေသည်။

ဟာမစ်သည် အစောင့်လည်ပင်းကို ဂေါ်ပြားဖြင့်ခုတ်လိုက် [illegible]သည်။ အစောင့်သည် အသံတစ်စုံတစ်ရာမျှ မပြုနိုင်ဘဲ မြောင်းထဲ [illegible] ထိုးကျသွားလေသည်။

ထိုအချိန်တွင် မိုးသည်းထန်လွန်းသောကြောင့် စစ်ကားကို [illegible] ရေးရေးမျှသာ မြင်ရလေသည်။ ဟာမစ်သည် အစောင့်၏ [illegible]က်သေနတ်ကို ကောက်ဆွဲလိုက်သည်။ မြောင်းထဲမှခုန်ထွက်၍ [illegible]ဘက်သို့ တဟုန်ထိုးပြေးသွားလေသည်။ ဒရမ်မွန်သည် သူ့ [illegible]က်မှ တစ်ပါတည်းပြေးလိုက်သွားသည်။

သူသည် နောက်ဖက်မှအော်ဟစ်သံများကြား၍ လည်ပြန် [illegible]ကြည့်လိုက်လေသည်။ အသက်ဘေးမှလွတ်ရန် အသည်းအသန် [illegible]ပြေးလွှားလိုက်ပါလာသော အကျဉ်းသားတန်းကြီးကို [illegible]တွေ့လိုက် သည်။

သူပုန်တပ်သားများသည် မြောင်းနှုတ်ခမ်းသို့ အပြေး [illegible]လွှားရောက်လာလေသည်။ ပြေးလိုက်လာရင်း ပစ်ခတ်လာ [illegible]သည်။ စစ်ကားပေါ်မှ စက်သေနတ်သံလည်း ပေါ်ထွက်လာ [illegible]သည်။ သူတို့၏ခေါင်းထက်မှ ကျည်ဆန်များပလူပျံသွားသည်။

မြစ်နှင့် သိပ်အလှမ်းမကွာတော့ချေ။ ဒရမ်မွန်သည် ရေ [illegible]ရသည်နှင့်အမျှ ဖနောင့်နှင့်တင်ပါး တသားတည်းဖြစ်အောင် [illegible]မြင့်လိုက်သည်။ သူ့ပခုံးကို ကျည်ဆန်တစ်ချက်မှန်သွားသော [illegible]ကြောင့် ဟတ်ထိုးပစ်လဲသွား၏။ ဟာမစ်သည် ရုတ်ချည်းပင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ အနားသို့ရောက်လာလေသည်။ သူ့ကို ဆွဲဝှဲလိုက်ပြီး ကုန်းဆင်းအတိုင်း ရေစပ်သို့ လိမ့်ဆင်းလိုက်လေသည်။

မြစ်ရေကြီးနေ၏။ လှိုင်းထန်နေ၏။ မြစ်ကြောင်းအတိုင်း မျောလာသော သစ်ကိုင်းသစ်ခွေးတုံးများသည် ဝဲကတော့များသည် ခလောက်ဆန်နေအောင် ချာချာလည်နေလေသည်။

ဒီလ်၏ရဲဘော်တစ်ဦးသည် ရေစပ်တွင်ရပ်နေသော သူတို့နှစ်ဦးကို ဖြတ်ကျော်ပြေးတက်သွားသည်။ အသက်ဘေးမှလွတ်အောင် အားစိုက်ပြေးနေရသောကြောင့် သူ၏မျက်နှာမှာ သွေးရောင်လွှမ်းနေလေသည်။ မျက်လုံးအောက်မှ ပါးစပ်စွန်းအထိရောက်သော ဒဏ်ရာဟက်တက်ကြီးသည် ဖြူဝင်းနေလေသည်။ သူသည် ရေထဲသို့ခုန်ဆင်းပြီး အပြင်းအထန် ကူးခတ်လေသည်။

တဒင်္ဂအတွင်းမှာပင် ကြမ်းတမ်းသော ရေစီးကြောင်းနှင့် မျောပါသွားလေသည်။ ထို့နောက် သည်းထန်သော မိုးစက်နောက်ကွယ်တွင် ပျောက်ကွယ်သွားလေသည်။ အခြားအကျဉ်းသားများလည်း တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းကြလေသည်။ အချို့ဒဏ်ရာများမှာ. သွေးစိမ်းရှင်ရှင်ထွက်နေသေးသည်။ အချို့ကရှေ့နောက် အန္တရာယ်နှစ်ရပ်လုံးကို ထိတ်လန့်ပုံဖြင့် ခြေကားယားလက်ကား ယား ခုန်ချကြလေသည်။

'သူတို့ငါးမိနစ်တောင်ခံမှာမဟုတ်ဘူး၊ ရေက သွေးခဲမတတ် အေးနေမှာ'

ဟာမစ်က အော်ဟစ်ပြောလိုက်သည်။

ထိုအချိန်မှာပင် သူတို့ခြေရင်းနားသို့ ကျည်ဆန်တစ်တောင့်ကျလာလေသည်။ ရွံ့များ စင်ထွက်လွင့်ပျံသွား၏။ ဟာမစ်သည်



တောင်ကမူထိပ်နားတွင် သူပုန်စစ်သည်လေးဦးပေါ်လာချိန်မှာပင် ချာခနဲလှည့်မိပြီး ဖြစ်သည်။ သူ၏စက်သေနတ်ဖြင့် မွှေ့ယမ်းပစ်ခတ်လိုက်သည်။ သူပုန်နှစ်ဦးကျသွားပြီး နှစ်ဦးသည် ကျောက်တုံးများနောက်သို့ ခုန်ဝင်လိုက်လေသည်။

သို့သော်ထိုအချိန်မှာပင် တောင်ကုန်းထိပ်သို့ သူပုန်အများအပြားရောက်လာလေသည်။ ဟာမစ်သည် သူ၏ စက်သေနတ်ဖြင့် မွှေ့ယမ်းဆွဲလိုက်ပြန်သည်။ ရန်သူများ ပြေးပုန်းနေကြချိန်မှာပင် သေနတ်ကျည်ဆန် ကုန်သွားလေသည်။

ဟာမစ်သည် အသုံးမကျသောသေနတ်ကို လွှင့်ပစ်လိုက်ပြီး ဒရမ်မွန်နှင့်အတူ မြစ်ထဲသို့ ပြေးဆင်းလိုက်လေသည်။ မြစ်ကမ်းစပ်နားတွင် ပေါက်ရောက်နေသော ခြုံပုတ်များဘက်သို့ အသည်းအသန်ပြေးလာခဲ့ကြသည်။ ယင်းတို့ပတ်ပတ်လည်တွင် ကျည်ဆန်များကျလာသောကြောင့် ရေပြင်သည် ပွက်ပွက်ထသွားလေသည်။ ထို့နောက်တွင် သူတို့သည် ခါးလယ်အထိနက်သောရေထဲရောက်သွားပြီး သည်းထန်စွာရွာသွန်းနေသော မိုးရေမိုးပေါက်တို့ ကာရံလိုက်သောကြောင့် မြင်ကွင်းမှကွယ်သွားလေသည်။

ရေသည် ရိုးတွင်းခြင်ဆီခဲမတတ် အေးစက်နေသည်။ သူတို့ သည် တဖြည်းဖြည်း နီးကပ်လာသော ရန်သူများ၏အသံကို ကြားရလေသည်။ ထို့ကြောင့် မြစ်အောက်ဖက်သို့ ဆက်လက်ကူးလာခဲ့ သည်။

ကိုက် ၅၀လောက်အကွာတွင် မြစ်ကွေးသွားလေသည်။ ရေမျောလာခဲ့သော သစ်ပင် သစ်ကိုင်းများသည် ထိုမြစ်ကွေးနေရာတွင် စုပြုံနေပေသည်။ ထိုသူတို့သည် ထိုနေရာသို့ ကူးခတ်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ သစ်ကိုင်းသစ်ခက် ဒိုက်သရောပုံအလယ်တွင် ဝင်ရောက်နိုအောင်းလိုက်လေသည်။

သူတို့သည် သစ်ကိုင်းများကို ဆွဲကိုင်၍ အသက်ရှူရှိုက်လေးခေါင်းဖော်ထားခဲ့လေသည်။ ကမ်းစပ်မှ အသံများကြားရပြီး ရန်သူ ၆ ဦးခန့် ပေါ်လာသည်။ မြစ်ကမ်းစပ်အတိုင်း ချုံပုတ်များကို တိုးဝှေ့လာကြသည်။

သူတို့နှင့် ဆယ်ကိုက်မျှပင်မလှမ်းတော့ချေ။ ဒရမ်မွန်သည် ရှေ့မှဦးဆောင်သူ၏ နီရဲသောမျက်နှာကို ပီပီပြင်ပြင်မြင်နေရသည်။ သူ၏လက်ထဲမှာ စက်သေနတ်ကို အသင့်မောင်းတင်ထား၏။

အသက်ရှူမဝသော မိနစ်များ ကြာညောင်းလာသည်။ ချောင်း၏အေးမြမှုက အသားထဲသို့တိုးဝင်လာသည်။ ခန္ဓာကိုယ်တုံကျင်လာသည်။ သူပုန်တပ်သားများသည် တစ်စုံတစ်ရာဆွေးနွေးညှိနှိုင်းနေပုံရသည်။ ခဏအကြာတွင် နှစ်ယောက်တစ်ယောက်စီတွဲလျက် လှူချင်းခွဲလိုက်ကြသည်။ သည်းထန်သော မိုးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

'ကဲ ..... အခု ဘာလုပ်ကြမလဲ'

ဒရမ်မွန်က မေးလိုက်သည်။

'လုပ်စရာတစ်ခုပဲရှိတယ်၊ ဒီသစ်ပင်လုံးတစ်ခုကိုခိုပြီး ဟိုဘက်ကမ်းရောက်အောင်ကူးရမှာပဲ၊ ဒီဘက်ကမ်းမှာတော့ သူပုန်တွေ ပျားပန်းခတ်မတတ်ပဲ၊ ငါးမိနစ်ထက် ခံနိုင်ဖို့ အလားအလာမရှိဘူး'

ဟာမစ်သည် သစ်ကိုင်းကို လက်လွှတ်ပြီး အခြားသစ်ကိုင်းသို့ ကူးသွားမိလေသည်။ ဒရမ်မွန်က နောက်မှလိုက်သွားသည်။



သစ်မျောပုံကြီး၏ အဆုံးသို့ ရောက်သောအခါတွင် ရေစီးကြောင်းနှင့်လိုက်ရန် အားပြင်နေသောသစ်တုံးတစ်လုံးကို တွေ့ရလေသည်။

သူတို့သည် ထိုသစ်တုံးကို ခွစီးလိုက်သည်။ ငြိတွယ်နေသော သစ်ကိုင်းများ နောက်ပြန်ကန်ပစ်ခဲ့သည်။ သူတို့သည် မကြာခင်မှာပင် ရေစီးကြောင်းနှင့် တစ်ဟုန်ထိုးလွင့်မျောပါသွားလေသည်။

ဒရမ်မွန်သည် သစ်တုံးကြီးကို ပွဲထိန်းရန် ကြိုးစားကြည့်၏။ သို့သော် ရေစီးသန်လွန်းသောကြောင့် သူ၏ ခြေကန်အားမှာ အရာထင်ရန် နေနေသာသာ အရိပ်ပင်မထင်ချေ။

သူတို့သည် ခိုးကိုးရာမဲ့စွာပင် တစ်ဟုန်ထိုး လွင့်မျောပါရှိသွားလေတော့သည်။

❖ ❖ ❖ ❖ ❖

မြစ်ကမ်းစပ်မှနေ၍ ချောင်ကုပ်ကပ်တက်လာချိန်တွင် ချုံကားထဲတွင်၊ ခေါင်းဆောင်ကြီးဟိုဆန်ထိုင်နေဆဲပင်ဖြစ်သည်။ သူသည် ကျောက်စိမ်းစွပ်တံတစ်ခုဖြင့် စီးကရက်သောက်နေသည်။

'ကဲ..... ဘယ်လိုလဲ၊ သူတို့ကိုမိပြီလား။'

'ဟိုဆန်က ဆီးကြိုမေးလိုက်သည်။'

'သူတို့ အရိပ်အရောင်တောင် မတွေ့ရသေးပါဘူး ခေါင်းဆောင်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



ချောင်က နွမ်းလျစွာ ပြောလိုက်သည်။

'လှည်းကွက်လေးတစ်ချပ်ပေါ်လို့ မင်းပြောခဲ့တာ မှတ်မိလား အခု သူတို့လှည့်သွားပြီ မဟုတ်လား'

ချောင်သည် သူ၏မျက်နှာပေါ်မှ မိုးရေစက်များကို သုတ် လိုက်သည်။

'ကျွန်တော် ဘာပြောရမလဲ'

'ဘာမှ မပြောနဲ့ မပြောတာက ပိုကောင်းမယ်၊ ဒီလိုရာသီ ဥတုမျိုးမှာ ဒရမ်မွန်နဲ့ သူ့မိတ်တွေလွတ်ဖို့ဆိုတာ မလွယ်ဘူး တစ်နေရာရာမှာ မှောက်ရက်မှောနေရာပေါ့၊ အဲဒီလိုဖြစ်ပါစေလို့ မင်းဆုတောင်းတော့၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဒီနေရာကို ငါတာဝန် ယူမယ်၊ မင်းက မင်းလူတွေနဲ့ ကာဖာကိုဆင်း မြစ်ကိုကူးပြီ ခန်လေးကို ပြန်ခေါ်ခဲ့'

ဟိုဆန်သည် စကားပြောဖြတ်လိုက်ပြီး စွပ်တံထဲ စီးကရက်တိုကို ကျွမ်းကျင်စွာတောက်ထုတ်လိုက်သည်။ သူ မော့ကြည့်လိုက်သောအချိန်တွင် သူ၏မျက်လုံးများ အေးစက်နေ လေသည်။

'အဲဒီ ချာတိတ်လေးမပါဘဲ ပြန်လာလို့အဓိပ္ပါယ်နားလည်လား'

ချောင်သည် မိုးရေထဲတွင် ရပ်တန့်၍ သူ့ကိုအတန်ကြာ ပြူးကြည့်မိသည်။ သူ၏မျက်နှာတစ်ခုလုံး ဖြူလျော်နေသည်။

သူသည် စိတ်တင်းထားလိုက်သည့်ပုံဖြင့် ချာခနဲလှည့်လိုက် သည်။ ရှေ့ဆုံးမှ စစ်ကားပေါ် တက်လိုက်သည်။ ခဏအကြာမှာ ပင် စစ်ကားနှစ်စင်း မောင်းထွက်လာသည်။



အခန်း (၈)

အပြေးအလွှား

ဒရမ်မွန်သည် သူ၏နံကြားကို တစ်စုံတစ်ခု ဝင်ဆောင့် သည်ကို ခံစားမိလေသည်။ ထို့ကြောင့် လှည့်ကြည့်လိုက်မိ သည်။ သစ်ကိုင်းကြီးတစ်ခုပင် ဖြစ်လေသည်။ သစ်ကိုင်းကြီး သည် သူတို့စီးနင်းလိုက်ပါနေသော သစ်တုံးကြီးမှ သစ်ကိုင်းများ ...ကုန်လေသည်။

ပို၍ လေးပင်သွားသောကြောင့် ရေစီးအားတွင် အထိုင် ...လာလေသည်။ အနည်းငယ် နှေးသွားသည်။ ဟာမစ်သည် ...တုံးပေါ် ခွစီးလျက်သားပင် ရှိသေးသည်။

မိုးကသည်းနေဆဲ၊ မြူလည်း သိပ်သည်းနေလေသည်။ ...ရေလည်း လှိုင်းထန်ကြမ်းတမ်းနေဆဲဖြစ်သည်။ သူတို့ နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



လုံး အရိုးအသားတစ်စစ် ဖြစ်တော့မတတ် အေးခဲသည့်ဒဏ်ကို ခံနေရလေသည်။ သေမထူးနေမထူးအခြေအနေ ရောက်နေ ရသည်။ သေမှာမထူးတော့ဟူသော စိတ်ဝင်လာသောကြောင့် အပင်ပန်းသိပ်မခံမိတော့ချေ။ ဖြစ်လိုရာဖြစ်စေတော့ မြစ် အလျင်ကိုသာ သခင်အဖြစ်ထင်ပြီး မျောချင်သလို မျောခွင့် လိုက်သည်။ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်စိတ်လျှော့ လိုက်သည်။

'တစ်ဖက်ကမ်းကို မြင်နေရတယ်၊ မြစ်ကျဉ်းပိုင်းရောက် နေတယ်ထင်တယ်'

ဟာမစ်၏ အသံကြောင့် ဒရမ်မွန် သတိဝင်လာ သည်။ ရှေ့သို့မျှော်ကြည့်လိုက်သည်။ မှန်သည်၊ တစ်ဖက်ကမ်း ကို ဝိုးဝိုးဝါးဝါးမြင်နေရလေသည်။ ရှေ့နောက်တွင်လည်း ဒိုက် သရောများ စုနေလေသည်။ ရှေ့နောက်တွင်လည်း ဒိုက်သရော များ စုနေလေသည်။

ထိုအမှိုက်သရိုက်အလယ်တွင် သူတို့ လွင့်မျောနေ သည်။ မြစ်ကျဉ်း၏ အကွေ့သို့ရောက်လာသောကြောင့် ရေရှိန် အားလျော့လာသည်။ သူတို့စီးနင်းလိုက်ပါလာသော သစ်တုံးသည် တစ်ဖက်ကမ်းသို့ ချဉ်းကပ်သွားလေသည်။

အရှိန်လျော့သည် ဆိုသည့်တိုင် အားပြင်းဆဲပင် ဖြစ် လေသည်။ သစ်တုံးကြီးသည် မြစ်ကမ်းပါးကို ဝုန်းခနဲ ဝင်တိုက် သွားလေသည်။ ဟာမစ်သည် အလန့်တကြား အော်ဟစ်ရင်း အတူလေထဲတွင် လွင့်သွား၏။ ရေထဲပြုတ်ကျသွား၏။

ဒရမ်မွန်သည် ရှေ့ပိုင်းသို့ သွက်လက်စွာ ကူးခတ်သွား



ရှိလေသည်။ ရေစီးကြောင်းထဲ ပါမသွားစေရန် ကျားကုတ် ကျားခဲ ကြိုးစားနေသော ဟာမစ်၏ ခါးကိုဖမ်းဆွဲ၍ ကမ်းပေါ်သို့ ဆုတ်ကပ်တက်လာသည်။

သူတို့မြေမာကို ခြေထောက်မိချိန် လောက်မှာပင် သစ်တုံးကြီးသည် ပြန်ယိုင်သွား၏။ ရေစီးကြောင်းတွင် ဒလိမ့် ကောက်ကွေးလိမ့်ပါသွားပြီး ကမ်းစပ်ကို အလိုလိုရောက်သွား၏။

သူတို့သည် ကမ်းစပ်တွင် ခဏအနားယူမိလိုက်ကြ သည်။ ခဏဟု ဆိုသည့်တိုင်အောင် လက်ပမ်းကျနေသော ကြောင့် အတော်ကြာသွား၏။ နာရီဝက်လောက်အကြာတွင် ဟာမစ်လှမ်းခေါ်နှိုးလိုက်သောကြောင့် ဒရမ်မွန် သတိဝင်လာ သည်။

သူတို့သည် လျှိုတစ်ခုအတိုင်း သတိထား၍ ထွက်လာ ကြသည်။ အတော်ကြာသောအခါတွင် တောင်ကုန်းတစ်ခု၏ ထိပ်သို့ရောက်သည်။ တောင်ကုန်းထိပ်သို့ အလျင်ရောက်သွား သော ဟာမစ်သည် မြေကြီးပေါ် ဝပ်ချလိုက်လေသည်။

ဒရမ်မွန်သည် သူ့အနားတွင် ဝပ်ချပြီး အောက်မှမြင် ကွင်းကို လှမ်းကြည့်လိုက်လေသည်။ အောက်တွင် တွေ့ရသော သိုးထိန်းတစ်ဦး၏ ရွက်ဖျင်တဲပင် ဖြစ်လေသည်။ မိုးရေထဲတွင် ထီးထီးတန့်တန့် ရပ်တည်နေလေသည်။ လူရိပ်လူယောင် မတွေ့ရချေ။

သူတို့သည် ထိုရွက်ဖျင်တဲဘက်သို့ သတိကြီးစွာထား၍ ချဉ်းကပ်သွားလေသည်။ သို့သော် ရွက်ဖျင်တဲထဲသို့ရောက်သည့် တိုင် လူရိပ်လူယောင်မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက်သို့ ပြူကြည့်လိုက်သောအခါတွင် ပြာဖုံးနေသော မီးဖိုတစ်ခုတွေ့ရသည်။ တဲအတွင်း၌ နံ့စော်နေလေသည်။ အခန်းထောင့်တွင် သိုးရည်ခွံပုံကြီးတစ်ပုံ တွေ့ရလေသည်။ ထင်းပုံတစ်ပုံလည်း ရှိလေသည်။

ဟာမစ်သည် သိုးရည်ခွံပုံကို မွှေနှောက်နေချိန်တွင် ဒရမ်မွန်က မီးဖိုဖိုရန် အသင့်ပြင်လေသည်။ ဤတဲများတွင် သန်းမွှားများ ရှုစိတက်နေသည်ကို သူတို့သိသည်။ သို့သော် အရေးမထားတော့ ခဏတာမှ နွေးထွေးစွာ အနားယူနိုင်ရေးသာ အဓိကကျနေခဲ့မိသည်။

မကြာခင်မှာပင် သူတို့အဝတ်အစားများကို မီးဖိုအထက် ကြိုးတန်းများပေါ်တွင် လှန်းထားလေသည်။ သူတို့နှစ်ဦးမှာ သိုးရည်ခွံများခြုံ၍ မီးဖိုနဘေးတွင် မီးလှုံရင်းဟာမစ်အခန်းထောင့်မှရှာဖွေလာခဲ့သော ဆိတ်နို့ပုလင်းနှင့်ဒိန်ခဲကို စားသောက်နေခဲ့ကြသည်။

ခဏအကြာတွင်မူ နှစ်ယောက်စလုံး အိပ်မောကျသွားလေသည်။

❖ ❖ ❖ ❖ ❖

ဒရမ်မွန်အိပ်ရာမှ နိုးသောအခါတွင် ကြိုးတန်းပေါ်မှ သူ၏အဝတ်အစားများကို အရင်ဆုံးမြင်မိလေသည်။ သူ မည်



သည့်နေရာ ရောက်နေသနည်းဟု ရုတ်ခြည်းတွေးမရဖြစ်သည်။ ထိုနောက်မှ သတိရသွား၏ ထထိုင်မိလိုက်မိသည်။

ဟာမစ်သည် မီးဖိုတစ်ဖက်တွင် ဆောင့်ကြောင့်ထိုင်နေလေသည်။ သူ၏ယူနီဖောင်းကို ဝတ်ဆင်ထားပြီးဖြစ်သည်။

'ဘယ်လိုနေလဲ'

'ကိုင်ရိုက်ထားသလိုပဲ၊ ကျုပ်တို့ ဘယ်လောက်ကြာသွားသလဲ'

ဒရမ်မွန်သည် ကိုယ်လက်ဆန့်ရင်းပြန်ပြောလိုက်သည်။

'နှစ်နာရီလောက် ကြာပြီထင်တယ်၊ အခုလဲ နှစ်နာရီထိုးလောက် ရှိမယ်ထင်တယ်၊ သွားကြရအောင် ခင်ဗျား အဝတ်အစားလဲတော်တော်ခြောက်နေပြီ၊ အရင်ထက်စာရင် တော်သေးတာပေါ့ဗျာ'

ဒရမ်မွန်သည် အဝတ်အစား ကောက်စွပ်လိုက်လေသည်။ ဟာမစ်သည် တဲအပြင်ဘက်သို့ ပြူကြည့်လိုက်သည်။

'မိုးတိတ်မယ့်ပုံ မရှိဘူး၊ မိုးမတိတ်တဲ့အပြင် နှင်းကျလာလိမ့်မယ် ထင်တယ်'

'အခုတောင် ဒီလောက် စိတ်ညစ်နေရတဲ့ကြားထဲ'

ဟာမစ်က ပခုံးတွန့်လိုက်သည်။

'အကောင်းဘက်က ကြည့်ရင်တော့ ရာသီဥတုက အထောက်အကူပြုပါတယ်၊ နောက်ကလိုက်တဲ့သူတွေပါ အခက်အခဲကြုံတာပေါ့'

ဒရမ်မွန်သည် အပေါက်ဝသို့ လျှောက်ခဲ့သည်။ မိုးသည် အဆက်မပြတ် သဲသဲမဲမဲရွာနေလေသည်။ မြေပြင်၌ ငွေမှုန်များ

www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် ကျနေသကဲ့သို့ မိုးသွင်သွင်ကျနေလေသည်။ ကိုက်အနည်းငယ်မျှသာမြင်သာအောင် မြင်ကွင်းပိတ်ဆို့နေလေသည်။

'ခင်ဗျားပြောသလိုပဲ နှင်းကျတော့မယ် ထင်တယ်'

'ဒါဆို ကျုပ်တို့ အမြန်ဆုံးသွားမှ ဖြစ်မယ်၊ ကျုပ်တို့လမ်းကနေ ၇ မိုင် ၈ မိုင်လောက်ပဲ ကွာလိမ့်မယ်ထင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ မြစ်ကိုဖြတ်ကူးလာခဲ့သူတွေလဲ အဲဒီလမ်းအတိုင်း လိုက်ရမှာပဲ တခြားလမ်းမရှိဘူး'

'ခင်ဗျား ဖာသာကာရီဂန်နဲ့ဂျက်နက်အကြောင်း တွေးနေလား'

'ဒီးလ်ပြောတဲ့ ဘန့်ဒေါင်ရွာကိုသာ ရောက်နိုင်ရင်တော့ မြင်းလေးဘာလေး ငှားလို့ရမယ် ထင်တယ်'

ဟာမစ်သည် သိုးရေညှိခွံနှစ်ခုကို ကောက်ယူပြီး ဒရမ်မွန်ကို ပစ်ပေးလိုက်သည်။

'အဲဒါကို ခြုံထား၊ မိုးဒဏ် သက်သာတယ်'

ထိုအချိန်မှာပင် တဲအပြင်ဘက်မှ လှုပ်ရှားသံကြားသောကြောင့် ဟာမစ်သည် တဲတွင်းသို့ခေါင်းရပ်လိုက်သည်။ နှုတ်ခမ်းပေါ်လက်ညှိုးတင်ပြီး ငြိမ်နေလိုက်သည်။

အပြင်ဘက်တွင် ရွှံ့ဗွက်မြေပေါ်နင်းလာသော ခြေသံကို ကြားရလေသည်။ ခြေသံများသည် တဲအနီးသို့ချဉ်းကပ်ပြီး ငြိမ်သက်သွားသည်။ ဟာမစ်သည် တဲအတွင်းမှ ခုန်ထွက်လိုက်သည်။ အပြင်ဘက် ရွှံ့နွံထဲတွင် လူးလိမ့်ကျသွားသံများ ပေါ်ထွက်လာသည်။



ဒရမ်မွန်သည် သူ့ကိုကူညီရန် အသင့်လက်သီးလက်မောင်းတန်းလျက် ပြေးထွက်သွားလေသည်။ သို့သော် မလိုအပ်ခဲ့ချေ။

ဟာမစ်သည် လူတစ်ယောက်ပေါ်တွင် စီးမိုးရပ်၍ ခေါင်းမှဆံပင်ကို ကြမ်းတမ်းစွာဆွဲ၍ နောက်လှန်ထားသည်။ ထိုသူ၏ မျက်နှာပြင်ပေါ်တွင် ညာမျက်လုံးထောင့်မှသည် ပါးစပ်များအထိ ဒဏ်ရာကြီး တစ်ခုရှိလေသည်။ သူ၏ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော စစ်ဝတ်စုံသည် နောက်ဆုံးတွေ့ခဲ့သည့် အချိန်ကထက်ပို၍ စုတ်ပြတ်သပ်နေလေသည်။

'ကျုပ်တို့ရှေ့ကနေဖြတ်ပြီး မြစ်ထဲစုန်ဆင်းသွားတဲ့လူပဲ မှတ်မိတယ် မဟုတ်လား၊ ဒီးလ်ရဲ့ရဲဘော်တစ်ယောက်' ဒရမ်မွန်က ပြောလိုက်သည်။

ထိုလူ၏မျက်နှာပေါ်တွင် ကြီးမားသော အပြုံးတစ်ပြုံး ပေါ်လာလေသည်။

'ကျွန်တော့်ကို သိတယ်မဟုတ်လား၊ ဗိုလ်မှူးကြီး ဟာမစ်၊ ကျွန်တော့်နာမည် အာမက်ဟူစိန်ပါ၊ တပ်ခွဲတစ်က ဒုတပ်ကြပ်ကြီး တစ်ဦးပါ၊ မစ္စတာဒရမ်မွန်ကိုလဲ ကျွန်တော် ကြောခဏ မြင်ဖူးပါတယ်'

ဟာမစ်က ရယ်မောလိုက်မိသည်။

'ကျုပ် ဒီကောင့်ကို သိတယ်၊ ကျုပ်ဘဝမှာ တွေ့ခဲ့သမျှ အဆိုးဆုံး အသောင်းကျန်းဆုံးတစ်ကောင်ပဲ၊ အိန္ဒိယတပ်မတော်ထွက် မဟုတ်လား၊ ကိုင်ဘာ ရိုင်ဖယ်တပ်ရင်းက'

'ဟုတ်ပါတယ် ဗိုလ်မှူးကြီး'

www.burmeseclassic.com

www.burmeseclassic.com



အာမက်သည် လူးလဲထလိုက်ပြီး ရင်ဘတ်တွင် ချိတ်ဆွဲထားသော တံဆိပ်တန်းကြီးကို ပြလိုက်သည်။

'ဂျော့ဘုရင် ကိုယ်တိုင်ချီးမြှင့်ခဲ့တယ်၊ ဒီပီအမ်ဘွဲ့ပါ'

'ပီဆာဝါးဈေးဆိုင်တစ်ဆိုင်က ဝယ်ခဲ့တာဖြစ်မှာပါ ဒါပေမယ့် ဒီကောင်က အာရဒီလူမျိုး၊ တိုက်ရေးခိုက်ရေး သိပ်ကောင်းတဲ့ လူမျိုးတွေ'

ဒရမ်မွန်တို့သည် အပြင်ဘက်သို့ထွက်သွားကြလေသည်။ အာမက်သည် မီးဖိုနားတွင် မီးလှုံရင်း ကျန်ခဲ့သည်။

'တို့ဘာလုပ်ကြမလဲ၊ သူ့အဝတ်အစားတွေ အခြောက်ခံ မီးလှုံနေဖို့ အချိန်မရှိဘူး'

ဒရမ်မွန်က ပြောလိုက်သည်။

'မလိုပါဘူး မစ္စတာဒရမ်မွန်၊ ဒီဥစ္စာတစ်ခု ရထားရင် လုံလောက်ပါတယ်၊ ကျွန်တော်က အာရဒီလူမျိုးပဲ၊ အကြမ်းပတမ်းခံနိုင်တယ်၊ အအေးဒဏ်ခံနိုင်တယ်၊ ဒီအအေးဒဏ်လောက်တော့ မမှုဘူး'

အာမက်က သိုးရည်ခွံတစ်ခုကောက်ယူရင်း ပြောလိုက်သည်။

'ဟို . . . . ပုလင်းတစ်ခုံးထဲမှာ ဆိတ်နို့နဲ့လုပ်ထားတဲ့ ဒိန်ခဲတွေရှိတယ်၊ မငိုးစားချင်ရင်တော့ အဲဒီပုလင်းပါသယ်လာပြီး လမ်းသွားရင်း စားရမှာပဲ'

ဟာမစ်က အခန်းထောင့်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

'ကျုပ်တို့ ဘယ်သွားကြမလဲ ဗိုလ်မှူးကြီး'



'လမ်းဘက်ကို သွားကြမှာပေါ့၊ တခြား ဘယ်သွားစရာ ရှိလို့လဲ၊ ဒီလ်နဲ့ ဘန်ဓရွှေ့ချိုင်မှာတွေ့ဖို့ ချိန်းခဲ့ကြတယ်၊ ဘန်ဒေါင်ရွာကို မင်းသိလား'

'ဒီကနေ တောင်ဘက် ၈–မိုင်လောက်အကွာမှာ ရှိတယ်၊ ကျွန်တော် လမ်းပြနေမှာပါမယ်'

❖ ❖ ❖ ❖ ❖

ပထမ နှစ်ဖာလုံလောက်အထိ အာမက်သည် နောက်မှသာပါလာလေသည်။ ပုလင်းထဲမှ ဒိန်ခဲကို လက်နှင့်နှိုက်စားရင်းကျေနပ်စွာ သံစုံမြည်နေခဲ့သည်။ စားသောက်၍ ကုန်သွားပါမှ ပုလင်းကိုလွှင့်ပစ်လိုက်ပြီး သူတို့ကို ဦးဆောင်လမ်းပြရန် ရှေ့သို့ ပြေးတက်သွားသည်။

ဒရမ်မွန်သည် ဟာမစ်၏နောက်ဘက် ခြေနှစ်လှမ်းလောက်အကွာမှ လိုက်မိလေသည်။ လောကကြီးတစ်ခုလုံးသည် မိုးနှင့်မြူလွှာကြီးများ ကာရံထားသော ကုဗပေ အနည်းငယ်မျှသာရှိသော ကမ္ဘာလေး ဖြစ်နေလေသည်။

ယင်းတို့ နာရီဝက်ခန့် လျှောက်မိချိန်တွင် ဟာမစ်၏ ရုတ်တရက်ရပ်လိုက်လေသည်။ ဒရမ်မွန်သည် ရုတ်တရက် ရပ်လိုက်သော ဟာမစ်ကို ဝင်တိုက်မိသွားသည်။

'နားထောင်ကြည့်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



အာမက်သည်လည်း သူတို့ နှင့် ခေါင်းချင်းဆိုင်ရန် လာလေ သည်။ သုံးယောက်သား အံ့ဩမြုနားစွင့်နေခဲ့ကြသည်။ မိုးရေထဲတွင် ခေတ်သစ်ပန်းပုရုပ်များနှိုင်းပင်ဖြစ်နေလေတော့သည်။

'ကျုပ် သေနတ်သံ ကြားသလားလို့'

ဟာမစ်ပြောလိုက်ချိန်မှာပင် အနောက်ဘက်မှ ပဲ့တင်သံသဲ့သဲ့ ကြားလိုက်ရသည်။

'စက်သေနတ်သံနဲ့တူတယ်'

ဒရမ်မွန်က ပြောလိုက်သည်။

လက်နက်ကလေးများ ပစ်ခတ်သံသဲ့သဲ့ ကြားလိုက်ရ ပြန်သည်။ ထို့နောက် ပကတိ တိတ်ဆိတ်သွားပြန်သည်။

'မြစ်ကမ်းဘက်က ဖြစ်လိမ့်မယ်၊ ကျုပ်တို့ မြစ်နဲ့ မြင်းပြိုင်သွားနေတုန်းပဲ မဟုတ်လား၊ ဒါပေမယ့် ကျုပ်တို့ တစ်ယောက်ယောက် ရှေ့က ကင်းထောက်ပေးမှ ကောင်းမယ် ထင်တယ်'

ဟာမစ်က ပြောလိုက်သည်။

'ကျွန်တော် ရှေ့ကသွားမယ် ဗိုလ်မှူးကြီး

အာမက်က သွားဖြဲပြုံးပြရင်း ပြောလိုက်သည်။ ထို့နောက် မြူနှင်းထဲ ပြေးဝင်သွား၏။

ယင်းတို့ ဆက်လက်ချီတက်ခဲ့ကြသည်။ ဒရမ်မွန်သည် နိုးနိုးကြားကြား ဖြစ်လာလေသည်။ သို့သော် တဖြည်းဖြည်းနှင့် ပတ်ဝန်းကျင်တွင် နှစ်မြုပ်သွားပြန်သည်။ မြူနှင်းမိုး ကန့်လန့်ကာ နောက်သီးခြားလောကထဲတွင် ဘေးမဲ့မြင် အန္တရာယ် ကင်းနေသည်ကဲ့သို့ ခံစားနူးညွတ်လာလေသည်။



အာမက်မြူထဲမှ ရုတ်တရက် ပြေးထွက်လာသည့်အချိန် ပင် သူထိတ်ထိတ်ပျာပျာ မဖြစ်မိချေ။

ဟာမစ်သည် အာမက်ကိုဖမ်းဆွဲပြီး ထိန်းထားလိုက် သည်။

'ဘာလဲ အာမက်'

'ရှေ့မှာ ရွာတစ်ရွာတွေ့တယ် ဗိုလ်မှူးကြီး'

'ဟုတ်လား၊ ဒါဖြင့် ရှေ့က လမ်းပြ'

အာမက်က ရှေ့မှ ဦးဆောင်ထွက်ခွာသွားလေသည်။ ဒရမ်မွန်သည် ကုန်းဆင်းအတိုင်း ဆင်းသက်နေရင်း ချွေးပြန်နေ သည်ကို သတိထားမိလေသည်။

ထိုကုန်းဆင်းသည် ရုတ်တရက် စောက်ဆင်းသွား၏ အောက်တွင် လျှိုကြီးတစ်ခု တွေ့ရလေသည်။ လျှိုထဲတွင် အိမ်များရှိ သည်။ အိမ်အလုံးပေါင်း ၆ လုံးလောက်သာ ရှိလေသည်။ ကျောက်ရိုးဖြင့် မံ၍ဆောက်ထားသော ဆင်းရဲသား များ၏ မြေကြီးအိမ်သာ ဖြစ်လေသည်။

သူတို့သည် ရှေ့သို့ သွက်လက်စွာ ပြေးသွားသည်။ ဒရမ်မွန်သည် လေထဲတွင် ပျံ့လွင့်လာသော ထင်းမီးအနံ့ကို ရလေသည်။

အာမက်သည် ပထမဆုံး အိမ်တံခါးဖွင့်ပြီး အထဲဝင် သွားပြီး ခဏအကြာတွင် ပြန်ထွက်လာလေသည်။

'ဘယ်သူမှမရှိဘူး၊ ဘာမှလဲ မရှိဘူး ဗိုလ်မှူးကြီး'

သူသည် အိမ်လေးများတစ်လျှောက် ပြေးလွှား၍ အိမ်ပြီး တစ်အိမ် ဖွင့်ကြည့်လေသည်။ ခဏအကြာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာသည်။

'ဘယ်သူမှမရှိဘူး၊ ဘာမှလဲ မရှိဘူး ဗိုလ်မှူးကြီး'

သူသည် အိမ်လေးများတစ်လျောက် ပြေးလွှား တစ်အိမ်ပြီးတစ်အိမ် ဖွင့်ကြည့်လေသည်။ ခဏအကြာတွင် ပြန်ရောက်လာသည်။

'အမှိုက်တစ်စတောင် မကျန်ဘူး ဗိုလ်မှူးကြီး'

ဟာမစ်သည် အနီးဆုံးအိမ်ထဲသို့ လှမ်းကြည့်လိုက် သည်။ မီးဖိုထဲတွင် မီးကြွင်းမီးစများပင် ရှိနေသေးသည်။

'သတင်းဆိုးဆိုတာ ပြန့်လွယ်တယ်လို့ ကျုပ်မပြော ဘူးလား၊ သူတို့အားလုံးသွားပြီ၊ မြင်းတွေ နွားတွေ ဆိတ်တွေ ပါသယ်သွားကြတယ်၊ တောင်ပေါ်တက်ပြီး ရှောင်နေ ဖြစ်မယ်၊ ဖြစ်ပေါ်လာတဲ့ အခြေအနေကို စောင့်ကြည့်ပြီး ပြန်လာသင့်တယ်ယူဆရင် ပြန်လာမယ့်လူတွေ'

ဟာမစ်က ပြောလိုက်လေသည်။

အာမက်က စူးစမ်းသလို လှမ်းကြည့်လိုက်သည်။

ကျွန်တော်တို့ ဆက်သွားကြမလား၊ ဒီမှ ဘာမှမရှိဘူး

'ဟုတ်တယ် အာမက်၊ ဒီမှာ တို့အတွက် ဘာမှ မရှိဘူး

ဒရမ်မွန်က ဖြည့်စွက် ပြောကြားလိုက်လေသည်။

ယင်းတို့သည် လျှိုထဲမှ ထွက်ခွာလာခဲ့သည်။ ဆက်လက် ချီတက်လာခဲ့လေသည်။ ရေဝနေသောမြေကြီးသည် ရွှံ့ ဖြစ်နေ သို့ကြောင့် သွားရသည်မှာ ပို၍ခက်ခဲကြမ်းတမ်းနေသည်။ ရွှံ့ မဟုတ်သောနေရာတွင် ကျောက်ဆောင်များ ထူထပ်လေ သည် ထို့ကြောင့် ခြေချရာကို ရွေးနေရလေသည်။



တဖြည်းဖြည်းနှင့် ပြောင်းလွဲမှု သိသာလေသည်။ သထုသည် ပို၍အေးမြလာသည်။ သူတို့မျက်နှာပေါ် မပြတ် ခတ်လာသည်။ မြေမျက်နှာပြင်သည်လည်း သိသိသာသာ နိမ့်ဆင်းသွားလေသည်။ သူတို့သည် အခြေအနေကို သုံး ရန် ခဏတန့်လိုက်သည်။

'ကျုပ်တို့ တောင်ကြားအစွန်းကို ရောက်ခါနီးပြီ တယ်၊ ဒါဆိုရင် လမ်းမဝေးတော့ဘူး၊ နောက်တစ်မိုင်ကျော် ာက်ဆိုရင် လမ်းမဝေးတော့ဘူး၊ နောက် တစ်မိုင်ကျော် ာက်ဆိုရင် ရောက်လိမ့်မယ်ထင်တယ်'

သူတို့သည် တောင်ကုန်းထက်မှ ဆင်းသက်လာကြလေ သည်။ တောင်ဆင်းလမ်းသည် မတ်စောက်သည်ထက် မတ် တ်လာသည်။ နောက်ဆုံးတွင် ခြေကုတ်ရန် နေရာကိုပင် ည်းရှာဖွေရလေသည်။

နောက်ဆုံးတွင် အောက်ဖက်လွင်ပြင်စပ်သို့ ရောက်လာ သည်။ ထိုနေရာတွင် သွားရလာရ ပိုလွယ်ကူပေသည်။ ာက်က ရှေ့မှ ဦးဆောင်ထွက်သွားသည်။ ခဏအကြာတွင် တွင်းမှ ပျောက်ကွယ်သွားလေသည်။ ယင်းတို့ဆင်းသက်နေ မှာပင် မိုးက သည်းထန်သည်ထက်ပိုထန်လာသောကြောင့် တွင်း လုံးဝပိတ်ဖုံးသွားလေသည်။

စက်သံကို ပထမဦးဆုံး ကြားလိုက်ရသူကား ဒရမ်မွန် ဖြစ်သည်။ သူသည် ချက်ချင်းပင် တန့်ရပ်လိုက်ပြီး ဟာမစ် လှမ်းခေါ်လိုက်သည်။ ယင်းတို့နှစ်ဦးလုံးသည် တောင်ကုန်း တွင် ရပ်တန့်နားစွင့်နေခဲ့ကြသည်။ ထရပ်ကားကြီးများ၏

www.burmeseclassic.com

www.burmeseclassic.com



စက်သံကို ကြားရလေသည်။

အာမက်သည် မြူမှုန်တွေကြားထဲမှ ပြေးထွက်လာလေသည်။

'ဘန်ဒေါင်ကိုရောက်ပြီ။ ဗိုလ်မှူးကြီး၊ အောက်က တောင်ကြားထဲမှာ ထရပ်ကားလေးစင်း ရပ်ထားတယ်၊ ကားကြီးတွေ၊ ကျွန်တော်တို့ကားတွေဖြစ်လိမ့်မယ်ထင်တယ် ဗိုလ်မှူးကြီး'

'ဘာလဲကွ ကျွန်တော်တို့ကားတွေဆိုတာ'

'တပ်မတော်သုံး ထရပ်ကားကြီးတွေလေ၊ အိန္ဒိယဘက်နေ ဆာဒါမြို့ကိုသွားနေတဲ့ ကွန်ဘိုင်ယာဉ်တန်း ထင်တယ်'

'သူပြောတာမှန်တယ်၊ အဲဒါကို ကျုပ်မေ့နေခဲ့တယ်။ သူတို့တစ်လတစ်ခေါက် ပုံမှန်ပြေးတာ မဟုတ်လား'

ဒရမ်မွန်က ပြောလိုက်သည်။

'တစ်ခုပဲ အခက်အခဲရှိတယ်၊ ဆာဒါမြို့ကိုသွားနေတဲ့ ကွန်ဘိုင်ဆိုရင် ဦးတည်ဘက်မှားနေပြီ'

'ဒီကအဖြစ်အပျက်ကို ကြားပြီးရင်တော့ ဦးလှည့်ပြီး သွားနေမှာပါ'

သူတို့သည် ကျန်ခရီးကို လျှင်မြန်သွက်လက်စွာနှင်လာခဲ့လေသည်။ မိုးရေဖြင့် ပြောင်ချော်နေသောဆင်ခြေလျောအတိုင်း ပြေးလွှားလာခဲ့လေသည်။ သူတို့သည် ကျောက်တုံးများဖြင့် ပြည့်နေသော ချောင်းသို့ ရောက်လာခဲ့လေသည်။ သူတို့သည် ချောင်းတစ်ဖက်မှ မြေကြီးလမ်းမပေါ်သို့ ကုတ်ကပ်တက်လိုက်လေသည်။ အာမက်က တိတ်တိတ်နေရန် အချက်ပြလိုက်ချိန်မှာပင် မြူကြားမှပေါ်ထွက်လာသော အမိုးပြားအိမ်တစ်အိမ်ကို ဘွားခနဲတွေ့လိုက်



ရသည်။

'ဘန်ဒေါင်'

အာမက်က တိုးတိုးပြောလိုက်သည်။

ကားစက်သံများ ရပ်တန့်သွားပြီဖြစ်ရာ စက်သံများနှင့်အတူ တစ်လောကလုံး တိတ်ဆိတ်သွားပုံရလေသည်။ ဒရမ်မွန်သည် မသက်မသာဖြစ်သလို ခံစားမိလေသည်။ မည်သည့်အတွက်ကြောင့်မသိ ပိပိပြင်ပြင်မရှိဘဲ အလိုမကျသလိုဖြစ်လာသည်။ ထိုအချိန်မှာပင် သူရင်းနှီးနေသော အိုင်းရစ်လူမျိုးတို့၏လေသံကို ကြားလိုက်သည်။ သူသည်လမ်းတစ်ဖက်တစ်ချက်တွင်တည်ရှိသောအိမ်များကြားသို့ ပြေးဝင်သွားလေသည်။

ထရပ်ကားကြီး ၄ စီး တန်းစီရပ်နေလေသည်။ သုံးတန်ဘက်ဖို့ဒ်ကားကြီးများဖြစ်လေသည်။ အိန္ဒိယနိုင်ငံဘက်သို့ ဦးတည်ထားလေသည်။ ဖာသာကာရီဂန်သည် မိုးရေထဲတွင် ခပ်တန့် လျက် ဒသမ ၃၀၃ ရိုင်ဖယ်တစ်လက် ကိုင်ထားသော တိုင်းရင်း သားတစ်ဦးနှင့် စကားပြောနေလေသည်။

ဒရမ်မွန်၏ခြေထောက်အောက်မှ ကျောက်ခဲလေးတစ်လုံးလွင့်ကျသွားလေသည်။ သူတို့နှစ်ယောက်လုံး ချာခနဲလှည့်ကြည့်လိုက်လေသည်။ တိုင်းရင်းသားပုံစံဝတ်ထားသော သူမှာ ဗိုလ်မှူးကြီးဒီးလ် ဖြစ်လေသည်။

'အို ဘုရားသခင်ရဲ့ ဂုဏ်တော်ပဲ'

ဖာသာကာရီဂန်က တိုးတိုးထောပနာပြုလိုက်လေသည်။

ထရပ်ကားတစ်စီး၏ ရှေ့ခန်းတံခါးပွင့်သွားပြီး ဂျက်နက်

www.burmeseclassic.com



ခုန်ဆင်းလိုက်လေသည်။ သူမသည် လေယာဉ်ခရီးဖြင့် လာစဉ်က ဝတ်ဆင်ထားသော အဝတ်အစားများသာဝတ်ဆင်ထားသေးသည်။ အဝတ်များအပေါ်တွင် ဒရမ်မွန်ပေးခဲ့သော သိုးရည်ဂျာကင်ကို ဝတ်ထား၏။ သို့သော် ယင်းအချက်များကို ဒရမ်မွန်သတိမပြုမိချေ။ သူသတိပြုမိသော အချက်ကား သူ့ထံသို့ ပြေးလွှားလာသော ဂျက်နက်၏ မျက်လုံးထဲတွင် တောက်ပနေသော ဝမ်းသာမှုပင်ဖြစ်သည်။



## အခန်း(၉)
## စစ်ကောင်စီ

ဒုတပ်ကြပ်ကြီးတစ်ဦးနှင့် ရိုးရိုးစစ်သားသုံးဦးတို့သည် ရွာထွက်လာကြသည်။ သူတို့နောက်မှာမူ တိုနီဘရက်ကောင်ဟတ်စ်လိုက်ပါလာလေသည်။ သူ၏ ဘယ်ဘက်လက်မောင်းကို ပတ်တီးအထပ်ထပ် စည်းထားလေသည်။

'ခင်ဗျားတို့ကို ပြန်တွေ့လိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူး၊ သူတို့တွေရောက်လာတာမြန်လွန်းလို့ ကျုပ်တို့ လက်မတင်လေး လွတ်ခဲ့တယ်၊ ကျုပ်တို့ မြစ်ညာပိုင်းကိုဆန်ပြီး ကားမောင်းသွားကြတယ်၊ ကွာလာရွာကိုရောက်တော့ မြစ်ကူးသင်္ဘောကို ဖျက်ဆီးထားပြီးပြီ၊ ရွာသားတွေအားလုံး ရွက်လှေတွေနဲ့ တစ်ဖက်ကမ်းကူးခဲ့ကြတယ်'

'အဲဒီအချိန်မှာ မစ္စတာဘရက်ကောင်ဟတ်စ်ရောက်လာတယ်၊ သူအတော် ဆိုးဆိုးဝါးဝါး မီးလောင်လာတယ်၊ ဆေးဒါမြို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအဖြစ်အပျက်မှန်သမျှကို ပြောပြခဲ့တယ်
သူတစ်ယောက်တည်း လွတ်လာခဲ့တယ်လို့မှတ်နေခဲ့တာ'

ဂျက်နက်က ဖာသာကာရီဂန်၏ စကားကို ဖြည့်စွက်
ပြောလိုက်သည်။

'ခဏလောက်တော့ လွတ်တဲ့လူ သူတစ်ယောက်တည်း
ဖြစ်ခဲ့မှာပေါ့'

ဘရက်ကောင်ဟတ်စ်သည် အတော်သွေးဆုတ်နေပုံရ
လေသည်။ မသိမသာယိမ်းယိုင်နေသည်။ သူသည် လဲကျမှာစိုး
သည့်ပုံစံဖြင့် ထရပ်ကားဘေးကို ဖမ်းကိုင်လိုက်လေသည်။
စစ်သားနှစ်ဦးက သူ့ကို ဆီးဖမ်းလိုက်လေသည်။

'မင်း အိပ်ရာထဲ သွားအနားယူသင့်တယ်ထင်တယ်
မင်းသိပ်နေကောင်းပုံမရဘူး၊ ဂျက်နက် သူ့ကိုလိုက်ပြုစုပေးလိုက်
စမ်းပါ'

ဘရက်ကောင်ဟတ်စ်သည် တပ်သားနှစ်ဦးကြားတွင်
ဒယီးဒယိုင်လိုက်ပါသွား၏။ ဂျက်နက်က နောက်မှလိုက်သွား၏
ဖာသာကာရီဂန်သည် ကျန်လူများဘက်သို့ လှည့်ကြည့်လိုက်ပြန်
သည်။

'ကျုပ်ဘဝမှာ ဒီလောက် အံ့အားသင့်ရတဲ့အချိန်မရှိ
ဘူး၊ စောစောက ဒီထိုင်းရင်းသားကြီးက မြူထဲကနေထွက်လာ
တယ်၊ သေချာကြည့်လိုက်တော့ ဒီးလ်ဖြစ်နေတယ်'

'ကျုပ် လွန်ခဲ့တဲ့ လေးနာရီလောက်က ရောက်လာတယ်
ရွာသားတွေကို အကျိုးအကြောင်း ပြောပြလိုက်တော့ တောင်ပေါ်
တတ်ပြေးပုန်းသွားကြတယ်၊ ကျုပ်ကိုပါ လိုက်ခိုင်းတယ်၊ ဒါပေ



ယ့် မဖြစ်ဘူးလေ၊ ကျုပ်က ဒရမ်မွန်နဲ့ဗိုလ်မှူးဟာမစ်ကို ဒီ
နေရာမှာ ချိန်းထားခဲ့တယ်၊ ခင်ဗျားတို့ ရောက်လာမယ်လို့
တော့ ကျုပ်မထင်ဘူး'

ဒီးလ်က ဒရမ်မွန်တို့အား ရယ်မောပြရင်းပြောလိုက်
သည်။ 'အေးဗျာ ကျုပ်တို့ကို ပြုစုချင်လွန်းလို့တဲ့ အတင်းအကျပ်
ကြီး နေခိုင်းတယ်၊ ဒါပေမယ့်မဖြစ်ဘူးလေ၊ ခင်ဗျားနဲ့ချိန်းထားခဲ့
တာကိုး၊ ဒါနဲ့ ကျုပ်တို့ရဲ့ချောင်က တော်လှန်ရေးခေါင်းဆောင်
တစ်ယောက်ပဲ'

'ဟာ . . . . ဟုတ်လား'

ဖာသာကာရီဂန်က အာမေဋိတ်ပြုလိုက်မိသည်။

'အဲဒီကိစ္စကို အနီးစပ်ဆုံး သိမြင်ခွင့်ရခဲ့တာ ကျုပ်တို့
တစ်ယောက်ပါ၊ ဒါနဲ့ ကာရင်းရော ဘယ်လိုနေလဲ ဖာသာ'

'တော်တော်ကောင်းပါတယ်၊ ဒါပေမယ့် အခုထိတော့
ပဲ ဟုတ်တိပတ်တိ အကြမ်းပတမ်း အခြေအနေမှ မကြုံရသေး
ဘူး မြစ်ကိုဖြတ်ပြီးတော့ ကိုးမိုင် ဆယ်မိုင်လောက် နွားလှည်းနဲ့
သွားခဲ့ကြတယ်၊ အဲဒီမှာ ဒီကွန်ဘွိုင်ယာဉ်တွေနဲ့ တွေ့ခဲ့ကြတယ်၊
တပ်ကြပ်နာဒင်းကို အကျိုးအကြောင်းပြောပြလိုက်တာနဲ့
သူလဲ ချက်ချင်းပဲပြန်လှည့်ခဲ့တယ်၊ သူ့မှာ တခြား ရွေးစရာလမ်း
လဲ မရှိခဲ့ဘူးလေ၊ ရှေ့ဆက်သွားလို့မှမဖြစ်နိုင်တာ'

'ကာရင်းက သူ့အဖေသေတဲ့အကြောင်း သိသလား'

'သူ့အဖေသေတာသေချာတယ်ပေါ့နော်၊ ဘရက်ကောင်
ဟတ်စ်ကလဲ အဲဒီအတိုင်းထင်ခဲ့တယ်၊ ဒါပေမယ့် ကျုပ်ကယုံခဲ့
တာ သူ့စကား မဟုတ်ပါစေနဲ့လို့ ဆုတောင်းမိတယ်၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်ကို ဘာမှမပြောခဲ့ပါဘူး၊ နောက်မှနယ်စပ်ကိုကျော်တော့ ပြောရင်ပြောမယ်'

ဖာသာကာရီဂန်က သက်ပြင်းချ၍ ပြောလိုက်သည်။

'နယ်စပ်ကို ရောက်နိုင်ဖို့ ဆိုတာတောင်မှ မရေရာဘူး ဖာသာ'

အာမက်သည် မိုးရေထဲ ဖြတ်လျှောက်လာခဲ့လေသည်။ သူ၏လက်ထဲတွင် မတ်ခွက်ကြီးနှစ်လုံး ကိုင်ထားလေသည်။

'လက်ဖက်ရည် သုံးဆောင်မလား ဗိုလ်မှူးကြီး'

'ဩော် မင်းမသေဘူးပေါ့ အရှုပ်၊ မင်း တစ်သက်လုံး ငါ့ကိုခွစီးနေမယ့်ကောင်ပဲ'

ဒီးလ်က ဒေါသထွက်ချင်ယောင်ဆောင်၍ ပြောလိုက်သည်။

'ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါပဲ ဗိုလ်မှူးကြီး'

အာမက်သည် အင်မတန် အားရကျေနပ်နေပုံဖြင့် ပြော လိုက်လေသည်။ သူသည် သားရေဖိနပ်သစ်တစ်ရံနှင့် ဆော တွင်းတိုက်ပွဲများအတွက် အထူးထုတ်လုပ်ပေးထားသော ကာ ရောင် စစ်ကွတ်အင်္ကျီကြီးကို ဝတ်ဆင်ထား၏။

'မင်း အဲဒီအဝတ်အစားတွေ ဘယ်ကရလဲ'

ဒရမ်မွန်က မေးလိုက်သည်။

'ကွန်ဘွိုင်းကားတစ်စီးမှာ တပ်မတော်အတွက်အထွေ ပစ္စည်းတွေ ပါလာတယ်၊ စစ်ပြေးဒုက္ခသည်တွေတင်ဖို့ထား ပစ္စည်းတွေပစ်ချခဲ့ပေမယ့်ကားပေါ်မှာတော်တော်ကျန်သေးတ'

'စစ်ပြေးဒုက္ခသည်တွေ ဟုတ်လား'



'ဟုတ်တယ်၊ မိန်းမနဲ့ကလေးတွေလမ်းပေါ်မှာ တွေ့ခဲ့ တာတွေ သူပုန်တွေလက်ထဲ ပစ်ထားလို့မဖြစ်ဘူးလေ'

'ဒု-တပ်ကြပ် နာဒင်းကို မြေပုံတစ်ချပ်ယူလာခိုင်းစမ်း'

ဒီးလ်က ပြောလိုက်လေသည်။

သူတို့သည် အနီးဆုံးအိမ်၏ လေသာဆောင်တွင် ထိုင်၍ လက်ဖက်ရည်သောက်ကြသည်၊ နှုတ်ခမ်းမွေးရှည်ရှည် လူပိန် ပိန်သေးသေးဖြစ်သော ဒု-တပ်ကြပ် နာဒင်းသည် မြေပုံလိပ် ချိုင်းကြားညှပ်၍ ရောက်လာသည်။

ဒီးလ်က မြေပုံကိုဖြန့်လိုက်သည်။

အိန္ဒိယနယ်စပ်ရောက်ဖို့ မိုင်၃၀၀ လိုတယ်၊ လမ်းက တော့ ဒီတစ်လမ်းပဲ ရှိတယ်၊ ပုံမှန်အားဖြင့် ကွာလာဆိပ်က သင်္ဘောနဲ့မြစ်ကို ကူးလေ့ရှိတယ်၊ အခုတော့ အဲဒီဆိပ်က သင်္ဘောပျက်နေပြီဆိုတော့'

'ကာမာမြစ်တိမ်ပိုင်းကနေ ကူးလို့ရမယ်၊ အထူးသဖြင့် သံချပ်ကာကားက ချိန်းဘီးမျိုးတပ်ထားတဲ့ထရပ်ကားတွေနဲ့ဆိုရင် င်များတို့ တပ်မတော်ကဟာတွေ သူတို့သိမ်းထားရောပေါ့'

ဒရမ်မွန်က ပြောလိုက်သည်။

'သူတို့ အဲဒီလိုကူးဖို့ ကြိုးစားမလား'

ဖာသာကာရီဂန်က မေးလိုက်သည်။

ဟာမစ်က ခေါင်းညိတ်လိုက်သည်။

'စိတ်သာချ၊ သူတို့ခန်လေးကို အလိုရှိတယ်၊ ချောက်က အကျပြောလိုက်တယ်၊ ဘော်ပါပလ္လင်ပေါ် ရုပ်သေးရုပ်အနေ တင်ဖို့လိုနေတယ်၊ နောက်ပြီး ကျုပ်တို့ ပြေးရမှာဒီလမ်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ ကေန်ကိုလိုက်လာလိမ့်မယ်'

'ဒါဆို ကျုပ်တို့ ဆက်ကူက်လှုပ်ရှားနေရမှာပဲ၊ အခုတော့ အသားစီး နေတော်တော်ရှေ့ရောက်နေပါတယ်'

'အသာစီးရနေတာ ခဏပါ၊ ဒီမှာ '

ဒီးလ်သည် မြစ်ကြောင်းအတိုင်း လက်ညှိုးထောက်ပြ လိုက်သည်။

'ဆာဒါမြို့ရဲ့ တောင်ဘက် မိုင် ၇၀မှာ ဟူမာဆိုတဲ့ရွာတစ် ရွာရှိတယ်၊ အဲဒီမှာလှေတွေများတယ်၊ အဲဒီကနေကူးလို့ရတယ်'

'ဒါပေမယ့် ယာဉ်တွေတော့ ကူးလို့မရဘူးပေါ့'

'ဒါဆိုရင် ကျုပ်တို့ ရှေ့ကနေ ကြိုသွားပြီး လမ်းဖြတ် တောက်မယ် ထင်သလား'

ဒရမ်မွန်က မေးလိုက်သည်။

ဟာမစ်က ပခုံးတွန့်လိုက်လေသည်။

'ဒါကိုတော့ အတတ်မပြောနိုင်ဘူးပေါ့၊ ဒါပေမယ့် ဖြစ်နိုင် ကောင်းတဲ့ အလားအလာရှိတယ်လေ'

'ဒါဆိုရင် တို့ရှေ့ဆက်ချီတက်မှ ဖြစ်မယ်'

ဒီးလ်သည် မိုးတိမ်များဖြင့် မည်းမှောင်နေသော ကောင်းကင်ပြင်သို့ မော့ကြည့်လိုက်သည်။

'နှစ်နာရီစာ အလင်းရောင်ရှိဦးမယ်၊ အဲဒီအချိန်အတွင်း မှာ တော်တော် ခရီးပေါက်နိုင်တယ်'

'ညဘက် ခရီးမသွားသင့်ဘူးလို့ ယူဆလို့လား'

ဒီလမ်းမျိုးမှာ ဒီကားမျိုးတွေနဲ့သာ ညဘက်ခရီး ဆက်ရင် ကိုယ့်ကိုကိုယ် သေကြောင်းကြံတာ ဖြစ်လိမ့်မယ်၊ သင့်တော်တဲ့



နေရာတစ်နေရာမှာ နိုပြီး မိုးသောက်မှ ခရီးဆက်တာမျိုးက အကောင်းဆုံးပဲ'

ဒီးလ်က မတ်တတ်ရပ်လိုက်ပြီး ဒုတပ်ကြပ် နာဒင်းကို မေးလိုက်သည်။

'ဓာတ်ဆီ အခြေအနေရော'

'အများကြီးရှိပါတယ် ဗိုလ်မှူးကြီး၊ ကားတွေအားလုံး အတွက် လုံလောက်ပါတယ်'

'နှစ်စီးပစ်ထားခဲ့ပြီး နှစ်စီးနဲ့သွားရင် မလုံလောက်ဘူး လား၊ ကျုပ်တို့အားလုံး ဆန့်ပါတယ်'

ဒီးလ်က အားရပါးရ ရယ်မောလိုက်သည်။ ဘက်ဖို့ဒ် လေးစင်းလုံးကို သိမ်းကြုံးဝှေ့ယမ်းပြလိုက်သည်။

'အဲဒီကားတွေကို ကြည့်စမ်းပါဦးဗျာ၊ အနည်းဆုံး သက်တမ်း ၂၀ လောက်ရှိမယ်၊ အင်ဖာတိုက်ပွဲ ခေတ်ကာလ တုန်းက သုံးနေခဲ့တဲ့ကားတွေမှန်း သိပ်သိသာတယ်'

ဒီးလ်သည် နာဒင်းကို လှည့်မေးလိုက်သည်။

'ဘယ်နှစ်ခါ ပျက်လေ့ရှိသလဲ'

ဒုတပ်ကြပ်လေးက ပခုံးတွန့်သည်။

'အမြဲတမ်းပျက်နေတာပဲ ဗိုလ်မှူးကြီး၊ တစ်ခါကျရန် ဒီအစိတ်အပိုင်း၊ နောက်တစ်ခါကျရန် ဟိုအစိတ်အပိုင်းနဲ့'

အဲဒါဆိုရင် ပြီးတာပဲ၊ လေးစီးစလုံးသုံးမယ်၊ တစ်စင်း ပျက်ရင် နောက်တစ်စင်းပြောင်းပေါ့၊ တစ်စင်းစင်းကတော့ နယ်စပ်အထိ ခံနိုင်ကောင်းပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ သူတို့သယ်လာတဲ့ လက်နက်ခဲယမ်းမီးကျောက်ကတော့ တော်

www.burmeseclassic.com

www.burmeseclassic.com



တော်အသုံးဝင်မှာပါ'

တပ်သားသုံးယောက်သည် မလှမ်းမကမ်းမှ ယောင်လည်လည်လုပ် နားစွင့်နေခဲ့ကြသည်။ နာဒင်းထွက်ခွာသွားသည်နှင့် တပ်သားတစ်ယောက်က နာဒင်း၏လက်မောင်းစကို ဖမ်းဆွဲလိုက်လေသည်။ တစ်စုံတစ်ရာကို လျင်မြန်စွာ ပြောလိုက်သည်။

ဒီးလ်က မျက်မှောင်ကုပ်ပြီး အောက်ဆင်းသွားသည်။

'ဘာဖြစ်နေလဲ'

နာဒင်းသည် တွေဝေနေသောပုံစံဖြင့် လှည့်ကြည့်လိုက်သည်။

'ဒီရဲဘော်နှစ်ယောက်ပါ ဗိုလ်မှူးကြီး၊ ပီရူးနှင့်ယူစွတ်တဲ့၊ သူတို့က ဒီဒေသကလူတွေပဲ၊ သူတို့မယားတွေ ဆာဒါမြို့မှာကျန်ခဲ့တယ်၊ သူတို့လဲ ဒီမှာပဲနေရစ်ခဲ့ချင်တယ်၊ အိန္ဒိယကို မပြန်ချင်ဘူး'

သူစကားဆုံးသွားသည်နှင့် အားလုံးတိတ်ဆိတ်သွားလေသည်။ မိုးသံလေသံသာလျှင် လွှမ်းမိုးနေခဲ့လေသည်။

ဖာသာကာရီဂန်သည် စိတ်ပူပန်ပုံပေါက်နေခဲ့သည်။ ဟာမစ်မှာမူ အရာရာကိုရင်ဆိုင်ရန်အသင့်ဖြစ်နေသည့် ပုံစံဖြင့် တည်ငြိမ်နေလေသည်။ ဒရမ်မွန်သည် ဒီးလ်ကို လှမ်းကြည့်လိုက်မိသည်။ ဒီးလ်၏မျက်နှာမှာ ဒေါသနှင့်နီရဲနေပြီး မျက်လုံးများမှာ မီးဝင်းဝင်း တောက်နေလေသည်။

'စစ်တလင်းမှာ အမိန့်အာဏာဖီဆန်တဲ့စစ်သည်အတွက် အပြစ်ဒဏ်တစ်ခုပဲ ရှိတယ်'

ဒီးလ်သည် သူ၏ပခုံးတွင်လွယ်ထားသော ဒသမ ၃၀၃ ရိုင်ဖယ်ကို ဖြုတ်လိုက်ပြီး မောင်းတင်လိုက်လေသည်။



'သဘောပေါက်လား'

ရဲဘော်နှစ်ဦးသည် သေမတတ်ကြောက်လန့်ချောက်ချားသွားပုံရလေသည်။

'ကောင်းပြီ တပ်ကြပ်နာဒင်း၊ တို့ခရီးထွက်ဖို့ပြင်ပါ'

နာဒင်းနှင့်တပ်သားသုံးဦးသည် ခပ်သုတ်သုတ်ထွက်သွားကြသည်။ ဖာသာကာရီဂန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်တို့တောင် လန့်သွားတယ်'

'ဒီကိစ္စမျိုးက ဆိုးတယ်၊ စမိရင် အဆုံးမရှိတော့ဘူး'

ဟာမစ်က ပြောလိုက်သည်။

ဒီးလ်က ခေါင်းဆတ်လိုက်သည်။

'ကျုပ်တို့ အချိန်တော်တော် ဖြုန်းခဲ့ပြီးပြီ၊ ခင်ဗျားတို့ဆိုတဲ့လက်နက်တွေ ဘာတွေရှာကြဗျာ၊ အမြန်ဆုံးခရီးထွက်မယ်'

စစ်ပြေးဒုက္ခသည်များမှာ မိန်းမ ၁၂ ဦးနှင့် ကလေး ၁ ဦးပင် ဖြစ်သည်။ သူတို့သည် သူတို့ပိုင်ဆိုင်သမျှ ပစ္စည်းထုပ်ထားများကို ပွေ့ဖက်ရင်း ထရပ်ကားအရိပ်ထဲတွင် ကုပ်နေကြလေသည်။

သူတို့သည် ထရပ်ကားပေါ်တွင် ကျန်နေသောပစ္စည်းများကို စစ်ဆေးကြည့်ရှုနေသော ဒရမ်မွန်နှင့်ဟာမစ်ကို တိတ်ဆိတ်စွာ ငေးမောကြည့်နေခဲ့ကြလေသည်။ ဒရမ်မွန်တို့သည် အသက်ဝတ်ဆင်ထားသော ကုတ်အမျိုးမျိုးနှင့်စစ် ဖိနပ်မျိုးများကို ပါလာသောကြောင့် ထိုအဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာမစ်သည် ဒီးလ်နှင့်အတူ ဒုတိယထရပ်ကားသို့ ကူးသွားလေသည်။ ဒီးလ်သည် ထိုကားထဲတွင် စက်သေနတ်သေတ္တာတစ်လုံးတွေ့၍ ဖောက်ဖွင့်လိုက်လေသည်။

'ဒီသေနတ်တွေက သိပ်ကောင်းတယ်၊ မော်စကိုက လက်ဆောင်တွေလေ၊ ဘက်မလိုက်ဝါဒကို လိုက်နာတဲ့ အကျိုးကျေးဇူးတစ်ခုပေါ့'

ဒီးလ်က သဘောကျစွာ ရယ်မောရင်း ပြောလိုက်သည်။

သူသည် ကျန်သေတ္တာတစ်လုံးနှင့် လက်ပစ်ဗုံးတစ်လုံးကို ကလန့်၍ဖွင့်လိုက်သည်။ ထိုအချိန်တွင် တပ်ကြပ်နာဒင်းအနားသို့ ရောက်လာလေသည်။

'ယူစွတ်နှင့်ပီရူးရော'

သူတို့သည် တစ်ယောက်ကိုတစ်ယောက် မရေရာစွာ ကြည့်လိုက်သည်။ နာဒင်းသည် ကားတန်းအတိုင်း ပြေးသွားလေသည်။ တဒင်္ဂအတွင်းမှာပင် ပြန်ရောက်လာသည်။

'သူတို့ မရှိတော့ဘူးဗိုလ်မှူးကြီး'

ဒီးလ်သည် အာမက်၏အကျီရင်ဘတ်ကို ဖမ်းဆွဲလိုက်လေသည်။

'သူတို့သွားတာကို တွေ့လိုက်တယ်မဟုတ်လား ရွှေ အာမက်က လက်နစ်ဖက် ဆန့်မြှောက်လိုက်သည်'

'ဘာတွေပြောနေခဲ့လဲ'

'သူတို့က ဗိုလ်မှူးကို အရမ်းဒေါသဖြစ်နေခဲ့တယ် ကျွန်တော်တို့အားလုံး သူပုန်တွေရဲ့လက်ချက်မိလိမ့်မယ်လို့ ပြောတယ်'



ဒီးလ်က ကျိန်ဆဲလိုက်သည်။ ဟာမစ်က ခေါင်းခါယမ်းလိုက်သည်။

'သူတို့မရှိလဲ ပိုကောင်းပါတယ်၊ ပြဿနာမရှိပါဘူး။ ကျုပ်တို့ဒရိုင်ဘာ လုံလောက်ပါတယ်၊ ထရပ်တစ်စီးကို ကျုပ်မောင်းမယ်'

ဒီးလ်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ ကျုပ်နဲ့ နာဒင်းကရှေ့ကသွားမယ်၊ ခင်ဗျားက ရိက္ခာကားနဲ့လိုက်ခဲ့၊ ဖာသာကာရီဂန်ရယ်၊ မစ္စဂျက်နက်ရယ်၊ ခန်လေးရယ် ခင်ဗျားကားနဲ့ လိုက်နိုင်တယ်'

'ကျုပ်ကရော'

ဒရမ်မွန်က ပြောလိုက်သည်။

'ခင်ဗျားနဲ့ အာမက်က နောက်ဆုံးက ရံပြီးလိုက်ခဲ့၊ ဘရက်ကောင်ဟတ်စ်နဲ့အာမက်က ဒုက္ခသည်တွေပါတဲ့ တတိယကားကို မောင်းလာလိမ့်မယ်၊ ကဲ အားလုံးအသင့်ဖြစ်ရင် စထွက်မယ်'

ယင်းတို့ လူစုခွဲလိုက်ချိန်မှာပင် ဒရမ်မွန်သည် သူ့နာမည်ခေါ်သံကို လှမ်းကြားလိုက်ရသည်။ ဒုတိယကားနောက်ခန်းမှ ဂျက်နက်လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

ဒရမ်မွန်သည် ကားနောက်ခန်းထဲသို့ ကျော်တက်လိုက်သည်။

'ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်နေကြတာလဲ'

'ဒရိုင်ဘာနစ်ယောက် ထွက်ပြေးသွားပြီ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘာမှပူစရာမရှိပါဘူး၊ ကာရင်းရော ဘယ်လိုနေလဲ'

'လတ်တလော အိပ်ပျော်နေတယ်၊ သူ့ကို သက်တောင့်သက်သာ အဖြစ်နိုင်ဆုံး ပြုစုထားပါတယ်'

ကားထောင့်မှ သေတ္တာများရွှေ့ထားပြီး ထိုသေတ္တာများကြားတွင် ခန်လေးအိပ်ရန်အတွက် နေရာလုပ်ပေးထားသည်။ ဂျက်နက်သည် ချာတိတ်လေးကိုခြုံထားသောစောင်အား ပြုပြင်ပေးလိုက်သည်။ သူမမတတ်တတ်ရပ်လိုက်သည်နှင့် ဒရမ်မွန်က သူမ၏လက်ကို ဖမ်းကိုင်လိုက်သည်။

'စိတ်ပူနေလား'

သူမ ခေါင်းခါယမ်းလိုက်သည်။

'ဖြစ်ပျက်နေသမျှက မြန်လွန်းလို့ စိတ်ကတောင် လိုက်မမီနိုင်ဘူး၊ ဒီလိုဖြစ်ပျက်နေတာကိုတောင် မယုံသေးသလိုပဲ'

ဒရမ်မွန်သည် သူမကိုပွေ့ဖက်လိုက်သည်။ နှုတ်ခမ်းလေးများကို နမ်းလိုက်သည်။

'ဒါကိုတောင်မယုံဘူးလား'

ဂျက်နက်သည် သူ့ကို မော့ကြည့်လိုက်သည်။ သူမ၏မျက်လုံးများမှာ လေးနက်တည်ကြည်နေလေသည်။ သူမသည် ရုတ်တရက် ပြုံးလိုက်သည်။ သူ၏မျက်နှာကို အသာကိုင်လိုက်သည်။ သူမတစ်ခွန်းမျှ မဆိုမိချေ။ ဆိုရန်လည်း မလိုအပ်ခဲ့ချေ။ သူတို့ နောက်တစ်ကြိမ် နမ်းလိုက်မိကြသည်။

'နောက်မှ တွေ့မယ်နော်'

ဒရမ်မွန်က ပြောပြောဆိုဆိုပင် သူမကိုထားရစ်ခဲ့လေသည်။



ကားနောက်ဖုံးကို ကျော်ခုန်ဆင်းလိုက်သောအခါတွင် မီးရေထဲတွင် ရပ်တန့်နေသော ဖာသာကာရီဂန်ကို တွေ့ရလေသည်။ ခမောက်ကြီးတစ်လုံးဆောင်းထားပြီး ရှည်လျားသော ဆေးလိပ်ကြီးတစ်လိပ် ခဲထားလေသည်။

'ကျုပ်တို့ကားပေါ်တတ်ဖို့ ရပြီလားခင်ဗျား'

ဖာသာကာရီဂန်က ရိုကျိုးစွာ မေးလိုက်သည်။

ဒရမ်မွန်သည် သဘောကျစွာ ပြုံးလိုက်ပြီး သူ့ကို ကားပေါ်တွန်းတင်လိုက်သည်။

'အဲဒီဆေးလိပ်ကို ဘယ်ကရလဲ'

'အာမက်လေ၊ ရိက္ခာတွေကို မွှေနှောက်နေပြန်ပြီ'

ဒရမ်မွန်သည် နောက်ဆုံးထရပ်ကားဆီသို့ လျှောက်လာခဲ့သည်။ ကားရှေ့ခန်းထဲသို့ တက်လိုက်သောအခါတွင် စတီရာရင်နောက်တွင် မီးခိုးတိမ်တိုက်ထဲထိုင်နေသော အာမက်ကို တွေ့ရသည်။

အာမက်သည် သဘောကျစွာ ပြုံးလိုက်ပြီး ကားရှေ့ဖုံးပေါ်မှ ဆေးလိပ်ဗူးအတောင့်တွေကို လှမ်းယူလိုက်သည်။

'ဆေးလိပ်တွေ မစွတာ ဒရမ်မွန်၊ အိန္ဒိယတပ်မတော်အတွက် စပါယ်ရှယ် ထုတ်လုပ်ထားတဲ့ ဆေးလိပ်တွေ'

'ခုနေတော့ကွာ၊ ဘာသောက်ရ သောက်ရ သိပ်ကောင်းနေတာပါပဲ'

ဒရမ်မွန်က ဖြေလိုက်သည်။

သူသည် ဆေးလိပ်တစ်လိပ် မီးညှိလိုက်သည်။ မီးခိုးသုံးရိုက်၍ သီးသွားလေသည်။ ထိုအချိန်မှာပင် ကားတံခါးမှင့်

www.burmeseclassic.com

www.burmeseclassic.com



သွားကာ ဒီးလ်ပေါ်လာလေသည်။

'နောက် မိုင် ၉၀ အကွာမှာ ဟာဆာရွာရှိတယ်'

'ဒီလိုရာသီမျိုးမှာတော့ အဲဒီလောက်ခရီးပေါက်ဖို့ မလွယ်ဘူး'

ဒရမ်မွန်က ပြောလိုက်သည်။

ဒီးလ်က ခေါင်းညိတ်ပြလိုက်သည်။

'တစ်နာရီ မိုင် ၄၀ လောက် မောင်းနိုင်ရင် ကျေနပ်ပြီ ကျုပ်တို့ လမ်းဘေးမှာပဲ တစ်ညတာ နားရလိမ့်မယ်'

သူသည် တံခါးကို ပြန်ပိတ်လိုက်သည်။ အာမက်က ကားစက်နှိုးလိုက်သည်။ မကြာခင်မှာပင် ကားလေးစီး တန်းစီ ထွက်လာကြလေသည်။

ဒရမ်မွန်သည် ထိုင်ခုံကို နောက်မှီထိုင်လိုက်လေသည်။ သူ၏ပေါင်ပေါ်တွင် စက်သေနတ်ကို တင်လိုက်ပြီး အဝတ်စုတ် တစ်စဖြင့် အမဲဆီများ တိုက်ချွတ်လိုက်လေသည်။

❖ ❖ ❖ ❖ ❖

ထရပ်ကားသံများ ဝေးသွားသည်နှင့် ပီရှူးနှင့်ယူစွတ်သည် သူတို့ပုန်းအောင်းနေခဲ့သော ချောင်းစပ်မှ တက်လာခဲ့ကြလေသည်။ မိုးရေထဲတွင် ရပ်တန့်၍ ခဏနားစွင့်လိုက်လေသည်။

'ကောင်းတယ်၊ သူတို့သွားပြီ၊ ဒီးလ်အတော်ဒေါသဖြစ်နေခဲ့တယ်'

'အကြောင်း မဟုတ်ပါဘူး၊ သူနေ့ကုန်သွားပြီ'



ယူစွတ်က ပြန်ဖြေလိုက်သည်။ သူသည် မီးခိုးများ ထွက်နေဆဲဖြစ်သော ရွာသူကြီးအိမ်ကို လှမ်းကြည့်လိုက်သည်။

'မီးဖိုထဲမှာ မီးရှိသေးတယ်၊ ငါတို့ဒီည ဒီနားမယ်၊ နောက်ကျမှ ဆာဒါမြို့ကို ပြန်မယ်'

သူတို့သည် အိမ်လှေကားအတိုင်း တက်သွားပြီးနောက် တံခါးပိတ်လိုက်လေသည်။ လမ်းပေါ်တွင် လူသူကင်းရှင်းသွားပြန်သည်။ မြေပြင်ပေါ်သို့ မိုးစက်များ တသွင်သွင်ရိုက်ခတ်နေဆဲဖြစ်သည်။ တိတ်ဆိတ်နေသောအိမ်များပေါ်တွင် မြူဆိုင်းနေလေသည်။ လူနှစ်ဦးသာရှိသောရွာလေးသည် ညအချိန် ဆိုက်ရောက်မှု စောင့်ဆိုင်းနေခဲ့လေသည်။

❖ ❖ ❖ ❖ ❖

လမ်းကြမ်းသောကြောင့် ကားတစ်စီးလုံး ခလောက်ဆန်နေလေသည်။ ဒရမ်မွန်သည် ရှေ့သို့လှမ်းမြင်နိုင်ရန်အတွက် ရှေ့သို့ကိုင်း၍ အာရုံစူးစိုက် ကြည့်နေမိလေသည်။ ရှေ့မှကား ရုတ်တရက် ရပ်တန့်သွားသည်။ အာမက်သည် ကားဘရိတ်ကို တမန်းကတန်း အသင့်ကိုင်၍ ကားတံခါးဖွင့်လိုက်သည်။ ဒီးလ် ရောက်လာလေသည်။

'ကျုပ်တို့ ဗွက်နစ်နေတယ်၊ ခင်ဗျားတို့ဝိုင်းကူရလိမ့်မယ်'

ဒရမ်မွန်နှင့် အာမက်သည် ရှေ့ဆုံးကားဆီသို့ လိုက်လာခဲ့ကြလေသည်။ ထရပ်ကား၏ ညာဘက်ဘီးသည် ရေပြည့်နေသော ချိုင့်ကြီးတစ်ခုထဲသို့ နစ်နေလေသည်။ နာဒင်းနှင့် ဟာမစ်

www.burmeseclassic.com

www.burmeseclassic.com



သည် ဂေါ်ပြားတစ်လက်စီဖြင့် အလုပ်လုပ်နေချေပြီ။

ထိုဗွက်ထဲမှလွတ်ရန်အတွက် မိနစ် ၂၀ မျှ ကြာခဲ့ သည်။ ဒရမ်မွန်ကားပေါ်သို့ ပြန်ရောက်သောအချိန်တွင် တ ကိုယ်လုံးရွှံ့များ ပေလူးနေလေသည်။ သူသည်ဝက်ဝံနှင့်တူ လေသည်။ နောက်နာရီဝက်အကြာတွင် ဗွက်နစ်ပြန်သည်။

ဒရမ်မွန်သည် ဒုတိယကားပေါ်ပြန်ရောက်သောအ တွင်ဖြစ်လိုရာဖြစ်စေတော့ဟူသော စိတ်ဝင်လာလေသည်။ သူ ခြေထောက်များ ထုံကျဉ်နေခဲ့လေသည်။ လက်များပေါက်ပြ သွေးစိမ့်ထွက်နေလေသည်။

ထိုအချိန်တွင် မြင်ကွင်းလုံးဝ ဆိုးနေလေသည်။ သူ သည် ဆည်းဆာအလင်းထဲတွင် ပြူးပြဲကြည့်နေခဲ့သော်လည် ဘာမျှပီပီပြင်ပြင် မမြင်ရချေ။ရှေ့ဆုံးမှထရပ်ကား၏ ဟွန်းသံ ကြားရလေသည်။ ထရပ်ကားတန်းကြီး အရှိန်လျော့သွား သည်။ သူ၏ ဘယ်ဘက်ရှိ ထင်းရှူးပင်တောတန်းတစ်ခုလုံး သတိထားကြည့်နေမိသည်။

အာမတ်သည် လမ်းပေါ်မှ ဖဲ့ဆင်းသွားသော ရှေ့ကာ များနောက်မှ လိုက်သွားလေသည်။ထို့နောက် ကားစက်မျာ သပ်လိုက်ကြပြီး၊ တစ်လောကလုံး ရုတ်တရက် တိတ်ဆိတ်သွာ လေတော့သည်။



အခန်း (၁၀)

ညကင်း

ဒီးလ်ရွေးချယ်လိုက်သောနေရာမှာ တောင်ကလပ်လေး တစ်ခုဖြစ်လေသည်။ လမ်းမှလှမ်း၍ မမြင်နိုင်အောင် ထင်ရှူးပင် န်းများ ပိတ်ကာဆီးနေသော နေရာဖြစ်လေသည်။

ဒရမ်မွန်သည် ရှေ့သို့ရောက်သွားသောအခါတွင် ဟာမစ် လ်နှင့်ဖာသာကာရီဂန်တို့ ဒုတိယကားနောက်တွင် ရပ်တန့် ကားပြောနေကြသည်ကို တွေ့ရသည်။ ဂျက်နက်က ကား နောက်ဖုံးပေါ် ကျော်ကြည့်နေလေသည်။

'ဒီလောက် မြူဆိုင်းနေမှတော့ အမှောင်ချနေဖို့ မလိုဘူး င်တယ်၊ ရေနံဆီမီးဖိုတွေရှိတယ်၊ ဂျက်နက်ကားနောက်ခန်း မှာ ချက်ပြုတ်လို့ရတယ်၊ ဟိုဒုက္ခသည်တွေလဲ သူတို့ကားထဲ ချက်လို့ရတယ်၊ ရိက္ခာတွေ လုံလုံလောက်လောက်ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒီးလ်က ထိုသို့ ပြောလိုက်လေသည်။

'အေးဗျာ အစားအသောက် ပူပူနွေးနွေး စားလိုက်ရရင်အားလုံး စိတ်ဓာတ်တက်ကြွလာလိမ့်မယ်'

ဖာသာကာရီဂန်က ပြောလိုက်သည်။

'ချာတိတ် အခြေအနေရော'

ဒရမ်မွန်က မေးလိုက်သည်။

'ကောင်းပါတယ်၊ လတ်တလောတော့ အိပ်ဆေးတန်းနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတယ်'

'အိပ်ဖို့အစီအစဉ်ရော'

ဟာမစ်က မေးလိုက်သည်။

'ထရပ်ကားတွေထဲမှာ အိပ်မှာပေါ့၊ ကင်းတော့ချရလိမ့်မယ်၊ နှစ်ယောက်တွဲစီ ချထားရမယ်၊ ဒီနေရာမှာ တစ်ယောက်လမ်းဘေးမှာတစ်ယောက် စားပြီးသောက်ပြီးရင် အလှည့်ကျကင်းစောင့်လိုက်တာပေါ့'

ဒီးလ် ထွက်သွားသည်နှင့် ဖာသာကာရီဂန်သည် ဂျက်နက်ကို မော့ကြည့်ပြီး ပြုံးလိုက်သည်။

'ကဲ ငါ့ဆေးအိတ်လေးပေးစမ်းပါဦး ဂျက်နက်၊ ဘရက်ကောင်ဟတ်စ်ရဲ့ အခြေအနေသွားကြည့်ရအောင်'

'ကျုပ်လဲလိုက်မယ်'

ဟာမစ်က ပြောလိုက်သည်။

သူတို့ အတူတူထွက်သွားကြလေသည်။ ဒရမ်မွန်သည် အာမက်ကို လှမ်းခေါ်လိုက်ပြီး ဂျက်နက်ကို ကားအောက်သို့ ပွေ့ချပေးလိုက်သည်။ အာမက်သည် အပြေးအလွှားရောက်လာ



လေသည်။

'ဟုက်ကဲ့၊ မစ္စတာ ဒရမ်မွန်'

မစ္စဂျက်နက်က ရိက္ခာကားထဲမှာ တို့အတွက် ညစာချက်လိမ့်မယ်၊ ရေနံဆီမီးဖိုလေး ထုတ်ထားပြီး အသားဗူးတချို့ဖောက်လိုက်၊ သူနိုင်းတဲ့အတိုင်း သွက်သွက်လက်လက် မလုပ်ပေးရင် မင်းလည်ပင်းကို ဖြတ်ပိုင်းလိုက်မယ်'

အာမက်သည် ဂျက်နက်ကို ပြုံးပြလိုက်သည်။

'မစ္စတာ ဒရမ်မွန်ဟာ အင်မတန် နှလုံးကောင်းတဲ့လူပါမစ္စဂျက်နက်၊ သူဘယ်တော့မှ အဲဒီလိုလုပ်နိုင်မှာ မဟုတ်ပါဘူး၊ ကဲ ကျွန်တော်နဲ့လိုက်ခဲ့၊ ကျွန်တော်အားလုံး စီစဉ်ပေးမယ်'

သူတို့နှစ်ယောက် ထွက်ခွာသွားသည်နှင့် ဒရမ်မွန်သည် ဟာမစ်နှင့် ဖာသာကာရီဂန်နောက် လိုက်သွားလေသည်။

ဒရမ်မွန်သည် သူတို့ကို တတိယကားနောက်ခန်းထဲတွင် တွေ့သည်။ အထဲတွင် မီးလုံးတစ်လုံးဆင်ထားပြီး ဖာသာကာရီဂန်သည် အပေါ်ပိုင်း ဗလာကျင်းနေသော ဘရက်ကောင်ဟတ်စ်၏ပတ်တီးများကို ခွာနေလေသည်။ စစ်ပြေးအမျိုးသမီးနှင့်ကလေးများက ငြိမ်သက်စွာ ထိုင်ကြည့်နေကြသည်။

သူ၏မျက်နှာမှာ ဖြူလျော်နေပြီး ချွေးကျနေလေသည်။ သူသည် အေးဆေးစွာ ရပ်ကြည့်လေသည်။ ဖာသာ ကာရီဂန်သည် နောက်ဆုံး ပတ်တီးကိုခွာလိုက်ပြီး လက်မောင်းကို စမ်းဆေးကြည့်ရှုလိုက်သည်။ ထို့နောက် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

'ကျုပ်ထင်ခဲ့သလောက် ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်နှစ်ရက်ဆို အကောင်းပကတိ ဖြစ်မှာပါ'

'သေမတတ် နာတယ်ဗျာ'

ဘရက်ကောင်ဟတ်စ်က ပြောလိုက်သည်။

'သနားစရာ ကောင်းလိုက်တာနော်၊ သနားစရာကောင်းတယ် မဟုတ်လား ဟာမစ်'

ဒရမ်မွန်သည် ကားနောက်ဖုံးကိုတွဲခို၍ လှမ်းကြည့်ရင်း ပြောလိုက်လေသည်။

'ဒွိဟပွားစရာကိုမရှိဘူး၊ တကယ့်ကို သနားစရာကောင်းတဲ့အဖြစ်ပဲ၊ ခင်ဗျား အနားယူသင့်တယ် ဘရက်ကောင်ဟတ်စ် ခင်ဗျားကို တစ်စုံတစ်ခုဖြစ်သွားမှာကို ကျုပ်တို့လုံးဝမလိုလားဘူး'

ဟာမစ်က အေးဆေးစွာ ပြောလိုက်လေသည်။

ဘရက်ကောင်ဟတ်စ်သည် သူတို့နှစ်ဦးကို အစိမ်းလိုက်စားတော့မတတ် ပြူးကြည့်လိုက်သည်။ ဒရမ်မွန်သည် သူမှီထားသော ကားနောက်ဖုံးကို လက်လွှတ်ချလိုက်သည်။ ရိက္ခာကားဆီသို့ လျှောက်ခဲ့လေသည်။ ကားအနီးသို့ ရောက်သောအခါတွင် အတွင်းမှ လွင့်ပျံ့လာသော ဟင်းနံ့များရလေသည်။

သူသည် ကားပေါ်သို့တက်လိုက်လေသည်။ ဂျက်နက်နှင့် အာမက်သည် မီးဖိုဘေးတွင်အလုပ်ရှုပ်နေလေသည်။ ဒီးလ်မှာ သေတ္တာတစ်လုံးပေါ်ထိုင်၍ မြေပုံကို ကြည့်နေလေသည်။

'ခင်ဗျား စိတ်ပူနေပုံရတယ်'

'ကျုပ် မနက်ဖြန်အကြောင်း စဉ်းစားနေတာ၊ မနက်ဖြန်ဆိုရင် ကားလမ်းနဲ့ မြစ်နဲ့ကပ်သွားတဲ့နေရာ ရောက်လိမ့်မယ်၊ တကယ်လို့ သူပုန်တပ်တွေသာ ဒီဘက်ကူးလာနိုင်ခဲ့ရင် ပြဿနာ



တက်နိုင်တယ်၊ ဥပမာအားဖြင့် ဘိုတင်းတောင်ကြားက တံတား၊ အဲဒီတံတားသာ ပျက်စီးနေရင် ကျုပ်တို့ ခြေလျင်လျှောက်ရမှာ'

'အဲဒီအကြောင်း မနက်ကျမှပူမယ်၊ အခုလတ်တလော ကျုပ်ခေါင်းထဲမှာ အတွေးတစ်ခုပဲရှိတယ်၊ တစ်ခုခုစားသောက်ဖို့'

ဒရမ်မွန်က ပြောလိုက်သည်။

အာမက်သည် ပဲသီးနှင့်အသားရောထားသောစွတ်ပြုတ်တစ်ပန်းကန်စီ ကမ်းပေးလိုက်သည်။ သူတို့ စတင် စားသောက်ချိန်မှာပင် ဖာသာကာရီဂန်နှင့် ဟာမစ်ရောက်လာသည်။

'မစ္စတာ ဘရက်ကောင်ဟတ်ဆီကို အစားအသောက်ပို့ပေးလိုက်ပါဦး အာမက်'

ဖာသာကာရီဂန်သည် အာမက်ကို လှမ်းပြောလိုက်ပြီး ဒရမ်မွန်ကို မျက်မှောင်ကုတ် ကြည့်လိုက်သည်။

'စောစောက ခင်ဗျားပြောတာလေးတွေ မကြမ်းလွန်းဘူးလား၊ ဒီလိုအခြေအနေမျိုးမှာ ဘယ်သူပဲဖြစ်ဖြစ် သွေးကြောင်မှာပါ'

'ကျုပ်မှာ အစကတည်းက သွေးမှမရှိတာ'

ဒရမ်မွန်က ပြတ်သားစွာ ပြောလိုက်လေသည်။

အဘိုးကြီးသည် တစ်ယောက်စီကို လိုက်ကြည့်မိသည်။ နောက်ကွယ်တွင် သူမသိသော ကိစ္စတစ်ရပ်ရှိနေကြောင်း သဘောပေါက်မိလေသည်။ ဒရမ်မွန်သည် ကားနောက်ပိုင်းမှ ခုန်ဆင်းပြီး ကားရှေ့ခန်းကို တက်သွားသည်။

သူသည် နွေးထွေးသော အမှောင်ထဲတွင် ထိုင်၍ စီးကရက်သောက်နေခဲ့သည်။ အာမက်သည် ပူနွေးသော

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်တစ်ခွက်ကို ယူဆောင်လာလေသည်။ ခဏအကြာတွင် ဒီးလ်ကတ်ခါးကို ဖွင့်လိုက်လေသည်။

'ကျုပ် ကင်းတာဝန်ယူထားဆွဲလိုက်ပြီးပြီ၊ ညဆယ်နာရီ ကျရင် ခင်ဗျားအာမက်ဆီက တာဝန်ယူလိုက်ပါ။ သူ့ကိုလမ်းဘေး ကင်းချထားတယ်၊ ဒီမှာလဲ မနက် ၄ နာရီကနေ ၅ နာရီအထိ တာဝန်ယူပါ၊ ကျုပ်အားလုံး မနက် ၅ နာရီမှာ စ စချင်တယ် ကျုပ်တို့ ခရီးရှည်ကြီး ဆက်ရဦးမယ်'

သူသည် အမှောင်ထဲသို့ ပြန်လည်ဝင်သွားလေသည်။ ဒရမ်မွန်သည် သူ၏အကျီမှ သိုးမွေးခေါင်းစွပ်ကို ဆွဲတင်လိုက်လေသည်။ နှစ်နာရီခန့် အိပ်ချိန်ရသေးသည်။ သူသည် ကားထောင့်တွင်ခွေ၍ မျက်လုံးမှိတ်လိုက်သည်။

❖ ❖ ❖ ❖ ❖

သူသည် ရုတ်တရက် လန့်နိုးသွားလေသည်။ တစ်စုံတစ်ယောက်က သူ့ကို နှိုးနေသောကြောင့်ပင် ဖြစ်သည်။ ထိုတစ်စုံတစ်ဦးကား အာမက်ပင်ဖြစ်သည်။

'မစ္စတာဒရမ်မွန် အိပ်မက်မက်နေခဲ့တယ်ထင်တယ်'

'ငါ့ကင်းချိန်ရောက်ပြီလား'

'ရောက်ပြီ မစ္စတာဒရမ်မွန်'

ဒရမ်မွန်သည် စိတ်ငြိမ်သွားစေရန်အတွက် ၄-၅ခါ



အသက်ပြင်းပြင်းရှူရှိုက်လိုက်လေသည်။ ထို့နောက် စက်သေနတ်ကို ကောက်ယူပြီး ကားပေါ်မှ ဆင်းလိုက်လေသည်။

ညသည် မိုးသည်းနေဆဲ အမှောင်ထဲတွင် မြူဆိုင်းနေဆဲပင်ဖြစ်သည်။ သူသည် ထင်းရှူးပင်များကို အကာအကွယ်ယူ၍ လမ်းကိုချည်းကပ်သွားလေသည်။

'အာမက် မင်းဘယ်မှာလဲ'

သူသည် အသံတိုးတိုးဖြင့် လှမ်းခေါ်လိုက်လေသည်။

အာမက်က အမှောင်ထဲမှ ထွက်လာလေသည်။

'အခြေအနေ ဘယ်လိုလဲ'

'ဘာမှ မဖြစ်ဘူး၊ မိုးမပြတ်ရွာနေတာကလွဲလို့ ဘာမှ မထူးခြားဘူး၊ မကြာခင် နှင်းကျလိမ့်မယ်၊ အရင်တုန်းကလဲ ဒီလိုစောစော ဆောင်းကျဖူးတယ်'

'မကျပါစေနဲ့လို့သာ ဆုတောင်းရမှာပဲ'

ဒရမ်မွန်က ပြောလိုက်သည်။ အာမက်သည် အမှောင်ထဲဝင်ရောက်သွားလေသည်။

ဒရမ်မွန်သည် ပြိုကျနေသော သစ်ပင် ပင်စည်ပေါ်တွင် ထိုင်လိုက်လေသည်။ လက်နှစ်ဖက် ပိုက်လိုက်မိသည်။ သူသည် ပေါင်ပေါ်တွင်တင်ထားသော စက်သေနတ်ကို ပြန်လွယ်၍ ခြေဆောင့်လမ်းလျှောက်လိုက်ပြန်လေသည်။ သွေးပူသွားစေရန်ဖြစ်လေသည်။

နောက်ဆုံးတွင် သတိထားရမည်ကိုပင် လစ်လျူရှုလိုက်ပြီး ဆေးလိပ်တစ်လိပ်ညှိလိုက်လေသည်။ ဆေးလိပ်ငွေ့များက ဆိုးဝါးလှပေသည်။ သို့တိုင်အောင် ဆေးလိပ်တောင့်က စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးနေစေပုံရသည်။ ထိုတစ်လိပ်ကုန်သည်နှင့် နောက်တစ်လိပ် ဆက်ညှိလိုက်လေသည်။

သူသည် အသံတစ်ခုကို တဖြည်းဖြည်း သတိထားမိလိုက်သည်။ မတ်တတ်ရပ်ပြီး ဂရုတစိုက် နားစွင့်လိုက်မိသည်။ စခန်းဘက်မှလာသော အသံဖြစ်လေသည်။ ဗွက်ထဲနင်းလာသော ခြေသံ ကိုကြားရသည်။ အသံတန့်သွားလေသည်။ ထို့နောက်ပို၍ သတိထားလျှောက်သည်ကဲ့သို့ အသံအုပ်အုပ်လေး ဖြစ်သွားသည်။

ဒရမ်မွန်သည် သူ၏ဆေးလိပ်အား သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ဂရုတစိုက် တင်လိုက်လေသည်။ ထို့နောက် အမှောင်ထဲသို့ ဝင်ရောက်ပုန်းအောင်း လိုက်လေသည်။

သူသည် အသံရှင်၏နောက်သို့ရောက်အောင် ကွေ့ပတ်လျှောက်သွားလေသည်။ အမှောင်ထဲတွင် မည်းနက်နေသော သဏ္ဍာန်တစ်ခုကို ရေးရေးမြင်လိုက်ရလေသည်။

ထိုသဏ္ဍာန်၏ ငြိမ်သက်မှုသည် ဒရမ်မွန်ကို စိတ်ပိုင်းဖြတ်လိုက်စေခဲ့သည်။ ငြိမ်သက်မှုထက် သေနတ်လွယ်ကြိုးဖြုတ်လိုက်သည့် အသံကပို၍ စိတ်ကိုထန်သွားစေသည်။

ဒရမ်မွန်သည် ရှေ့သို့တိုးသွား၏။ ထိုသဏ္ဍာန်၏ပခုံးကိုပုတ်လိုက်လေသည်။ ထိုသဏ္ဍာန်လှည့်လာသည်နှင့် ဝမ်းဗိုက်ကိုပစ်ထိုးလိုက်လေသည်။

ထိုသဏ္ဍာန်သည် မြေပြင်ပေါ်သို့ ကားယားကြီးကျသွားလေသည်။ ဒရမ်မွန်သည် မီးခြစ်တစ်ဆံ ခြစ်ကြည့်လိုက်သည်။ မြေပြင်ပေါ်လဲနေသူကား ဘရက်ကောင်ဟတ်စ်ပင် ဖြစ်သည်။



သူ၏ဘေးတွင် ဒီးလ်ထုတ်ပေးခဲ့သော စက်သေနတ်တစ်လက်ကျနေလေသည်။ မီးခြစ်ဆံသည် မိုးရေထိပြီး ငြိမ်သွားသည်။

ခဏအကြာတွင် ဘရက်ကောင်ဟတ်စ်သည် ညည်းတွားပြီး ထထိုင်လိုက်လေသည်။

'ဘာဖြစ်တာလဲ'

သူ၏အသံမှာ တုန်ရင်နေပြီး ဖျားနာနေပုံပေါက်နေသည်။

'ခင်ဗျားအမှောင်ထဲမှာ တုန်ရင်နေပြီး ဖျားနာနေပုံပေါက်နေတယ်။ အသံမပေး၊ ဘာမပေးနဲ့။ ဘယ်လိုလဲ။ ခင်ဗျားအမှောင်ထဲမှာ အဲဒီလို လျှောက်မသွားသင့်ဘူး၊ ခင်ဗျားအပြုအမူကို အခြားလူတွေက အတွေးမှားသွားနိုင်တယ်'

ဒရမ်မွန်က ပြောလိုက်လေသည်။

'ခင်ဗျားကို သီးသန့်ပြောချင်တာရှိလို့ လာတာပါ၊ ဆာဒါမှာ ဖြစ်ပျက်ခဲ့တာကို ကျုပ်ရှင်းပြချင်လို့ပါ၊ ခေါင်းမိုးပြိုကျတော့ ကျုပ်ကယောင်ချောက်ချား ဖြစ်သွားတယ်၊ ဘာဖြစ်နေမှန်းတောင် မသိခဲ့တော့ဘူး။ ကျုပ် လင့်ရိဗာကားကိုပြေးခဲ့တယ်၊ ခင်ဗျားတို့ တစ်ယောက်မှ မလိုက်လာတော့ အားလုံးသေသွားပြီမှတ်သွားတယ်'

ထိုစကားကား မျက်နှာပြောင် လိမ်လည်လိုက်မှုပင်ဖြစ်သည်။ သို့သော် ဒရမ်မွန်က ထိုအချက်ကို လျစ်လျူရှုလိုက်လေသည်။

'အကြောင်းမဟုတ်ပါဘူး။ ဒါမျိုးတွေက ဖြစ်လေ့ဖြစ်ထရှိပါ' ဘရက်ကော်ဟတ်စ်က တုံ့ဆိုင်းဆိုင်း ဖြစ်သွားလေသည်။

'ခင်ဗျား အခြားသူကို ပြောခဲ့သေးလား'

www.burmeseclassic.com

www.burmeseclassic.com



ဒရမ်မွန်က ခေါင်းယမ်းလိုက်လေသည်။

'ဒီအကြောင်းကို ဟာမစ်နဲ့ ကျုပ်ပဲသိတယ်၊ ကျုပ်တို့ကလဲ အဲဒါကိုအချိန်ပေးစဉ်းစားမနေနိုင်ဘူး၊ ဒါထက်အရေးကြီးတာကို စဉ်းစားနေရတယ်လေ။'

ဒရမ်မွန်သည် အမှောင်ထဲတွင် အရိပ်အကဲ ဖမ်းမိရခက်စွာ ရပ်တန့်နေခဲ့လေသည်။

'ခင်ဗျားပြန်ပြီး အိပ်သင့်တယ်ထင်တယ်၊ အိပ်ရေးဝဖို့ လိုတယ်'

သူသည် စက်သေနတ်ကိုကောက်ယူ၍ ကမ်းပေးလိုက်သည်။

'ဒါလေး ယူသွားလိုက်ပါဦး'

ဘရက်ကောင်ဟစ်သည် စကားတစ်လုံးမျှမပြောဘဲ ဒယ်ဒယိုင် ထွက်သွားလေသည်။ နာရီဝက်အကြာတွင်မှ ဒီးလ်သည် ကင်းလှည့်ရင်း ရောက်လာသည်။

'ဘာဖြစ်သေးလဲ'

ဒရမ်မွန်က ခေါင်းယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူး၊ ဒီမှာ အားလုံးအေးအေးဆေးဆေးပါ'

ဒရမ်မွန်သည် စခန်းဘက်သို့ ပြန်လျှောက်လာခဲ့လေသည်။ စောင်တစ်ထည်ကို ပခုံးအထိ ဆွဲတင်ခြုံလိုက်လေသည်။ သူသည် တစ်ကိုယ်လုံး အေးစက်ထုံကျဉ်နေခဲ့လေသည်။ သို့တိုင်အောင် စိတ်ညစ်ညူးမှု မရှိခဲ့ချေ။ သူသည် ထိုအခြေအနေမျိုး ကြာမြင့်စွာကပင် ကျော်လွှန်ခဲ့ပြီးဖြစ်သည်။

❖ ❖ ❖ ❖ ❖



သူသည် ဖြည်းလေးစွာ နိုးလာလေသည်။ တစ်ချက်သမ်းဝေလိုက်ပြီး ဘေးတစ်စောင်း လှည့်လိုက်သည်။ ရေနံဆီမီးဖိုဖြင့် ရေနွေးတည်နေသော ဂျက်နက်ကို တွေ့ရလေသည်။ သူမ၏ မျက်နှာတစ်ဝက်သည် မှောင်ရိပ်ထဲ ကျနေလေသည်။ သူမ၏ အလှအပသည် တည်ငြိမ်လေးနက်လွန်းလေသည်။

'ဘယ်အချိန်ရှိပြီလဲ'

ဒရမ်မွန်က လှမ်းမေးလိုက်သည်။

'သုံးနာရီကျော်ကျော်လောက်ပဲ ရှိသေးတယ်၊ ကျွန်မအိပ်လို့မရလို့ ထလာတာ'

သူမသည် မတ်ခွက်ကြီးနှစ်ခွက်ဖြင့် လက်ဖက်ရည်ဖျော်လိုက်ပြီး သူ့ကို တစ်ခွက်လှမ်းပေးလိုက်သည်။ သူတို့သည် မီးဖိုအလင်းရောင်တွင် တိတ်ဆိတ်စွာ ထိုင်နေခဲ့ကြသည်။ ခဏအကြာတွင် ဒရမ်မွန်က ညင်သာစွာ မေးလိုက်သည်။

'ဘာလဲဂျက်နက် ကြောက်နေသလား'

'ထင်တာပဲ ဗီယက်နမ်အတွေ့အကြုံတောင်မှ ဒီလောက်မဆိုးခဲ့ဘူး၊ ကျွန်မတို့ ဒီနေရာကလွတ်မယ်ထင်သလား'

သူမက ရိုးစင်းစွာ မေးလိုက်သည်။

သူသည် လိမ်ညာအာမခံရန် အတွေးဝင်သွားလေသည်။ သို့သော် သူမ၏ တည်ငြိမ်လေးနက်သောမျက်နှာကိုကြည့်၍ အမှန်ကိုသာ ပြောသင့်ကြောင်း စဉ်းစားမိလေသည်။

'သေချာမပြောတတ်ဘူး၊ ဒီးလ်ပြောသလိုသာ သူပုန်တွေ ဒီဖက်ကမ်းကူးလာပြီး ရှေ့က ကြိုရောက်နေရင် ပြဿနာ

www.burmeseclassic.com



များဖို့ အကြောင်းရှိတယ်'

'ဒီးလ်ပြောတဲ့ တံတားမှာ အတော်အခက်အခဲဖြစ်ဖို့များ မလား'

'ပြဿနာဆိုတာ တွေ့တဲ့နေရာမှ သတ်မှတ်ရင်ဆိုင်လိုက် တာအကောင်းဆုံးပဲ၊ ကြိုတင်တွေးနေလို့ ဘာမှအကျိုးမရှိဘူး ဒါတွေပြီးသွားရင် ဘာလုပ်ဖို့ ရည်ရွယ်ထားလဲ'

'ကာရင်းနဲ့အတူ ချီကာဂိုကို ဆက်သွားရုံပဲပေါ့၊ အခြေ အနေ ဘယ်လိုပြောင်းလဲပြောင်းလဲ အဲဒီဟာကတော့ တည်ဆဲပဲ ထင်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ ကျွန်မခွင့်သုံးလ ခံစားခွင့်ရှိ တယ်လေ'

'ပြီးတော့'

'မသေချာသေးဘူး၊ မိတ်သဟာအဖွဲ့အစည်းကပို့တဲ့ နေရာကိုသွားရမှာပဲ'

'မင်းအိမ်ထောင်ပြုသင့်နေပြီ'

'အဲဒါ ကမ်းလှမ်းချက်လား'

ဒရမ်မွန်က ခေါင်းယမ်းလိုက်သည်

'ကိုယ်နဲ့ယူရင် ငွေရေးကြေးရေးတော့ ပူစရာမရှိဘူး ဂျက်နက်၊ ဒါပေမယ့် အနုတ်ဖက်ကို စဉ်းစားကြည့်ဦး၊ ကိုယ်က အသက် ၄၀အရွယ်၊ ထင်ရာစိုင်းနေတဲ့ ရေတပ်သားသူရဲကောင်း တစ်ဦး၊ တစ်နေရာရာမှာ ခဏတော့ အနားယူချင်တယ်၊ မင်း အတွက် မက်လောက်စရာ မရှိပါဘူး'

ကျွန်မတို့နှစ်ယောက် လက်တွဲဖြစ်အောင် မကြိုးစားချင် တစ်သက်လုံးနောင်တရမိကြမှာ သေချာတယ်လို့ ကျွန်မသိတယ်



သူမက အေးဆေးစွာ ပြောလိုက်လေသည်။

ဒရမ်မွန်သည် မီးဖိုမီးကို ငေးကြည့်မိသည်။ သူမ၏ လက်ကို ဆုပ်ကိုင်ထားမိသည်။ သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ထလိုက်လေသည်။

'ကိုယ်အပြင်ထွက်ပြီး လေညင်းခံလိုက်မယ်၊ ကိုယ့် အတွက် တွေးစရာအများကြီး ရှိသွားပြီ'

ဂျက်နက်သည် အမှောင်ထဲတွင် ငြိမ်ထိုင်နေခဲ့သည်။ ခဏအကြာတွင် ဟာမစ်တက်လာလေသည်။ မီးဖို၏တစ်ဖက် သူမနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

'ကျုပ်ဒရမ်မွန်ကို နှိုးရဦးမယ်၊ လေးနာရီကျရင် ကျုပ် နေရာမှာ ကင်းဝင်ရမယ်'

'သူနိုးနေပြီ၊ လေညင်းခံဖို့ ထွက်သွားတယ်'

'ပြဿနာဖြစ်နေလို့လား'

ဟာမစ်က မေးလိုက်သည်။

သူမက ပခုံးတွန့်လိုက်သည်။

'မနက်လေးနာရီ စကားဝိုင်းတစ်ခုပါပဲ၊ ကျွန်မနဲ့ ဆိုက်အောင် အသက်ကြီးနေလို့ သူ့ကိုယ်သူ ယူဆလိုက်တယ်'

ဟာမစ်က ခေါင်းညိတ်လိုက်လေသည်။

'သူနွမ်းနေတယ်၊ ပင်ပန်းနေတယ်'

ဟာမစ်သည် တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီး စကားဆက်ရန် ဆုံးဖြတ်လိုက်လေသည်။

'ဒရမ်မွန်က သူနဲ့ပတ်သက်ပြီး ကျုပ်ဘာမှမသိဘူး ထင်နေတယ်၊ ဒါပေမယ့် သူဟာ အနည်းဆုံးလွန်ခဲ့တဲ့ ငါးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကာလလောက်ကတည်းက ဗြိတိသျှထောက်လှမ်းရေးအတွက် အလုပ်လုပ်နေခဲ့မှန်း ကျုပ်သိတယ်၊ ကျုပ်တို့နယ်စပ်နဲ့ ကပ်နေတဲ့ နိုင်ငံပေါ်လည်း တရားမဝင်ပျံသန်းပြီး ထောက်လှမ်းရေးဓာတ်ပုံတွေ ရိုက်ယူနေမှန်း ကျုပ်သိတယ်'

သူမသည် အံ့ဩလွန်း၍ သက်ပြင်းတစ်ချက်ပင် ရှိုက်လိုက်မိသည်။

'ရှင်သေချာရဲ့လား'

'သေချာပါတယ်၊ အိန္ဒိယတပ်မတော် ထောက်လှမ်းရေးက မိတ်ဆွေတွေဆီက ရတဲ့သတင်းပဲ၊ အဲဒီလိုလုပ်ငန်းမျိုးလုပ်နေရတဲ့လူမျိုးရဲ့ စိတ်အခြေအနေကို ခန့်မှန်းကြည့်လေ'

'အင်း အဲဒီလိုဆိုတော့လဲ သူ့အပြုအမူတွေက ရှင်းသွားတာပဲ'

'မနေ့စ်က သူ့ဘော်နီယိုတောထဲ လေယာဉ်ပျက်ချခဲ့တယ်၊ ခုခေတ်မှာ အင်ဒိုနီးရှားသားတွေက ဗြိတိသျှကို သိပ်ကြည့်လို့မရဘူးလေ၊ အဲဒီတုန်းကလဲ သူ့ကို မိလုမိခင်ပဲ၊ ဖမ်းမိသွားရင်တော့ သူ့ကြမ္မာ တော်တော်ဆိုးသွားမှာ'

'သူ့ မျက်နှာပေါ်က အနာရွတ်ကြီးက အဲဒီတုန်းက ရခဲ့တာလား'

သူသည် ခေါင်းညိတ်ပြီး ရှေ့သို့ ကိုင်းလိုက်လေသည်။

'သူဟာ လူကောင်းတစ်ယောက်ပါ ဂျက်နက်၊ ဒါပေမယ့် လောကကြီးကို ခံနိုင်ရည်မရှိချင်တော့ဘူး၊ သိပ်နွမ်းလျနေပြီ၊ သူ့ကို အိမ်ခေါ်သွားပါ ဂျက်နက်။ ခင်ဗျားတို့အတွက် တည်ထောင်မယ့် အိမ်ကိုခေါ်သွားပါ'



ဂျက်နက်၏မျက်နှာထား ချက်ချင်း ပြောင်းလဲသွား၏။ သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိသည့်ပုံစံ တည်ငြိမ်လေးနက်သွားသည်။ သူမသည် ဟာမစ်ကို လိုက်လှဲစွာ ပြုံးပြလိုက်သည်။

'ခေါ်သွားမယ် ဟာမစ်၊ စိတ်ချ ခေါ်သွားမယ်'

သူမသည် ပြောပြောဆိုဆိုပင် မတ်တတ်ရပ်လိုက်သည်။

'ကျွန်မ ကာရင်းကို သွားကြည့်လိုက်ဦးမယ်'

ဟာမစ်သည် သူ့အတွက် နောက်ထပ် လက်ဖက်ရည်တစ်ခွက်ငှဲ့လိုက်လေသည်။ အဘယ်ကြောင့်မှန်းမသိ ဝမ်းနည်းသလို ခံစားမိလေသည်။ ခဏအကြာတွင် ဒရမ်မွန် ကားနောက်ဖိုင်းမှ တက်လာလေသည်။

'ဂျက်နက်ရော '

'ကာရင်းကို သွားကြည့်တယ်၊ လမ်းပေါ်မှာ ဘယ်သူ တာဝန်ကျနေလဲ'

'အာမက် ထင်တယ်'

ဒရမ်မွန်သည် တုံ့ဆိုင်းဆိုင်းဖြစ်ပြီးမှ ဆက်ပြောလိုက်သည်။

'မနေ့ညက ကျုပ်တာဝန်ကျနေတုန်းမှာ ရက်ကောင်တစ်စ ရောက်လာတယ်'

'ဘာလုပ်ဖို့လဲ'

'ဘာလုပ်ဖို့လဲ မသေချာဘူး၊ ကျုပ်ကို သေကြောင်းကြံဖို့များလားလို့ ထင်မိတယ်၊ ဒါပေမယ့် ဆာဒါကကိစ္စနဲ့ပတ်သက်ပြီး နှုတ်လုံစေချင်တဲ့သဘောက အဓိကကျနေပုံရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒရမ်မွန်သည် ဖြစ်ပျက်ခဲ့သမျှကို ရှင်းပြလိုက်လေသည်။ သူစကားဆုံးသွားသောအခါတွင် ဟာမစ်က ခေါင်းညိတ်လိုက်သည်။ မျက်နှာပေါ်တွင် သဘောမတွေ့သော အသွင်က ထင်ရှားနေလေသည်။

'အေးပေါ့၊ အခြေအနေအရ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ လက်နက်ကိုင်ထားတာလို့ ပြောနိုင်တဲ့ အနေအထားပဲ၊ သုံးလို့ပဲ မရဘူးလေ၊ အသံမြည်သွားမယ်၊ ဓားနဲ့ထိုးမှ နည်းမှန်တယ်'

'အဲဒီလို အမှန်အမှား ခွဲခြားသုံးသပ်နိုင်လောက်တဲ့ အဆင့်မရှိဘူး ထင်တယ်၊ နောက်ပြီး ဓားကိုင်လောက်တဲ့ သတ္တိမျိုးလဲရှိပုံ မရပါဘူး၊ ရှိကိုမရှိတာပါ'

ဒရမ်မွန်က ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ်လေ၊ ရှေ့လျှောက်သူ့ကို သတိထားရမှာပဲပေါ့'

ဟာမစ်က ပြောပြောဆိုဆိုပင် ကြက်သီးထသကဲ့သို့ တုန်ယင်သွားသည်။

'ကျုပ် သိပ်သဘောမကျဘူး ဒရမ်မွန်၊ ရှူးရှူးမိုက်မိုက် သတ္တိကြောင်တဲ့ လူတွေကြောင့် အသားလွတ် သေဆုံးခဲ့ရတဲ့ လူကောင်းတွေအကြောင်း တွေးမိတယ်၊ ဒီလိုကိစ္စအတွက် ကျုပ်တော့ အိုလာပြီထင်တယ်'

'ကျုပ်တို့အားလုံး ဇရာထောက်လာပြီ မဟုတ်လား'

ဒရမ်မွန်က ပြောလိုက်သည်။

သူသည် မတ်တတ်ထရပ်လိုက်ပြီး ကားနောက်ပိုင်းသို့ လျှောက်သွားသည်။ မိုးသောက်အာရုံပြေးခါစ ရှိနေလေပြီ။



အရုဏ်ဦးအလင်းရောင်နှင့် လူးနေသော မြူများကိုတွေ့ရလေသည်။ မိုးသည်းထန်စွာ ကျနေပြန်သည်။

ဒရမ်မွန်သည် လောကကြီးကို မျှော်ငေးကြည့်ရင်း နေ့သစ် တွေကြုံရကောင်းသည့် အဖြစ်များကို ကြိုတင်မှန်းမျှော်တွေးဆလိုက်မိသည်။

❖ ❖ ❖ ❖ ❖

ဘန်ဒေါင်ရွာသူကြီးအိမ်၏ မီးဖိုရှေ့တွင် သိုးရည်ခြုံ၍ အိပ်နေခဲ့သော ပီရူးသည် နံကြားထဲ ပိတ်ကန်ခံလိုက်ရသောကြောင့် လန့်နိုးသွားလေသည်။ သူသည် အိမ်မက်မက်နေသကဲ့သို့ ကယောင်ကတမ်း ခုန်ထလိုက်လေသည်။ သူ့ကို ကြည့်နေသော မျက်နှာများကို တွေ့လိုက်ရသည်။ ထိုမျက်နှာပိုင်ရှင်တို့သည် ပခုံးတွင် ပဝါနီများ စည်းထားလေသည်။

တစ်နေရာတွင် ယူစွတ်၏အော်သံကို ကြားလိုက်ရလေသည်။ တံခါးပေါက်သို့ သွေးရူးသွေးတမ်း ပြေးသွားသည်ကို တွေ့လိုက်ရသည်။

တစ်စုံတစ်ယောက်က ခြေထိုးခံလိုက်သည်။ ယူစွတ်သည် ခလုတ်တိုက် မှောက်ရက်လဲသွား၏။ နောက်တစ်ဦးက သေနတ်ဒင်ဖြင့် ခေါင်းကိုထုပစ်လိုက်သည်။ ဦးခေါင်းခွံ ကွဲသွားသည့်အသံသည် ပီပြင်စွာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီရူးသည် ဆွဲထုခြင်းကိုခံလိုက်ရသည်။ ကယောင်ကတမ်း ရေရှုတ်လိုက်မိလေသည်။ ထိုစဉ်မှာပင် ပြတ်သွားသော အမိုး ပေးသံတစ်ခုပေါ်လာပြီး ဆစ်ခန်းလုံးတိတ်ဆိတ်သွားလေသည်။

ချောင်သည် တံခါးဝတွင်ရပ်တန့်၍ အခန်းတွင်းမြင်းကွင်းကို ကြည့်လိုက်လေသည်။

သူတို့သည် ကာမာဒေသမှ ဖြတ်ကျော်ရန်အတွက် အတော်ကြိုးစားခဲ့ရလေသည်။ အတော်ကြန့်ကြာသွားခဲ့လေသည်။ မိုးသည်းထန်ခဲ့သောကြောင့် မြစ်ရေများသည် ထင်သည်ထက် များစွာ ကြီးနေခဲ့လေသည်။ ရေတိမ်ပိုင်းဖြစ်သည့်တိုင်အောင် ကားများနစ်သွားလောက်အောင် နွံထူနေခဲ့သည်။ ကားတစ်စီး နွံနစ်သွားခဲ့သည်။ ထိုကားကိုဆွဲထုတ်ရန် အတန်ကြာ ကြိုးစားခဲ့ သည်။အကျိုးအရာမထင်မှန်းတွေ့သောအခါတွင် ကျန်ယာဉ်တစ်စီး တည်းဖြင့် ခရီးဆက်ရန် ဆုံးဖြတ်လိုက်လေသည်။ ထိုအမှား ကြောင့် မကြန့်ကြာသင့်ဘဲ ကြန့်ကြာနေခဲ့လေသည်။မနောက်ကျ သင့်ဘဲ နောက်ကျခဲ့လေသည်။

သူသည် တစ်စုတစ်ရုံးတည်းခရီးဆက်နှင်ခဲ့လေသည်။ ရာသီဥတုဆိုးဝါးလွန်းသောကြောင့် တစ်နာရီ ဆယ်မိုင်နှုန်းပေါက် ရန်ပင် မနည်းကြိုးစားခဲ့ရလေသည်။ သို့သော် ဘန်ဒေါင်တွင် ဖာသာကာရီဂန်တို့အုပ်စုကို အုပ်မိနိုင်ကောင်းမည်ဟူသော မျှော် လင့်ချက်ဖြင့် မဆုတ်မနစ် ခရီးနှင်ခဲ့လေသည်။

'ဘာဖြစ်နေတာလဲ'

ချောင် ကမေးလိုက်သည်။

တပ်စိပ်ခေါင်းဆောင်က ရှေ့သို့ထွက်လိုက်သည်။



'ရွာထဲမှာ လူတစ်ယောက်မှ မရှိဘူး။ ဒီလူနှစ်ယောက်ပဲ တွေ့တယ်၊ ကြည့်ရတာ တပ်ပြေးတွေနဲ့ တူတယ်'

'တပ်ပြေးတွေ'

ချောင်၏မျက်နှာထား ပြောင်းသွားလေသည်။ သူသည် သူသည် သူ့လူများကို စိတ်လှုပ်ရှားစွာ တွန်းဖယ်လိုက်ပြီး ပီရူး ကိုစစ်ဆေး မေးမြန်းလိုက်သည်။

'မင်း ဘယ်သူလဲ၊ ရဲဘော်တစ်ယောက်လား၊ မင်း မြစ်ကို ဖြတ်ပြေးခဲ့တာလား'

'မဟုတ်ပါဘူးဆရာ၊ ကျွန်တော်ရိက္ခာပို့ယာဉ်နဲ့ပါလာတာ ပါ'

ပီရူးက ပြောလိုက်သည်။

'ရိက္ခာယာဉ်တန်း ဒီကိုရောက်လာခဲ့လား၊ အခုဘယ်မှာ လဲ'

'သွားပြီဆရာ၊ ဗိုလ်မှူးကြီးဒီးလ်ရော ခန်လေးရော ပါတယ်၊ အိန္ဒိယနယ်စပ်ကိုရောက်ဖို့ မျှော်လင့်ထားကြတယ်'

'ဒီးလ် ဒီမှာရှိခဲ့တယ် ဟုတ်လား'

ချောင်က တအံ့တသြ မေးလိုက်သည်။

'ဟုတ်ကဲ့ဆရာ၊ ဗိုလ်မှူးဟာမစ်ရော မစ္စတာဒရမ်မွန် ရော သူတို့အားလုံး ဆာဒါကနေ ဖြတ်ကူးလာခဲ့တာပါ'

'သူတို့ဘယ်တုန်းက ထွက်သွားကြလဲ'

'မနေ့ညနေက မမှောင်ခင် နှစ်နာရီလောက်က ထွက် သွားခဲ့တယ်၊ ညကျရင် လမ်းတစ်နေရာမှာ စခန်းချမယ်လို့ စီစဉ် နေခဲ့ကြတယ်၊ ဗိုလ်မှူးကြီးဒီးလ် ပြောတာကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်တယ်'

ချောင်သည် စိတ်လှုပ်ရှားစွာ ရယ်မောလိုက်သည်။

'ရဲဘော်တွေ အမြန်စုထိုက်စမ်း၊ ငါတို့ချက်ချင်းလိုက်မယ်'

ချောင်က ပြောပြောဆိုဆိုပင် တံခါးပေါက်သို့ လှည့်သွား၏။ တပ်စိပ်ခေါင်းဆောင်က အလျင်အမြန် မေးလိုက်သည်။

'ဒီလူကို ဘာလုပ်ရမလဲဆရာ'

ချောင်သည် ပီရှူးအား သနားကြင်နာဟန်ဖြင့် ကြည့်လိုက်သည်။

'လွှတ်ပေးလိုက်ပါ၊ တို့ကို ကောင်းကောင်း အကျိုးပြုလိုက်တာပဲ'

ချောင်ထွက်သွားသည်နှင့် ပီရှူးသည် တပ်စိပ်မှူးကို စိတ်အားထက်သန်စွာ လှမ်းကြည့်လိုက်လေသည်။

သူတို့တိုက်စစ်မှူးကား အတော်ပင် ထူးဆန်းသောလူပင် ဖြစ်သည်ဟု တပ်စိတ်မှူးက တွေးလိုက်သည်။ လောကကျင့်ထုံး ပြောင်းလဲနေမှုကိုမသိ။ စစ်တလင်းတွင် လူကြီးလူကောင်း လုပ်ချင်နေ၏။ သို့တိုင်အောင် တော်သည့်ဘက်ကလည်း တော်သေသည်ကိုး။

သူသည် သူ၏ရဲဘော်တစ်ဦးကို ခေါင်းဆတ်ပြလိုက်သည်။ ထိုရဲဘော်သည် ပီရှူးကို ရုတ်တရက်ဖမ်းဆွဲပြီး ပါးစပ်ကို လက်တစ်ဖက်ဖြင့် အုပ်လိုက်သည်။ နံကြားထဲသို့ ဓားတစ်ချောင်း ထိုးသွင်းလိုက်၏။ ပီရှူးအသက်ခံရသည်။



အခန်း (၁၁)

ဆိုကင်တံတား

'တံတားကို လှမ်းမြင်ရတယ်၊ အကောင်းပကတိ ရှိသေးတယ်'

ဒီးလ်က လှမ်းပြောလိုက်သည်။

'တော်သေးတာပေါ့'

ဒရမ်မွန်သည် မှန်ပြောင်းကို လှမ်းယူ၍ လျင်မြန်စွာ ချိန်ကြည့်လိုက်သည်။

'ဘယ်သူမှ ရှိပုံမရဘူး'

'ချုံနိုတိုက်နိုက်ဖို့ အကာအကွယ်လဲ မရှိဘူး၊ အခြေအနေကောင်းတုန်း မြန်မြန်ကူးမှ ထင်တယ်'

ဟာမစ်က ပြောလိုက်သည်။

သူတို့သည်သက်ဆိုင်ရာကားသို့ ပြန်လှည့်လာခဲ့ကြသည်။ ဒရမ်မွန်သည် ရွံ့ဗွက်ထဲ ရုန်းလျှောက်လာခဲ့ပြီး ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်သည်။ အာမက်က ထုံးစံအတိုင်း အပြုံးဖြင့် ကြိုဆိုလိုက်သည်။

ထို တစ်မနက်လုံး အဆက်မပြတ်မိုးရွာသွန်းနေခဲ့သည်။ လမ်းတစ်ခုလုံး ဗွက်ချောင်းကြီး ဖြစ်နေလေသည်။ သူတို့သည် တစ်နာရီ ၁၅ မိုင်လောက်သာ ခရီးပေါက်ခဲ့ကြသည်။

သူတို့သည် တောင်ကုန်းအတိုင်း ဆင်းသက်သွားကြလေသည်။ အာမက်သည် သတိကြီးစွာဖြင့် ဆင်းသက်နေသော ဒီးလ်၏ကားနောက်မှ ပထမဂီယာဖြင့် လိုက်သွားလေသည်။

တံတားမှာ ကျဉ်းမြောင်းလှပေသည်။ တစ်လမ်းသွားယာဉ်ကြောအတွက်သာဖြစ်သည်။ အခြားကားများ ရပ်တန့်သွားသည်နှင့် အာမက်သွက်လက်စွာ ဘရိတ်အုပ်လိုက်သည်။

'ဘာဖြစ်နေတာလဲ သွားကြည့်လိုက်မယ်'

ဒရမ်မွန်သည် ပြောပြောဆိုဆိုပင် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

ဒီးလ်သည် တံတား၏သံတန်းများကို သေချာစွာ လေ့လာနေခဲ့သည်။ ဒရမ်မွန်၏ခြေသံ ကြားသောကြောင့် လှည့်ကြည့်လိုက်သည်။

'ဒီတံတားကိုသာ ဖျက်လိုက်ရင် တော်တော်နဲ့ ပြန်ဆောက်လို့ ရမှာမဟုတ်ဘူး'

'ခင်ဗျားကိုယ်တိုင် ဖျက်မလို့လား'

'အေးလေ ဘာဖြစ်လဲ၊ သိပ်ကြာမယ့်ကိစ္စမှ မဟုတ်တာ၊ ဒါပေမယ့် ဟိုဘက်ကို အရင်ကူးကြဖို့လိုတယ်'

ဒရမ်မွန်က သူ့ကားကို ပြန်လျှောက်သွားချိန်တွင်



တာမစ်က သူ့ကားထဲမှ ခေါင်းပြူကြည့်လိုက်သည်။

'ဘာတွေကြံနေတာလဲ'

'ဒီးလ်ကတံတားဖြိုပစ်ချင်တယ်၊ ဘယ်လိုသဘောရလဲ'

'သိပ်ကောင်းတဲ့ အကြံပေါ့၊ လပေါင်းတော်တော် ကြာကြာထိအောင် လမ်းပိတ်သွားလိမ့်မယ်'

'တို့ရောက်နေမှန်း လူသိရှင်ကြား ဖြစ်သွားမလား'

'သိလဲ သိပ်ထူးခြားမယ်မထင်ဘူး၊ အဲဒီရှေ့မှာ ကြိုရောက်နေတဲ့သူတွေရှိရင် တံတားဖြိုဖြို သူတို့နဲ့ တိုးမှာပဲ'

ဒရမ်မွန်သည် ကားရှေ့ခေါင်းခန်းထဲသို့ ပြန်တက်လိုက်သည်။ အာမက်က စက်နှိုးလိုက်ပြန်သည်။ တဖြည်းဖြည်း ထိန်း၍ ဆင်းလာလေသည်။ တောင်ကုန်းကို ကျော်မိသောအခါတွင် လမ်းဘေးနားတွင်ရပ်နေသော ဒီးလ်၏ကားကို တွေ့ရသည်။ အာမက်နှင့် ဘရက်ကောင်ဟတ်စ်၏ကားက နောက်မှရောက်လာသည်။

ဘရက်ကောင်ဟတ်က ရှေ့သို့လျှောက်လာ၏။ သူ၏မျက်နှာမှာ ဖြူလွှနေလေသည်။

'ကျုပ်တို့ ဘာလို့ ရပ်နေလဲ'

'ကျုပ်တို့ ဆက်မသွားခင် တံတားဖျက်ဖို့ စိတ်ကူးထားတယ်'

ဖာသာကာရိုဂန်သည် ကားပေါ်မှ ဆင်းသက်လာလေသည်။ ဂျက်နက်သည် ခန်လေးကို ပွေ့ဖက်ထားရင်း ကားခေါင်းထဲသို့ဝင်၍ ကျန်ရစ်ခဲ့သည်။

'ကျုပ်တို့ အလကား အချိန်ဖြုန်းနေကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘရက်ကောင်ဟတ်စ်က ရေရွတ်လိုက်သည်။

'တံတားဖျက်လိုက်ရင် နောက်ကလိုက်တဲ့ သူတွေက ကောင်းကောင်းလွတ်သွားမယ်၊ ကျုပ်တို့ကားထဲက လက်ပစ်ဗုံးတွေ၊ လက်နက်တွေ၊ မိုင်းတွေချဖို့ လိုအပ်တယ်၊ ခင်ဗျား လဲဝိုင်းကူ၊ ဒါမှမြန်မြန်ထက်ထက်ပြီးမှာ'

ဒီးလ်သည် ပြောပြောဆိုဆိုပင် ဖာသာကာရီဂန်ကို လှည့်ကြည့်လိုက်သည်။

'ဖာသာက မစွဂျက်နက်နဲ့ ခန်နဲ့နေခဲ့၊ ကျွန်တော်တို့ သိပ်မကြာပါဘူး'

ဒီးလ်သည် တံတားဘက်သို့ ပြန်ကွေ့မောင်းသွားလေသည်။ တံတားဦးသို့ ရောက်သောအခါတွင် ကားကို ပြန်လှည့်လိုက်ပြီး ကားအလယ်သို့ နောက်ဆုတ်သွားလေသည်။ ဒရမ်မွန်နှင့် ကားနောက်ခန်းကို တွယ်တက်လိုက်ပြီး သေတ္တာများကို အောက်မှလူများကို ကမ်းပေးလိုက်သည်။ ဘရက်ကောင်ဟတ်စ်ကို သေတ္တာတစ်လုံး ကမ်းပေးလိုက်တိုင်း ဘရက်ကောင်ဟတ်စ် ချွေးပြန်နေသည်ကို သတိထားမိသည်။

'ကဲ တော်လောက်ပြီ'

ဒီလ်သည် တံတားအလယ်ခေါင်တွင်ချထားသော သေတ္တာများကို ကြည့်၍ ပြောလိုက်လေသည်။

'ဒါတွေ ပေါက်ကွဲသွားရင် ဆာဒါမြို့ကတောင် ကြားလိမ့်မယ်'

'အခုဘာလုပ်မလို့လဲ'

ဟာမစ်က မေးလိုက်သည်။



'ကျုပ်ကိုယ်တိုင် စနက်တံရှို့မယ် တပ်ကြပ်နာဒင်းနဲ့ အာမက်က ကျုပ်ကိုကူလိမ့်မယ်။ ကျန်တဲ့လူတွေတော့ တောင်ပေါ်ပြန်တက်သွား၊ ခင်ဗျားတို့ လမ်းလျှောက်သွားရလိမ့်မယ်၊ ကျုပ်တို့က မပေါက်ကွဲခင် ထွက်ပြေးဖို့ ကားလိုလိမ့်မယ်'

ဘရက်ကောင်ဟတ်စ်သည် ရှေ့မှ သုတ်သုတ်လျှောက်သွားရပြီးဖြစ်သည်။ နာဒင်းမှာမူ စိတ်ပျက်ဟန်ဖြင့် တံတားလယ်တွင် ရပ်နေလေသည်။ ဒီးလ်က သူ့ကို စနက်တံကြိုးတစ်ခွေ ပစ်ပေးလိုက်သည်။

'ငေးငိုင်မနေနဲ့ တပ်ကြပ် ဒါတွေ မြန်မြန်သွက်သွက်ပြီးလေ မြန်မြန်သွက်သွက် ခွာနိုင်လေပဲ'

ဒရမ်မွန်သည် တောင်ကုန်းထိပ်တွင် ရပ်တန့်၍ ပြန်လှည့်ကြည့်လိုက်မိသည်။ တံတားနှင့်ကားသည် ကလေးကစားစရာနှင့်တူနေလေသည်။ ရှုခင်းတစ်ခုလုံး အရိပ်များနှင့် အသွင်တူနေ၏။

ဟာမစ်သည် ဒီးလ်၏မှန်ပြောင်းကိုကိုင်ရင်း ကုန်းထက်သို့တက်လာသည်။ သူသည် ကျောက်တုံးတစ်လုံးပေါ်တွင် ထိုင်၍ မှန်ပြောင်းကို ချိန်လိုက်သည်။

'ဘယ်လိုနေလဲ'

ဒရမ်မွန်က မေးလိုက်သည်။

'မိုင်းတွေ လိုက်ကပ်နေတယ်၊ နာဒင်းရော အာမက်ပါ စိတ်ချမ်းသာပုံ မရဘူး'

'နှစ်ယောက်စလုံး သေမတတ် ကြောက်နေတယ်၊ ဒါကြောင့် ဒီးလ်က သူတို့ကို နေနိုင်းတာနဲ့ တူတယ်'

www.burmeseclassic.com

www.burmeseclassic.com



တံတားပေါ်မှ လူများသည် သွက်လက်စွာ အလုပ်လုပ်လိုက်ကြသည်။ နာဒင်းသည် စနက်တံကြိုးကို တံတားစွန်းသို့ အပြေးသယ်သွား၏။ ဒီးလ်ထံသို့ ပြန်လျှောက်လာခဲ့သည်။ ထိုစဉ် ရုတ်တရက် တန့်သွားပြီး တစ်နေရာသို့ အသည်းအသန် လက်ညှိုးညွှန်လိုက်သည်။ သူ၏ စူးရှသောအသံသည် မိုးသံလေသံထဲ ပီပီပြင်ပြင် ပေါ်လာလေသည်။

တောင်ကြားတစ်ဖက် တောင်ကုန်းအထက်တွင် စစ်ကားတစ်စင်း ပေါ်လာလေသည်။ ဟာမစ်သည် မှန်ပြောင်းဖြင့် အလျှင်အမြန် ချိန်ကြည့်လိုက်သည်။ ဒရိုင်ဘာ၏ဘေးတွင် မတ်တတ်ရပ်နေသော လူကို ပီပြင်စွာမြင်လိုက်ရလေသည်။

'ချောင်'

ထိုစစ်ကားသည် တံတားဆီသို့ တဟုန်ထိုးဆင်းလာလေသည်။

'သူတို့ တံတားဖျက်ဖို့ အချိန်မရဘူး လစ်ကြစို့'

ဒရမ်မွန်က သတိပေးလိုက်သည်။

'အဲဒီ ကားနဲ့လိုက်လာရင် တို့ကို ငါးမိနစ်အတွင်းမိမှာ ဒီးလ်ကသိတယ်၊ သူ တံတားကို ဖြိုပါလိမ့်မယ်၊ ခန်လေးကိုဖမ်းမိရအောင် ဖျက်လိမ့်မယ်'

ဟာမစ်က အေးဆေးစွာ ပြောလိုက်သည်။

ဒရမ်မွန်သည် အောက်တွင် ဖြစ်ပျက်နေသော အခြေအနေကိုလှည့်ကြည့်လိုက်လေသည်။ ဒီးလ်သည် တံတားအလယ်တွင် ချထားသော လက်နက်သေတ္တာများကို ခြေတစ်လှမ်းလှမ်းလိုက်သည်။ ဒီးလ်သည် တံတားကို မဖြစ်မနေ ဖြိုဖျက်တော့မည်။



ဖြိုဖျက်ရင်း သူကိုယ်တိုင် ကျဆုံးရင် ကျဆုံးပါစေတော့ဟု စိတ်ပိုင်းဖြတ်လိုက်ပုံရသည်။

အာမက်သည် ကြက်သေသေသလို ရပ်တန့်နေလေသည်။ နာဒင်းကမူ ဒီးလ်ထံသို့ သွေးရူးသွေးတမ်း ပြေးသွားလေသည်။ ဒီးလ်၏ပခုံးကို ဖမ်းဆွဲလိုက်သည်။ ဒီးလ်သည် နာဒင်းအား လက်သီးတစ်ချက်ဖြင့် ပစ်လှဲလိုက်သည်။ ထို့နောက်ယမ်းသေတ္တာများဘက်သို့ ပြန်လှည့်လိုက်သည်။

နာဒင်းသည် လဲနေရာမှ ခုန်ထလိုက်ပြီး ထရပ်ကား၏ တံခါးကိုဖွင့်၍ ခုန်တက်လိုက်သည်။ တံခါးနားတွင် ထောင်ထားသော ဂေါ်ပြားကို ဆွဲယူလိုက်ပြီး ဒီးလ်၏ခေါင်းကို ပစ်ရိုက်လိုက်လေသည်။

သူသည် ချာခနဲလှည့်၍ ကားပေါ် ခုန်တက်လိုက်လေသည်။ ကားသည် ရှေ့သို့ တစ်ချက်ဆောင့်ထွက်လာပြီးတန့်သွားသည်။ အာမက်သည် ဖန်လာသောအခွင့်အရေးကို အပြည့်အဝယူလိုက်သည်။ ကားနောက်ခန်းထဲသို့ ခုန်တက်လိုက်လေသည်။

ဒီးလ်သည် ကြိုးစားပန်းစား ဒူးထောက်လိုက်လေသည်။ သူ၏ အိတ်ထဲမှ စနက်တံကို ဆွဲဖြုတ်လိုက်သည်။ ပုံထားသော သေတ္တာများဆီသို့ ပစ်ထည့်လိုက်သည်။

ထိုအချိန်တွင် ထရပ်ကားသည် ရှေ့သို့ ထိုးထွက်သွားလေသည်။ ဆယ်ကိုက်မျှ ခရီးပေါက်သွားချိန်တွင် တံတားအလယ်ပိုင်း တစ်ခုလုံးသည် ကြီးမားပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ လေထဲသို့မြောက်တက်သွားလေသည်။

တံတားအလယ်ပိုင်းတစ်ခုလုံး မြောက်တက်ပြီး ပြန်ကျ

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိတွင် ထရပ်ကားသည်လည်းနောက်ပြန်လျှောပြီး ချောက်ထဲကျ ရောက်ပျောက်ကွယ်သွားခဲ့လေသည်။ တံတားရှိခဲ့သောနေရာ ကား ရှိခဲ့သောနေရာတွင် မီးခိုးလုံးကြီးသာ လိုက်ကျန်ခဲ့လေသည်။

ချောင်တို့၏ကားသည် တံတားတစ်ဘက်ထိပ်တွင်တန့် သွားလေသည်။ ကားပေါ်မှဆုံလည်စက်သေနတ်ဖြင့်၍ဘက် တောင်ကုန်းနားတွင် ရပ်တန့်နေသောထရပ်ကားများကိုလှမ်းပစ် လေသည်။

ဘရက်ကောင်ဟတ်စ်သည် အာမက်၏ ထရပ်ကားထဲ ခုန်ဝင်လိုက်သည်။ ကားနောက်ခန်းမှ အမျိုးသမီးနှင့် ကလေး သူငယ်များ ထိတ်လန့်တကြားအော်ဟစ်သံကို ဥပေက္ခာပြုလျက် ဒလကြမ်း မောင်းချသွားလေသည်။

စကားပြောရန် အချိန်မရှိချေ။ ဟာမစ်သည် ဖာသာ ကာရီဂန်၏ဘေးသို့ ခုန်တက်လိုက်ပြီး ကားကိုလျင်မြန်စွာ မောင်း ထွက်လာခဲ့သည်။ ဒရမ်မွန်နှင့် အာမက်က ရိက္ခာကားဖြင့် နောက်ဆုံးမှ လိုက်လာခဲ့ကြသည်။

ချောင်တို့ဘက်မှ ပစ်ခတ်လိုက်သော ကျည်ဆန်များသည် ကားတာလပတ်ကို ဖောက်ဝင်လာ၍ သည်းတုံ့အူတုံ့စရာ ဖြစ်သွား လေသည်။ သို့သော် ခဏချင်းမှာပင် တောင်ကုန်းကိုကျော်၍ ကျည်ကွယ်ရာသို့ ရောက်သွားလေသည်။

ဆယ်မိနစ်အကြာတွင် ဟာမစ်သည် သူ့ကားဟွန်းကို နှိပ်လိုက်သည်။ ဘရက်ကောင်ဟတ်စ်သည် ကားအရှိန် လျှော့ လိုက်ပြီး လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ ဒရမ်မွန်တို့ကားက သူ့ရှေ့မှ ပိတ်ရပ်လိုက်သည်။



ဒရမ်မွန်နှင့် ဟာမစ်က ကားပေါ်မှ ခုန်ဆင်းလိုက်လေ သည်။ ဘရက်ကောင်ဟတ်စ်သည် သူတို့အနီးသို့ ပြုံးတုံ့ပြုံးတဲ့ အသွင်ဖြင့် ရောက်လာ၏။

'ကျုပ်တို့ ဘာလုပ်ကြမလဲ'

ဟာမစ်သည် သူ့ကို ဥပေက္ခာပြုလိုက်သည်။ ဒီးလ်၏ မြေပုံကိုမြှောက်ပြလိုက်သည်။

'ဒီးလ်က ဒီမြေပုံကိုကားထဲမှာထားခဲ့တယ်၊ တော်သေး တယ်'

သူတို့သည် မြေပုံကို ကြည့်လိုက်ကြသည်။

'ကျုပ်ထင်သားပဲ၊ ဒီကနေ ၁၅မိုင်လောက်မှာ ရွာတစ် ရွာရှိတယ်၊ အဲဒီနောက် မိုင် ၅၀ လောက်မှာ နယ်စပ်ရှိတယ်'

'တစ်ခုတော့ သေချာတယ်၊ ချောင် ကျုပ်တို့ကိုမီဖို့ ခြေဦးစားနိုင်တော့ဘူး'

ဒရမ်မွန်က ပြောလိုက်သည်။

ဟာမစ်က ခေါင်းညိတ်လိုက်သည်။

'နောက်ရွာမှာ စောင့်နေတဲ့သူ မရှိရင်တော့ အားလုံး ကောင်းသွားမှာပါ'

'ကားနှစ်စင်းလောက် စွန့်ပစ်ခဲ့မလား'

ဟာမစ်က ခေါင်းခါလိုက်သည်။

'ကားသုံးစင်းက တစ်စင်းထက်အားရှိတယ်၊ နောက်ပြီး တစ်စင်းပျက်ရင် တစ်စင်းကို ပြောင်းလို့ရတယ်'

မိန်းမတွေနဲ့ ကလေးတွေကိုရော ထားခဲ့ချိန်တန်ပြီလို့ ထင် တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘရက်ကောင်ဟတ်စ်က ပြောလိုက်သည်။

'သူပုန်တွေမိသွားပြီ အားလုံးအသတ်ခံရလိမ့်မယ်၊ အဲဒီကိစ္စမျိုးတော့ ခင်ဗျားလိုလူစားက ဖြစ်စေချင်မယ် မထင်ဘူး။ ခင်ဗျားကားကို ပြန်သွားပြီး တတိယနေရာဝင်ယူ'

ဟာမစ်က အမိန့်ပေးလိုက်လေသည်။

ဟာမစ်၏အသံတွင် စက်ဆုပ်ရိပ်က ထင်ရှားနေပေသည်။ ဘရက်ကောင်ဟတ်စ်သည် လက်ဖြင့် ဖြတ်ရိုက်ခံလိုက်ရသကဲ့သို့ ဒယီးဒယိုင်ဖြင့် ထွက်သွားလေသည်။

'ခင်ဗျားနဲ့အာမက် ရှေ့ကသွား၊ ကျုပ်တို့ နောက်ကလိုက်မယ်၊ ပြဿနာဖြစ်ရင် လမ်းကို ကားနဲ့ပိတ်ပစ်ဖို့ကြိုးစား၊ ကျုပ်တို့ ကျန်တဲ့လူတွေက လှည့်ပြေးချိန်ရမယ်၊ ခင်ဗျားတို့ မြန်မြန် ထက်ထက် ပြေးလိုက်လာရင် ကားကြုံစီးခွင့်ရမယ်'

ဟာမစ်က ဒရမ်မွန်နှင့်အာမက်ကိုလှည့်ပြောလိုက်သည်။

'ကြုံပါစေလို့ပဲ မျှော်လင့်မိပါတယ်'

ဒရမ်မွန်က ပြောလိုက်သည်။

ဒရမ်မွန်သည် သူ့ကားပေါ်သို့ ပြန်တက်ခဲ့လေသည်။ အာမက်က စက်နှိုးမောင်းထွက်ခဲ့လေသည်။ မိုးသည် မရပ်မနား သည်းထန်စွာ ရွာဆဲရွာတုန်းပင်ဖြစ်သည်။ အဝတ်ပင် အေးခဲ နေပြီ။ သူ၏ပါးစပ်ထဲတွင် ခါးသီးနေပြီး သူသည် သူ၏မုတ်ဆိတ် ငုတ်တိုများကို လက်နှင့်ပွတ်သပ်လိုက်မိလေသည်။ ထိုင်ခုံနောက် မှီထိုင်လိုက်ပြီး ပေါင်ပေါ်တွင် စက်သေနတ်ကို အသင့်တင်ထား လေသည်။

သူတို့ မိနစ် ၂၀ မျှလောက် မောင်းနှင်မိချိန်တွင် ဟာမစ်သည် သူ့ကားဟွန်းကို နှစ်ကြိမ်မျှ တီးလိုက်လေသည်။ အာမက်က လမ်းဘေးသို့ တိမ်းပေလိုက်ရာ ဟာမစ်က ရှေ့မှ ပိတ်ရပ်လိုက်သည်။



သူသည် ကားပေါ်မှခုန်ဆင်းပြီး သူတို့ထံသို့ လျှောက် လာလေသည်။

'ဘရက်ကောင်ဟတ်စ် နောက်က မပါလာဘူး'

'ဒီကောင် ဘာအရှုးထနေပြန်ပြီလဲ မသိဘူး'

ဒရမ်မွန်က ရေရွတ်လိုက်သည်။

'ကျုပ်သဘောနဲ့ ကျုပ်သာဆိုရင် သူ့ကို ဒီအတိုင်း ပစ်ထားခဲ့မှာပဲ၊ ဒါပေမယ့် မိန်းမတွေ ကလေးတွေကို ထည့် စဉ်းစားရဦးမယ်'

ဒရမ်မွန်က ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားဒီမှာ စောင့်နေ၊ ကျုပ် ပြန်လှည့်ကြည့်လိုက် မယ်၊ ကားပျက်နေတာဖြစ်ချင်လဲဖြစ်မယ်၊ ဒီကားတွေ ဒီလောက် ကြာကြာခံနေတာကိုက အံ့သြစရာကောင်းနေတယ်'

အာမက်သည် ကားကို နောက်ပြန်ကွေ့ပြီး ပြန်မောင်း လာခဲ့လေသည်။ ငါးမိနစ်မျှ မောင်းမိသောအခါတွင် လမ်းဘေး တွင် ရပ်တန့်ထားသော ကားကိုတွေ့ရလေသည်။ ဘရက်ကောင် ဟတ်စ်နှင့်မိန်းမများက ကားဘေးနားတွင် ရပ်နေလေသည်။

သူသည် ကားကို ကျော်မောင်းသွားပြီး ပြန်ကွေ့ လိုက်သည်။ ကိုက်အနည်းငယ်အကွာတွင် ရပ်တန့်လိုက်သည်။ ဒရမ်မွန်သည် ကားပေါ်မှ ခုန်ဆင်းပြီး လျှောက်သွား၏။ ဘရက် ကောင်ဟတ်စ်သည် စိတ်ချောက်ချားနေဟန်ဖြင့် ပြုံးနေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်သက်သာ ရသွားပုံပေါက်နေလေသည်။

'ဘာဖြစ်တာလဲ'

ဒရမ်မွန်က မေးလိုက်သည်။

'ဘရိတ်မမိတော့ဘူးဗျ။ ဒီကားတွေက လေဘရိတ်တွေ လေယိုသွားလား မသိဘူး'

'ပြုသနာပဲ'

'ကျုပ်တို့ အမျိုးသမီးတွေကို ထားခဲ့ရမှာပဲ'

ဘရက်ကောင်ဟတ်စ်က ပြောလိုက်သည်။

'ကားအောက်ကို ဝင်ကြည့်စမ်းအာမက်'

ဒရမ်မွန်သည် ဘရက်ကောင်ဟတ်စ်၏ ကားရှေ့ခန်းကို ကြည့်ရင်း ပြောလိုက်လေသည်။

သူသည် ဘရိတ်ကို အကြိမ်ကြိမ် နင်းလိုက်သော်လည်း အောက်မှ တုံ့ပြန်အား မပေါ်ချေ။ ထိုအချိန်တွင် အာမက်က သူ့ကိုလှမ်းခေါ်လိုက်လေသည်။ သူသည် ကားပေါ်မှ ခုန်ဆင်းလိုက်ပြီး ကားနားတွင်ဝိုင်းနေသော မိန်းမများကို တွန်းဖယ်ပြီး ကားအောက်သို့ တွားဝင်လိုက်သည်။

'တွေ့လားဆရာ၊ ပိုက်ကိုတမင်တကာဖောက်ထားတာ'

အာမက်က ပြောလိုက်လေသည်။

ဒရမ်မွန်က လေပိုက်ကို စစ်ဆေးနေချိန်မှာပင် သူတို့ ကားစက်ရှတ်တရက် နိုးသံကြားလိုက်ရသည်။ သူသည် အပြင် သို့ အသည်းအသန် တွားထွက်လိုက်လေသည်။ သို့သော် နောက်ကျသွားပေပြီ။ မိန်းမများကို တွန်းဖယ်လိုက်ချိန်မှာပင် ဘရက်ကောင်ဟတ်စ်သည် တစ်ရှိန်ထိုး မောင်းနှင်ထွက်သွား



သွားလေသည်။ ကားစက်သံကို အတန်ကြားရပြီးနောက် ပကာတိ တိတ်ဆိတ်သွားလေသည်။

အာမက်သည် သူ့ဘေးသို့ ရောက်လာသည်။

'မစ္စတာဘရက်ကောင်ဟတ်စ်လို လူတွေအတွက် ငရဲပြည်မှာ သီးခြားနေရာရှိမှာပဲနော်၊ ကျွန်တော်တို့အခု ဘာလုပ် ကြမလဲ ဆရာ'

'သူတို့နောက် လိုက်ရုံပေါ့၊ တို့ဘာတတ်နိုင်မလဲ'

'ဘရိတ်မပါဘဲ'

'ဘရိတ်မပါဘဲမောင်းတာ အခုမှ ပထမဆုံးအကြိမ် မဟုတ်ပါဘူး၊ ငါမောင်းမယ်'

သူသည် အမျိုးသမီးနှင့် ကလေးများကို စိတ်ပင်ပန်းစွာ ကြည့်လိုက်လေသည်။ သူ့အမိန့်ကို နာခံရန် အသင့်ပုံစံဖြင့် ငြိမ်သက်စွာ ကြည့်နေကြလေသည်။

'ကဲ တက်ကြ တက်ကြ ကားပေါ်တက်ကြ'

ဘရက်ကောင်ဟတ်စ် ဟာမစ်တို့ထံရောက်လျှင် ဘာ လုပ်မည်မှန်း ဘုရားမှသာလျှင် သိပေမည်။ မရပ်မနားဘဲ မောင်းသွားရန်က ပိုသေချာပေသည်။ ဟာမစ်က မည်သို့တုံ့ပြန် မည်ကိုလည်း တွက်ဆ၍ မရချေ။ ဒရမ်မွန်သည် အမြန်ဆုံး လိုက်ရန် ဆုံးဖြတ်လိုက်လေသည်။ အကယ်၍ သတိထား မောင်းပြီး ဂီယာကို တွင်တွင်သုံးလျှင် ဘရိတ်မပါဘဲ ဖြစ် လောက်အောင်း ဖြစ်နိုင်ပေသည်။

သူသည် ကားပေါ်တက်လိုက်ပြီး ဟန်းဘရိတ်ကို ဖြုတ် လိုက်သည်။ ကားကို တဖြည်းဖြည်း လိမ့်မောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါတွင် ပို၍ယုံကြည်မှု ပြည့်လာလေသည်။ ဂီယာ အမြင့်ဆုံးတင်၍ မောင်းလာခဲ့လေသည်။ ငါးမိနစ်အတွင်း မှာပင် ဟာမစ်တို့ကို ထားရစ်ခဲ့သောနေရာသို့ ရောက်လာသည်။ သူသည် ကားကို တဖြည်းဖြည်း အရှိန်လျော့၍ရပ်လိုက်သည်။ လမ်းဘေးတွင် ဘီးရာများနှင့် ဆီကွက်တစ်ကွက် တွေ့ရလေသည်။

ချက်ချင်းဆိုသလိုပင် သူသည် ကားကို စက်ပြန်နှိုးပြီး မောင်းလာခဲ့လေသည်။ မိုးရေတွင် မိုးသီးများ ပါလာလေသည်။ နာရီဝက်လောက်အကြာတွင် ကုန်းဆင်းလေးတစ်ခုသို့ရောက်လာသည်။

သူသည် တစ်ဂီယာဖြင့် တဖြည်းဖြည်း ဆင်းလာခဲ့လေသည်။ အောက်မှလွင်ပြင်သည် တဖြည်းဖြည်း ပြန့်ပြောကျယ်ဝန်းသွားလေသည်။ တောင်ခြေတွင်မူ တဲတားတစ်ခုကို လှမ်းမြင်ရလေသည်။

သူသည် တစ်ဂီယာဖြင့် တဖြည်းဖြည်း ဆင်းလာခဲ့လေသည်။ အောက်မှလွင်ပြင်သည် တဖြည်းဖြည်း ပြန်ပြောကျယ်ဝန်းသွားလေသည်။ တောင်ခြေတွင်မူ တဲတားတစ်ခုကို လှမ်းမြင်ရလေသည်။

သူသည် ကျန်ခရီးစဉ် တစ်ခုလုံးကို တဖြည်းဖြည်း ဆွားဆင်းခဲ့လေသည်။ တဲတားမှာ သစ်သားတဲတားလေး ဖြစ်သည်။ ရေစီးသန်သောချောင်းတစ်ခုကို ဖြတ်ဆောက် ထားသော သည်။ တခြားကားများ၏ အရိပ်အယောင်ကိုမျှ မမြင်ရချေ။ သူသည် ဆက်လက်မောင်းနှင်လာလေသည်။



လမ်းသည် တဖြည်းဖြည်း ပြန်မတ်စောက်လာလေသည်။ မောင်းနေရင်း သူတဖြည်းဖြည်း ချွေးစို့လာလေသည်။ တောင်ကုန်းထိပ်သို့ ရောက်ပြန်သည်။ အတက်ပြီးသောအခါတွင် အဆင်းကို ရင်ဆိုင်ရပြန်သည်။ သူသည် ကားအပြင်ဘက်သို့ ခေါင်းပြူ၍ကြည့်လိုက်သည်။ မည်သည့်အကာအရံ အတားအဆီးမျိုးမှမရှိချေ။ မိုးရေဖြင့်ပျော့နွူးနေပုံရသော မြေကြီးနှင့် တစ်ဖက်တွင် တည့်မတ်စွာဆင်းသွားသော တောင်စောင်းတွင်သာ ရှိလေသည်။

ထရပ်ကားသည် တဖြည်းဖြည်း ဆင်းသက်လာခဲ့ပြန်သည်။ ဒရမ်မွန်သည် ချွေးပြန်ရုံမက တစ်ကိုယ်လုံး တုံ့ရင်လာလေသည်။ သူ၏ဘေးတွင် ထိုင်နေသော အာမက်၏မျက်နှာတွင်လည်း ချွေးစို့နေလေသည်။ လမ်းအကွေ့တစ်ခုကို ဖြတ်သန်းချိန်တွင် ထရပ်ကားဘီးသည် တစ်ဖက်သို့ဆွဲသွား၏။ သူမည်သို့မျှ မထိန်းနိုင်ခင်မှာပင် ၁၅ ကိုက်မျှ ချော်၍ပါသွား၏။

သူပြန်ထိန်းလိုက်နိုင်ခဲ့သည်။ နောက်လမ်းကွေ့တစ်ခုသို့ ရောက်သောအခါတွင်မူ တောင်ကျရေများ လမ်းပေါ်သို့ အလဟော သွန်ကျနေသည်ကို တွေ့ရလေသည်။ သူကားကို ထိန်းရန် ကြိုးစားသည့်တိုင်အောင်မရ။ ကားဘီးကတစ်ပတ်လည်ထွက်သွား၏။ ချောက်ကမ်းပါးစွန်းသို့ ဦးတည်ပြေးသွား၏။ သူဘာယ်လိုမှ မတတ်နိုင်တော့မှန်း သိလိုက်လေသည်။ ဟန်းဘရိတ်ကို နောက်ဆုံးကြိုးစားဆွဲသော်လည်းမရ။ ကားဘီးသည် ချောက်စွန်းကို လွတ်သွားပြီ။

'ခုန်ချ'

www.burmeseclassic.com

www.burmeseclassic.com



သူသည် အာမက်ကို အော်ဟစ်သတိပေးရင်း တစ်ဟုန်ထိုးခုန်ချလိုက်သည်။ ချောက်နှုတ်ခမ်းအစွန်း လွတ်ရုံလေးမျှ နေရာတွင် လေးဘက်ထောက် ကျသွားလေသည်။

ထရပ်ကားသည် သူ့ကိုကျော်၍ ချောက်ထဲသို့ တစ်ဟုန်ထိုးကျသွားလေသည်။

အာမက်သည် တံခါးကို အချိန်မီ မဖွင့်လိုက်နိုင်ခဲ့သောကြောင့် ကားနှင့်ပါသွား၏။ ကားနောက်ခန်းမှ မိန်းမနှင့်ကလေးများ စူးစူးဝါးဝါးအော်ဟစ်သံများသည် သောသောညံသွားလေသည်။

ထရပ်ကားသည် သုံးနေရာခန့် ဝင်ဆောင့်ရိုက်ခတ်သွားလေသည်။ ထို့နောက် တောလုံးပြိုမတတ် ကြီးမားသော ပေါက်ကွဲသံကြီးဖြင့် ပေါက်ကွဲသွားလေသည်။

ဒရမ်မွန်သည် ချောက်ကမ္ဘာစွန်းသို့ လေးဘက်တွားသွားမိလေသည်။ ချောက်ထဲသို့ ငုံ့ကြည့်လိုက်လေသည်။ အောက်လိမ္မော်ရောင် မီးတောက်မီးလျှံများကို လှမ်းတွေ့ရလေသည်။

သူသည် ကျောက်တုံးတစ်တုံးကို အတန်ကြာမှီ နေ သည်။ ထို့နောက် သူ့ကိုယ်ပေါ်မှရွှံ့များကို မိုးရည်ဖြင့် ဆေးကြောသုတ်သင်ပြီး မိုးရေထဲသို့ လမ်းလျှောက်ထွက်ခဲ့လေသည်။

လမ်းသည် မိုင်ဝက်မျှ မတ်စောက်ဆင်းသွားလေသည်။ သူသည် ခပ်ဝေးဝေးတွင် ကွေ့ကောက်စီးဆင်းနေသော မြစ် မြူထဲတွင်မှုန်ရေးရေး မြင်လိုက်ရလေသည်။ မိုးရေက အေးစက်လာပြီး ညအမှောင်ကလည်းပို၍မှောင်လာ၏။

သူသွားရန် တစ်လမ်းသာ ရှိသည်။ ဘယ်ဆီပေါက်



မှန်း သူမသိချေ။ သူမှာ ဘာလက်နက်မှမရှိချေ။ သူ၏ စက်သေနတ်မှာ ထရပ်ကားထဲတွင် ပါသွားခဲ့လေသည်။

သူ့မျက်နှာကို တစ်စုံတစ်ခု ပွတ်တိုက်သွား၏။ လက်နှင့်လှမ်းဖမ်းလိုက်သောအခါတွင် နှင်းပွင့်ဖြစ်နေသည်ကို တွေ့ရလေသည်။ သူသည် သူ့ဝန်းကျင်ကို လှမ်းကြည့်လိုက်မိသည်။ မိုးရေနှင့်နှင်းပွင့်တို့ရောထွေးနေသည်ကို တွေ့ရလေသည်။

ရှေ့ခပ်လှမ်းလှမ်းမှ လက်နက်ငယ်အသံများပေါ်ထွက်လာလေသည်။ သူသည် တဒင်္ဂမျှရပ်တန့်နားစွင့်လိုက်မိသည်။ နှင်းပွင့်များက သူ့ကို ညင်သာစွာ ဖုံးလွှမ်းသွား၏။ မည်သူများနည်း။ ဘရက်ကောင်ဟာတ်စ်လော၊ဟာမစ်လော။ သို့သော် သိနိုင်သည့်နည်းတစ်ခုမျှမရှိချေ။ ထို့နောက် သူဆက်လက်လျှောက်ခဲ့လေသည်။

ပို၍မှောင်လာသည်။ မိုးပါးသွား၏။ နှင်းထူလာ၏။ ရွှံ့ကဗွလာဖြစ်နေသော မြေအပြင်တစ်ခုလုံးကို မြူဖြူလွှလွှ သိုးမွေးစများဖြင့် ဖုံးလွှမ်းလိုက်သည်နှင့်တူသည်အထိ နှင်းသိပ်သည်းစွာ ကျလာလေသည်။ ရှေ့ပိုင်းမှ လက်နက်ငယ်အသံများကို ကြားရပြန်သည်။ ဤတစ်ကြိမ်ပို၍နီးကပ်လာလေသည်။

အခြေအနေ အတော်ဆိုးဝါးလာနေပုံပေါက်သည်။ သေနတ်သံများကို အရိပ်အကဲဖမ်း တွက်ဆမိသလောက် လမ်းပေါ်မှ ဆက်လျှောက်နေရင်း ကေန်ပင် ကျားရှေ့ရောက်ရောက်မည့် အခြေအနေရှိပုံ ရလေသည်။ ဤသို့ အကာအကွယ်မဲ့ မိုက်မဲစွာ ဆက်လက်သွားလျှင် သေဆုံးသွားပေမည်။

www.burmeseclassic.com



တောင်၏အောက်ခြေတွင် သစ်ပင်များ ပေါက်နေလေသည်။ သူသည် သစ်ပင်ရိပ်များအောက်သို့ တိုးဝင်လျှောက်ရင်း အအေးဓာတ်သက်သာရန်အတွက် ချိုင်းကြားထဲသို့လက်များ ထိုးသွင်းထားခဲ့လေသည်။

ရှေ့လမ်းပေါ်တွင် မြင်းခွာသံကြားရလေသည်။ မြင်းတစ်ကောင်၏ နှာမှုတ်သံ သဲ့သဲ့ကြားရသည်။ ဒရမ်မွန်သည် သစ်ပင်တစ်ပင်နောက်ကွယ်သို့ ဝင်ခိုရှု စောင့်ဆိုင်းကြည့်လိုက်မိသည်။

နှင်းကြောင့် အသံအုပ်အုပ်လေးဖြစ်နေသော မြင်းခွာသံများ ပေါ်ထွက်လာလေသည်။ မြင်းစီးသူ ခြောက်ဦးမျှ ဖြတ်ပြေးသွားကြသည်။ သူတို့သည် တောင်ပေါ်သားတို့ ဝတ်လေ့ရှိသော သိုးရည်အကျီများ ဝတ်ဆင်ထား၏။ သို့သော် လက်နက်ကိုယ်စီလွယ်ထားပြီး လည်တွင်ပတ်ထားသော ပဝါများ၏ အရောင်အဆင်းကို မမြင်ရသော်လည်း အနီပင်ဖြစ်မည်ဟု ဒရမ်မွန်တွက်ဆမိလေသည်။ ကွန်မြူနစ်သူပုန်များပင်ဖြစ်ရမည်။

'ငါ အခုဘာလုပ်ရမလဲ'

သူသည် မြင်းခွာသံများ မေးမှိန်ပျောက်ကွယ်သွားသည်နှင့် တစ်ယောက်တည်း ရွတ်လိုက်မိလေသည်။ သူ၏အသံကျယ်ကျယ်ထွက်သွားပုံရသည်။

သူ၏နားနားကပ်၍ ရယ်မောလိုက်သော ဟာမစ်၏အသံကိုကြားလိုက်ရသည်။

'ဟား ဟား ဟား ဟား ကျုပ်လဲ အဲဒါပဲစဉ်းစားနေတာ'



## အခန်း (၁၂)
## ရှည်လျားသောည

'ခင်ဗျားလာနေတာကြားတော့ ကျုပ်ကရန်သူမှတ်နေတာ၊ ဟိုကောင်တွေဖြတ်သွားတာ ကျုပ်က ရန်သူမှတ်နေတာ၊ ဟိုကောင်တွေ ဖြတ်သွားတာတွေ့မှ အတော်ပဲဖြစ်သွားတာ။ ခင်ဗျားပုန်းလိုက်တာနဲ့ မိတ်ဆွေမှန်း သဘောပေါက်လိုက်တယ်'

ဟာမစ်က ပြုံး၍ ပြောလိုက်သည်။ သူ၏သွားများက အမှောင်ထဲတွင် တောက်ပဖြူဝင်းနေလေသည်။

''ဖြစ်ပုံ ပျက်ပုံ ပြောပြစမ်းပါအုံး''

'ဒရမ်မွန်က စိတ်သက်သာရသွားဟန်ဖြင့် ပြောလိုက်သည်။

'ခင်ဗျား၊ ပြောပြလေ၊ ကျုပ်ကခင်ဗျားတို့ကို စောင့်နေတုန်းမှာ နောက်က သူပုန်တပ်မဟာကြီးတစ်ခုလုံးလိုက်လာတဲ့ ငစ်မျိုး ခင်ဗျားကားက ဒုန်းစိုင်းလစ်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ကျုပ်မဟုတ်ဘူး၊ ဘာရက်ကောင်ဟတ်စ်ပဲ'

ဒရမ်မွန်သည် ဖြစ်ပျက်ခဲ့သမျှကို လျင်မြန်သွက်လက်စွာ ရှင်းပြလိုက်လေသည်။

သူ၏စကားဆုံးသွားသောအခါတွင် တဒင်္ဂ တိတ်ဆိတ်သွားလေသည်။ ထို့နောက် ဟာမစ်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

'စောစောက ရှေ့နားမှာ ပစ်ခတ်သံကြားရတယ်၊ သူတို့ ထိုက်သင့်ရာ ခံသွားရပြီထင်တယ် ဒရမ်မွန်'

'အဲဒီလိုသေခြင်းမျိုးနဲ့တောင် မထိုက်တန်သေးဘူး ဟာမစ်၊ သူ့အပြစ်က ကြီးလေးလွန်းတယ်'

ဒရမ်မွန်က ပြတ်သားစွာ ပြောလိုက်သည်။

'ဟုတ်ရင်လဲ ဟုတ်မယ်၊ ဒါပေမယ့် ဆာဒါမြို့က ပြေးလာကတည်းက သူ့စိတ်ကိုသူ အစိုးမရခဲ့တော့ဘူး'

'ကားရော'

'အဲဒီတောထဲ ကိုက် ၅၀ လောက်မှာ ရှေ့နားမှာ သေနတ်သံကြားတာနဲ့ ကားကို လမ်းဘေးဆင်းလိုက်တာပဲ နှင်းထဲမှာ ဘီးရာတွေကျန်ခဲ့မှာစိုးလို့ ပြန်လာခဲ့တာ'

'ရှေ့ကရွာလဲ သူပုန်လက်ထဲရောက်နေပြီ ထင်တယ် ကျုပ်တို့ ဘာလုပ်ကြမလဲ'

'ဘာလုပ်ရမှန်း မသိတော့ဘူး။ ကားဆီရောက်တော့ ဆွေးနွေးကြတာပေါ့၊ ဒီညတော့ ဒီမှာခိုရမှာပဲ ထင်တယ်'

သူတို့သည် ကားဆီသို့ ပြန်ရောက်လာကြသည်။ ဟာမစ်သည် ကားပေါ်မှ ပစ္စည်းတစ်ဝက်လောက်ကို အောက်



ပြီး အကာအရံပြုထားလေသည်။ ကားထဲတွင်မူ မီးရောင်သဲ့သဲ့ ဖြာနေပြီး ဖာသာကာရိဂန်၊ ဂျက်နက်နှင့် ခန်လေးတို့ ရှိပေသည်။

'ဟာမစ်'

ကာရိဂန်က ပထမ အသံပြုမေးလိုက်သည်။

'ဗိုလ်မှူး ဟာမစ်နဲ့ စစ်သည်ပါ ခင်ဗျား၊ လေလွင့်သူပြန်ရောက်လာပြီ'

ဖာသာကာရိဂန်သည် ဝမ်းသာအားရ ထလာပြီး ဒရမ်မွန်၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်ပြီး တစ်စုံတစ်ခု ဆိုလိုက်လေသည်။

သို့သော်ဒရမ်မွန်သည် သူ့ပြောကြားချက်ကို သေချာစွာ မကြားမိလိုက်ချေ။ ခန်လေးအိပ်ရာဘေးတွင် ဒူးထောက်နေသော ဂျက်နက်ကိုသာ လှမ်းကြည့်နေမိသည်။

'ဒရမ်မွန် ဒရမ်မွန်'

ဂျက်နက်သည် မယုံနိုင်ဟန် ရေရွတ်ပြီးအပြေးလေး ထလာလေသည်။ ဒရမ်မွန်သည် သူမကို ဆီးကြိုဖက်လိုက် လျက်နမ်းလိုက်ပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

'ဟိုမိန်းမတွေ ကလေးတွေနောက်ပြီး အာမက်၊ သနားစရာပဲ'

ဂျက်နက်ကမျက်ရည်လေးစမ်းစမ်းဖြင့် ပြောလိုက်သည်။

'ကိုယ်ဘာမှမတတ်နိုင်ခဲ့ဘူးကွယ်၊ ဘာမှမတတ်နိုင်ခဲ့ဘူး'

'တို့တောင်မှအဲဒီတောင်ကိုမနည်း ဖြတ်ကျော်ခဲ့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟာမစ်က ပြောလိုက်သည်။

အတန်ကြာသောအခါတွင် ဂျက်နက်သည် စိတ်ထိန်းလိုက်နိုင်ပုံရသွားလေသည်။ မီးဖိုပေါ်သို့ ရေနွေးအိုး တစ်အိုးတည်လိုက်ပြီးနောက် ကော်ဖီဖျော်ရန် ပြင်ဆင်လေသည်။

ဖာသာကာရီဂန်က အသာအယာ ပြောလိုက်သည်။

'ဒါဆို စောစောကကြားခဲ့တဲ့ ပစ်ခတ်သံတွေ ဘရက်ကောင်ဟတ်စ်ပဲ ဖြစ်မှာပေါ့'

ဟာမစ်က ခေါင်းညိတ်လိုက်သည်။

စောစောက သူပုန်တွေဖြတ်သွားတာ တွေ့လိုက်တယ်၊ ရှေ့က ရွာဟာ သူပုန်လက်ထဲ ရောက်နေလောက်ပြီ။

'ဒီမှာ လုံခြုံရဲ့လား'

'ဒီညအတွက်တော့ လုံခြုံကောင်းပါတယ်'

'မနက်ကျတော့ ဘယ်လိုစီစဉ်မလဲ'

ဟာမစ်က ပခုံးတွန့်လိုက်သည်။

'ကျုပ် ဘာလုပ်ရမှန်းကို မသိသေးဘူး၊ ဘာအကြံအစည်မှလဲ မရှိသေးဘူး၊ ရှေ့ကရွာကို သူပုန်သိမ်းထားတယ်၊ နောက်က ဘယ်သူလိုက်လာနေမှန်း ခင်ဗျားတို့လဲ သိတယ်၊ အဲဒီတော့ ဘယ်လိုလုပ်မလဲ၊ ရွာကိုဖြတ်ပြေးလို့ မဖြစ်ဘူး'

ခဏအကြာတွင် ဂျက်နက်က ကော်ဖီနှစ်ခွက် ယူလာသည်။ ဟာမစ်နှင့်ဒရမ်မွန်ကို တစ်ခွက်စီပေးလိုက်သည်။ ဒရမ်မွန်သည် ကော်ဖီခွက်ကိုကိုင်၍ ဆက်လက်ငြိမ်သက်နေမိခဲ့လေသည်။ သူ၏စိတ်အစဉ်သည် အတိတ်သို့ ပျံ့လွင့်နေခဲ့သည်။ ဆာဒါမှ အဖြစ်အပျက်၊ ခန်ကြီးက သူ့အား သူ့သားကိုဘေးကင်း



ချန် ခေါ်သွားပါမည်ဟု ကတိပေးခိုင်း အပ်နှံခဲ့ပုံ၊ ထို့နောက ချောင်နှင့် သူ့အတော် ရင်းနှီးခဲ့ပုံ၊ မိတ်ဆွေစစ်ဟုထင်မိခဲ့ပုံ။ အားလုံးကိုပြန်လည်၍ တွေးနေမိလိုက်သည်။

ဒရမ်မွန်သည် ကော်ဖီကို တစ်ကျိုက်တည်း သောက်လိုက်ပြီး ဂျက်နက်ကို ခွက်လွတ်ကမ်းပေးရင်း မေးလိုက်သည်။

'မြေပုံရော'

ဟာမစ်က သူ၏အိတ်ထဲမှ မြေပုံကို ထုတ်လိုက်သည်။ 'အကြံအစည်များ ရှိသလား'

'မရှိသေးပါဘူး။ ကျုပ်တို့ရှေ့က ရွာနဲ့ ဘယ်လောက်ဝေးသေးလဲဆိုတာ ကြည့်မလို့'

ဟာမစ်က လက်ညှိုးထိုးပြလိုက်သည်။

'ရှေ့ငါးမိုင်လောက်မှာ ရှိမယ်၊ ချန်ဒိုရွာလို့ ခေါ်တယ်၊ ရွာရဲ့ဟိုဘက် မိုင် ၅၀ မှာ နယ်စပ်ရှိတယ်'

'ဒီရွာကနေ တောင်ပေါ်တက်သွားတဲ့ လမ်းက ဘယ်ကိုပေါက်တာလဲ၊ တောင်ထိပ်လွင်ပြင်မှာတော့ လာဒုံဂွန်ပါလို့နာမည်ပေးထားတဲ့ နေရာတစ်နေရာပါလား'

'လာပါဒုံဂွန်းပါ၊ အဲဒါ ဗုဒ္ဓဘုန်းကြီးကျောင်းတစ်ကျောင်းပဲ ရှေးခေတ်က အင်မတန်ကျော်ကြားတဲ့ စေတီတစ်ဆူရှိခဲ့တဲ့ နေရာပဲ၊ ဘုရားဖူးတွေက အဲဒီတောင်တန်းကိုဖြတ်ပြီး သွားလေ့ရှိတယ်၊ အဲဒီဘုန်းကြီးကျောင်းမှာ တည်းလေ့ရှိခဲ့ကြတယ်။ တစ်ခါချန်က ပြောပြခဲ့ဖူးတယ်'

ဖာသာကာရီဂန်က ပြောလိုက်သည်။

ဟာမစ်သည် မြေပုံကိုကြည့်ပြီးခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ပေရှစ်ထောင် ၉ထောင် အမြင့်မှာရှိတယ်။ ဒရမ်မွန်နှင်းကျနေပြီ၊ ဖာသာ/ ကာရီဂန်ရယ် ဂျက်နက်ရယ် ဘယ်လိုမှ အဲဒီကို ကျော်နိုင်မှာ မဟုတ်ဘူး'

'ဒါပေမယ့် ကလေးကို မင်းတို့ခေါ်သွားနိုင်ပါတယ်'

ဖာသာကာရီဂန်က ပြောလိုက်သည်။

ဒရမ်မွန်က သွက်လက်စွာ ပြောလိုက်သည်။

'မြင်းတွေ ဘာတွေရှိရင် ကျုပ်တို့အားလုံးသွားနိုင်မယ်'

'မြင်းတွေ ဘယ်ကမြင်းတွေရမလဲ'

ဟာမစ်က မျက်မှောင်ကုတ်၍ မေးလိုက်သည်။

'မရှိလို့ စိတ်ညစ်နေရတာပေါ့'

'ဒါဖြင့် ညစ်မနေနဲ့တော့ ကျုပ်ပြောသလိုပဲ လုပ်ကြမယ်။ ခုတော့ အိပ်စက်အနားယူ အားမွေးရအောင်'

❖ ❖ ❖ ❖ ❖



ဟာမစ်သည် ရှေ့မှ ဦးဆောင်ထွက်လာခဲ့လေသည်။ လမ်းပေါ်သို့ရောက်ခါနီးတွင် ဟာမစ်သည် လက်တစ်ဖက်မြှောက်ပြီး ရပ်တန့်ခိုင်းလိုက်လေသည်။ သူတို့သည် လမ်းကို အတန်ကြာ ရပ်ကြည့်နေခဲ့သည်။ သူတို့ကြည့်နေခိုက်မှာပင် နှင်းပွင့်နှင်းခဲ ကြီးများ ကျလာလေသည်။

'ကျုပ်တို့အတွက် နောက်ကျပုံရတယ်။ အရှေ့ဘက် ကောင်းကင်မှာ ရောင်နီပြေးချင်ပုံတောင် ပေါ်နေပြီ'

ဟာမစ်ပြောစကား၊ မှန်သွားလေသည်။

သူတို့ လမ်းလျှောက်နေခိုက်မှာပင်အမှောင်ထဲ ကွယ်နေခဲ့သောသစ်ပင်များ တစ်ပင်ပြီးတစ်ပင် ထင်ရှားလာလေသည်။ သူတို့သည် သွက်လက်စွာ လျှောက်ခဲ့ကြသည်။

နှင်းအတော် သိပ်သည်းစွာကျနေသောကြောင့် မြင်ကွင်းလုံးဝပိတ်ဆို့နေလေသည်။ သူတို့မိုင်ဝက်မျှ ခရီးရောက်ချိန်မှာပင် ဟာမစ်က တီးတိုးသတိပေးလိုက်လေသည်။ ခပ်လှမ်းလှမ်းက လိုက်နေခဲ့သောဒရမ်မွန် သူ့နားသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။

ရှေ့တိုက်အစိတ်လောက်တွင် သစ်တောအုပ်ထဲ ခေါင်းထိုးဆိုက်နေသော ထရပ်ကား၏နောက်ပိုင်းကို တွေ့ရလေသည်။ သူတို့သည် ထိုနေရာမှာပင် အတန်ကြာငြိမ်သက် နေခဲ့လေသည်။ ထို့နောက် ဟာမစ်က ရှေ့မှ ဦးဆောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထရပ်ကားပင် သေချာပေသည်။ ကားဘေးတွင် ကျည်ဆံပေါက်များ ပွနေလေသည်။ ဒရမ်မွန်သည် ကျည်ဆံပေါက်များကို ခံစားချက်ကင်းစွာ ကြည့်လိုက်လေသည်။

'ဖောက်ပေါက်ကို ဖြစ်နေပြီ၊ ဘရက်ကောင်ဟတ်စ်တော့ ဆိုက်ဆိုက်မြိုက်မြိုက် ကွန်မြူနစ်တွေနဲ့ တွေ့သွားပြီထင်တယ်'

သူသည် ကားရှေ့ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ သို့ သော်ကားရှေ့ခန်းတွင် တစ်ဦးတစ်ယောက်မျှ မရှိချေ။ ထိုအချိန် မှာပင် ကားဘေးတစ်ဖက်မှနေ၍ ဟာမစ်လှမ်းခေါ်လိုက်သည်။

ဘရက်ကောင်ဟတ်စ်သည် သစ်ပင်တစ်ပင်၏ ခြေရင်းတွင် ခြေကားယားလက်ကားယား အသက်ပျောက်နေလေသည်။ သူ၏ရင်ဘတ်တည့်တည့်တွင် ကျည်ပေါက်သုံးပေါက် ပေါက်နေ လေသည်။

သူတို့ရပ်ကြည့်နေခိုက်မှာပင် မလှမ်းမကမ်းမှ မြင်း တစ်ကောင် နှာမှုတ်သံကို ကြားရလေသည်။ သူတို့သည် သစ်ပင်များနောက်သို့ ပြေးဝင် ပုန်းအောင်းလိုက်လေသည်။

ထရပ်ကားဝင်ရောက်လာခဲ့သည့် စွတ်ကြောင်းကြီး၏ အစွန်းနေရာလောက်တွင် မြင်းသည်နှစ်ဦးပေါ်လာလေသည်။ သူပုန်တပ်သားတို့၏ လက္ခဏာအတိုင်းပင် ဆင်ယင်ထားလေ သည်။ သူ့လက်ထဲမှ စက်သေနတ်ကို ကမ်းပေးလိုက်သည်။

ထို့နောက် ပထမသူပုန်ကို ထိုးချိန်ပစ်ခတ်လိုက်လေ သည်။ ထိသွား၏။ အော်ဟစ်သံမျှပင်မပြုနိုင်ခင်မှာပင် မြင်းပေါ်မှ ထိုးကျသွားလေသည်။ ဒုတိယသူပုန်မှာမူ ရှာဘက်သို့ လှည့်ပြေး ရန် ခြေနှစ်လှမ်းမျှလွန်ပြီးမှ လဲကျသွားလေသည်။



ဟာမစ်သည် သေနတ်ပစ်ပြီးသည်နှင့် နေရာမှ ခုန်ထ လိုက်လေသည်။ သခင်၏ အလောင်းဘေးတွင် ငြိမ်သက်စွာ ရပ်နေသော ပထမမြင်းပေါ်သို့ ခုန်တက်လိုက်ပြီး ရှာဘက်သို့ လှည့်ပြေးသွားသော ဒုတိယမြင်းနောက်သို့ ဒုန်းစိုင်းလိုက်သွား လေသည်။

ဒရမ်မွန်သည် စိုးရိမ်ပူပန်စွာ ကျန်ရစ်ခဲ့လေသည်။ ခဏအကြာတွင် ဟာမစ်သည် ဒုတိယမြင်းကိုဆွဲ၍ ပြန်ရောက် လာလေသည်။ သူ့နောက်မှ အော်ဟစ် ပစ်ခတ်သံများပါ ပါလာ လေသည်။

'ခွေးမသားတွေ စောစောစီးစီး နိုးနေကြတယ်'

ဟာမစ်က လှမ်းအော်ပြောလိုက်ချိန်မှာပင် ဒရမ်မွန် သည် မြင်းဇက်ကြိုးကို ဆွဲ၍ မြင်းပေါ်ခုန်တက်လိုက်လေသည်။ ထို့နောက် ကားရပ်ထားခဲ့သော နေရာသို့ ဒုန်းစိုင်းပြေးခဲ့ကြ ပြန်သည်။

ဖာသာကာရီဂန်နှင့် ဂျက်နက် ကားဘေးတွင် စိတ်ပူပန် စွာ ရပ်စောင့်နေခဲ့ကြသည်။

'ဘာဖြစ်တာလဲ'

'ဘာဖြစ်တာလဲ မေးမနေနဲ့ မြင်းပေါ်မြန်မြန်တက်'

ဒရမ်မွန်သည် ဂျက်နက်အား မြင်းပေါ်သို့ တင်ပေး လိုက်ပြီး ခန်လေးကို ကမ်းပေးလိုက်သည်။ သူမသည် ခန်လေး ကို သူမရှေ့တွင် ခွစီးစေလိုက်သည်။

'လမ်းကိုဖြတ် တောင်စောင်းကိုတက် အချိန်ဖြုန်းမနေ နဲ့ ဟာမစ်က ဖာသာကာရီဂန်ကို မြင်းပေါ်တွင် တင်ပေးနေချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် လမ်းအထက်ပိုင်းမှ လှုပ်ရှားမှုတစ်ခု ပေါ်လာပြီး စိတ်လှုပ်ရှားစွာ အော်ဟစ်သံကို ကြားလိုက်ရသည်။ ထရပ်ကားကို ကျည်တစ်တောင့်လာမှန်သွား၏။

ဒရမ်မွန်သည် သူ၏ပခုံးတွင် လွယ်ထားသော သေနတ်ကိုဖြုတ်၍ ဟာမစ်ကို တွန်းထုတ်လိုက်သည်။

ဟာမစ်က ငြင်းခုံနေခြင်းမပြုချေ။ သူသည် ဖာသာကာရီဂုန်စီးနေသော မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး မြင်း၏တင်ပါးကို လက်သီးနှင့် ထိုးလိုက်သည်။ မြင်းက သစ်ပင်အုပ်များဘက်သို့ ခုန်ပြေးသွားသည်နှင့် နောက်မြင်းကပါ နောက်မှ လိုက်သွားလေသည်။

ဒရမ်မွန်သည် အသံများထွက်နေသောဘက်သို့ သေနတ်တစ်ချက် ဖော့ယမ်းပစ်ခတ်လိုက်လေသည်။ လူတစ်ယောက် အော်သံကို ကြားလိုက်ရသည်။ သူသည် ထရပ်ကား နောက်မှနေ၍ သစ်ပင်များအောက်သို့ ပြေးဝင်လိုက်သည်။

ဟာမစ်တို့ တဖြည်းဖြည်းဝေးသွားသံကို သဲ့သဲ့ကြားရလေသည်။ မြင်းစီးသမားတစ်ယောက်သည် သစ်ပင်အုပ်များကြားမှ ဒုန်းစိုင်းပြေးထွက်လာလေသည်။ ဒရမ်မွန်၏ သေနတ်ဖော့ပစ်လိုက်မှုကြောင့် မြင်းရောလူပါ လိမ့်သွားလေသည်။

သူ၏ညာဘက်တွင် လှုပ်ရှားမှုကို တွေ့ပြန်ရသည်။ သူသည် ထိုလှုပ်ရှားမှုများကို သေချာပင် ကြည့်နေခြင်း မပြုတော့ဘဲ သေနတ်ဖြင့် ဖော့ယမ်းပစ်ခတ်ပြီး ဆက်ပြေးခဲ့လေသည်။

သူသည် သစ်ပင်အုပ် အလွန်လေးရောက်သောအခါတွင် ရန်သူတစ်ယောက်နှင့် ပက်ပင်းတိုးမိပြန်သည်။ သူ၏ သေနတ်



ကျည်ဆန် ကုန်နေခဲ့လေသည်။ သူသည် သေနတ်ကို လွှင့်ပစ်လိုက်ပြီး ထိုရန်သူကို နွားသိုးကြိုးပြတ်ခေါင်းနှင့်ဝင်ထိုးလိုက်၏။

နောက်သို့ လန်ကျသွားသော ရန်သူ၏လက်မှ သေနတ်ကို ဆွဲလုပြီး ဆက်ပြေးခဲ့ပြန်လေသည်။

သူသည် လမ်းဘေးကုန်းလေးတစ်ခုကို အသည်းအသန်ပြေးတက်ခဲ့လေသည်။ ခြေချော်ပြီး ဒူးတစ်ဘက် ထောက်ကျသွားလေသည်။ သူမတ်တတ် ပြန်ရပ်လိုက်ချိန်မှာပင် နှင်းထုထဲမှ အသံများ ကြားရလေသည်။

သူ့ထံသို့ ရန်သူ ၁၂ ဦးမျှ ပြေးဝင်လာလေသည်။ ယင်းတို့မှာ မြင်းမပါ ခြေလျင်မျှသာ ဖြစ်လေသည်။ ထိုအချိန်မှာပင် ချောင်ကိုလှမ်းမြင်လိုက်လေသည်။

ဒရမ်မွန်သည် ချောင်ကို ဦးတည်၍ ကျည်တစ်ကပ်လုံးကုန်အောင် ဆွဲပစ်လိုက်လေသည်။ ထို့နောက် တောင်ကုန်းပေါ်သို့ ကုတ်ကပ်တက်ခဲ့ပြန်သည်။

သူ့နောက်မှ လိုက်လာသူများ၏ အသံကို ကြားရလေသည်။ ထို့နောက် ထိတ်လန့်တကြား အော်ဟစ်သံနှင့် ပေါက်ကွဲသံတစ်ခု ကြားလိုက်ရသည်။ နောက်စက္ကန့် အနည်းငယ်အကြာတွင် ပေါက်ကွဲသံတစ်ခုကြားလိုက်ရသည်။ သူသည် နောက်သို့ လှည့်ကြည့်ဘဲ ဆက်တက်ခဲ့လေသည်။ အားကုန်ပြီး မှောက်ရက်ကျသွားလေသည်။

ဟာမစ်သည် သူ့ကို ဆွဲယူလိုက်လေသည်။

'အဲဒီလက်ပစ်ဗုံးတွေရှိလို့ တော်သေးတယ်'

ဒရမ်မွန်သည် ဟာမစ်ကိုမီရင်း အသက်ရှူမှန်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမိလေသည်။

'စောစောက ကျုပ်တွေ့ခဲ့တဲ့ အုပ်စု၊ ရှာကကောင်တွေ မဟုတ်ဘူး၊ ချောင်နဲ့သူ့လူတွေ၊ သူတို့တံတားကနေ ခြေလှမ်း လိုက်လာခဲ့တယ် ထင်တယ်၊ အဲဒီခွေးမသားဟာ အရှုံးပေးရမှန်း မသိဘူးလား'

'မပေးတတ်လို့ နေမှာပေါ့၊ ကျုပ်တို့သွားကြစို့၊ သူလိုက် လာမယ်ဆိုရင် မြင်းတွေလိုလိမ့်မယ်၊ မြင်းတွေလိုချင်ရင် ရှာဖြန် ယူရမှာ၊ အဲဒါဆို အတော်ကြာမယ်၊ အေး ကျုပ်တို့ ကံကောင်း ရင်တော့ အခုအဲဒီအောက်မှာပဲ လက်ပစ်ဗုံးမှန်ပြီး သေနေ လောက်တယ်'

ဟာမစ်၏ စကားဆုံးချိန်မှာပင် လေတစ်ချက် ဝှေ့တိုက် လိုက်၍ မြူနှင်းများ ယာယီလွင့်ပြယ်သွား၏။ အောက်မှလမ်းနှင့် နှင်းထဲတွင် ပြန့်ကြဲနေသော အလောင်းများကို တွေ့ရလေသည်။ ထိုသက်ရှိများကြားမှာပင် ငြိမ်သက်စွာရပ်တန့်၍ တောင်ပေါ်သို့ လှမ်းကြည့်နေသော ချောင်ကိုတွေ့ရလေသည်။

'ဆုတောင်းမပြည့်ဘူး၊ သူငယ်ချင်း'

ဒရမ်မွန်သည် ဟာမစ်ကို လှမ်းပြောရင်း ကြက်သီးထ တုန်ရင်သွား၏။



အခန်း (၁၃)

## နတ်ဘုရားတောင်

တောင်ပေါ်လမ်း တစ်ခုလုံးမှာ နှင်းဖုံးနေလေသည်။ အထက်သို့ ရောက်လာသည်နှင့်အမျှ ရာသီဥတုက ပို၍အေးစက် လာ၏။ သိပ်သည်းမှု နည်းပါးလာသော်လည်း အသက်ရှူမဝ လောက်အောင် လေထုပါးလွှာလာလေသည်။

ဟာမစ်တို့စီးနေသောမြင်းသည် ချောက်နှုတ်ခမ်းနားတွင် ခြေချော်လု ဖြစ်သွားလေသည်။ ဟာမစ်သည် မြင်းရော၊ ချက်နက်ရော၊ ခန်လေးပါ ချောက်ထဲ ပြုတ်ကျမသွားစေရန် ဘျားကုတ်ကျားခဲ ဆွဲထားခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရမ်မွန်သည် ဖာသာကာရီဂန်နှင့် သူ့မြင်းကို ပတ်သွားပြီး ရှေ့သို့ အပြေးအလွှားပြေးတက်ပြီး ဖေးကူလိုက်ရလေသည်။

'ဒီမြင်းတွေက တောင်ပေါ်လမ်းအထာကို ကျုပ်တို့ထက် ကျွမ်းကျင်တယ်၊ သူတို့နှင်းချင်ရာ နှင်းခွင့်ပေးလိုက်'

ဒရမ်မွန်က သတိပေးလိုက်ပြီး ဖာသာကာရီဂန်ထံ ပြန်လျှောက်ခဲ့လေသည်။

ဖာသာကာရီဂန်သည်သူ့ဆေးအိတ်ထဲမှ ပစ္စည်းတစ်ခု ကို အသည်းအသန် ရှာထုတ်နေသည်ကို တွေ့ရလေသည်။

'ဘာရှာတာလဲ ဖာသာ'

'ဆေးတစ်မျိုးပါ'

ဖာသာကာရီဂန်သည် ပြောပြောဆိုဆိုပင် ဆေးသေတ္တာ ထဲမှ ဆေးတောင့်လေးတစ်ခုကို ထုတ်ယူလိုက်ပြီး ပါးစပ်ထဲ ပစ်သွင်းလိုက်လေသည်။

'အရင်တုန်းကလို မငယ်တော့ဘူးလေ၊ အကြမ်းပတမ်း ဒဏ် သိပ်ခံလို့မရဘူး'

နောက်နှစ်နာရီကျော်ကြာအထိ နှင်းတောထဲ ခရီးဆက် နှင်ခဲ့ရလေသည်။ ခန်လေးကိုစောင်အထပ်ထပ်ဖြင့် ပိုက်ထွေး ထားလိုက်သည်။ အအေးဒဏ်ကို မခံရဆုံးက သူဖြစ်သည် ယခုထွက်လာသည့် ခရီးစဉ်က အပျော်တမ်းခရီးစဉ်တစ်ခုဖြစ် သည်ဟု ထင်မှတ်သကဲ့သို့ မျက်နှာက ပြုံးရွှင်နေလေသည်။

'ဒီညတော့ အဲဒီဘုန်းကြီးကျောင်းကို အရောက်သွား မှာပဲ ဒရမ်မွန်'

ဟာမစ်က ဂျက်နက်တို့နှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင်



ထိုင်၍နားရင်း ပြောလိုက်သည်။

'ဟုတ်တယ်၊ အဘိုးကြီးရော ချာတိတ်ရော ဂျက်နက် ရော ညဘက်အေးတဲ့ဒဏ်ကို ခံနိုင်မှာမဟုတ်ဘူး'

'တို့ လာမယ့်သာလာခဲ့ရတယ် အဲဒီကျောင်းမှာ လူရော ရှိပါမလား။ တစ်ခါတုန်းက ကျောင်းဖြစ်တဲ့အပြင် အလွန်ဝေး သီခေါင်တဲ့နေရာပဲ'

'ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီလိုဟင်းလင်းပြင်မှာ နေရတာ ထက်စာရင် အရိပ်အာဝါသထဲ ရောက်သွားတာက တော်သေး တာပေါ့'

သူတို့ခရီးဆက်ခဲ့ကြလေသည်။ နှင်းမြူသိပ်သည်းစွာ ဆိုင်းနေပြီး လမ်းမမြင်ကမ်းမမြင်ပုံစံဖြစ်နေ၍ ဦးဆောင်နေသော သူတို့ပင် စိတ်ဓာတ်ကျလာမိလေသည်။

မည်သို့ပင်ဆိုစေ ဒရမ်မွန်သည် အဘိုးကြီးတို့အုပ်စုကို လှမ်းအကဲခတ်လိုက် ရှေ့သို့မျှော်ငေးကြည့်လိုက်ဖြင့် မြင်းစီး လာခဲ့လေသည်။

လမ်းကြောင်းတစ်လမ်းထဲအတိုင်း ဖြစ်နေသောကြောင့် ဘုန်းကြီးကျောင်းနှင့် လွဲစရာမရှိမှန်း သေချာလေသည်။ သူတို့ သည် လွင်ပြင်တစ်ခုကို ဖြတ်ကျော်ခဲ့ပြန်သည်။ တောင်ပေါ် လွင်ပြင်ဖြစ်သောကြောင့် လေတဟူးဟူး တိုက်ခတ်နေလေ သည်။ ခေါင်းပင်မမော့်နိုင်ခဲ့။ ခေါင်းငိုက်စိုက်ဖြင့် ခြေကိုအနိုင်နိုင် လှမ်းရန် ကြိုးစားနေခဲ့ရလေသည်။

ဒရမ်မွန်သည် ရှေ့မှဦးဆောင်နေသော ဟာမစ်အသံ ကြောင့် အားယူ၍ မော့ကြည့်လိုက်လေသည်။ ထိုအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့တွင် မားမားမတ်မတ်ကြီးပေါ်နေသော ဘုန်းကြီးကျောင်းကြီးကို လှမ်းမြင်လိုက်ရသောကြောင့် စိတ်ပျော်သလို ခံစားမိလိုက်လေသည်။

❖ ❖ ❖ ❖ ❖

မကြာခင်မှာပင် သူတို့သည် နွေးထွေးသော ကျောင်းကြီး၏ ခန်းမတစ်ခုထဲသို့ ရောက်ရှိသွားလေသည်။

'ဒကာကြီးတို့ ကွန်မြူနစ်လက်က ထွက်ပြေးလာခဲ့ကြတာပေါ့'

ကျောင်းထိုင်ဘုန်းတော်ကြီးက ဟာမစ်တို့ကို ဦးတည်မေးမြန်းလိုက်သည်။

'တင်ပါ့ဘုရား'

ဟာမစ်သည် အကျိုးအကြောင်း ရှင်းလင်းပြလိုက်လေသည်။

ထို့နောက် ဦးပဥ္စင်းများ တည်ခင်းပေးသော အစားအသောက်များကို စားသောက်၍တာရေးတမောအိပ်ခဲ့ကြလေသည်။

မနက်အရုဏ်မလင်းခင် အချိန်လောက်မှာပင်ကျောင်းထိုင်ဘုန်ကြီး လာနှိုးသောကြောင့် သူတို့နိုးသွားကြလေသည်။

'သူတို့လိုက်လာကြပြီ၊ ဒကာကြီး၊ ဟိုလွင်ပြင်ကို ဖြတ်နေပြီ အသံတွေ ကြားနေရတယ်'



တောင်ပေါ်ဒေသဖြစ်သောကြောင့် အသံက ဝေးကွာစွာ လွင့်လာလေသည်။

'တပည့်တော်တို့ ဘယ်လိုလုပ်ကြရမလဲဘုရား'

'ဒကာကြီးတို့အတွက် မြင်းတွေ အနွေးထည်တွေ စီစဉ်ပေးလိုက်မယ်၊ နောက်ပြီး အကောင်းဆုံးလမ်းတစ်ခု ညွှန်ပြလိုက်မယ်'

ကျောင်းထိုင်ဘုန်းတော်ကြီးသည် ပြောပြောဆိုဆိုပင် တံခါးဝသို့ လျှောက်လာလေသည်။ ထို့နောက် အနောက်ဘက်အရပ်သို့ လှမ်းညွှန်လိုက်လေသည်။

'အဲဒီနေရာမှာ ဒီကနေသွားရင် သုံးမိုင်လောက်မှာ သိုးကျောင်းသားတွေရဲ့ တဲတစ်တဲရှိတယ်၊ လုံလုံခြုံခြုံ နွေးနွေးထွေးထွေးပဲ၊ အဲဒီမှာ ဒကာကြီးတို့ အသုံးလိုမဲ့ပစ္စည်းတွေ အစုံရှိတယ်၊ အဲဒီထဲကနေ အနောက်ဘက်တောင်ကြားအတိုင်း ငါးမိုင်ဆက်သွားရင် အိန္ဒိယနယ်စပ် ကင်းစခန်းတစ်ခုကို ရောက်လိမ့်မယ်'

'အလွန်ကျေးဇူးတင်ပါတယ်ဘုရား၊ တပည့်တော်တို့ကို သွားခွင့်ပြုပါ'

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတွင်မူ သွားရသည့်ခရီးက မလွယ်ကူချေ။ နှင်းကပို၍ သိပ်သည်းစွာ ကျနေလေသည်။ ပိန်းပိတ်အောင် မှောင်နေပြီး မြင်းကွင်းမှာ မိမိ၏ ရှေ့လက်တစ်ကမ်းထိသာ မြင်ရလေသည်။ ထိုထက်ပို မြင်ရခြင်းမရှိချေ။

ဒရမ်မွန်၏ မြင်းခြေခေါက်သွား၍ ဒရမ်မွန်လွင့်ကျသွားလေသည်။ သူသည် လေးဘက်ထောက်လျက် တွားသွားမိလေသည်။ သူမြင်း၏အသံကိုလည်း မကြားရ။ ဖာသာကာရိဂန်၏ အသံကိုလည်း မကြားရချေ။ အဖြူရောင်ကမ္ဘာကြီးထဲတွင် သူ တစ်ယောက်တည်း ရောက်ရှိပျောက်ကွယ် နေပုံမျိုးဖြစ်နေ၏။

သူသည် အော်ဟစ်ခေါ်ရန် ပါးစပ်ဟလိုက်သော်လည်း အသံကထွက်မလာချေ။ ထွက်လာသောအသံသည်လည်း လေထုသံကို ကျော်လွှားနိုင်ခြင်း ရှိမည်မဟုတ်ဟု ထင်မိလေသည်။

သူသည် ဒယီးဒယိုင်ဖြင့် ထလိုက်သည်။ စမ်းတဝါးဝါးဖြင့် လျှောက်လိုက်ပြန်သည်။ အရှေ့သို့မှန်းမသိ၊ အနောက်သို့မှန်းမသိ။ တောင်မြောက်မှန်းမသိ။ ချောက်နှုတ်ခမ်းဘေးမှန်းဖြစ်နေသလား။

သူသည် တစ်စုံတစ်ခုသောအရာကို ခလုတ်တိုက်မိပြီး နှင်းတောထဲ ဟပ်ထိုးကျသွားပြန်သည်။ လူးလဲထကြည့်လိုက်သောအခါတွင် သူကဲ့သို့ပင် နှင်းပြင်ပေါ်တွင် လေးဘက်ထောက် ဖြစ်နေသော ဖာသာကာရိဂန်ကို တွေ့ရသည်။ ဖာသာကာရိဂန်၏ ခန္ဓာကိုယ်တစ်ခုလုံးနှင်းဖုံးနေလေသည်။ သူနှင့် ဖာသာကာရိဂန်



သည် တစ်ယောက်ကိုတစ်ယောက် စကားပင်မပြောနိုင်ဘဲ တစ်ယောက်ကိုတစ်ယောက် ဖေးကူလျက် တွဲထူထလိုက်မိကြသည်။

ထိုအချိန်မှာပင် ဟာမစ်သည် နတ်တမန်တော်ကြီးတစ်ပါးကဲ့သို့ နှင်းထုထဲမှ ပေါ်ထွက်လာလေသည်။

သူတစ်စုံတစ်ခု အော်လိုက်လေသည်။ သို့သော် ဒရမ်မွန်သည် ဘာအော်နေမှန်းမသိချေ။

ဟာမစ်သည် ဖာသာကာရိဂန်အား မြင်းပေါ်သို့ ဆွဲတင်လိုက်လေသည်။ ဒရမ်မွန်သည် သူအချက်လှမ်းပြနေသည်ကို သဘောပေါက်လိုက်လေသည်။ ထို့ကြောင့် မြင်းမြီးကို လှမ်းဆွဲလိုက်လေသည်။

သူတို့သည် နှင်းထုထဲသို့ တဖြည်းဖြည်း တိုးဝှေ့ဖောက်ထွင်း ဝင်သွားကြလေသည်။ ခဏအကြာတွင်မူ မီးအိမ်အလင်းရောင်ကို နောက်ခံ၍ သိုးထိန်းတဲဝတွင် ရပ်တန့်စောင့်နေသော ဂျက်နက်ကို လှမ်းမြင်လိုက်ရလေသည်။

www.burmeseclassic.com



## အခန်း(၁၄)
## နောက်ဆုံးတိုက်ပွဲ

ဒရမ်မွန်သည် သတိရ၍ 'မျက်လုံးဖွင့်လိုက်သောအခါ ခေါင်မိုးထုတ်တန်းများကို လှမ်းမြင်လိုက်ရသည်။ ရုတ်တရက် မည်သည့်နေရာသို့ ရောက်နေမှန်း သတိရမိလိုက်သည်။

သူသည် ကောက်ရိုးပုံတစ်ခုပေါ်တွင် လဲလျောင်းနေပြီး သူ၏ဘေးတွင် ဟာမစ်အိပ်နေလေသည်။ သူ၏ခန္ဓာကိုယ်တွင် အောက်ခံအဝတ်အစားများသာ ရှိလေသည်။ သူ့ကိုယ်ပေါ်တွင် သိုးရည်များခြုံထားလေသည်။ အခန်းအလယ်တွင်မူ ထင်းချောင်းများပြည့်နေသော မီးဖိုကြီးတစ်ခုက နွေးထွေးစွာ တောက်ပစွာ လောင်ကျွမ်းနေလေသည်။



'ဘယ်လိုလဲ'

ဟာမစ်က အသံတိုးတိုးဖြင့် လှမ်းမေးလိုက်လေသည်။

'သိပ်ဆိုးနေတယ်၊ ကျုပ်ခြေထောက် ဘာဖြစ်လဲ'

'ဘာမှမဖြစ်ဘူး၊ ထုံကျဉ်နေတာပဲ ရှိမယ်'

ဒရမ်မွန်သည် အခန်းတစ်ဖက်ကို လှမ်းကြည့်လိုက်လေသည်။ အခန်းတစ်ဖက်တွင် ဂျက်နက်၊ ဖာသာကာရိုဂန်နှင့် ခန်လေးတို့ အေးချမ်းစွာ အိပ်ပျော်နေကြသည်။

'အဘိုးကြီး အခြေအနေ ဘယ်လိုလဲ'

'မနေ့ညက ဒီရောက်လာတော့ နှလုံးရောဂါထနေတယ်၊ ဒါပေမယ့် သူ့နှလုံးရောဂါအတွက် လိုအပ်တဲ့ဆေးဝါးတွေပါလာလို့ တော်သေးတယ်၊ ရောက်ရောက်ချင်းပဲ ဂျက်နက်က ဆေးထိုးပေးလိုက်တယ်'

'ချာတိတ်ရော'

'ချာတိတ်အခြေအနေက တို့ထဲမှာ အကောင်းဆုံး ဖြစ်နေတယ်၊ ဒါပေမယ့် မနေ့ညက ခင်ဗျားမြင်းပျောက်သွားတယ်၊ နောက်ဒီရောက်မှ ကျုပ်မြင်းလဲ ထွက်ပြေးသွားတယ်၊ ခင်ဗျား မှတ်မိဘူးထင်တယ်'

တကယ်ပင် ဒရမ်မွန် မမှတ်မိချေ။ လောကကြီးတစ်ခုလုံးနှင့် ကင်းလွတ်သွားအောင် သူ့အသိစိတ်က ထုံထိုင်းသွားပုံရလေသည်။ မှန်သည်။ သူပြောခဲ့သည့်အတိုင်းပင် သူရောက်လာလေပြီ။

ဟာမစ်သည် အိပ်ရာမှထလိုက်သည်။ အိတ်ထဲမှ ဆေးလိပ်တစ်လိပ်ကိုထုတ်ယူပြီး ထက်ဝက်ချိုးလိုက်သည်။ ဒရမ်

www.burmeseclassic.com

www.burmeseclassic.com



မွန်အား တစ်ပိုင်းကမ်းပေးလိုက်သည်။ ထို့နောက် တံခါးဝသို့ လျှောက်သွားလေသည်။

'အရုဏ်ကျင်းခါနီးပြီ၊ နှင်းလွင့်စ ပြုနေပြီ၊ ကျုပ်အပြင် ထွက်ကြည့်လိုက်ဦးမယ်'

ဟာမစ်သည် ပြောပြောဆိုဆိုပင် တဲပြင်သို့ ထွက်သွားလေသည်။

ခဏအကြာတွင် ပြန်ဝင်လာလေသည်။ ဟာမစ်သည် မီးဖိုဘေးတွင် ဝင်ထိုင်ချလိုက်ပြီး မီးလှုံလိုက်လေသည်။

'ဘယ်လိုနေလဲ'

ဒရမ်မွန်က မေးလိုက်သည်။

'သွေးခဲမတတ်ပဲ၊ ဒါပေမယ့် နှင်းမကျတော့ဘူး'

'ဒီကနေ ဘယ်လိုထွက်မလဲ'

'ကျုပ်တို့ တောင်ထိပ်တောင်ကလပ်တစ်ခုပေါ်ရောက်နေပုံပေါက်တယ်၊ အောက်မှာ တောင်တန်းကြီးတွေ တွေ့ရတယ်၊ တစ်လမ်းလုံး တောင်ဆင်းပဲ၊ ကျောင်းထိုင်ဘုန်းကြီးကပြောတော့ အဲဒီအောက် တောင်ကြားငါးမိုင်လောက်သွားမိရင် အိန္ဒိယနယ်ခြားစခန်းတစ်ခုကို ရောက်မယ်တဲ့'

ဒရမ်မွန် မတ်တတ်ရပ်လိုက်သည်။ မသိမသာ ယိမ်းယိုင်သွားလေသည်။

အိပ်ရာပေါ်တွင် အိပ်လျက် သူတို့ကို ကြည့်နေခဲ့သော ဂျက်နက်က ချက်ချင်းပင် ထလာလေသည်။

'ရှင် နေကောင်းရဲ့လား'

ဒရမ်မွန်က ခေါင်းညိတ်လိုက်ပြီး တံခါးဆီသို့ လျှောက်



ခဲ့သည်။ အပြင်ဘက်တွင် မှောင်မည်းနေဆဲ ဖြစ်လေသည်။ သို့သော် အရှေ့ဘက်ကောင်းကင် တောင်စွန်းများပေါ်တွင် အလင်းရောင်ပျပျ ပြေးစပြုနေလေပြီ။

ဒရမ်မွန်သည် နှင်းထုထဲတွင် ကျန်ရစ်ခဲ့သော ဟာမစ်၏ ခြေလှမ်းများအတိုင်း လိုက်ခဲ့လေသည်။ တောင်ကလပ်အစွန်းသို့ လျှောက်သွားပြီး အောက်မှ မှောင်မည်းနေသော တောင်ကြားကို လှမ်းကြည့်လိုက်လေသည်။

ခဏအကြာတွင် တဲဆီသို့ ပြန်ခဲ့လေသည်။ ဟာမစ်အနီးတွင် ဝင်ထိုင်လိုက်လေသည်။

'ကဲ . . . . . . ဘယ်လိုယူဆလဲ'

'အဘိုးကြီးကတော့ ဒီခရီးကြမ်းကို လိုက်နိုင်မှာ မဟုတ်ဘူး။

'သူ့ကို ထမ်းသွားလို့ ရတာပေါ့'

ဒရမ်မွန်က ခေါင်းခါလိုက်သည်။

'တို့တစ်ယောက်ချင်း သက်သက်တောင်တော်တော်အခက်ကြုံရမယ်၊ ဂျက်နက်အတွက်တောင် သိပ်လွယ်မှာ မဟုတ်ဘူး'

'ဒါဖြင့် တို့ ဘာလုပ်ကြမလဲ၊ အဘိုးကြီးကို ထားခဲ့လို့ မဖြစ်ဘူး'

ဟာမစ်က ပြောလိုက်သည်။

ဖာသာကာရီဂန်ထံမှ ရယ်သံသဲ့သဲ့ ပေါ်လာလေသည်။

'ပူနေပါနဲ့ကွာ၊ ငါ့ကိုထားခဲ့စမ်းပါ'

'လုံးဝမထားခဲ့ဘူး၊ ချောင်နဲ့ သူ့အဖွဲ့ဟာ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအထိ လိုက်လာမှတော့ ဒီအထိလဲ ဆက်လိုက်လာဦးမှာပဲ၊ နယ်စပ်အထိကို ဆက်လိုက်လာမှာပဲ'

ဒရမ်မွန်က ပြောလိုက်သည်။

'ဒါဖြင့် တို့ဘာလာလုပ်ကြမလဲ၊ ဒီကနေပြီး သူ့ကိုတွန်းလှန်တိုက်ခိုက်ဖို့ ကြိုးစားမလား၊ ဒီသေနတ်တစ်လက်နဲ့'

ဟာမစ်သည် တစ်လက်ထဲသော ရိုင်ဖယ်သေနတ်ကို ကောက်ယူ၍ သရော်တော်တော် ပြောလိုက်သည်။

'ခင်ဗျား ဘယ်လိုအကြံပြုချင်လဲ'

'နယ်စပ်ကို အမြန်ဆုံးရောက်ရင် အချိန်မီ အကူအညီရကောင်းပါတယ်'

ဒရမ်မွန်သည် မတ်တပ်ရပ်လိုက်သည်။ မည်ကဲ့သို့ ဆုံးဖြတ်ရမည် မသိဟန်ဖြင့် ဂျက်နက်ကို ကြည့်လိုက်သည်။

'သူပြောတာ ဟုတ်တယ်ဒရမ်မွန်၊ ရှင်တို့ ကာရင်းကိုသာ ခေါ်သွား၊ ကျွန်မ ဟသာကာရိုက်နဲ့နေခဲ့မယ်၊ အဲဒီက အကူအညီခေါ်ပြီး အမြန်ဆုံး ပြန်လာခဲ့ကြပေါ့'

'ဟာ..... မဖြစ်ဘူးထင်တယ်'

'ဒီတစ်နည်းပဲရှိတယ် ဒရမ်မွန်၊ ကျုပ်တို့ ဒီအတိုင်းရပ်ပြီး ငြင်းခုန်နေရင် အချိန်ကုန်ရုံပဲ ရှိမယ်'

ဟာမစ်သည် ပြောပြောဆိုဆို ကာရင်းထံ လျှောက်သွားပြီး ပွေ့ချီလိုက်လေသည်။ ထို့နောက် တဲအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ဒရမ်မွန်သည် ဂျက်နက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။



'မြန်မြန် ပြန်လာခဲ့နော်'

ဂျက်နက်သည် ရဲဆေးတင်ထားသော အပြုံးချိုချိုဖြင့် ပြုံး၍ ပြောလိုက်သည်။

တောင်ထိပ်ပိုင်းတွင် အချိန်တော်တော် ကြန့်ကြာခဲ့လေသည်။ ခရီးကြမ်းလွန်းသောကြောင့် အသက်ရှုဝင် မှားခဲ့ရလေသည်။ နှင်းမကျတော့သည့်တိုင်အောင် မြေပြင်ပေါ်မှ နှင်းထုထသိပ်သည်းထူထဲလှလေသည်။ ခြေလှမ်းမယိုင်လဲအောင် မနည်းကြိုးစား လျှောက်လှမ်းနေရလေသည်။

ဒရမ်မွန်သည် သူမည်မျှ အားယုတ်နေသည်ကို ထိုအချိန်ကျမှ သတိပြုမိလေသည်။ တစ်မိုင်မျှ ခရီးမပေါက်သေးခင်မှာပင် အံကြိတ်နေရသောအခြေအနေ ရောက်နေခဲ့သည်။ ရှေ့ခြေတစ်လှမ်းကို နောက်ခြေက အလိုလိုလိုက်လှမ်းမိခြင်းသာ ရှိသည်။ သက်မဲ့စက်ရုပ်ကဲ့သို့သာ လှုပ်ရှားနေခဲ့မိသည်။

ကာရင်းသည် သူ့အား ထုပ်ပိုးထားသော စောင်ထုပ်ထဲမှနေ၍ ပြူးကြောင်ကြောင် ကြည့်လိုက်လေသည်။ ဟာမစ်သည် ထိုအသွင်ကို သဘောကျလွန်း၍ ရယ်မောလိုက်မိလေသည်။

'ဒီ စော်ဘွားလေး အသက်ကြီးလာရင် ဒီအဖြစ်ကို ဘယ်လောက်အထိ မှတ်မိမလဲ မသိဘူး'

'ဘုရားပဲသိမယ်'

ဒရမ်မွန်က ပြောလိုက်သည်။ ထို့နောက် တစ်ဆက်တည်း ပြောလိုက်သည်။

'ကဲ.....ကျုပ်ကိုပေး ကျုပ်တလှည့် ချီလိုက်ဦးမယ်'

ဟာမစ်က ငြင်းပယ်ခြင်းမပြု၊ လွယ်လွယ်ကူကူပင်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးလိုက်လေသည်။

နောက်တစ်မိုင်မျှ လျှောက်မိသောအခါတွင် ဒရမ်မွန်၏ ခြေထောက်များသည် ရော်ဘာကဲ့သို့ ပျော့ပြောင်းလာပုံရလေသည်။ စိတ်နှင့်ခန္ဓာ တစ်ခြားစီ ဖြစ်ပုံရလေသည်။ သူသည် ခြေတစ်လှမ်းပြီးတစ်လှမ်းလှမ်းရန် ကြိုးစားလိုက်လေသည်။ သို့သော်မဟန်နိုင်ဘဲ ခွေကျသွား၏။ ချာတိတ်လေးကို ပွေ့လျက်ပင် ဒလိမ့်ကောက်ကွေး လိမ့်ကျသွားလေသည်။ လောကကြီး တစ်ခုလုံး ချာချာလည်သည်ဟု ခံစားလိုက်ရသည်။

ဟာမစ်ခေါ်လိုက်သော အသံကို ရေးရေးသာကြားမိသည်။ ချာတိတ်လေး ငိုကြွေးနေသံကိုလည်း သဲ့သဲ့သာကြားမိလေသည်။

ဟာမစ်သည် ချာတိတ်လေးကို သူ့လက်ထဲမှ ပြန်ယူလိုက်လေသည်။ စကားတစ်ခွန်းမျှ မဆိုမိကြချေ။ ထို့နောက် နှင်းဖုံးနေသော လောကကြီးထဲ တစ်လှမ်းချင်း ဆက်လှမ်းမိလေသည်။

❖ ❖ ❖ ❖ ❖



မည်မျှကြာကြာလျှောက်နေခဲ့သည်ကို ဒရမ်မွန် မမှတ်မိတော့ချေ။ တလျှောက်တည်း လျှောက်နေသည်ကိုသာ သိမိသည်။မည်သည့်အင်အားဖြင့် လျှောက်နေမှန်းလည်း မသိမိချေ။

ထိုစဉ် ရှေ့မှ ဟာမစ် ရုတ်တရက် အော်ဟစ်လိုက်သံကို ကြားလိုက်ရသည်။ သူမော့ကြည့်လိုက်သည်။ ဟာမစ်သည် လှိုဏ်တစ်ခု၏ထိပ်တွင်ရပ်၍ တစ်စုံတစ်ခုကို လှမ်းကြည့်နေလေသည်။ သူသည် မည်သည့်နေရာက ပြည့်လာမှန်းမသိသည့် အင်အားဖြင့် ဆက်ပြေးမိ၏။ ဒယီးဒယိုင် ပြေးမိ၏။

လှိုဏ်ထိပ်သို့ သူရောက်သွားချိန်တွင် ဟာမစ်ဆက်ဆင်းသွားချေပြီ။ လှိုဏ်ထဲတွင် ရပ်တန့်နေသော စစ်ကားများ စစ်သည်များထံသို့ ဆင်းသွားခြင်း ဖြစ်လေသည်။

ထိုစစ်သည်များသည် သူတို့ယဉ်ပါးနေသော ကာကီရောင်ယူနီဖောင်းကို ဝတ်ဆင်ထား၏။

ဟာမစ်သည် သူ့ကဲ့သို့ပင် ခေါင်းပေါင်းပေါင်းထားသော အရာရှိတစ်ဦးလက်ထဲသို့ ချာတိတ်ကို လွှဲပြောင်းလိုက်သည်။ ထို့နောက် လှိုဏ်ထိပ်သို့ ပြန်လှည့်ကြည့်လိုက်လေသည်။

ဒရမ်မွန်သည် လှိုဏ်ထိပ်မှာပင် ပစ်ထိုင်ချလိုက်မိလေသည်။ သူ၏မျက်လုံးများမှ ဝမ်းသာလွန်း၍ မျက်ရည်စများ မတားနိုင် မဆီးနိုင်ဖြစ်ပြီးပါးပြင်ပေါ် လှိမ့်ကျဆင်းလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်မိတ်ဆွေတွေကိစ္စ ဘယ်လိုလုပ်မလဲ ဗိုလ်မှူးကြီး'

ဒရမ်မွန်သည် ဗိုလ်မှူးနာ့ရှူးကိုကြည့်၍ မေးလိုက်သည်။

'ကျုပ်က ချက်ချင်းပြန်သွားချင်ပေမယ့် ခင်ဗျားရဲ့ လက်ထောက် ဗိုလ်ကြီးဆဲင်းက ကျုပ်ကို ခွင့်မပြုခဲ့ဘူး၊ ခင်ဗျား ရောက်လာမှ စီစဉ်ပေးမယ်လို့ ပြောခဲ့တယ်'

ဗိုလ်မှူးကြီးနာ့ရှူးသည် ဒရမ်မွန်ကို သေချာကြည့်လိုက်လေသည်။

'ဒီကိစ္စက နည်းနည်းခက်ခဲနေတယ် မစ္စတာဒရမ်မွန်၊ ဒီကိစ္စမှာ လုံးဝကြားဝင်မစွက်ဖက်ဖို့ အစိုးရက အမိန့်ပေးထားတယ်၊ ဒီတော့ ကျုပ်တို့က စစ်သားပီပီ အထက်အမိန့်ကို နာခံရမှာပဲ'

ဒရမ်မွန် ဒေါသဖြစ်သွားသည်။

'ဘာဗျ ..... သက်စွန့်ဆံဖျားလုပ်လာတဲ့ လူတွေကို ဒီအတိုင်း ဥပေက္ခာပြုထားခဲ့ရမလား၊ ခင်ဗျားတို့ မလိုက်ရင်နေ ကျုပ်ဘာသာ ကျုပ်သွားမယ်'

ဒရမ်မွန်သည် ပြောပြောဆိုဆိုပင် သူ့ကိုပေးထားသော တဲသို့ ပြန်၍လျှောက်လာလေသည်။ အိပ်ပျော်နေသော ဖာမစ်၏ ခုတင်ခေါင်းရင်းမှ ရိုင်ဖယ်သေနတ်ကိုယူ၍ လွယ်လိုက်သည်။ ထို့နောက် အပြင်သို့ တန်းထွက်လာခဲ့လေသည်။

ဗိုလ်မှူးကြီးနာ့ရှူးနှင့် ဗိုလ်ကြီးဆင်းသည် သူ့နောက်မှ အပြေးအလွှား လိုက်လာခဲ့လေသည်။

'မစ္စတာဒရမ်မွန် ခင်ဗျားကို ကျုပ်ဆက်သွားခွင့် မပေးနိုင်ဘူး'



'ဒါဖြင့်လဲ သေနတ်နဲ့ပစ်လိုက်လေ'

ဒရမ်မွန်သည် သူတို့လက်ကိုတွန်းဖယ်၍ ဆက်ထွက်လာခဲ့လေသည်။

❖ ❖ ❖ ❖ ❖

BURMESE CLASSIC

တောင်ကလပ်အထက်မှ လှမ်းကြည့်နေခဲ့သော သူပုန်တပ်သားသည် နှင်းပုံထဲသို့ ပြန်ခုန်ချပြီး တဲဆီသို့ ပြေးသွားလေသည်။

'ဆရာ..... ဆရာ'

တဲထဲတွင် ချောင်၊ ဖာသာကာရီဂန်နှင့် ဂျက်နက်တို့ ရှိနေကြလေသည်။

ချောင်သည် ရဲတော်လေးကိုထားခဲ့ပြီး တဲအပြင်သို့ ထွက်လာခဲ့လေသည်။ သူ၏မှန်ပြောင်းဖြင့် လှမ်းကြည့်လိုက်လေသည်။ ထို့နောက် နှစ်ခြိုက်စွာ ပြုံးလိုက်လေသည်။ သူသည် တဲအိမ်ထဲသို့ ပြန်ဝင်သွားလေသည်။

'ကဲ..... မင်းအဲဒီနားက တောင်ကမူပေါ်မှာ နေရာယူနေ သေနတ်ချိန်ထား'

ချောင်သည် သူ၏ရဲဘော်လေးကို အမိန့်ပေးလိုက်ပြီး ဂျက်နက်တို့ဘက် လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒရမ်မွန် လာနေတယ်၊ အဲဒီတော့ ခင်ဗျားတို့ဆီက သတိပေးသံ တစ်ခုမျှ မထွက်ပါစေနဲ့'

နောက်ဆုံးတိုက်ရမည့် တိုက်ပွဲမှန်း အားလုံးသိထားပုံ ရသည်။ လုံးဝတိတ်ဆိတ်နေကြ၏။

❖ ❖ ❖ ❖ ❖

ဒရမ်မွန်သည် တဲအိမ်နှင့်ကိုက် ၂၀ လောက် အရောက်တွင် တဲတွင်းမှ လှုပ်လှုပ်ရှားရှားအသံ ကြားလိုက်ရသည်။

ရုတ်တရက် တံခါးဖွင့်သွားပြီး ဂျက်နက်ပြေးထွက်လာသည်။

'ဒရမ်မွန်..... ဒရမ်မွန် နောက်မှာ'

ဒရမ်မွန် ချာခနဲလှည့်ကြည့်လိုက်ချိန်မှာပင် ချောင်၏ ရဲဘော်လေးသည် တောင်ကမူနောက်မှခေါင်းပြူထွက်လာလေသည်။

ဒရမ်မွန်သည် နှင်းထုထဲသို့ပစ်မှောက်ဝပ်လိုက်ရင်း သေနတ်ခလုတ်ကို ဆွဲညှစ်လိုက်လေသည်။ ရဲဘော်လေးသည် တစ်ချက်မျှသာ အော်ဟစ်လိုက်နိုင်ပြီး သေနတ်လွှတ်၍ နောက်သို့ လန်ကျသွားလေသည်။

ဒရမ်မွန်သည် ရှေ့သို့ ပြန်လှည့်လိုက်လေသည်။ ချောင်



သည် ဂျက်နက်၏ဆံပင်ကိုဆွဲ၍ သေနတ်ပြောင်းဖြင့် ခေါင်းတည့်တည့်ကို ချိန်ထားလေသည်။

ဒရမ်မွန်သည် ဖြည်းလေးစွာ ထလိုက်လေသည်။

'ချောင်.... သူတို့ကို လွှတ်လိုက်ပါ။ သူတို့ဟာ ခင်ဗျားအတွက် ဘာမှတန်ဖိုးမရှိဘူး။ ကျုပ်သာ တန်ဖိုးရှိတာ ခင်ဗျားလည်း သိပါတယ်'

'သိတယ်၊ ဒါပေမယ့် အပေးအယူလုပ်နေတဲ့ အချိန်မဟုတ်ဘူး၊ ခင်ဗျားသေနတ်ကို လွှင့်ပစ်လိုက်ပါ'

ဒရမ်မွန်သည် သူ၏သေနတ်ကို ခပ်လှမ်းလှမ်းသို့ လွှင့်ပစ်လိုက်သည်။

ချောင်က ဂျက်နက်ကို လွှတ်ပေးလိုက်လေသည်၊ ဂျက်နက်သည် သူ့ရင်ခွင်ထဲသို့ ပြေးဝင်လာခဲ့သည်။

'ဒရမ်မွန် ခင်ဗျား ကျုပ်ကို ကောင်းကောင်း ဒုက္ခပေးတဲ့သူပဲ၊ အဲဒီတော့ ခင်ဗျားကို ပြန်ဖမ်းခေါ်သွားပြီး ထိုက်သင့်တဲ့ အဖိုးအခကို ပြန်ထုတ်ယူရမယ်၊ ခင်ဗျားနောက်ကို အသည်းအသန် လိုက်လာရတာ၊ ကျုပ် ရဲဘော်တွေအားလုံး နှင်းမုန်တိုင်းထဲမှာ ဆုံးရှုံးခဲ့ရတယ်၊ ကျုပ်တို့နှစ်ယောက်သာ ဒီရောက်နိုင်ခဲ့တယ်'

'ဟုတ်ပါတယ်၊ ချောင် . . . အခုတော့ ခင်ဗျား တစ်ယောက်ပဲ ကျန်တော့တယ်၊ ခင်ဗျားလဲ ဒီကနေ ပြန်မနိုင်တော့'

ဒရမ်မွန်သည် သူ့နောက်မှ ပေါ်လာသော ဟာမစ်၏ အသံကြောင့် ချာခနဲ နောက်သို့ လှည့်ကြည့်လိုက်မိသည်။

www.burmeseclassic.com



ဟာမစ် ။ သေနတ်တစ်လက်ဖြင့် ချောင်ကို ထိုးချိန်ထားသော ဟာမစ်။

ချောင် မလှုပ်ရှားနိုင်ခင်မှာပင် ဟာမစ်၏ သေနတ်မှ သုံးကြိမ် မီးပွင့်သွားသည်။ ချောင်သည် နောက်သို့ လွင့်မြောက်ကျသွားပြီး ငြိမ်သက်သွားလေသည်။

ဂျက်နက်သည် ရှိုက်သံတစ်ချပြုပြီး ဒရမ်မွန်၏ရင်ထဲ မျက်နှာထိုးအပ်လိုက်၏။ ဒရမ်မွန်က တင်းကျပ်စွာ ဖက်ထားလိုက်မိလေသတည်း။

ပြီးပါပြီ။

နေမင်းရာဇာ

BURMESE CLASSIC

www.burmeseclassic.com